# မြမျိုးနွယ်ဝတ္ထု

## ဏကြယ်





## ဇာကြယ် [၁၈၆၃–၁၉၃၅]

ဟသ်ာတမြို့ ဇကာကြီးအရပ်၌ အဖ လှေသူကြီး ဦးသာကတိုး၊ အမိ ဒေါ်လုံမကလေး တို့က ၁၄ ဖေဖော်ဝါရီ ၁၈၆၃ တွင် မွေးဖွားခဲ့သည်။ မွေးချင်း ၅ ယောက်တွင် အငယ်ဆုံး ဖြစ်၍၊ အမည်ရင်းမှာ မောင်ပု ဖြစ်သည်။ [အနောက်နန်းမတော် မမြကလေး ၏ ဖခင် မင်းပျံရှိုဘွဲ့ခံ ကိုဦး၏ ညီအရင်း ကိုမှူးမှ သမီး မမင်းသာ၊ မရေး၊ မဖူးနှင့် သား (အမည်မသိ) တို့ကို ဖွားမြင်သည်။ တစ်ဖန် ကိုမှူး၏သမီး 'မရေး' မှ မောင်ဘိုး၊ မလုံမကလေး၊ မောင်ကံကြီး၊ မညီမကလေးနှင့် ငယ်ကလွန်သမီး တို့ကို ဖွားမြင်ခဲ့ သည်။]

ငယ်ရွယ်စဉ်ကပင် ဖခင်ကိုယ်တိုင် အိမ်မှာ စာသင်ပေးသည်။ ၁၁ နှစ်ရွယ်တွင် ဟသ်ာတ မြို့ ရန်ကုန်ကျောင်းတိုက် ဆရာတော် ဦးသာသနထံမှာ ပညာဆည်းပူးပြီး၊ ၁၃ နှစ်တွင် ထိုကျောင်းမှာပင် သာမဏေဝတ်သည်။ သာမဏေဘဝနှင့် ဆရာတော်ထံတွင် လည်း ကောင်း၊ ရန်ကုန် တောင်ကျောင်းဆရာတော် ဦးမာလာထံတွင် လည်းကောင်း သဒ္ဒါ၊ သင်္ဂြိုဟ်မှသည် ဝိဇ္ဇဝါစကနှင့် ဋီကာကျော်အထိ လေ့လာသင်ယူခဲ့သည်။ ၁၆ နှစ် ရွယ်တွင် ဟသ်ာတမြို့ မြူနီစီပါယ်ကျောင်းသို့ ပြောင်းရွှေ့ ပညာဆည်းပူးသည်။

၁၈၈၂ တွင် အစိုးရကျောင်း လက်ထောက် ကျောင်းဆရာအဖြစ် စတင် အမှုထမ်းသည်။ ထိုစဉ်မှာပင် **ဒေါင်းဖြူမင်း**၊ **တောင်ညို**၊ **မင်းသားညီနောင်**၊ **ဒီဃာဟု** ပြဇာတ်များကို ရေးသားသည်။ ၁၈၉၇ တွင် အမိန့်တော်ရရှေ့နေ ဖြစ်လာပြီး၊ ဇလွန်တွင် ရှေ့နေ လိုက်သည်။ ဇလွန် ပြည်တော်ပြန်ဘုရားပွဲ အရပ်ဇာတ် ကပြရန် **သူရိယကုမ္မာ**၊ **သီဟ ဗာဟု**၊ **သောဏ** ပြဇာတ်များ စင်တင်ပေးခဲ့သည်။ ထို့ပြင် ဟံသာဝတီ သတင်းစာတွင် 'မဇာယု' အမည်နှင့် လည်းကောင်း၊ မြန်မာဝတီ သတင်းစာတွင်မူ 'ကြယ်တံခွန်' အမည်နှင့် လည်းကောင်း ဆောင်းပါးများ ရေးခဲ့သည်။

၁၉၂၂ တွင် ဟသ်ာတမြို့သို့ ပြောင်းရွှေ့ကာ ရှေ့နေလိုက်သည်။ ရတနာမဥ္ဇူ ပုံနှိပ် တိုက် တည်ထောင်သည်။ ထိုစဉ် 'ဇာကြယ်' ကလောင်အမည်ဖြင့် **မြမျိုးနွယ်ဝတ္ထု** ရေး၍ ၎င်း၏ ပုံနှိပ်တိုက်ကပင် ၁၉၂၃/၁၉၂၄ ခုနှစ်ခန့်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ သွေးသားတော်စပ်သူ တစ်ဦး၏ သမိုင်းအထောက်အထားအတွက် တန်ဖိုးမဖြတ်နိုင် သည့် ရှားပါးလက်ရာ တစ်ခုပင် ဖြစ်သည်။

'ပိဋကတ်ရောင်ခြည်ကျမ်း' ကို အပတ်တကုတ် ပြုစုနေခိုက် အသက် ၇၃ နှစ်အရွယ် ၉ မတ် ၁၉၃၅ တွင် ကွယ်လွန်ခဲ့သည်။

**၂၀၁၈–၂၀၂၀ ထုတ်**
**ရာပြည့်စာအုပ်များ**

၄၇၂။ မော်ဘီဆရာသိန်း ၏ စကားပဒေသာ
၁၀၉(၃)။ ကျော်အောင် (မြန်မာပြန်) ၏ အကောင်းမြင်သမား (Candide by Voltaire)
၄၇၃။ သခင်ဘသောင်း (မြန်မာပြန်) ၏ ဗုဒ္ဓ၏ စကြဝဠာတရား
၄၇၄။ မောင်ရွှေကြည် ၏ ကျားဆိုသော ကျား
၄၇၅။ ဓာတာတော်ပုံ ရာဇဝင်
၄၇၆။ ပြည့်စုံ ၏ ပန်းရုံ
၄၇၇။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ မြန်မာ ပြဇာတ်စာပေသမိုင်း
၄၇၈။ နေဦးဝေ (မြန်မာပြန်) ၏ သမိုင်းကို ပြောင်းလဲစေသော ကမ္ဘာကျော် အမှား ၁၀၀
၄၇၉။ သစ်ဦးဇင် (မြန်မာပြန်) ၏ - မဟာကရုဏာသခင်၊ မီးအိမ်ရှင် ဖလောရင့် နိုက်တင်ဂေးလ်
၄၈၀။ ငွေလင်း ၏ ဝါးကြီးအိုင်သူပုန်
၄၈၁။ ဒေါက်တာတိုးလှ ၏ ပင်းယ–အင်းဝခြေမှ သမိုင်းဝင် စေတီပုထိုးများ [၆၇၂–၁၂၄၇]
၄၈၂။ ကျော်အောင် ၏ ဝတ္ထုတိုများ
၄၈၃။ ဟန်ဝင်းအောင် ၏ မတ်လ ၂၇
၄၈၄။ အရှင်အာဒိစ္စဝံသမထေရ် (မြန်မာပြန်) ၏ အသောကမင်းတရားကြီး၏ ကျောက်စာတော်
၄၈၅။ သိန်းသန်းထွန်း ၏ မိုးတခွေနှင့် မဂ္ဂဇင်းဝတ္ထု ပေါင်းချုပ်
၄၈၆။ တင်မောင်မြင့် ၏ သတို့သားနှင့် အခြား ဝတ္ထုတိုများ
[The Bridegroom Stories by Ha Jin]
၄၈၇။ မောင်ခင်မင် (ဓနုဖြူ) ၏ ကလောင်တစ်ချောင်း၏ အတ္ထုပ္ပတ္တိ
၄၈၈။ မာဃ ၏ မင်းမြတ်သာလွန် [အတ္ထုပ္ပတ္တိ]
၄၈၉။ မောင်ရဲခိုင် ၏ ကောင်းကင်စားကျက် [The Pastures of Heaven by John Steinbeck]
၄၉၀။ သိပ္ပံမောင်ဝ ပြဇာတ်ပေါင်းချုပ်
၄၉၁။ ညီပြုံ ၏ နယ်နိမိတ်မဲ့ ကမ္ဘာ [World Without Borders by Lester R.Brown]
၄၉၂။ ဆကာကြီးထိပ်တင် ၏ ပျို့ကရုဏာ
၄၉၃။ သစ်ဦးဇင် ၏ အပြောင်းအလဲ [Change by Mo Yan]
၄၉၄။ ဇေယျ ၏ တောကြီးမာယာနှင့် သည်းထိတ်ရင်ဖို မဂ္ဂဇင်း ဝတ္ထုရှည်များ
၄၉၅။ မောင်စည်သူ ၏ လီဇာ [Liza of Lambeth by W. Somerset Maugham]
၄၉၆။ တက္ကသိုလ်ဝင်းမွန် ၏ အမျိုးသားပညာဝန် ဦးဖိုးကျား၏ ဘဝနှင့်စာပေ
၄၉၇။ တင်မောင်မြင့် ၏ အလံနီအောက်ဝယ် ဝတ္ထုတိုများ [Under the Red Flag Stories by Ha Jin]
၄၉၈။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ ရှေးမြန်မာ့ရိုးရာ ဓလေ့ဆန်းများနှင့် အခြားစာတမ်းများ
၄၉၉။ တင့်ဇော် ၏ အာဖရိက ဝတ္ထုတိုများ [African Short Stories)
၅၀၀။ ရာပြည့်ဦးစိုးညွန့် ၏ ၂၀ ရာစု မြန်မာစာရေးဆရာ ၅၀၀
၅၀၁။ ငွေလင်း ၏ သည်မိုးနှင့်သည်မြေ အညာဓလေ့ ဝတ္ထုတိုများ
၅၀၂။ သမိုင်းပါမောက္ခ ဒေါက်တာကျော်ဝင်း(ငြိမ်း) ၏ ပါတော်မူပြီးစ မြန်မာနိုင်ငံ
၅၀၃။ ၁၉၈၈ ခု စာပေနိုဘယ်လ်ဆုရှင် နာဂွစ်မာဖောက် ၏ ဝတ္ထုတို လက်ရွေးစင်
၅၀၄။ ဦးတင်မောင်ရင် ၏ ရှေးခေတ်ဟောင်း ကမ္ဘာ့သမိုင်း [သုံးတွဲ၊ ပေါင်းချုပ်]
၅၀၅။ ဒေါက်တာတိုးလှ (တည်းဖြတ်) ၏ စေတီယကထာ မည်သော ရာဇဝင်ချုပ်
၅၀၆။ လူချို ၏ မစ္စစ်ဒဲလိုဝေး [Mrs Dolloway by Virginia Woolf]
၅၀၇။ မြင့်ဆွေဦး ၏ သမိုင်းနိဒါန်း၊ စာနိဒါန်း
၅၀၈။ ထွန်းသစ် ၏ မူဆိုလီနီ၏ နောက်ဆုံးနေ့များ
၅၀၉။ နေဦးဝေ ၏ ဒဿနိက ပညာရှင် ၁၀၀ [One Hundred Philosophers by Peter J. King]
၅၁၀။ ဒေါက်တာရီရီ ၏ သရေခေတ္တရာ မင်းဆက်နှင့် အခြားစာတမ်းများ

ရာပြည့်စာအုပ် ၅၁၁

# မြမျိုးနွယ် ဝတ္ထု

ဇာကြယ်

ရာပြည့်စာအုပ်တိုက်
www.yarpyae.com
တစ်ပြည်လုံးဖြန့်ချိရေး–ရာပြည့်စာအုပ်ဆိုင်
ပန်းဆိုးတန်း (ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်း အကြား)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၉ ၇၃ ၂၄၅ ၂၈၉ (ဆိုင်)၊ ၀၁–၃ ၇၅၉၅၂ (နယ်/ဖြန့်ချိရေး)
ရာပြည့်စာအုပ်တိုက်

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် – (၂၀၂၁) ရာပြည့်စာအုပ်တိုက်
(ဇန်နဝါရီ ၂၀၂၁)
အုပ်ရေ [၈၀၀]

❑

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၀၆၆၀]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ
ဦးလင်းဇာနည်၊ သီရိဂုဏ်ဝေပုံနှိပ်တိုက် [၀၁၄၃၇]
၃၂၊ ၅၃ လမ်း၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

မျက်နှာဖုံး ဒီဇိုင်း
လင်းဝဏ္ဏ

❑

တန်ဖိုး
၂၅၀၀ ကျပ်

**သတိပေးပါသည်**

ဤစာအုပ် ထုတ်လုပ်ဖွဲ့စည်းမှု ပုံစံသည် ရာပြည့်စာအုပ်တိုက်၏ မူပိုင် ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက် ရေးခြင်းမှ လွဲ၍ ယခု ပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင် ပြောင်းလဲ သုံးစွဲခွင့် မပြု။

## "မြမျိုးနွယ်ဝတ္ထု"
## ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းနှင့် စပ်လျဉ်း၍

အနောက်နန်းမတော် မိဖုရား မမြကလေးအကြောင်း ရသဟန် အတ္ထုပ္ပတ္တိ "မြမျိုးနွယ်ဝတ္ထု" သတင်းကို စတင် တွေ့ရှိမိခဲ့သည်မှာ ၂၀၀၂ ခုနှစ်တွင် ဖြစ်သည်။ ထိုစဉ်က မောင်သုတ၏ "စာဆိုတော်များ အတ္ထုပ္ပတ္တိ" ကို ရာပြည့်စာအုပ်တိုက်က ပဥ္စမအကြိမ် ပုံနှိပ်ထုတ်ဝေရန် တည်းဖြတ်နေခိုက်တွင် ဖြစ်သည်။ မောင်သုတ၏ စာအုပ်၊ ကိုးကားသော ကျမ်းများ၊ စာ–၄၁၄၊ အမှတ်စဉ် ၁၀၉ တွင် "**မြမျိုးနွယ်ဝတ္ထု**။ 'ဇာကြယ်' အမည်ခံ အမိန့်တော်ရရှေ့နေ ဦးပု၊ ၊ ပုံနှိပ်တိုက်, ပုံနှိပ်သက္ကရာဇ် စသည် မရ, မရှိတော့ပြီ။" ဟူ၍ တွေ့ရသည်။

ထို့နောက် စာပေဗိမာန်ထုတ် "မြန်မာစာပေ စာစုစာရင်း (၁၉၈၃)"၊ စာ–၈၉၊ အမှတ်စဉ် ၂၃၇ တွင်– "ဇာကြယ်။ **မြမျိုးနွယ်ဝတ္ထု**။ ရန်ကုန်၊ [ပုံနှိပ်တိုက်နှင့် ထုတ်ဝေသည့်ခုနှစ် ရှာမရ] ၁၄၄ စာ။ ၂၁ စင်တီ။ ။ ကုန်းဘောင်ခေတ်ကို နောက်ခံထား၍ အမျိုးသမီး စာဆိုတော် မမြကလေး အကြောင်းကို ဝတ္ထုဆင်သည်" ဟု ဖော်ပြတွေ့ရသည်။

တစ်ဖန် လှသမိန်၏ "အနောက်နန်းမိဖုရား မမြကလေးနှင့် လှိုင်ထိပ်ခေါင်တင် ဘဝနှင့်စာပေ (၁၉၆၉)"၊ စာ–၁၄ တွင်လည်း "**မြမျိုးနွယ်ဝတ္ထု**။ ဇာကြယ်" ဟုသာ တွေ့ရသည်။ ရာပြည့်စာအုပ်တိုက်ပိုင် "မြမျိုးနွယ်ဝတ္ထု" မှာလည်း နိဒါန်းမှ စ၍သာ ပါနေပြန်သည်။

ဤသို့ဖြင့် "မြမျိုးနွယ်ဝတ္ထု"၊ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသည့် ခုနှစ်၊ ပုံနှိပ်တိုက်အမည် ရှာပုံတော်ကို လက်လျှော့ရတော့မည်ကဲ့သို့ ရှိနေချေသည်။

တစ်နေ့တွင် ဆရာကြီး ဦးထွန်းရီ (ရှေးဟောင်းသုတေသီ) ထံမှာ ငှားယူခဲ့သော "မြန်မာ့ရီဗျူး"၊ အတွဲ ၁၊ အမှတ် ၃၂ (၂၁ ဧပြီ ၁၉၂၄) တွင် "မြမျိုးနွယ်ဝတ္ထု" ကြော်ငြာကို မထင်မှတ်ဘဲ တွေ့ရတော့သည်။

အဆိုပါ စာအုပ်ကြော်ငြာအရ "မြမျိုးနွယ်ဝတ္ထု" ကို ၁၉၂၃ (သို့မဟုတ်) ၁၉၂၄ တွင် ပထမအကြိမ် ပုံနှိပ်ကြောင်း၊ ထို့ပြင် ဟသ်ာတမြို့ကပင် စာအုပ် ဖြန့်ချိခဲ့သည် ဖြစ်ရာ ၁၉၂၂ တွင် ဆရာကြီးဇာကြယ် ကိုယ်ပိုင် ထူထောင်ထားသည့် "ရတနာမဥ္ဇူ ပုံနှိပ်တိုက်" မှာပင် ရိုက်နှိပ်ကြောင်း ဟူ၍ ယူသော် ရနိုင်မည် ထင်ပါသည်။

[စာအုပ်ကြော်ငြာကို ယခုစာအုပ် စာ–၆ တွင် ရှုပါ။]

**ရာပြည့်စာအုပ်တိုက်**

"မိန်းမပညာရှိ" အနောက်နန်းမတော်မိဖုရားမြေကလေး၏
အထုပ္ပတ္တိမှန်ဖြစ်သော

## ပေါ်ထွက်လေပြီ။ မြမျိုးနွယ်ဝတ္ထုကြီး။ အမြန်မှာကြပါ။




စာကြွယ် အမည်ခံဆရာကြီး စီရင် ရေး သား ပါသည်။

ရာဇဝင်တွင်။ ထင်ပေါ်ကျော်စောသော–မြရတနာ သည်ကား။ အဘယ်မြရတနာနည်း။

ထေးဘွဲ့ ကဗျာ–လင်္ကာ–ငေးချင်းစသော–ဂီတအရေးများတို့၊ ရေးသားစီကုံးသော–မိဖုရား ရတနာမမြေကလေး ဝင်မဟုတ်ပါသော

**ဤမြရတနာအစစ်ကြီး ပေါ်ထွက်လာပါပကော။**

ငွေစာအုပ် ကြီးသည်၊ စာအုပ်ရေ ၁၀၀၀–သာဖြစ်ရာ၊ ဖွာထားသူများထက်ရှိသဖြင့်၊ များ ရှားကုန်၊ အလိုရှိတော်မူပါက၊ တအုပ်လျှင်၊ ၁၀–၄၀–နှင့် အမြန်မှာထားဝယ်ယူတော်မူကြပါ၊

—:o:—

ရောင်းစားလိုသူများအတွက်၊

**တအုပ် ၁၀–၄၀။**

ဓနတြား ရန်ကုန်၊
ပဲခူးမုတင့်၊
ဆိုင်နံပါတ် ၅၄–၅၅၊
ဟာသဝတ္ထု၊

ပေါက်သည်ရေးစာရေးမေးမြန်းကြပါ

မြန်မာ့ရီဗျူး၊ အတွဲ ၁၊ အမှတ် ၃၂ (၂၁ ဧပြီ ၁၉၂၄) ကြော်ငြာ

# နိဒါန်း

အမရပူရ၊ ဒုတိယ မြို့တည် နန်းတည် ဖြစ်တော်မူသော ဆဒ္ဒန်ဆင်မင်း သခင် ကျွန်ုပ်တို့ မြန်မာဘုရင် အရှင် ဧကရာဇ်မင်းမြတ် လက်ထက်တော် ဝယ် ထင်ပေါ်ကျော်စောလှစွာ နန်းရ မိဖုရားကြီးတစ်ပါး ဖြစ်တော်မူသော "သီရိမဟာသုရတနာ စန္ဒာဒေဝီ" ဘွဲ့ရ၊ အနောက်နန်းမတော် မိဖုရား "မမြကလေး" သည် ယဉ်ကျေးလှပ ပဥ္စကလျာ ငါးဖြာ ကောင်းခြင်းနှင့် ပြည့်စုံ၍၊ နိတုံရွှေသားဖြင့် ဘုရားအလောင်းတော် ကုသမင်း ကဲ့သို့သော ပန်းထိမ်ဆရာ ပညာတတ်သည် သပ်သပ်ရပ်ရပ် စေ့စပ်စွာ သွန်းလုပ်အပ်သော ရွှေရုပ်၏ပမာ ဘယ်နေရာမှာမျှ အပြစ်ဆိုဖွယ် မမြင်၊ ခြောက်ပါးလုံး ကင်းစင်၍ ရှုချင်စဖွယ် တင့်တယ်လှပသော ရူပကလျာဏ ဒဿနီယဂုဏ်နှင့် တကွ တေးဘွဲ့ကဗျာ၊ လင်္ကာချေင်း စသော ဂီတအရာ၌ အလင်္ကာ ဒေါသ စသည်အပြစ် မြူညစ်မတင် စင်ကြယ်လှစွာ နာဋ္ဌရသ နဝဂုဏ်အင်နှင့် စုံလင်စွာ ရေးစပ် သီကုံးနိုင်သော ကဗျာဗန္ဓနဂုဏ်တို့ကြောင့် ကမ္ဘာကြေကုန်သော်လည်း ဥဒါန်းစကား မကျေကုန်နိုင် ဆိုဘိသကဲ့သို့ ယခု ထက်တိုင် ပြောဆိုချီးမွမ်း၍ မဆုံး မကုန်နိုင်သော ဂုဏ်ထူး သတင်းကောင်းနှင့် ပြည့်စုံသူ မိန်းမထူး မိန်းမမြတ်၊ မိန်းမပညာရှိ ကဝိပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လေသည်။ ထိုမိဖုရား မမြကလေးသည် ဆိုအပ်ခဲ့ပြီးသည်အတိုင်း ကျော်စော ထင်ရှားပါသော်လည်း သူ၏ မိဘမျိုးဆွေနှင့်တကွ ဘယ်မြို့ ဘယ်ရွာ ဇာတိ ဖြစ်လေသည်ကို အများအားဖြင့် မှန်ကန်စွာ မသိကြပေ။ အချို့ ဝတ္ထု စာစောင်၌ အင်းဝသူ ဖြစ်သည်ဟု ရေးသားသည်ကို တွေ့ရှိ

ရပါ၍ ထိုဝတ္ထုကို ဒဏ္ဍာရီမျှ ဖြစ်သည်ဟု မသိကြသူတို့က ထိုဝတ္ထုပါ မမြကလေးကိုပင် မမြကလေး အစစ်ဟု ထင်ယူ အမှတ်မှား ရှိကြပေလိမ့်မည်။ ကျွန်ုပ်တို့ မြန်မာပြည်၌ ထင်ပေါ် ကျော်စောသော ရှေးပညာရှိ မိန်းမများတွင် တစ်ပါး အဝင် ဖြစ်၍၊ ထိုသို့ သဘောရှိသော မိန်းမထူး မိန်းမမြတ် တစ်ပါး၏ အကြောင်းအရာ အထုပ္ပတ္တိများသည် အမှားမှား အယွင်းယွင်း၊ သိမ်ဖျင်း သေးနုပ် တိမ်မြုပ် ပျောက်ကွယ်ခြင်းသို့ မရောက်သင့်ပေ။ နောင်လာနောက်သား အမျိုးကောင်း သားသမီးတို့သည် အားပါးတကျ နယဂ္ဂါဟမှု၍ နည်းယူ တုပကြစေရန် မှန်ကန်သော အထုပ္ပတ္တိ စာတမ်း တစ်စောင်တစ်ဖွဲ့ ရှိသင့်လေရကား အပျင်းပြေလည်း ဖတ်ရလေအောင် ရည်ဆောင်၍ ဤ **မြမျိုးနွယ်** ဝတ္ထုကို စီရင်ရေးသားလေသည်။

ဤဝတ္ထုပါ အကြောင်းအရာများသည် အခြား ဒဏ္ဍာရီ ဝတ္ထုများကဲ့သို့ မမှန်မကန်သော အကြောင်းအရာ မဟုတ်။ မှန်ကန်သော အကြောင်းအရာ များကိုသာ ကြိုးစား အားထုတ်၍ အပတ်တကုတ် ရှာကြံစုဆောင်းကာ ရေးသားရသော ဝတ္ထုမှုမှန် ဖြစ်ခြင်းကြောင့် အကြင် မျိုးချစ် မြန်မာအပေါင်းတို့သည် မိမိတို့၏ အမိသဖွယ် ဖြစ်သော၊ ပညာရှိကြီးတစ်ဦး ဖြစ်သော အနောက်နန်းမတော် မိဖုရား မမြကလေး၏ အကြောင်းအရာကို ကောင်းစွာ သိသင့် သိထိုက်ကြသည့်အတိုင်း ဤဝတ္ထုကို ဖတ်ရှုတော်မူကြစေခလို။

**စာကြွယ်**

# မြန်မျိုးနွယ် ဓာတ္တု

## ၀

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

တေးထပ်။ ။ သစ်ရေပြန် လောင်းဆွတ်လို့၊ ဆောင်းကျွတ်စ ခါနွေ၊ ပြောင်းညွတ်ခ ညာအခြေမှာ၊ ဝါပြေပြေ အဆင်း၊ ရော်ရွက်က မြေမျက်နှာဝယ်၊ ကြွေသက်ကာ လွှမ်းဖြန့်လို့ခင်း။ ။ နုရွက်သစ် စီကာဝေတယ်၊ ကြည်ဖွာလေပတင်း၊ နီလာရေကြွသင်းလို့၊ မြအဆင်းယှက်ဖြာ၊ လေယူရာ ပင်စည်ကိုင်းတွေက၊ သွင်သွင်လှိုင်း ယိမ်းနွဲ့လျက်ပါ။ ။ ပင်ပင်တိုင်း စိန်းလဲ့ပြာသည်၊ သိမ်းတဲ့ကာ နေခြည်ခတ်ထာနဲ့၊ ငွေရည်ဓာတ် ဝင်း၍ နေပြန်၊ နှင်းငွေ့ဝေလျှံ၊ နဝင်းပြေ့ သစ်ရေပြန်တယ်၊ ခေတ်ပဟာမန် နှောင်း ပြီမို့လေး။ ။

အထက်ပါ တေးထပ်အရ ဤကမ္ဘာမြေပြင်ရှိ သစ်ပင် ပန်းပင်တို့ လန်းရွှင် ယိမ်းနွဲ့၊ မြရည်ဘိန်း လိမ်းသကဲ့သို့ စိမ်းလဲ့လဲ့ အဆင်းဖြင့် ရှု မျှော်ခင်း တင့်တယ် သာယာလှသော တပေါင်းလအခါ၊ ဘုရားပွဲတော် အတွက် ကျောင်းပိတ်ရက် ဖြစ်၍ အားလပ်ခွင့် ရသည်နှင့် ကျွန်တော်သည် နေအိမ် စာကြည့်ခန်းအတွင်း ပက်လက်ကုလားထိုင် တစ်ခုပေါ်တွင် ကိုယ်ကို လှဲ၍ စာတစ်အုပ်ကို ဖတ်ရှုနေရာ၊ ထိုစာအုပ် ၃ ပုံ တစ်ပုံခန့် ကျရောက် ကာလ၊ စာပါ စကား၏ အသွားအလာ အသုံးအနှုန်းများ ယဉ်ကျေးလှ သဖြင့် ဤကဲ့သို့ ထီးသံနန်းသံ ပါပါ ရေးသားတတ်သူ အလွန် ရှားပေ မည်ဟု စိတ်က အောက်မေ့မိပါသည်။ ထိုနောက် ဆက်လက်၍ ဖတ်ရှုရာ၊

စာ ၂ မျက်နှာခန့် ရောက်ကာလ ကျွန်တော်၏ နောက်က 'ဘာစာအုပ် လဲကွယ့်၊ ဖတ်ရှုပုံ စွဲလှချည်ကလား' ဟု ကျွန်တော့် မွေးသဖခင် မေးသံကို ကြား၍ စာဖတ်ခြင်း ရပ်တန့်ပြီးလျှင် 'ဝိဇယကာရီ နန်းတွင်းဇာတ်တော် ကြီးပါတဲ့ ဖေဖေ၊ မဖတ်စဖူးတာနဲ့ သူငယ်ချင်း မောင်ဘ စာအုပ်ကို ငှား၍ ဖတ်နေပါတယ်' ဟု လှဲရာမှ ထိုင်ကာ ဖခင်၏ဘက်သို့လှည့်၍ ကျွန်တော် ပြန်ပြောကာလ၊ မွေးဖခင်က 'သည်ဇာတ်ကို ရေးသူဟာ တခြားသူ မဟုတ် ဘူး၊ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင် ရေးတာကွယ့်။ သူဟာ ငါတို့ မင်းတို့နဲ့ ဆွေမျိုးတော်တယ်။ သူရေးတဲ့ ကြွနွှာဝံသ ဇာတ်ကြီး တစ်စောင် ရှိသေးတယ်။ အင်မတန် ကောင်းတာကလား။ သူ့မယ်တော် အနောက် နန်းမတော် မိဖုရား မမြကလေး ဆိုတာလဲ ပျို့၊ကဗျာ၊ လင်္ကာ၊ ချေင်း၊ တေးကြီး၊ ဘွဲ့ကြီးများ အလွန်ပဲ အရေးကောင်းတယ်။ အဆိုအရွတ်လဲ ကောင်းတယ်လို့ ပြောကြတယ်။ သူတို့ သားအမိ ရေးတဲ့ သီချင်းများဟာ မဟာဂီတ၊ မဟာကဗျာ စာအုပ်များတွင် ပါတယ်။ ဒီ မမြကလေးဟာ ငါတို့ တစ်ဝမ်းကွဲ အဘွား တော်တာကလား' ဟု ပြောဆိုပြီး ထွက်သွား ပါသည်။

ကျွန်တော်လည်း ထိုအခါက ဖေဖေ ပြောသွားသော "ဆွေမျိုးတော် တယ်" ဆိုတဲ့ စကားကို များစွာ ဂရုမထားလိုက်ဘဲ စာအုပ်ကိုသာ ဆုံးအောင် ဖတ်ရှုပြီးနောက် သတိမေ့လျော့ ပျောက်ပျက် ရှိနေခဲ့ပါသည်။

ထိုနောက် စာမေးပွဲ ပြီးစီး၍ ဧပြီလ ကျောင်းရက်ရှည် ပိတ်သည့် အခါ ဆွေမျိုးများရှိရာ ဟသ်ာတမြို့သို့ အလည်အပတ် သွားရောက်၊ ဆကာတန်းရပ် အဘွားဖြစ်သူ အိမ်တွင် တည်းခိုနေစဉ် ထိုအိမ်နှင့် ယှဉ် ကပ်လျက် ရှိသော အဘွား၏ ညီမသည်အိမ်၌ ၎င်းညီမသည်၏ ယောက္ခမ ဖြစ်သူ အသက် ရှစ်ဆယ်ခန့်ရှိ အဆင်းအရည် တင့်တယ် သန့်ရှင်းလှ သော အဘွားကြီးတစ်ယောက် ရှိပါသည်။ ထိုအဘွားကြီးကား အခြား မဟုတ်၊ မြန်မာမင်း လက်ထက်တော်က ဇလွန်မြို့သူကြီး ဦးရွှေပွင့်၏ ဇနီး ဇလွန်မြို့ ပြည်တော်ပြန် ဘုရားဒါယိကာမ မြို့သူကြီးကတော် ဒေါ် ရွှေမယ် ဖြစ်ပါသည်။

တစ်နေ့သ၌ နံနက်ထမင်း စားသောက်ပြီး၍ ထိုအဘွားကြီးထံ သွားရောက်ပြီး စကားပြောဆိုနေရာ၊ အဘွားကြီးသည် မိမိ ပျိုရွယ်စဉ်က

အဖြစ်အပျက် အတွေ့အကြုံ စသော ရှေးဟောင်း ရှေးဖြစ် မြန်မာမင်းတို့၏ ထီးနန်းရိပ်ဖြူ အကြောင်းများ ပြောဆိုသည်ကို နားထောင်၍ မငြီးနိုင်အောင် ရှိပါသည်။ ထို ပြောဆိုသည့် စကားထဲတွင် မမြကလေး အကြောင်း အနည်းငယ် ပါရှိသည်ကို ကြားရသည့်အခါ၊ ကျွန်တော်၏ မွေးသဖခင် ပြောကြားဖူးသည်ကို သတိရ၍ အနောက်နန်းမတော်မိဖုရား မမြကလေးနှင့် သူ၏သမီး လှိုင်ထိပ်ခေါင်တင်တို့ အကြောင်းကို သိလိုသဖြင့် ကျွန်တော်က စကားဖြတ်၍ 'ဘွားဘွားကြီးရယ်၊ အနောက်နန်းမတော်မိဖုရား မမြကလေး ဆိုတာ ကျွန်တော်တို့နှင့် ဆွေမျိုးတော်တယ်လို့ ကျွန်တော့်ဖေဖေက ပြောဖူးပါတယ်။ ဘွားဘွားကြီးမှာ ရှေ့မီနောက်မီ ဖြစ်လို့ သည် မမြကလေး အကြောင်းကို ကောင်းကောင်း သိတော်မူပါလိမ့်မယ်။ ကျွန်တော်၏ အဘွားကြီးလဲ သူ၏အဒေါ် တော်လို့ သိကောင်း သိပေလိမ့်မယ်။ နို့ပေတဲ့ ကျွန်တော် သတိမရလို့ မမေးမိဖူးပါ။ အခု သတိရတဲ့အခါ မေးပါရစေ။ ဘွားဘွားကြီး သိတော်မူပါလျှင် သည်းခံ၍ ပြောကြားတော်မူပါ။ ကျွန်တော် မှတ်သားပါရစေ' ဟု တောင်းပန်ကာလ၊ ထိုအဘွားကြီးက 'ဘာပြုလို့ မသိဘဲရှိမလဲ မြေးရယ်၊ တခြားသူ မပြောထားနှင့်၊ မောင့်အဘွား အထက် သည်ဘွားဘွားကြီးက ပိုလို့ သိတယ် မှတ်ထား။ သိမှာပေါ့ မြေးရဲ့၊ အဘွားတို့က အတွင်းတော်မှာ နေရတာကလား။ ငါ့မြေးတို့နဲ့ မမြကလေးဟာ ဆွေမျိုးအရင်းကြီး တော်တယ်ကွယ့်။ ငါ့မြေး မှတ်သား လိုလျှင် ပြောရတာပေါ့' ဆို၍ ကျွန်တော်၏ အရီးများ၊ အစ်မများနှင့်တကွ ၎င်းအဘွားကြီး၏ သားမြေးများ ရှေ့တွင် အောက်ပါ အမိပ္ပာယ်အတိုင်း ပြောပြလေ၏။

## အခန်း (၁)

ဧရာဝတီမြစ် အနောက်ဘက်၊ လက်ယာကမ်းပေါ်တွင် တည်ရှိသော ဟင်္သာတမြို့၏ အောက်ဖျားတွင် "ကသောက်ကရောက်" ချောင်းရယ်လို့ ရှိတယ်။ ၎င်းချောင်းကို ယခုမှ မြေဖို့၍ ထားခြင်းကြောင့် တိမ်ကောသွားတာကလား။ အရင်ကတော့ ဒီချောင်းကို တံတား အခိုင်အမာ ဆောက်လုပ်ထားပြီး ကူးသန်းရတယ်။ အဲဒီ ချောင်း၏ အထက်ဘက်ကိုတော့ မြို့မတိုက် အဝင် ကံတွင်းရပ်တဲ့။ အောက်ဘက်ကိုတော့ အနောက်ဘက်တိုက်အဝင် ကင်းရွာရပ်ကယ်လို့ ရှေးအခါက အင်မတန်မှ လူနေအိမ်ခြေ စည်ကား ကြီးကျယ်သော အရပ်ကြီးတစ်ရပ် ဖြစ်တာကလား မောင်ရဲ့။ အဲဒီ ကင်းရွာရပ်မှာ ကိုဦး ဆိုတဲ့ လူဟာ အရပ်အရည် လှပ ခံ့ညား၊ ယောကျ်ားကောင်းပီပီ ဓမ္မသတ် ရာဇသတ် ဖြတ်ထုံးဖြတ်ပုံမှ စ၍ လောက–ဓမ္မ–ရာဇ ဆိုသော အကြောင်းများကို ကောင်းစွာ နားလည် တတ်မြောက်၊ ဥစ္စာပစ္စည်းမှာလဲ ကုံလုံ ကြွယ်ဝသူတစ်ယောက် ဖြစ်ခြင်းကြောင့် ဟင်္သာတမြို့နှင့်တကွ နယ်ရှိသူ အပေါင်းတို့က များစွာ ယုံကြည် အားကိုးကြတယ်။ အမှုအခင်းများ ရှိလျှင် သူ စီရင်တာကိုမှ ကြိုက်နှစ်သက်ကြလို့ သူ့ကို ခုံသမာဓိ လူကြီး တင်မြှောက်ကြတယ်။ ဟင်္သာတမြို့သူကြီးကလဲ မိမိ အိမ်ဦး ခုံ ပြုလုပ်စေ၍ အစီရင် "မင်းပျံ့ချီ" ဆိုတဲ့ ဘွဲ့ကို ဘုန်းတော်ကြီး ဘုရားထံ အမိန့်တော်ခံပေးတာကို။ ဒါကြောင့် အစီရင် မင်းပျံ့ချီ–မင်းပျံ့ချီ ရယ်လို့ တွင်တာပေါ့။ သူ၏ ဇာတိကတော့ ဟို ရေကင်းမြို့ ဇာတိပဲ။ တလိုင်း လူမျိုးပေါ့လေ။ သူ့မှာ ကိုမှုူး ဆိုတဲ့ ညီရင်းတစ်ယောက်လဲ ရေကင်းမြို့မှာ ရှိတယ်။ မယားလဲ မနည်းဘူး မောင်ရဲ့၊ သုံး လေးယောက် ရှိတယ်။ သည်နေရာမတော့ အာဂလူပဲ။ အဲဒီ မယားများ အနက်က "မယ်အိ"

ဆိုတဲ့ မယားက ဟသာ်တမြို့သူ ဖြစ်တယ်။ မယ်အိနှင့် အကြောင်း ပါတာကြောင့် ဟသာ်တမြို့မှာ နေရတာကလား။ ၎င်း မယ်အိ ဆိုတဲ့ မိန်းမကပေတဲ့ သာမည လူမျိုးထဲက မဟုတ်ဘူး။ တလိုင်းမင်း ရာဇာဓိရာဇ်၏ အနွယ်အဆက်မှ ဆင်းသက်လာတဲ့ မိန်းမပေပဲ။ မင်းမျိုး မင်းနွယ် ဖြစ်လို့ လှလဲ လှပေတာပေါ့။ မင်းပုံချီ၏ မယားတစ်ဦးမှ ဖွားမြင်တဲ့ သမီး မလှေးဖြူ ဆိုတာ တစ်ယောက်၊ မယ်ရာ ဆိုတဲ့ မယားတစ်ဦးမှ ဖွားမြင်တဲ့ သား ကိုစိ ဆိုသူ တစ်ယောက်၊ မယား မယ်အိမှ ဖွားမြင်တဲ့ သမီး မမြကြုပ် ဆိုတာ တစ်ယောက်၊ အဲဒါလောက်ပဲ အဘွားဖြင့် သိတယ်။ သည့်ပြင် သားသမီးများ ရှိ မရှိတော့ မသိပါဘူး။ အဲဒီ သား တစ်ယောက်၊ သမီး ၂ ယောက်ထဲက မမြကြုပ် ဆိုတဲ့ မယ်အိ၏ သမီး ကလေးဟာ တခြားသူ မဟုတ်ဘူး။ မိဖုရား မမြကလေးပဲ။ လှ မက နတ် မမီ ဆိုသလို အင်မတန်လှပယဉ်ကျေးတာကြောင့် ကုန်းဘောင် ရှင် ဘုရင်ဟာ သာယာဝတီမင်းသား အဖြစ်တုန်းက ကောက်ယူတာကလား မောင်ရဲ့။ သူ့အမည်ရင်းကတော့ မြကြုပ်တဲ့။ မြမြလဲ ခေါ်ကြတယ်။ ရှင် ဘုရင်ကတော့ မြကလေး ခေါ်တယ်။ ။ ကျွန်တော်က ထောက်၍။ ။ ဘွားဘွားကြီးထက်ပင် လှပါသေးသလားဗျာဟု မေးသောအခါ။ ။ ဘွားဘွားကြီးက။ ။ က ပါရိုးလား မောင်ရယ်၊ အဘွား အသားကတော့ ဖြူဝါရုံမျှ ရှိတာကလား။ အဘွားလဲ စာထဲပေထဲက ချီးမွမ်းသလို ဖွံ့လား နွဲ့လား မချီးမွမ်းတတ်ပါဘူး။ ကိုယ် သိသလို မြင်သလိုလောက်သာ ပုံစံ တင်ပြီး ချီးမွမ်းပြမယ်။ သူ့အသားကတော့ ညိုသည်လဲ မဟုတ်၊ ဖြူသည်လဲ မဆိုသာ၊ ခပ်ဝါဝါမှာ ပြာပြာရောင်ကလေး ရောစပ်လို့၊ ပုရပိုက်ခေါက် ရွှေများဟာ အရောင်မှည့်လွန်းတော့ စိမ်းညိုရောင်ကလေး တစ်ခါတစ်ခါ ပေါ်လာသလို နေတာပဲ။ သူ့အသားကို မြင်ရတော့ အဘွားစိတ်မှာ ဘုရား ရှင် လက်ထက်တော်က ဥပလဝဏ်ထေရီမ၏ အသားဟာ သည်လိုပဲ ရှိ လိမ့်မယ်လို့ အောက်မေ့မိသေးတယ်။ ဒါကြောင့် မြကြုပ်တဲ့၊ မြမြတဲ့ ခေါ် ကြ ထင်ပါရဲ့။ လောကမှာ အဆင်းတဲ့၊ အရောင်တဲ့၊ အလင်းတဲ့ ဆိုတာ ရှိတယ် မောင်ရဲ့။ အဲဒီ ၃ ခုဟာ မတူကြဘူး၊ တခြားစီ ဖြစ်တယ်။ အဆင်း က တခြား၊ အရောင်က တခြား၊ အလင်းက တခြားကလား။ အဆင်း ဆိုတာ ရူပါရုံ သက်သက် ဖြစ်တယ်။ အဖြူ ဖြစ်လဲ အဖြူ သက်သက်၊

အနီ ဖြစ်လဲ အနီ သက်သက်။ ပိတ်များ ရှံထည်များလို အဖြူ အနီ အဆင်း ချည်း သက်သက်ပဲ။ အရောင် မရှိဘူး။ အရောင် ဆိုတာကတော့ အဆင်း ပေါ်မှာ ထပ်ပြီး ဝင်းပြောင်နေတာကို ဆိုတယ်။ ငွေ–ရွှေ–ပတ္တမြားနီများ ဟာ ကြည့်ပါလား၊ အဆင်းပေါ်မှာ အရောင်ထင်နေတယ်။ ငွေများဟာ ဖြူရုံတင် မက ဝင်းပြောင် လျှပ်ခတ်တဲ့အရောင် ရှိတယ် မဟုတ်လား။ ရွှေဟာလဲ ဝါသော အဆင်းတင်မက ဝင်းပြောင် လျှပ်ခတ်တဲ့ အရောင် ရှိတယ်။ ပတ္တမြားနီ ဆိုတာမတော့ ပြာဖို့ မလိုဘူး၊ သာပြီး လွန်ကဲတာ ပေါ့။ အရောင်နှင့် အလင်း ဆိုတာမှာလဲ တစ်မျိုးစီ ထူးခြားတယ်။ နေ့ခင်း နေ့လယ် နေပူတဲ့အခါ အမိုးအကာ မရှိတဲ့ နေရာမှာ နေရောင် ထင်ရှား တယ်။ အမိုးအကာ ရှိတဲ့ အိမ်အတွင်းမှာတော့ ညအခါလို မှောင်ကျမနေဘဲ လင်းနေတာလို၊ အလင်းကို သိရတယ် မဟုတ်လား။ အဲဒါဟာ အရောင် ကြောင့် အလင်း ဖြစ်ရတယ်။ အလင်းနှင့် အရောင် သည်လို ခြားနားတယ် မောင်ရဲ့။ အဘွား ပြောချင်တာက မမြကလေး ဆိုတဲ့ မိန်းမမှာ အဆင်း တင် မကဘူး၊ အရောင်လဲ ရှိတဲ့ အကြောင်းကို အဘွား ပြောသလို မှတ် လိုက်ပါတော့။ အလုံးနှင့်အရပ် မှူတာကလဲ လောင်းရိပ် လွတ်လွတ်မှာ ပေါက်ရောက်နေတဲ့ စကားဝါပင်ကလေးများလို မြင့်လွန်းတယ်၊ နိမ့်လွန်း တယ်၊ ဝ လွန်းတယ်၊ ပိန်လွန်းတယ် မဆိုရ။ အင်မတန် ကြည့်ကောင်း ပေတယ်။ မျက်နှာကလေးက မဝိုင်း မသွယ်၊ နဖူးကလေးကလဲ မကျယ့် တကျယ်၊ ခြယ်လှယ် ရေးသားထားသလို မျက်ခုံးကလေးက တန်းလို့။ နှာတံကလေးက ခပ်ပေါ်ပေါ်မှာ တစ်ဖက် ၂ ချက်မှာရှိတဲ့ မျက်လုံးကလေး က ခပ်ပြူးပြူး၊ အထူး ကော့နေတဲ့ မျက်မွေး မျက်တောင်ကလေး တစ်ခါ တစ်ခါ ခတ်လိုက်လျှင် တလျှပ်လျှပ် တဝင်းဝင်းနှင့် မျက်လုံးရောင်ဟာ ရွှဲနေတာပဲ။ မတွဲလဲ မတွဲ၊ မထော်လဲ မထော် သင့်လျော်လှပအောင် တမင် ပြုလုပ်ထားသလို ဟသံပဒါး အရောင် နှုတ်ခမ်းပါးကလေးကလဲ အမြဲ နီနေတယ်။ မျက်နှာ အနေအထား၊ ပါးနား အကျအန ညီညွတ် ချောမော ရုံတင် မကဘူး၊ ကိုယ်ထည် အနေအထားမှာလဲ ခါးသေးသေး ရင်ချီချီ၊ တင်ကလေး ကားကား တမင် ပြုပြင်ထားတာကမှ လိုလိမ့်ဦးမယ်။ သူ့ မှာတော့ အပြစ်ဆိုစရာ မရှိဘူး။ လက်မောင်းများ ဆန့်တန်းလိုက်လျှင် အဘွားတို့လို တံတောင်ဆစ် နေရာမှာ ယောဒီလို အရိုးခုလု ပေါ်မနေဘူး။

ငှက်ပျောအူတိုင် နုနုကလေးများလို အရင်းက အဖျားသို့ သွယ်ပြီး အရောင်အဆင်းနှင့်တကွ တဖြောင့်တည်း ပြေပြေပြစ်ပြစ် ချောတာပဲ။ အကြောကလေးများလဲ နီလာ ရင့်ရင့် အသွေးလို စိမ်းပြာလဲ့လဲ့ကလေး။ လည်တိုင်ရှင်းရှင်းကလေး မော့ပြီး ရေများ သောက်လိုက်တဲ့အခါ ရေကျသွားတာတောင် မြင်ရမလောက်ပါပဲ။ ခြေသလုံး ခြေဖျားများလဲ နုနုဖပ်ဖပ်၊ ချောချောပြေပြေ။ ဒါတွေကို ထားလိုက်ပါဦး၊ လက်ဖျားကလေးများ သပ်ရပ်လိုက်တာဟာ ဖြန့်လိုက် ဆုပ်လိုက်ပေတဲ့ အခုလို အထစ်အရစ် အတွန့်အရှုန့်မရှိဘူး။ ငှက်ပျောဖူး အဖတ်ကို ခွာလိုက်တော့ အထဲက အဖူး ခေါ်တဲ့ ငှက်ပျောဖီးကလေးများလို လှပ ညီညွတ်တယ် မောင်ရဲ့။ ဆံပင်ဦးရေဆိုတာမတော့ နောက်ကို ဖားလျား ချလိုက်မှဖြင့် ဖနောင့်နား ရောက်ခါနီး။ သားလီးဓားများလို အဖျားက ကော့တက်နေတယ်။ နဖူးဆံစပ်မှာလဲ ဆံပင်နုကလေးများဟာ မွေးညင်းအနေ ဖြစ်ပြီး မိုးကြိုးရောင်လိုလို ရွှေဒင်္ဂါးရောင်လိုလို သမ်းနေတာကိုပင် ကြည့်ရှုလို့ မဝနိုင်ဘူး။ အို သူ လှတာတွေကို ပြောနေလို့တော့ သည်တစ်နေ့ ဆုံးတော့မယ် မဟုတ်ဘူး မောင်ရဲ့။

ကျွန်တော်က။ ။သည်လောက်တောင် လှသလား ဘွားဘွားကြီးရယ်၊ နည်းနည်း လွန်နေပြီ ထင်တယ်ဟု ထောက်လိုက်သောအခါ။ ။ဘွားဘွားကြီးက။ ။မလွန်ဘူး မောင်ရေ့၊ လှပါပြီလား။ သူ့ လှသလောက်ထင်ရှား ပေါ်လွင်အောင် အဘွားက မပြောတတ်ဘူး။ အဘွားတို့ တွေ့ရတော့ဖြင့် မိဖုရား ဖြစ်လို့ အသက် ၃၀ လောက် ရှိပါပြီ။ အသက် တစ်ဆယ့်လေး ငါး ရှစ်နှစ်အရွယ် အပျိုစဉ် အခါတုန်းကဖြင့် သည့်မျှ ဘယ်ကမလဲ။ အဘွားတို့လဲ လှတယ်လို့ အချီးမွမ်း ခံရပါရဲ့။ အခု အသက် (၈၀) ကျော်ရှိတာတောင် ဘယ်လို ဆိုတာ မောင် အမြင်သားပဲ။ နို့ပေတဲ့ သူနှင့် ယှဉ်လိုက်တော့ အဘွား စိတ်အထင်မှာဖြင့် ကျွန်နှင့် သခင်လောက် ကွာခြားတယ်လို့ မှတ်တာပဲ။ အဘွား တစ်ခု ပြောမယ်၊ တမင်တကာ ပြုပြင်လုပ်ဟန် မပါဘဲ နဂိုလှ နဂိုယဉ် နဂိုအမူပါတဲ့ သူများဟာ မျက်နှာကိုကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ နေတုန်းကို မဆိုထားနဲ့၊ ပူဆွေးဒုက္ခသောကတွေ ကြုံပြီးလျှင် မျက်နှာ ညှိုးငယ်နှင့်နေတုန်းကိုပင် ဘယ့်လောက်ကြည့်လို့လှသလဲလို့ ဆိုတာ ပြောရအုံးမယ်။ တစ်ရံရောအခါ မမြကလေး၏ ဘထွေးတော်သည် ဟသာ်ာတမြို့မှာ သေဆုံးပြီလို့ ကြားရလေတော့

မမြကလေးမှာ အင်မတန် ပူဆွေးဒုက္ခ ရောက်ရှာတာကလား။ အဲဒီအခါ သံဃာတော်များ ဆွမ်းပန်း လုပ်ကျွေး အမှုအတန်း ဝေရင်း ဥပုသ် ဆောက်တည်ပြီး ညနေ ၃ ချက်တီး အချိန်လောက် ရုံရှေတော် အခြံအရံ အနည်းငယ်မျှနှင့် ဥယျာဉ်တော် ထွက်ပြီး ပုတီးစိပ်တော်မူရှာတယ်။ သည်တုန်းက အဘွားလဲ ပါတယ် မောင်ရဲ့။ ဥယျာဉ်တော်အတွင်း သော်ကပင်ကြီး အရိပ်မှာ ခင်းထားတဲ့ ရွှေကွပ်ပျစ်ပေါ်တွင် ထိုင်ပြီး ပယင်းပုတီးကလေး စိပ်နေရာ၊ ထုံးနှောင်ထားတဲ့ဆံထုံးကလဲ ကလျော့ကလျဉ်းနဲ့၊ လေညင်းကလေး ခပ်သုတ်သုတ် သက်တဲ့အခါ ဖရိုဖရဲ အခက် အခက် ကျနေတဲ့ ထိပ်ဆံခေါ် ဗျာပါဆံ ကလေးတွေက နား ၂ ဖက် နောက်နားဆီက တလှူပ်လှူပ် တလွင့်လွင့်နဲ့ နေရာမှ တစ်ခါတစ်ခါ ရှေ့တည့်တည့်သို့ စိုက်ငေးကြည့်ရှုကာ ညှိုးငယ်စွာနေတဲ့ မျက်နှာကလေးပေါ်တွင် လွင့်ကာ ဝဲကာ မျက်နှာ အနေအထားကို ကြည့်ရှု အကဲခတ်ရအောင် ပေါ်လာသလို၊ ဒီလို အခက် အခက် ကျနေတဲ့ ဗျာပါဆံကလေးများဟာက မျက်နှာပေါ်တွင် လွင့်ကာ ဝဲကာ နေတဲ့အတွက် တစ်မျိုးတစ်ဖုံ ကြည့်ရှုလို့ ကောင်းပြန်တော့သည်။ ဗျာပါဆံကလေးတွေက မသာမယာ ညှိုးငယ်စွာနေတဲ့ မျက်နှာကို မညှိုးမငယ်ရအောင် ရွှင်ရွှင်လန်းလန်း ကြည့်ဘန်းရအောင်ဟာကို မကြာမကြာ လာ၍ အားပေးသလို ရှုမြင်သူတို့က ထင်ရတယ်။ ပုတီးစိပ်ရင်း ရှေ့သို့ တည့်တည့် စိုက်ငေး ကြည့်ရှုနေရာက ဘထွေးတော် သေဆုံးတာကို အောက်မေ့မိပြန်လို့ ထင်ပါရဲ့၊ ပုတီးစိပ်သည်ကို ရပ်တန့်၍ တအောင့်လောက်ကြာမှ တစ်ခါတစ်ခါ မျက်တောင်ကလေး ခတ်လျက် ရွှဲနေတဲ့ မျက်လုံး နှစ်ဖက်မှ မျက်ရည်များ ဝဲလာရှာတယ်။ သည်လိုနေပြီး မိမိစိတ်ကို တစ်ဖန် သိမ်းဆည်းတဲ့ လက္ခဏာနဲ့ မျက်နှာကို အနည်းငယ် အောက်သို့စိုက်၍ ပုတီးကို ဆက်လက် စိပ်ပြန်တယ်။ တော်တော်ကြာပြန်လျှင် ပုတီးကို မေ့လျော့ရပ်တန့်၍ မျက်နှာကလေး ခပ်မော့မော့ထားပြီး ဘထွေးတော်ကို သတိရပြန်လို့ ထင်ရဲ့၊ စိုက်ငေးနေရာမှ မျက်ရည်တွေ တဝဲဝဲလည်လျက် ပါးနှစ်ဖက်ပေါ်သို့ သက်ဆင်းကျရောက်လာတော့ ခေါင်းကလေး ခပ်ငုံ့ငုံ့ထားပြီး မြတဘက်စကလေးနှင့် ကျဆင်းတဲ့ မျက်ရည်ကိုသုတ်ကာ ပေါ်လာတဲ့ သောကစိတ်ကို ဖြေဖျောက်တဲ့ လက္ခဏာနဲ့ ပုတီးကို စိပ်မြဲ စိပ်ရှာပြန်တယ်။ အဲဒီလို သောကဘက်ဆီ တစ်လှည့်၊ ကမ္မဋ္ဌာန်းဘက်ဆီ တစ်

လှည့် စိတ်က ပြောင်းလဲတိုင်း ပြောင်းလဲတိုင်း မျက်နှာထားကလေးက ပြောင်းလဲလိုက်တာကိုး။ သည်ကဲ့သို့ စိုးရိမ်ပူဆွေးသော လက္ခဏာ၊ တရား ဖြင့် သိမ်းဆည်းသော လက္ခဏာ၊ အပြန်အလှန် မျက်နှာထား တစ်မျိုးစီ ပြောင်းလဲနေတာကိုပင် တစ်ပုံစီပဲ ကြည့်ကောင်းတယ်။ သနားစရာ ချစ် စရာ အပုံကြီး ကောင်းတယ် မောင်ရဲ့။ ဒါကို ထားလိုက်အုံး၊ အဆုံးကို ပြောပါစို့ရဲ့။ ရာဇဝတ်သင့်၍ သတ်ရအောင် ထုတ်၍အလာ၊ လှည်းပေါ်မှာ ထိုင်၍ လိုက်လာရာက နောက်သို့ ပြေ၍ကျနေတဲ့ ဆံပင်ကို ဘီးစိုက်၍ ထိပ်ဆံနှင့်ရောပြီး ကပိုကရို ပတ်သွားတာကို ကြည့်ရှုလို့ မငြီးနိုင်အောင် အင်မတန် လှတာကလား။ ဒီလို လှတာကြောင့် မြို့တော်သူတွေဟာ သည် အတုကို ခိုးပြီး "ပုပုံထုံး" ရယ်လို့ ထုံးလိုက်ကြတာ မင်း ပညတ်လို့တောင် မနိုင်ဘူး။ တစ်နိုင်ငံလုံး ယခုထက်ထိ ဘီးဆံပတ် ဆိုတာ သည်ထုံးနည်းက ဆက်လာတာပေါ့ မောင်ရဲ့။ လှရုံ ယဉ်ရုံတင် မကသေးဘူး၊ ဘယ်အသက် ဘယ်အရွယ်တုန်းက သင်ကြားလာတယ် မပြောတတ်ပါဘူး၊ စာပေကျမ်းဂန် နှင့် တကွ တေးကြီး ဘွဲ့ကြီး၊ ပျို့ကဗျာ လင်္ကာ ချေင်း ရတုပိုဒ်စုံများကို အသံနှင့်တကွ ဆိုတတ်တယ်၊ ရေးသား စီကုံးတတ်တယ်။ သီချင်းရေးများ ကောင်းလိုက်တာ။ သူရေးတဲ့ သီချင်းကြီးများဟာ မဟာဂီတကျမ်း၊ မဟာ ကဗျာကျမ်းများတွင် တင်မှတ်ထားရတယ်။ သည့်အပေါ်မှာ စောင်းများ တီးလိုက်တာ မှတ်နေတာပဲ။ တစ်ခါတလေ အဘွားတို့နဲ့ တိုက်ဆိုင်တွေ့ကြုံ လို့ သိမြင်ရတာမှာ၊ အနောက်နန်း အဆောင်တော်တွင် ဘုန်းတော်ကြီး ဘုရား စံပယ်တော်မူတဲ့အခါ မိဖုရား မမြကလေးသည် သူရေးတဲ့ သီချင်းပဲ ထင်ပါရဲ့၊ "နဝရတ်ရောင်စုံ" ဆိုတဲ့ ပတ်ပျိုး သီချင်းကြီးကို အဆိုတော် သီရိမဟောက သီဆိုလျက်၊ သူကတော့ စောင်းကိုပိုက်ပြီး အေးအေးသာသာ ကလေး တီးကာ ရွှေနားတော် ပြေဖျော်နေတဲ့အခါများ ဘုန်းတော်ကြီး ဘုရား သဘောတော် တွေ့လွန်းလွန်းလို့ တပြုံးပြုံးနှင့် ရှိနေတာပဲ မောင်ရဲ့။

ကျွန်တော်က။ ။ ဒါတွေကို ထားလိုက်ပါတော့၊ သူ မိဖုရား ဖြစ် တဲ့ အကြောင်းကို ပထမက စပြီး အမိန့်ရှိစမ်းပါအုံးဟု တောင်းပန်သော အခါ။ ။ အဘွားကြီးက။ ။ သည်လိုလား မောင်ရဲ့။ အဘွား ပြောခဲ့တဲ့ အတိုင်း အလွန် ချောကြောင်း လှကြောင်းကို ရေဝတီ မြစ်ရိုးတစ်လျှောက် ကျော်စော ထင်ရှားနေတာကိုး။ အဲဒီလို ကျော်စော ထင်ရှားနေတုန်း ဘကြီး

တော် ဖန်နန်းရှင် ပန်းတောင်းမင်းတရားကြီး လက်ထက်၊ ညီတော် သာယာဝတီ မြို့စား မင်းသားသည် အောက်မြို့ကျေးရွာသို့ ဖောင်တော်နှင့် စုန်ဆင်းတော်မူအလာ၊ နေဖြူမြို့မှာ ရပ်တန့် စံနေတော်မူတုန်း ဟင်္သာတမြို့ အစီရင် မင်းပျံချီ၏ သမီး မမြကြုပ် ချောကြောင်း လှကြောင်း ကြားတာနှင့် မင်္ဂလာအိမ်တော် အတွင်းဝန် နေမျိုးသီဟစည်သူ၊ အိမ်တော်ဝန် နေမျိုးဗန္ဓုကျော်၊ စာရေးတော်ကြီး သီဟကျော်ထင်နော်ရထာ တို့ကို နောက်လိုက် နောက်ပါ အခြံအရံ ရွှေလှေ ရွှေလောင်း များစွာနှင့် စေလွှတ်၍ ဟင်္သာတ မြို့သူကြီး ကိုရွှေလူထံမှတစ်ဆင့် မင်းပျံချီထံ တောင်းဆို ကောက်ယူသွားတာကလား မောင်ရဲ့။ ။

## အခန်း (၂)

ကျယ်ဝန်းစွာသော ဝင်းထရံဖြင့် တင့်တယ် သပ်ရပ်စွာ ကာရံလျက် စကားစိမ်း၊ စကားဝါ၊ မာလာ သော်က၊ ချရား စသော ပန်းပင်ကြီးနှင့် နှင်းဆီ စံပယ်၊ ထားဝယ် ခွာညို စသော ပန်းပင်ငယ်၊ ပန်းနွယ် ပန်းရုံတို့ဖြင့်လည်းကောင်း၊ အုန်းပင် ထန်းပင်၊ ကွမ်းသီးပင်တို့ဖြင့် စီစဉ်တန်းကာ လမ်းမြွာလမ်းသေး နံဘေး တစ်ဖက်နှစ်ချက်၌ သရက် ဩဇာ၊ သံပရာ သံပရို၊ ရှောက်ချို လိမ္မော် စသော စားဖွယ်သောက်ဖွယ် အပင်တို့ဖြင့် လည်းကောင်း ပြည့်စုံစွာ သာယာ တင့်တယ် ကြည့်ရှုဖွယ် ပျော်မွေ့ဖွယ် ကောင်းလှသော ဝင်းခြံကြီးအတွင်း သစ်ပင်တို့ လွှမ်းအုပ် ကာကွယ်သဖြင့် အပြင်ပ ခပ်လှမ်းလှမ်းကနေ၍ ကြည့်ရှုသော် တစ်ပိုင်းတစ်စိတ်မျှ ပေါ်ထွက်၍ အမိုးမျှကိုသာ မြင်ရသည့် အိမ်ကြီးတစ်အိမ်သည် ရှိ၏။ ထိုအိမ်သည်ကား လူ၏ ရင်ခေါင်းခန့်မျှ မြင့်သော အဆင့် တစ်ပြင်တစ်ထပ်တည်းရှိ ၂ ဆောင်ပြိုင် ၅ ပင် အိမ်ကြီး ဖြစ်သည်။ ထိုအိမ်သည် ၂ ဆောင်ပြိုင်ဟု ခေါ်ဆိုရသော်လည်း ခေါင်းရင်းဘက်က အလျားလိုက် ကပ်လျက် အဆောင် တစ်ဆောင်၊ နောက်ဖေးဆောင်နှင့်အညီ ခြေရင်းဘက်က ကပ်လျက်ရှိသော မီးဖိုဆောင်၊ သည်မှတစ်ပါး အိမ်ရှေ့ဘက် တစ်လျှောက်လုံး အဆင့် အခင်း မရှိဘဲ အမိုးသာ ရှိသော အဆောင်တစ်ဆောင် အားဖြင့် ၅ ဆောင် ရှိ၍ အလွန် ကျယ်ဝန်းလှပေသည်။ ထိုအိမ်၏ နံဘေး ခေါင်းရင်းဘက်နားဆီကလည်း မြင်းဇောင်းဖြစ်သော အဆောက်အဦ တစ်ခု၊ ခြေရင်းဘက် ကလည်း လှည်း နွား ထားသော တင်းကုပ် အဆောက်အဦ တစ်ခု၊ ထို တင်းကုပ်နောက်က မနီးမဝေး ထင်းများနှင့် အခြား အိမ်သုံးကိရိယာ ဝမ်းစာစပါးများ ထားသော အဆောက်အဦ တစ်ခု၊ ဤ ဆိုခဲ့သော အဆောက် အဦ များဖြင့်လည်း ပြည့်စုံစွာ ရှိလေသည်။

ဝင်းခြံ၏ လေးဖက်စလုံး၌လည်း လှည်းဖြင့် ဝင်ထွက်သာအောင် တံခါးကြီး ၄ ပေါက် ရှိ၍၊ ထိုတံခါးပေါက်များမှ အိမ်သို့ ရောက်အောင် အုတ်ကျောက်တို့ဖြင့် ညီညွတ် ချောမောစွာ ခင်းထားသော လမ်းကြီးများ၊ ထိုလမ်းကြီးများမှ ဘေးတစ်ဖက် ၂ ချက်သို့ ဆက်သွယ် ဖောက်လုပ်ထားသော လမ်းသေးလမ်းမြွာတို့ဖြင့် ဝင်းခြံအတွင်းရှိ ဥယျာဉ် ပန်းမန်များကို လျှောက်သွား ကြည့်ရှုနိုင်၏။ ထိုအိမ်ကြီးသည် ဧရာဝတီမြစ်ဘက်သို့ မျက်နှာမူကာ တည်လျက် ထိုအိမ်ရှေ့ ဝင်းပေါက်ဝမှ ပေ ၃၀၀ ခန့် ဝေးသော ကမ်းခြေနှင့် ဧရာဝတီ မြစ်ရေပြင်ကို ကြည့်ရှုလိုက်သော်၊ ကမ်းခြေတွင် လှေကြီး လှေငယ်တို့သည် စီတန်းကာ ကြက်တောင်စိုက် ဆိုက်ကပ်လျက် ကုန်တင်ကုန်ချ ရောင်းရေးဝယ်တာ များစွာ စည်ကားနေသည်ကို မြင်ရပေသည်။ ဆောင်း နွေအခါ ငြိမ်သက်စွာ စီးဆင်းနေသော မြစ်ရေပြင်တွင် အစုန်အဆန် လှေကြီးလှေငယ် ကတ္တူလွန်းကြင်တို့ကို လည်းကောင်း၊ မြစ်ကြောကို ကန့်လန့်ဖြတ်ကာ ပိုက်ကြီးငယ်တို့ဖြင့် ချမျှောနေသော တံငါလှေများကို လည်းကောင်း၊ မိုးအခါ ကျပြန်လျှင်လည်း ကုန်အပြည့် တင်သော အညာဆန် လှေကြီးများသည် ကြိုးစုံရွက်စုံဖြင့် တိုက်ကာ ဖုံထောင် စည်မောင်းခေါက်တီးလျက် အသီးသီး စီကာယှဉ်ကာ တမြစ်လုံး ဖွေးဖွေးဖြူမျှ ဆန်တက်ကြသည်ကို လည်းကောင်း၊ အညာမှ တစ်ဖန် စုန်ဆင်းပြန်လာသော လှေပေါ့များသည်လည်း တောင်လေ ပြင်းထန်စွာ တိုက်ခတ်သဖြင့် ခရီးမတွင်နိုင် ရှိနေသောကြောင့် ကျူထရံ စသော ဖျာများကို ဝါးဖြင့် ကွပ်ညှပ်ကာ လေးလံသော အရာဝတ္ထုဖြင့် အောက်ဘက်က ဆွဲချည်၍ ကြိုးလေးသွယ် ဆိုင်းပြီးလျှင် လှေရှေ့မှ ရေရှက်ချကာ လှိုင်းပြင်တွင် နိမ့်ချည်မြင့်ချည်နှင့် စုန်မျှောလာကြသည်ကို လည်းကောင်း မြင်ကြရပေလိမ့်မည်။ တော်သလင်း–မြစ်တွင်း သင်ဖြူးခင်း၊ ကိုင်းလည်းဖွေးဖွေး၊ ရေဖွေးဖွေး ဆိုသည့်အတိုင်း ကန်ရာသီ တော်သလင်းလသို့ ကျရောက်သည့် အခါ လှိုင်းလေ လှုပ်ရှားထကြွခြင်း မရှိ၊ ပိရိငြိမ်သက်စွာ တည်ကြည်သော ရေမျက်နှာပြင်တွင် ကြည်လင်သော အဆင်းဖြင့် နေမင်း၏ အရောင်ကြောင့် တပြောင်ပြောင် တလက်လက် တပြက်ပြက် လျှပ်ခတ်ကာ စီးနေသော ရေကြောကို ဖြတ်သန်း၍ ကမ်းတစ်ဖက်ကို ရှုမျှော်လိုက်လျှင် တငိုက်ငိုက် တယိမ်းယိမ်းနှင့် လေသိမ်းယူရာ တိမ်းကာ ငဲ့ကာ နွဲ့ကာ လှုပ်ရှားနေသော

ကိုင်းပင် ကျူပင်တို့၏ ဖွေးဖွေးဖြူသော အပွင့်တံတို့ဖြင့် ပြည့်လျက် ကမ်းခြေ တစ်လျှောက်လုံး တည်ရှိနေခြင်းကြောင့် မြစ်ရေပြင်ကို တမင် တန်ဆာ ဆင်ထားသကဲ့သို့ ဖြစ်လေသည်။

ထိုလ ထိုရာသီအခါ မင်းနေပြည်တော်၌ ရေသဘင်ပွဲ ကျင်းပမြဲ ဖြစ်သည်နှင့်အညီ ဤအောက်အရပ် ဒေသ၌လည်း ခတ်လှေ လှော်လှေများ ပန်းပြိုင်ပွဲ ပြုလုပ်တတ်ကြ၏။ ထိုလှေပန်းပြိုင်ပွဲ ပြုလုပ်သောအခါ ရေလမ်း ဖြောင့်စွာ ရေစီးသာသော ဤအိမ်ရှေ့ မျက်နှာစာတွင်သာ များသောအား ဖြင့် ပြုလုပ်ကြမြဲ ဖြစ်လေသည်။

တစ်နေ့သ၌ ဆိုခဲ့သည်အတိုင်း ခမ်းနားတင့်တယ် ပျော်မွေ့သာယာ လှသော ဝင်းခြံအတွင်းရှိ အိမ်ကြီး၏ ရှေ့မျက်နှာစာ ခြေရင်းဘက် ခပ် ကျကျတွင် လှပစွာ စီစဉ်၍ စိုက်ပျိုး ပြုစုထားသော စံပယ် နှင်းဆီ သရဖီ ယုဇန မုလေး စသော ပန်းရုံတို့၏ အကြားဝယ် ခေါင်းလျှော်ပြီးစ ဆံပင် ကို နောက်သို့ ဖားလျားချလျက် ကျွဲချိုဘီးကုပ်ကိုစိုက်၍ နှင်းဆီပန်းတစ်ပွင့် ကို ပန်ဆင်ကာ၊ မဲကြက်မောက် ထဘီကို ရင်ရှား၍ ပဒုမ္မာ မိန်းမဝတ်အကျီ လက်ရှည်ကို ဝတ်ပြီးလျှင် ကြက်ဥနှစ်ရောင် ရောဖဲပဝါကိုရင်စည်းကာ၊ ကြဲရောင် ပိန်းတန်းဖိနပ်ကို စီးလျက်၊ လက်တစ်ဖက်က ဆွဲခြင်းကလေးကို ကိုင်၍ ပန်းခူးနေသော အသက် ၁၆ နှစ်ခန့်အရွယ် မိန်းမငယ်ကလေး တစ်ယောက်သည် အောက်ပါ ဘောလယ်သီချင်းကို တိုးတိုးသာသာ သီဆို ကာ ပန်းခူး၍နေသည်။

**ဘောလယ်**။ ။ *စိန်သွေးဝတ်မှုံ၊ ဂန္ဓာရုံ ထူးပါတဲ့၊ ပန်းလွှာငုံဖူး တွေက ဆင်းနုံ့ဖြာ၊ စက္ခုဃာနာ၊ အကြည်ရိပ်မှာလေ။ ဇွဲ ... ရွှေလီပ်ပြာ။ ။*

*မာလာရုံထဲမှာလ၊ ပျံဝဲရက်သာ၊ ဖန်လဲရယ်–ဖန်ခါခါနှင့် ခွာရက် နိုင်ဘဲ၊ ရာသက်တိုင် စွဲပါလို့ မက်မပြယ်။ ပန်းမျှာမှုပုံ၊ ရှုပါရုံ သွေးငယ် လေး၊ ငေး ... မျှော်လောက်ဘွယ်။ ။*

*ပွင့်ချပ်လွှာ ဆန်းပါတဲ့ ပန်းစပယ်၊ နန်းအလယ်မှာလ ပေါ်ထင်ဆုံး၊ တော်ဝင်သုံးပါတဲ့ ရွှေနှင်းဆီ၊ မြသားရွက်ရုံ၊ မျက်ပျံထူးလိုလေး၊ ဖူး ... ပွင့်ကစီ။ ။*

*ပင်ပင်ခြေရှင်းပါလို့၊ ခင်းမြေကညီ၊ ပယင်းတွေ စီသလိုပ ကျရွက် ရော်သွေး၊ မြမျက်ပေါ်ထွေးပါလို့ လွှမ်းယှက်တင်၊ ဣန္ဒနီ–သိဂီစပ်တယ် လေ၊ ပန်း ... ရွက်ချပ်သွင်။ ။*

*ညှင်းလေယူ ဖျံ့ပါလို့ ကြိုင်နံ့လွင်၊ လှိုင်ပျံ့ရွှင်ပါလို့ အာသာထုံ လောင်း မာလာစုံ ပေါင်းသော်မှ တုမနိုင်၊ မုလေးငုံ ထုံယနံ့ငယ်လေး၊ လွှမ်း ... ပျံ့လို့လှိုင်။ ။*

ဤသီချင်းကို ဆိုရင်း လက်တစ်ဖက်က ဆွဲခြင်းကလေး ကိုင်၍ အခြား လက်တစ်ဖက်က စံပယ်ပွင့်နှင့် နှင်းဆီပွင့်များကို တစ်ပွင့်ပြီး တစ်ပွင့် ခူးဆွတ်နေစဉ်၊ အသက် ၃၅ နှစ်ခန့်ရှိ မိန်းမတစ်ယောက်သည် ခေါင်း ပေါ်တွင် စားဖွယ်သောက်ရန် ဟင်းလျာ သားငါးဖြင့် ပြည့်သော ကြေး လင်ပန်းကို ရွက်တင်ကာ ဝင်းပေါက်ဝမှ ခပ်မြန်မြန် ဝင်လာပြီးလျှင် ပန်း ခူးနေသော မိန်းမပျိုကလေး၏ အနီးတွင် ရပ်၍ ခေါင်းပေါ်မှ လင်ပန်းကို ထိုင်ခုံတစ်ခုပေါ်တွင် ချလျက် ဒေါသထွက်သော အမူအရာဖြင့် ထဘီကို ခပ်တိုတို ပြင်၍ ဝတ်ပြီးလျှင် လက်ရုံး လက်မောင်းတန်းကာ မိမိ ဝင်လာ ခဲ့သော ဝင်းပေါက်ဝဆီကိုလည်း လှည့်ကာ လှည့်ကာ ကြည့်၍ ပြောသည် မှာ။ ။ လားလားလေ ဒီလိုဟာ မခံချင်ပါဘူး။ ကိုယ့် ထိလိုဖြင့် တစ်ထွာ တစ်မိုက် ပြသွားပါစေ ခံနိုင်ပါရဲ့၊ ဖြူ့သတ္တိက ... ဟု အံကြိတ်လျက် ရှိနေရာ၊ ပန်းခူးနေသော မိန်းမပျိုကလည်း ငေး၍ အံ့အားသင့်ကာ တအောင့် လောက် ကြည့်၍နေပြီးမှ။ ။ ဒေါ်ဖြူ ဘယ်သူနှင့် ရန်ဖြစ်လာသလဲ၊ ဒေါ်ဖြူကို ဘယ်သူက ဘယ့်နှယ် လုပ်လိုက်လို့လဲဟု မေးရာ၊ ဒေါ်ဖြူ ဆိုသူက။ ။ ဘယ်သူကမှ ဘာမှမလုပ်ပါဘူး၊ ဖြူ့ကိုလုပ်ရင် ခံနိုင်ပါရဲ့၊ တစ်ထွာ တစ်မိုက် ပြသွားပါစေ၊ အခုတော့ လားလားလေ ... ဟင်း။

မိန်းကလေး။ ။ အို အခုတော့ ဘာဖြစ်လာသလဲ ပြောစမ်းပါအုံး၊ တစ်ထွာ တစ်မိုက် စကားတော့ မထည့်ပါနှင့်တော့၊ ဘာဖြစ်တယ် ဆိုတာ ပြောပါ။

ဖြူ။ ။ ဘာမှတော့ မဖြစ်ပါဘူး။ မြမြကို ပြောတာကို မခံချင်လို့ ပါ။ ကိုယ့်ထိလို့ဖြင့် တစ်ထွာ ... အေးလေ ယောင်လို့၊ ပြောတဲ့လူ မတွေ့ စမ်းပါပဲ၊ ပါးကြီး မတီးရလား။

မြ။ ။ အမယ်လေး အစွမ်းကောင်းနေလိုက်တာ၊ မြကို ဘယ်သူက ဘာပြောလို့လဲရှင့်၊ တကတဲ သူ့ဒေါသချည်းပဲ။ အကျိုးအကြောင်းတော့ ပြောမပြဘူး။

ဖြူ။ ။ မြို့သူကြီး အိမ်နားမှာ လူတွေ ပြောတာ ကြားခဲ့လို့တော့။

မြ။ ။ ဘာကြားခဲ့သလဲရှင့်။

ဖြူ။ ။ မြကို ကောက်တယ် ကောက်တယ် ကြားခဲ့လို့တော့။

မြ။ ။ ဒေါ်ဖြူ့ စကားကလဲ အရင်းမရှိ၊ အဖျားမရှိ။ ဘာ ကောက်တယ် တဲ့လဲရှင့်။

ဖြူ။ ။ ဘာကောက်တယ်လို့ သိနိုင်မလဲ။ မကောက်ဘဲနဲ့ ကောက်တယ် ဖြစ်မစိုးလို့ စိတ်လဲ မကောက်ဘူး၊ လူလဲ မကောက်ဘဲနဲ့ သူတို့ မျက်စိမို့ ကောက်ချင်ပလေတော်။

မြ။ ။ ဘယ်သူက ကောက်တယ် ဆိုသလဲရှင့်။

ဖြူ။ ။ မင်းသားကတဲ့တော့၊ မင်းသားကတဲ့။ ဘယ်က မင်းသား မှန်းလဲ မသိပါဘူး။ မိုးတွင်းကြီး ဘယ်ကမှ ဇာတ် ရုပ်သေးလဲ မလာ ပါဘူး။

မြ။ ။ သေသေချာချာ သိရအောင် အကျိုးအကြောင်း ခြေခြေ မြစ်မြစ် မေးခဲ့ပါတော့လားရှင့်။

ဖြူ။ ။ အို–ခက်မှ ခက်ရပလေ၊ သူတို့လူတွေထဲ အလကား မေးဝံ့ ပါ့မလား။ မတော် ရိုက်ထားရင် ဘယ့်နှယ်လုပ်မလဲ။

မြ။ ။ အလို–ကြောက်တော့လဲ ချက်ချင်းပဲကိုး။ ခုတင်ကတော့ တစ်ထွာတစ်မိုက် သတ္တိတွေ ပြလိုက်တာ။ နို့ နေပါအုံး၊ နံနက်က ရွှေလှေ ရွှေလောင်းတွေနှင့် ဆန်တက်လာကြတာတွေ၊ ဘာမင်းတွေလဲလို့ မသိ ခဲ့ဘူးလားရှင့်။

ဖြူ။ ။ အို–ဒါတွေကို ဒေါ်ဖြူက အရေးမစိုက်ခဲ့ပါဘူး။ ထမင်း ချက်စရာ ရှိတာကြောင့် ကပျာကယာနဲ့ ဈေးဝယ်ပြီး ပြန်လာခဲ့တာပါ။ ဟိုစကား ကြားရပြန်တော့ လားလား မခံချင်လိုက်တာ၊ မြ ထိလို့ မခံချင် တာပါ။ ကိုယ့်ထိလိုဖြင့် ... (ဟော လုပ်ပြန်တော့မယ်) ရှိပါစေတော့လေ– ဆို၍ ဝင်းပေါက်ဝဆီသို့ လှည့်ကြည့်ပြီး။ ။ ဟောတော့ လာကုန်ပါပြီ။ လာလာ အိမ်ပေါ်တက်မယ် ဆို၍ ဈေးဝယ်လင်ပန်းကို ကပျာကယာ ရွက် တင်ပြီးလျှင် မြမြ၏လက်ကိုဆွဲကာ မီးဖိုဆောင် လှေကားမှ အိမ်ပေါ်သို့ တက်သွားလေ၏။

# အခန်း (၃)

ဝင်းပေါက်ဝမှ နောက်ပါ အခြံအရံ များစွာတို့နှင့် ထီး ဖလား အဆောင် အယောင်များ ကိုင်ဆောင် ပါရှိသော အရာရှိကြီး ၄-၅ ဦး တို့သည် ဝင် ရောက်လာကြသောအခါ မင်းပျံချီသည် အိမ်ပေါ်က အုံ့အားသင့်စွာနှင့် ခေတ္တ စိုက်ငေး ကြည့်ရှုပြီးနောက် ကပျာကယာ အိမ်ဦးဆောင် တန်းလျား တွင် ကော်ဇော ကမ္ဗလာ၊ ဖုံ မှီအုံး စသည်များကို အစေခံတို့ဖြင့် ခင်းကျင်း လျက် အိမ်ပေါ်သို့ တက်ကြွတော်မူကြပါဟု ဖိတ်ကြား ပင့်ခေါ်သောအခါ အရာရှိကြီးများသည် အိမ်ပေါ်သို့ တက်ရောက်၊ ခင်းကျင်းထားအပ်သော နေရာ၌ ထိုက်သည့်အားလျော်စွာ ထိုင်ကြလေသည်။ နောက်လိုက်နောက်ပါ အဆောင်ကိုင်တို့သည်လည်း အိမ်ပေါ်မှာ တချို့၊ အောက်မှာ တချို့ အသီး အသီး နေထိုင်ကြလေသည်။ ထိုအရာရှိကြီးများအနက် မြို့သူကြီး ဖြစ် သူက မထိုင်မီ မင်းပျံချီ၏ အနီးသို့ ချဉ်းကပ်၍ တီးတိုးစကား ပြောကြား လေသည်။

ထို့နောက် တစ်ယောက်သော အရာရှိကြီးက ခံမင်း မာတော်မူပါစ ဟု နှုတ်ခွန်းဆက်သောအခါ။ ။ မင်းပျံချီက။ ။ အရှင်ဝန်မင်းများ ပို့သ တော်မူသော မေတ္တာကြောင့် ကျန်းမာကြောင်းပါ။ ဝန်မင်းဘုရားများ၏ ကျန်းမာစွာနှင့် ကြွလာတော်မူကြသည်ကို ဖူးတွေ့ရသည့်အတွက်လဲ အလွန် ဝမ်းမြောက်လှပါကြောင်းပါ ဘုရား။

(ဤအခါ အိမ်ပေါ်တွင် မင်းပျံချီ၏ မယားများအနက် မယ်အိ တစ် ယောက်တည်း ရှိသည်။ အခြား မယားများနှင့် သားသမီးများသည် မရှိ ကြ ဖြစ်သည်။ အခြား အိမ်နီးချင်းနေ ယောကျာ်း မိန်းမတို့နှင့် အစေခံ

တချို့တို့သည် ရှိသေစွာထိုင်လျက် ရှိနေကြသည်။ သမီး မမြကြပ်နှင့် အစေခံ တချို့မှာမူ အိမ်ခန်းတွင်းမှာ ရှိနေကြသည်။)

အတွင်းဝန်။ ။ ခုံမင်းတို့ ကျန်းကျန်းမာမာ တွေ့မြင်ရတာ ဝမ်းမြောက်လှပါပြီ။ ခုံမင်း၏ မြင့်မြတ်သော သတင်းလဲ မြို့တော်ကပင် ကျော်ကြား၍ တွေ့ချင်နေတုန်း၊ ကိစ္စအလျောက် လာရောက်ရာ အခန့်သင့်ပင် တွေ့ရပေတာ အရာရာပင် ပြီးစီး ပြည့်စုံရမည့် နိမိတ် မင်္ဂလာကောင်းကြီး ဖြစ်ပါပေသဗျာ။

အိမ်တော်ဝန် နေမျိုးဇန္ဒကျော်။ ။ ဟုတ်ပါပေတယ်။ ယခုကဲ့သို့ အခန့်သင့် တွေ့ရကြုံရတဲ့အပြင် အလွန် နှလုံးပျော်မွေ့ဖွယ် တင့်တယ် သာယာလှသောဝင်းခြံအတွင်းသို့ ဝင်နင်းမိကတည်းက သည်ဝင်းခြံ၏ အေးမြ ကြည်လင်တဲ့ ဓာတ်ခိုး ဓာတ်ငွေ့နှင့် ထိတွေ့ ကြုံကြိုက်ရသဖြင့် အလွန်ပင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ အေးမြ ရှိတဲ့ အကြောင်းကလဲ နိမိတ်ကောင်း တစ်ခုပါပဲ ဝန်မင်း။

စာရေးတော်ကြီး သီဟကျော်ထင်နော်ရထာ။ ။ အိမ်တော်ဝန်မင်း အမိန့်ရှိတဲ့အတိုင်း ဥယျာဉ် ပန်းမန်ကြီး တင့်တယ်သာယာပုံကဖြင့် ချီးမွမ်းလို့ မကုန်နိုင်အောင် ရှိပါပေတယ်။ သီးမျိုးပွင့်မျိုး စုံစုံလင်လင်နှင့် ပျော်ရွှင်ဖွယ် ကောင်းတာက စိတ်ပူပန် ဆင်းရဲတဲ့သူများ ဤခြံကို ဝင်ရောက်မိလျှင် စိတ်ပူစိတ်နောက် ပြေပျောက် ငြိမ်းအေးစရာ ရှိလောက်ပါပေတယ် ဝန်မင်း။

မြို့သူကြီး။ ။ ခုံမင်းကြီးကတော့ ဘုရား၊ သူများနှင့် မတူပါ။ ဉာဏ်ဝီရိယနှင့် အင်မတန် ပြည့်စုံပါတယ်။ သည်လို ဉာဏ်ဝီရိယနှင့် ပြည့်စုံသူများ ဖန်တီးလိုက်မှဖြင့် ဘယ်အရာမဆို ချီးမွမ်းဖွယ်ချည်းပါ ဘုရား။

မင်းပျံ့ချီ။ ။ ကျွန်တော်များလဲ တွေ့ခဲကြုံခဲ တွေ့ရ ကြုံရတာ အလွန်ပင် ဝမ်းသာလှပါသည်။ ဤကဲ့သို့ ကြွရောက်တော် မူကြပါမည့် အကြောင်းကို တင်ကူး၍ မသိရသည့်အတွက် ဝတ္တရား ကျေသင့်သလောက် မကျေရတာကိုသာ မင်းများ အခွင့်လွှတ်တော် မူစေချင်ကြောင်းပါ ဘုရား။

အတွင်းဝန် နေမျိုးသီဟစည်သူ။ ။ ဟုတ်ပါပေတယ်၊ ဟုတ်ပါပေတယ်။ ကျွန်ုပ်တို့က သည်တစ်ချက် လိုသွားသဗျ။ အခွင့်လွှတ်ပါရဲ့၊ လွှတ်ပါရဲ့။ ဝတ္တရားလဲ သည့်ထက်တိုးပြီး ကျေဖို့မလိုပါဘူး။ သို့သော်လဲ

ဘုရားညီတော် အိမ်ရှေ့လျာ သာယာဝတီ ကိုယ်တော်ကြီးဘုရား အမိန့်တော်မြတ်နှင့် လာရလို့ ပဋိသန္ဓာရစကား ကြာကြာ ပြောကြားလိုပေတဲ့ မပြောကြားသာပေဘူး ဟုတ်လား မြို့သူကြီးရဲ့။ လာရင်းကိစ္စက ရှိသေးသကိုးဗျ။

မြို့သူကြီး။ ။ မှန်လှပါတယ်။ အရှင့် ကိစ္စတော်ကြီး ပြီးပြေမှသာ အေးအေးလူလူ ပြောကြဆိုကြဖို့ပေပဲ။ လာရင်းကိစ္စကိုသာ မိန့်တော်မူပါတော့ ဘုရား။

အတွင်းဝန် သီဟ။ ။ ခုံမင်းကြီးကို တစ်ခု မေးပါရစေ၊ (မေးတော်မူပါ ဘုရား) ခုံမင်းကြီးမှာ မွေးပေါက်ဖော် ဘယ်နှယောက် ရှိပါသလဲ။ (ကျွန်တော်မျိုးနှင့် ညီအရင်း မောင်မှူး ဆိုသူ တစ်ယောက်၊ သည်ညီအစ်ကို ၂ ယောက်သာ ရှိပါသည်။ ညီ မောင်မှူးလဲ ဇာတိ ဖြစ်သော ရေကင်းမြို့မှာ နေထိုင်ကြောင်းပါ ဘုရား)

ဩော် ညီအစ်ကို ၂ ခု၊ ချိုး၃ ပမာဏ၊ ၂ ယောက်သာ ရှိသကိုး။ ဇာတိကတော့ ရေကင်းမြို့ပေကိုး။ နို့ သားသမီးများကော ခုံမင်းမှာ ဘယ့်ကလောက်များ ထွန်းကားပါသလဲဗျာ။

မင်းပျံချီ။ ။ ကျွန်တော်များမှာ သမီး ၂ ယောက်၊ သား တစ်ယောက်၊ ပေါင်း သုံးယောက်သာ ယခု ရှိပါသည် ဘုရား။

ဝန်။ ။ သည်သားသမီးများသည် အမိ တစ်ဦးတည်းက ပေါက်ဖွားတာပေလား။

မင်းပျံချီ။ ။ မဟုတ်ပေါင်ပါ။ အမိ တစ်ဦးစီ ဖြစ်ကြပါသည် ဘုရား။

ဝန်။ ။ ဩော် အတော် အလာသားပေပဲကိုဗျ။ သို့ ယခု အိမ်မှာ ရှိကြရဲ့ မဟုတ်လား။

မင်းပျံချီ။ ။ သမီး တစ်ယောက်နှင့် သား တစ်ယောက်ကတော့ သူတို့အမိများပါ ရေကင်းမြို့သို့ သွားနေဆဲပါ။ ယခု သမီးတစ်ယောက်တည်းသာ အိမ်မှာ ရှိပါကြောင်းပါ ဘုရား။

ဝန်။ ။ ယခု အိမ်မှာရှိတဲ့ သမီးကတော့–သူ့နာမည်နှင့် သူ့အမိနာမည်ကို ဘယ်လို ခေါ်ပါသလဲဗျာ။

မင်းပျံချီ။ ။ သူ့အမိ နာမည်ကတော့ "မအိ" ပါတဲ့။ သူ့နာမည်ကတော့ "မမြကြုပ်" ကယ်လို့ ခေါ်ပါကြောင်းပါ ဘုရား။

ဤအခါ ဝန်မင်းများနှင့် မြို့သူကြီးသည် တီးတိုးစကား ပြောကြား ကြပြီးနောက်၊ မြို့သူကြီးက။ ။ ကဲ–ခုံမင်းကြီးရဲ့၊ ဝန်မင်းများက မိတ်ဆွေ အရင်းအချာ အောက်မေ့ပြီး ခုံမင်းကြီး၏ သားသမီးများကို ကြည့်ရှုတော် မူလိုကြတယ်။ ဒါကြောင့်မို့ သမီးမမြကြုပ်ကို ခေါ်လိုက်စမ်းပါအုံးဗျာ။

မင်းပျံချီက။ ။ မယ်အိ ရှိရာဘက်သို့ လှည့်၍ မျက်ရိပ်ပြသော အခါ၊ မယ်အိသည် အိမ်ခန်းတွင်းသို့ ဝင်သွား၍။ ။ သမီးရေ၊ ဝန်မင်း ဘုရားများက သမီးကို ကြည့်ရှုချင်တယ်တဲ့။ ကောင်းမွန်လှပစွာ ဝတ်စား ဆင်ယင်ပြီး အပြင်ခဏ ထွက်စမ်းပါ သမီးရယ်။

မြ။ ။ နေရာမရှာစမ်းပါနဲ့ မေမေရယ်။ မြ ဘာသာ မြ နေပါရစေ။ လူတွေကို မပြပါရစေနဲ့။ ရှက်ဖို့ ကောင်းလှပါတယ်။

အမိ။ ။ မေမေတို့က နေရာရှာတာ မဟုတ်ပါဘူး သမီးရဲ့။ သူတို့က ကြည့်ချင်တယ် ဆိုတော့ ကိုယ့်အထက်က လူမို့ ခုခံရမှာ မတော်လှလို့ပါ။ ကဲ အဝတ်အစားများ လဲလှယ်ပါတော့။ ရှက်စရာ မဟုတ်ပါဘူး သမီးရဲ့။

မြ။ ။ မေမေတို့က လူကြီးမို့ မရှက်ပေတဲ့ မြတို့ အပျိုအရွယ်ကတော့ ရှက်တယ် မေမေရဲ့။ အဝတ်အစား လဲနေဖို့ မဟုတ်ပါဘူး။ ခုလို အနေ နှင့်ပဲ ရှိပါစေတော့။ မေမေ ရှေ့က ထွက်နှင့်ပါ ဆို၍၊ သားအမိ ၂ ယောက် ပြင်သို့ ထွက်ပြီးလျှင် ဝန်မင်းများနှင့် မနီးမဝေးမှာ ထိုင်နေကြလေ၏။ မမြကြုပ်မှာ အမိ မယ်အိ၏ နောက်ပါးဆီက ကပ်လျက် ကျုံ့ကျုံ့ထိုင်၍ လက်တစ်ဖက် ထောက်ပြီးလျှင် ခေါင်းကို ခပ်ငုံ့ငုံ့ထား၍ နေသည်။

ဝန်မင်းများလည်း အတော်ကြာ ကြည့်ရှု၍ နေကြပြီးမှ အတွင်းဝန် နေမျိုးသီဟစည်သူက အိမ်တော်ဝန် နေမျိုးဗန္ဓုကျော်ဘက်သို့ လှည့်၍ ပြောသည်မှာ။ ။ ကျော်လဲ ကျော်လောက်ပေတယ် ဝန်မင်း။ ဒီအသက် အရွယ်သို့တိုင် ရောက်လာပါပြီ။ ယခုလောက် ယဉ်ကျေးလှပသူကို အမှတ် မထားမိခဲ့သေးပါဘူး။ ကျွန်ုပ် မျက်စိမှာဖြင့် အပြစ်ဆိုဖွယ် မရှိဘူး ထင် တာပဲ။ ဝန်မင်းများ သဘော ဘယ်လို ရကြပါသလဲ။

ဗန္ဓုကျော်။ ။ ဝန်မင်းတို့ ကျွန်ုပ်တို့ အိမ်ရှေ့ ဝင်းပေါက်မှ ဝင်လာ စဉ်က ပန်းခြံတွင်းမှ အိမ်ပေါ် တက်သွားသည်ကို မြင်လိုက်တုန်းကပင် အပြစ်ခြောက်ပါး ကင်းစင်ကြောင်းကို ကျွန်ုပ် သိပါသည်။ အထူး ပြောဖွယ် မလိုပါဘူး၊ ဟုတ်ကဲ့လား စာရေးတော်ကြီးရဲ့။

စာရေးတော်ကြီး။ ။ မေးဖွယ်မရှိပါဘူး။ ဝန်မင်းတို့ ကျွန်ုပ်တို့ မျက်စိများဟာ တယ်လို့ ရိုင်းတာမှ မဟုတ်ဘဲကလား။ ထီးထဲ နန်းထဲမှာ ကျက်စားလာတဲ့ မျက်စိတွေပါ။ တစ်ဦး မျက်စိနှင့် တစ်ဦး မျက်စိ မထူးကြပါဘူး။ လိုရင်းကိုသာ စ တော်မူပါရှေ့။

သီဟစည်သူ။ ။ ခံမင်းကြီးမှာ ယခု မိန်းကလေး အပြင် သမီး တစ်ယောက်၊ သားတစ်ယောက် ရှိသေးတယ် မဟုတ်လား။ (ဟုတ်လှပါသည် ဘုရား) အင်း–အင်း–တော်ပေတယ်၊ တော်ပေတယ်။ ဟို ၂ ယောက်ကိုတော့ မမြင်ရပေဘူး။ မမြင်ရပေတဲ့ သည်သမီးလောက် မချောဘူးဆိုစေခါမူ သူများ ချောသလောက် လှသလောက်တော့ ချောကြ လှကြပေမပေါ့။ ရတနာဆို ဆိုစလောက် ဝမ်းမြောက်စရာ အားတက်စရာပါပေ။ ကဲ–ကဲ၊ မိန်းကလေး ညောင်းရှာတော့မယ်။ လူငယ် ဆိုတာ စိတ်လွတ်လပ်စွာ နေရမှ ချမ်းသာမှာပေ။ ကြွပေတော့၊ ကြွပေတော့။

(မမြကြုပ်လည်း ရိုသေ ယဉ်ကျေးသော အမူအရာဖြင့် ထ ၍ အခန်းတွင်းသို့ ဝင်သွားလေ၏။)

သီဟစည်သူ။ ။ ဟသ်ာတမြို့က အစီရင် ခံမင်းကြီး မင်းပျံချီ၏ သမီး မမြကြုပ် ချောတယ်၊ လှတယ် ဆိုတာ ကျွန်ုပ်တို့ ရွှေမြို့တော်ကတောင် ကျော်စော ထင်ရှားပေသဗျ။ မမြင်ဖူးမီက သာမညလောက်ပဲ အောက်မေ့မိတယ်။ ယခု ဒိဋ္ဌ ကိုယ်တွေ့ မြင်ရတော့ အကျော်အစောအပုံကြီး နည်းနေတယ်။ သည်မျှမက ၃–၄ ဆ ပို၍ ကျော်စောသင့်တယ်လို့ အံ့သြမိပေတယ် မြို့သူကြီးရဲ့။

မြို့သူကြီး။ ။ မှန်လှပါတယ်။ သည်မိန်းကလေးကလဲ မိမိအိမ်မှ တခြားသို့ အသွားအလာ အရောက်အပေါက် မရှိတော့ လူမြင်သူမြင် နည်းတာကြောင့် ချောသလောက် လှသလောက် မကျော်စောတာတော့ အမှန်ပါပဲ ဘုရား။

သီဟ။ ။ အင်း–အင်း၊ ဟုတ်စရာရှိရဲ့။ သားသမီးချော ဆိုဗျာ၊ မချောဘဲ ရှိပါ့မလား။ မိဘ ၂ ပါးကိုက အင်မတန် ချောပေတာပဲ။ ခံမင်းကြီးကို ကြည့်ရှုရတာ အင်မတန်မှ ကျက်သရေရှိသဗျ။ ပညာ ဆိုတာ ထားလိုက်ဦးတော့၊ လူရုပ်လူရည်၊ ရူပကာယ အင်္ဂါသမ္ပတ္တိ၊ ဥပမိကို ရှုကြည့်ရင်း စဉ်းစား အောက်မေ့မိတာက သည်ရုပ်အင်္ဂါ လက္ခဏာမျိုး၊ သည်

ဥပမိ သမ္ဘတ္တိမျိုးဟာ ဘုန်းတန်ခိုး အင်မတန် ရှိတတ်တာမျိုးပါကလား။ ယခုလောက် အခြေအနေ ရာထူး ဌာနန္တရမျိုးနှင့် ဘယ်နေအုံးမလဲ။ ရှေ့ကို အပုံကြီး တိုးတက် ကြီးပွားရန် ရှိပေတယ်။ ရှိတဲ့အတိုင်းလဲ တိုးတက် ကြီးပွားဖို့ ကြုံကြိုက်နေပါပြီကောဟု စဉ်းစားပြီး ကြည့်နေတာကိုဗျ။ သို့ တိုးတက်ကြီးပွားဖို့ ကြုံကြိုက်နေပြီ ဆိုတာက သည်လိုဗျ။ ပြောရတော့ မယ်။ သည်းလဲခံတော်မူပါ။ ဘုရားညီတော် အိမ်ရှေ့လျာ သာယာဝတီ မြို့စား ကိုယ်တော်ကြီးဘုရားက ခုံမင်းကြီး၏သမီး ချောကြောင်း လှ ကြောင်း ကြားသိတော်မူတာနဲ့ အလွန် မြတ်နိုးတော်မူတာကြောင့် အထူး သဖြင့် ချီးမြှောက်၍ ကောက်ယူတော်မူလိုသည့် အရေးကြောင့် ကျွန်ုပ်တို့ကို စေလွှတ်၍ လာရတာကလား။ ကျွန်ုပ်ကတော့ အိမ်တော် အတွင်းဝန် နေမျိုး သီဟစည်သူတဲ့။ ဟောဒီ မင်းကတော့ အိမ်တော်ဝန် နေမျိုးဇန္တုကျော်တဲ့။ ဟောဒီ မင်းကတော့ စာရေးတော်ကြီး သီဟကျော်ထင်နော်ရထာတဲ့။ ခနဖြူ မြို့ဝယ် စံပယ်တော်မူနေရာမှ ရွှေလှေ ရွှေလောင်း ၂ စင်း အပြင် အခြံအရံ လှေပေါင်း များစွာနှင့် သန်းခေါင်ကျော် အချိန်က ထွက်လာခဲ့ကြ။ နံနက်က သည်ရှေ့ ဆန်တက်လာတာကို မြင်ကောင်း မြင်ပေလိမ့်မယ်။ ကျွန်ုပ် သိတဲ့အတိုင်းမှာဖြင့် သည်လို ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် ကောက်ယူ တော် မူတာကို မတွေ့ခဲ့ရသေးပါဘူး။ ဘုရားရှင် သိပါစေရဲ့။ ခုံမင်းကြီး သိတဲ့အတိုင်း ဘိုးလောင်းတော် ဗဒုံမင်းတရားကြီး လက်ထက်တော်တွင် ခမည်းတော် အိမ်ရှေ့မင်းကြီး နတ်ပြည်စံလွန်တော်မူတဲ့နောက် နောင်ညီ ၂ ပါးသာ အရင်းအချာ ကျန်ရစ်တော်မူခဲ့တယ်။ ယခု ရွှေနန်းရှင် ဘုရင် ဒကာဇ် ဖြစ်တော်မူသော နောင်တော်မင်းတရားကြီး၏ အရိုက်အရာတော် ကို သည် ညီတော်မှတစ်ပါး ထိုက်တန်မည့်သူ ဘယ်ကလာ ရှိအုံးမလဲ။ အဲသည်တော့ ဘုန်းတန်ခိုးကြီးမည့် ခုံမင်းကြီး၏ ရုပ်ရည်မူလ ရူပနိကာယ် ကို ကျွန်ုပ်က အကဲခတ်လို့ ရတဲ့အတိုင်း မှန်နေတော့တာကလားဗျာ။ ခုံမင်းကြီး သဘောထားကိုသာ သိဖို့ လိုတော့တယ်။ အမိန့်တော်သာ ရှိပါတော့ဗျာ။

(ထိုအခါ မင်းပျံချီသည်လည်း ဦးခေါင်းကို ငုံ့၍ မတုန်မလှုပ် ဆိတ် ဆိတ် နေလေသည်။)

မြို့သူကြီး။ ။ ကဲဗျ–ဝန်မင်း မေးတဲ့ စကားကို ဘယ်လို သဘော ရတယ် ဆိုတာ မိန့်တော်မူပါ ခုံမင်းကြီး။

မင်းပုံချို။ ။ ကျွန်တော်မျိုး သဘောကို သည်မြို့သူကြီးမင်း အသိ ဖြစ်ပါတယ်။ ရပ်သူရွာသားများက အမှုအခင်းရယ်လို့ ရှိလာလျှင် စီရင် ပေးပါ၊ ဆုံးဖြတ်ပေးပါ ဆိုလာကြသဖြင့် မိမိ တတ်သမျှ မှတ်သမျှဖြင့် စီရင် ဆုံးဖြတ်ပေးတာနဲ့ ခုံအစီရင်ရယ်လို့ အခေါ်ခံနေရပါတယ်။ စိတ် ကတော့ သာယာလှတယ် မဟုတ်ပေါင်ပါ။ မင်းထဲ စိုးထဲမှာ မင်းမှုထမ်း အဖြစ် မင်းနှင့် ဆက်သွယ် ဆက်ဆံရတဲ့ အဖြစ်များ အလွန် ကြောက်ရွံ့ လှသူ ဖြစ်ပါတယ်။ ကုန်သည် ဆင်းရဲသားဘဝ အေးအေးလူလူ နေထိုင် ၍ လုပ်ကိုင် စားသောက်လိုပါတယ်။ အမိန့်တော်ရှိတဲ့အတိုင်း မင်းဆွေ စိုးမျိုးနှင့် စပ်ယှက် ဆက်သွယ်ရမည်ကို အလွန် ကြောက်ရွံ့ရင်းရှိသည် အတိုင်း မဝံ့ပါ၍ ချမ်းသာ ခွင့်လွှတ်တော်မူစေလိုပါကြောင်းပါ ဘုရား။

ဝန်မင်းလည်း ပြုံးရယ်၍။ ။ ခုံမင်းကြီးက ကြောက်စရာ မဟုတ် တာတွေ ကြောက်နေတာကို၊ ဟုတ်ပါရိုးလားဗျာ။ သည်အဖြစ်မျိုးကို သာမည လူစားများ အိပ်မက်တွင်မှ မမြင်ရပါဘူး။ ယခု ခုံမင်းကြီးမတော့ ရှေးဘုန်း ရှေးကံ နှီးဆော်လို့သာ သည်လို မြင့်မြတ် ကြီးကျယ်ဖို့ ကြုံလာတာပါ။ စိတ်နေစိတ်ထားက တယ်ပျော့တာကိုဗျ။ ဘာစိုးရိမ်ဖို့ ရှိသလဲ။ သူတကာမှာ တမင်တကာ သွား၍ ဆက်သရသေးသပေါ့။ ယခုမတော့ ဘုန်းကံအလျောက် ပေါ်ပေါက်လာတာပါ။ နှောင့်နှေးဖို့ မရှိပါဘူး ခုံမင်းကြီး။

အိမ်တော်ဝန်နှင့် စာရေးတော်ကြီးတို့ကလည်း များစွာ အားပေး တိုက်တွန်းကြလေသည်။

မြို့သူကြီး။ ။ အတွေးအတော သည့်လောက် မကြီးပါနှင့် ခုံမင်း ကြီးရယ်။ ယခုကဲ့သို့ မြတ်နိုး သဒ္ဒါတော်မူခြင်း ခံရတာမျိုး အင်မတန် ရှားပါတယ်။ မင်းတို့စကား မိုးကြိုးသွားတဲ့။ တောင်ထိပ် ကြာပေါက်၊ အနောက် နေထွက် ဆိုတဲ့ စကားမျိုးကို ခုံမင်းကြီးထက် တိုး၍ သိနားလည် သူ မရှိပါဘူး။ လောက ဓမ္မ ရာဇ အကြောင်း ကောင်းကောင်း သိကျွမ်း လိမ္မာတော်မူတဲ့ ခုံမင်းကြီးလိုလူကို အကျယ်တဝင့် ဖွင့်၍ ပြောပြရန် မလို တော့ပါ။ အခြားသူများကို ကောက်ယူတော်မူတာနှင့် နှိုင်းစာကြည့်ရှုတော် မူပါ။ ယမန်နေ့ကပင် ဓနဖြူသူ တစ်ယောက်ကို ကောက်ယူတော်မူတာ

သည့်လို မဟုတ်ပေါင်ပါ။ ယခု စေလွှတ်တော်မူ၍ လာရောက်ကြသော မင်းများနှင့် အဆောင်အယောင် အခမ်းအနားများကို စဉ်းစား ကြည့်ရှုတော်မူပါလျှင် အလွန် ဝမ်းမြောက် အားတက်စရာကြီးပါ ခံ့မင်းကြီးရယ်၊ အခွင့်ပြုဖို့ တော်လှပါပြီ။

မင်းပျံ့ချီသည် များစွာ သဘောမကျ ရှိနေသော်လည်း ငြင်းဆိုမိသည်ကိုပင် ကြက်သီးထမျှ ကြောက်ရွံ့ စိုးရိမ်လှသဖြင့် နေရာမှ ထသွားပြီးလျှင် မယား မယ်အိနှင့် တိုင်ပင် ဆွေးနွေး၍ ဝန်မင်းများထံ လာရောက် ပြောသည်မှာ။ ။ အရှင်မင်းသား၏ အမိန့်တော်ကိုတော့ လွန်ဆန်ဝံ့မည့်သူ မဟုတ်ပေါင်ပါ။ မိမိ၏ နှလုံးထား ရှိရင်းအကြောင်းကိုသာ မင်းများ သိတော်မူရန် လျှောက်ထား တောင်းပန်ခြင်း ပြုရပါသည်။ သို့သော် ဝန်မင်းများမှာတော့ အရှင့်သားနှင့် နီးနီးရင်းရင်း ရှိကြပါသဖြင့် အရှင့်သားပင် တိမ်းယိမ်းရှိက ထိန်းသိမ်းကြည့်ရှုနိုင်သော အရည်အချင်း ရှိတော်မူကြတဲ့အတိုင်း ကျွန်တော်များ၏ သမီးကလေးကိုလည်း အစစ အရာရာ မှားယွင်း မရှိရအောင် ထောက်ထောက်မမ စောင်မ ကြည့်ရှုကြမည်ကိုသာ အားကိုးပါရမည့် အကြောင်းပါ ဘုရား။

အတွင်းဝန်။ ။ ကောင်းပါပြီ၊ ကောင်းပါပြီ။ သည်အရာများကို အထူးပြောဖွယ် မရှိပါ။ ခံ့မင်းကြီးကို မြင်လျှင်မြင်ချင်း ဆွေမျိုးရင်းချာလို စိတ်က ထားပါတယ်။ သည်အတွက်တာကြောင့်ဖြင့် ဘာကိုမှ စိုးရိမ်ကြောင့်ကြ ရှိတော်မူပါနှင့်။ စိတ်ချတော်မူပါ။ ကျွန်ုပ်တို့တာဝန် ထားလိုက်ပါတော့။

(အိမ်တော်ဝန်နှင့် စာရေးတော်ကြီးတို့ကလည်း ထို့နည်းအတူ အသီးအသီး ဝန်ခံကြလေ၏ ။)

ထို့နောက် စကားစပ်လျှဉ်းရာ သင့်တင့် ညီညွတ်စွာ ဝမ်းမြောက်ဝမ်းသာ ပြောဟောကြပြီးကာလ။ ။ အတွင်းဝန်က။ ။ ကိုင်း–စကားပြောလို့လဲ ကောင်းပါရဲ့။ သို့သော်လဲ ဆောင်ရွက်ရန် ကိစ္စက ရှိပေသေးတယ်။ နေ့ကောင်းရက်သာ အခါကို တွက်ချက်၍ ကျွန်ုပ်တို့ လာခဲ့သည့်အတိုင်း သန်ဘက်ခါ နံနက်တွင် ရက်မြတ်မင်္ဂလာ အခါအချိန် ကောင်းလှသဖြင့် မင်္ဂလာအခမ်းအနား စီစဉ်ခင်းကျင်းပြီးလျှင် လှေတော်နှင့် ဆောင်ယူရန် စီမံရလိမ့်ဦးမည်။ သည်အိမ်ရှေ့တွင် ယနေ့ညနှင့် နက်ဖြန်ည ပွဲကပြရန်

မြို့သူကြီးမင်းက စိမ်ပေတော့။ ကျွန်ုပ်တို့လည်း မြို့သူကြီးအိမ်သို့ ခေတ္တပြန်လည်ပါရစေဦး။ ညအခါ ပွဲကြည့်လာမှပင် အေးအေးလူလူ စကားစမြည် ပြောဟောကြစို့ ဆို၍ အရာရှိကြီးများသည် မြို့သူကြီးအိမ်သို့ ပြန်သွားကြလေသည်။ မြို့သူကြီးလည်း ငယ်သားများနှင့် အရပ်သူ အရပ်သားများကို ဆင့်ဆို၍ ရုပ်သေးစင် ဆောက်လုပ်ပြီးလျှင် ရရှိသမျှ သဘင်သည်များကို ခေါ်၍ ပွဲ က ပြ စေသည်။

## အခန်း (၄)

ဝန်မင်းများ ပြန်သွားသည့်နောက် မင်းပျံချီနှင့် မယား မယ်အိသည် အကြောင်း အကျိုးနှင့် စပ်လျဉ်းသော စကားများကို တိုင်ပင် ပြောဆိုနေကြလေသည်။ မင်းပျံချီသည် ထိုကိစ္စများကို မနှစ်သက်လှ၍ မျက်နှာ အနေအထား မသာယာ မရွှင်ပျသော်လည်း မလွှဲမဖယ်နိုင်သည့် ကိစ္စဖြစ်၍ စိတ်ကို တင်းမာစွာ ထားပြီးလျှင်၊ သမီးဖြစ်သူကိုသာ အကျိုးအကြောင်း စုံလင်စွာ ပြောပြ ဖြားယောင်း သွေးဆောင်စေရန် အမိလုပ်သူ မယ်အိကို ခိုင်းစေရလေသည်။

မင်းပျံချီ၏ သဘောထားမှာမူကား ပညာရှိတို့မည်သည် အရေး မကြုံမတွေ့မီကသာ စိုးရိမ်ရန် အကြောင်းဖြစ်လျှင် စိုးရိမ်ရမည်။ သို့ စိုးရိမ် သည့်အတိုင်း ထိုအရေးနှင့် မတွေ့မကြုံရအောင် တိမ်းရှောင်လွှဲဖယ်သာ လျှင် တိမ်းရှောင်လွှဲဖယ်ရန် ကြံစည် အားထုတ်ရမည်။ အကယ်၍ အရေး တစ်စုံ တွေ့ကြုံ တိုက်ဆိုင်လာခဲ့မူ စိုးရိမ်သောကကို ပယ်ဖျောက်၍ လွတ် မြောက်အောင် ကြံနိုင်လျှင် ကြံရမည်။ ကြံစည်သော်လည်း လွတ်မြောက် နိုင်ပုံ မမြင်က စိတ်ကို တုံးတုံးချပြီးလျှင် အညှံ့ခံရတော့သကဲ့သို့ ယခုအရေး မှာလည်း လွန်ဆန် ငြင်းပယ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် အလိုတော် အတိုင်း ချောမောစွာ လိုက်ပါတော့မည် ဟူ၍ စိတ်ကို ဆုံးဖြတ် ပြဋ္ဌာန်း ရှာလေသည်။

မယ်အိ မူကား မိမိသည် မွန် မင်းမျိုးအနွယ်၊ မဟာဆိမဟာသွေး ပါရှိသည့်အလျောက် မိမိသမီးသည် ဤကဲ့သို့ မင်းသား၏ ကြင်ရာတော် အဖြစ်သို့ ရောက်မည်ကို ဝမ်းမြောက်ဝမ်းသာ များစွာ သဘောကျသည့် လက္ခဏာ ရှိလေသည်။

ည ထမင်းစားသောက်ပြီးသည်ကာလ၊ မမြကြုပ်၏ အခန်းတွင်း သို့ ပြုံးချိုသော မျက်နှာဖြင့် ဝင်ကာ သမီးရှေ့တွင် ထိုင်နေလေသည်။

မမြကြုပ်။ ။ မေမေ့ မျက်နှာက မှိုရတဲ့ မျက်နှာလို တပြုံးပြုံးနှင့် ဘာများ ဝမ်းသာအားရ ရှိနေရပါလိမ့်မတုံး။

အိ။ ။ ဝမ်းမသာဘဲ ရှိပ့ါမလား သမီးရဲ့။ သမီး ကောင်းစားတာ မြင်ရတော့မှာကိုး။ ဒီတော့ ဝမ်းသာရတာပေါ့ သမီးရဲ့။

မြ။ ။ ဘယ်သမီး ကောင်းစားမှာလဲ၊ ဘာတိုးလို့ ကောင်းစား အုံးမှာလဲ။ အခုတော့ မကောင်းစားလို့ ဘာဖြစ်နေသလဲ မေမေရဲ့။

အိ။ ။ ခုထက် တိုးကောင်းစားလို့ ကောင်းစားမယ် ပြောတာပေါ့။ သမီး မသိသေးဘူးလား၊ ဝန်မင်းများ လာကြတဲ့ ကိစ္စဟာလေ။ ကြားချင် သေးလျှင် ထပ်ပြောပြမယ်။ သာယာဝတီ မြို့စား မင်းသားကြီးဘုရားက ... (စကားမဆုံးမီ) ...

မြ။ ။ တော်ပါတော့ မေမေ၊ မြ မကြားချင်ပါဘူး၊ သိပါပြီ။ အားရဝမ်းသာစရာ မဟုတ်တာကို မေမေက ဝမ်းသာနေလို့ မေးရပါတယ်။

အိ။ ။ ဘယ့်နှယ်ကြောင့် ဝမ်းသာစရာ မဟုတ်ရသလဲ သမီးရယ်။ သည်လို အဖြစ်မျိုးဟာ အင်မတန် ဖြစ်ခဲ ကြုံခဲတာကလား။ သူတစ်ပါး မှာ သည်လို အခြေအနေမျိုး ရောက်ချင်ပါတယ် ဆိုပေတဲ့ ရောက်ဖို့ဟာ မပြောနဲ့တော့၊ အိပ်မက်တောင် မြင်မက်ရမှာ မဟုတ်ပါဘူး။ သမီးမတော့ ရှေးဘုန်းရှေးကံ အကြောင်းက ဖန်လာတာကလား။ အလောင်း မှန်လို့ ရထား ဆိုက်ရတာ၊ တစောင်းညဏ်နဲ့ အမှားမလိုက်ပါနှင့်။ ပတ္တမြားနဲ့ ထိုက်လို့ ကောက်ရတာကို ကြောက်ရမှာ မှတ်လို့ လွှင့်ပစ်သလို ရှိတော့ မပေါ့ သမီးရဲ့။

မြ။ ။ မေမေကတော့ သည့်အဖြစ်မျိုးကို တယ်ပြီး နှစ်သက် သာယာတာကိုရှင့်။ မြတို့ စိတ်ထဲမှာတော့ ငရဲ သွားရမလောက် ကြောက် နေပါတယ်။ မကြောက်ဘဲ ရှိပ့ါမလား။ မင်း ဆိုတာမျိုးဟာ မီးနှင့် အတူတူ ပဲရှင့်။ "မီးကို တူရှု၊ နေပူ နောက်ထား၊ မင်းစေား" တဲ့။ "နရာဓိပ္ပ၊ နရစံတည်၊ မင်းမည်သည်ကား၊ အရည်မဟန်၊ ပြင်းထန်အမျက်၊ ထွက်သည်ရှိသော်၊ မျက်စိမှိုက်ဝင်၊ မီးသွင်ပြုန်းတီး၊ ပျက်စီးတတ်ချေ၊ သို့ဖြစ်လေ၍" လို့ ပညာ ရှိကြီးများ စပ်ဆိုထားပါတယ်။ နေပါဦး၊ မြ ပြောတာကို စေ့စေ့ နားထောင် ပါဦး၊ နောက်မှ မေမေ ပြောချင်သလို ပြောပါတော့။ မင်း ဆိုတာ ငယ် တယ် ကြီးတယ် မရွေး ကြောက်ရတာကို ပြောမလို့ပါ။ "နရသနင်း၊ မင်းနှင့်

ရဟာန်း၊ ထွေဆန်းတသီး၊ မြွေနှင့်မီးကို၊ မကြီးငယ်ဟု၊ နှလုံးပြု၍၊ ဂရုမထင်၊ မဆန့်ကျင်နှင့်၊ မမြင်ရန်မိတ်၊ မင်းတို့စိတ်ကား၊ ငင်ချိတ်မထား၊ ဆံတဖျား မျှ၊ မမှားသာပေ၊ မှားရောက်ချေသော်၊ ကပ်လေမှုပြစ်၊ ဖွဲ့ပြာဖြစ်မျှ၊ ပြစ် ရာဇဝတ်၊ ပေးဘို့တတ်၏ " တဲ့။ သူတို့နဲ့ ဆန့်ကျင်တယ်ထင်မှဖြင့် ရန်သူ ရယ်၊ မိတ်ဆွေရယ်လို့ မရွေးချယ်ဘူး၊ မမြင်တတ်ဘူး။ မြွေဟောက်ကို ထိမိသည့်အခါ တစ်ချက်တည်းပေါက်လိုက်သလို အသက်ရှိဘာယ် မအောက်မေ့ ဘဲ ပြုတတ်ပါတယ်။ နဂါးမျက်စောင်း အကြောင်းသုံးပါး ရွေးသေးသတဲ့။ မင်းတို့မျက်စောင်း အကြောင်းမရွေးဘူး။ မင်းတို့အားမှာ မယားတစ်ရာ သားတစ်ဖြာတဲ့။ အဲဒီ စကားအလာတွေကို ထောက်စာလိုက်တော့ ကြောက် စရာ အလုပ်ကြီးပါ မေမေ။ နှစ်သက်ဝမ်းသာ မရှိပါနဲ့။ သည့်ပြင် မေမေ ပြောတဲ့ အလောင်းမှန်လို့ ရထားဆိုက် ဆိုတာလဲ အကောင်းဖန်ချင်လို့ ဆိုက်တာလား၊ မကောင်းရန်နှင့် တွေ့မှာမို့ ဆိုက်တာလား မသိရပါဘူး။ ကြည့်ပါလား၊ အခု ရွှေဘို မင်းဆက်ထဲမှာပင် ဖောင်းကားစားမောင်မောင် ဆိုသူမှာ ၇ ရက်မျှ မင်းဖြစ်ရတာဟာ ကောင်းချင်လို့ ဖြစ်တာလား၊ ဆိုးချင် လို့ ဖြစ်တာလား ဆိုတာ စဉ်းစားကြည့်စမ်းပါ။ သူ မင်းဖြစ်ရတဲ့အတွက် ဟာ အသက် မြန်မြန်သေဖို့ ဖြစ်ရတာ မဟုတ်လားရှင့်။ ပတ္တမြားနှင့် ထိုက်လို့ ကောက်ရတာ ဆိုတဲ့ မေမေ့ စကားမှာလဲ စဉ်းစားကြည့်ဖို့ မြ ပြောပါမယ်။ ပတ္တမြားကို တွေ့လို့ ကောက်ရပြီ ဆိုပါတော့။ ထိုက်လို့ တွေ့တယ်၊ မထိုက်ဘဲနဲ့ ဘေးရောက်ချင်လို့ တွေ့တယ် ဆိုတာ ဘယ်သူ သိနိုင်ပါ့မလဲ။ မင်းဘဏ္ဍာသော် လည်းကောင်း၊ ခိုးရာပါပစ္စည်း သော် လည်းကောင်း ဖြစ်ခဲ့ပါလျှင် ဒုက္ခကောင်းကောင်းကြီး ရောက်မယ် မဟုတ် ပါလား။ သည်တော့ ကြောက်လို့ လွှတ်ပစ်တာက မကောင်းပေဘူးလား ရှင်။ အဲဒီလို လွှင့်မပစ်ဘဲ ကောက်ယူသုံးစားမယ် ဆိုတော့ ပစ္စည်း သန့် လျှင် တော်ပါရဲ့၊ ပစ္စည်းမသန့်ရင် အင်မတန် အန္တရာက် ရောက်သလို အမှန်တကယ် ကြောက်ရတဲ့ ရာဇတောဝါ အဖြစ်ကို ကာမဘောဂါ ယစ်ပြီး မနှစ်သက်ချင်ပါနဲ့ မေမေရယ်။

အိ။ ။ သမီး ပြောတိုင်းလဲ မဟုတ်ပါဘူးကွယ်။ သည်လိုသာ ဟုတ်ရင်ဖြင့် လောကမှာ မင်းရယ်၊ မင်းခစားရယ် ဆိုတာ ဘယ်မှာ ရှိတော့ မှာလဲ။ မင်း ဆိုပေတဲ့လဲ မင်းကျင့်တရား ဆယ်ပါး၊ ရာဇဂုဏ် ရှစ်ပါး၊

အပရိဟာနိယတရား ခုနစ်ပါး၊ သင်္ဂဟတရား ၄ ပါး စသည်တို့နှင့် မချွတ်မယွင်း၊ ဖြောင့်စင်း ညီညွတ်စွာ မင်းလုပ်ရတာပါ။ သဘောရှိတိုင်း ပြုကျင့်ရတာ မဟုတ်ပါဘူး။ မင်းနှင့်စပ်သွယ်ရတဲ့ အလုပ်မှာလဲ– "ကောင်းထွေမြတ်လေး၊ အရှင်မွေးက၊ နှိုင်းသွေးမသီး၊ နေ့ချင်းကြီး" သတဲ့။ ရွှေပင်မှာနား ရွှေကျေး၊ ငွေပင်မှာနား ငွေကျေး၊ မင်းမွေးတော့ မင်းသားပဲ။ မင်းမိဖုရား၊ မင်းသား မင်းသမီး ဖြစ်ရ ဆိုတာ သာမည ကုသိုလ်နှင့် ဖြစ်ရတာ မဟုတ်ဘူး။ အင်မတန် ကြီးမြတ်တဲ့ ကုသိုလ်နှင့် ဖြစ်ရတာပါ။ သမီးပြောတဲ့ ရာဇတောဝါကြောင့် ဒုက္ခဖြစ်ရအင်ကို ရာဇဝင်မှာ လျှောက် မွှေကြည့်ရင်ဖြင့် တစ်ယောက်တလေ ရှိမယ် ဆိုတာ မေမေက မငြင်းပါဘူး။ ဆင်းရဲသား ကုန်သည် အဖြစ်မှာလဲ သည်လိုတော့ ရှိကြတာပါ။ သမီးစိတ်ကူးမလွဲပါနဲ့၊ ကံကောင်းလို့ ဖြစ်ရတယ် ဆိုတာသာ အောက်မေ့ပါသမီးရယ်။

မြ။ ။ မြ ပြောတာ ငြင်းဆန်ချင်လို့ ပြောတာ မဟုတ်ပါဘူး။ ငြင်းလဲ မငြင်းဆန်ဝံ့ပါဘူး။ အကြောင်းရှိသလောက်သာ ပြောတာပါ။ မေမေ ပြောတဲ့ မင်းကျင့်တရား ဆယ်ပါး၊ ရာဇဂုဏ် ရှစ်ပါး စသည်တို့နှင့် ညီညွတ်စွာ ကျင့်တဲ့ မင်းများသာ ဖြစ်လျှင် မြက အတင်း ငြင်းဆန်မှာပေါ့။ ငြင်းဆန်လို့လဲ ဒုက္ခမပေးပါဘူး။ ခုကာလ မင်းများကို ငြင်းဆန်ခဲ့လျှင် မြနှင့်တကွ အားလုံး ဒုက္ခရောက်မယ်ဆိုတာ မြ အသိသားကပဲ။ ဘာ ငြင်းဆန်ဝံ့မလဲ။ သို့သော်လဲ သည်လို ဖြစ်ရတဲ့အတွက် ပွတ်ဆောက်ဖျားပေါ်မှာ တင်ထားတဲ့ မုန်ညင်းစေ့ ကဲ့သို့ မရွေ့သာ မတိမ်းသာ တစ်နေ့မပြတ် သတိတရားနှင့် နေရမှာကြောင့် နှစ်သက်စရာ မဟုတ်တဲ့ အကြောင်းကိုသာ ပြောပြတာပါ။ လွဲဖယ်လို့ ရနိုင်မဲ့ အရေးမှ မဟုတ်ဘဲကလား မေမေရယ်။ မျက်စိမှိတ်ပြီး ဇွတ်နှစ်ရတော့မှာပေါ့ မေမေရဲ့။

အိ။ ။ သည်လိုအောက်မေ့ပြီး ကျွမ်းမြည့်ကာ မသာမကြည်နဲ့ မျက်ရည်လဲ မဝဲပါနဲ့ သမီးရယ်။ မိမိ ကုသိုလ်ကံ ဖန်တီးလို့ ကြီးမြင့်လာတယ် ဆိုတာသာ သဘောမှာ မွေးပြီး အေးအေးလူလူ သာသာကြည်ကြည်နေပါ။ သမီး၏ ဇာတာ ပေစာကို ယမန်အခါက ဆရာညို ဟောသွားတဲ့အတိုင်း ကောင်းစားဖို့ ဖြစ်ပေါ်လာတယ် ဆိုတာသာ စိတ်တွင် သန္နိဋ္ဌာန်ကျမှတ်ပါတော့။ သမီး ဖေဖေကိုသာ စိတ်ချပါတော့ ပြောလိုက်တော့မယ်။

## အခန်း (၅)

ထိုနေ့ညတွင် ပွဲလမ်းသဘင်ခံ၍ ရပ်သူရွာသားတို့ များစွာ ပျော်ရွှင်ကြလေသည်။ ဝန်မင်းများနှင့် မြို့သူကြီးလည်း ပွဲကြည့် လာကြသည်။ ရပ်ရွာထဲတွင်လည်း ထိုသို့သော အကြောင်းကို ကောင်းစွာ ကြားသိကြသဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိကြလေသည်။

မမြကြှုပ်သည် ဝန်မင်းများကို အားနာသောကြောင့် ပွဲကို မကြည့်ရှုလိုသော်လည်း ခေတ္တ ၂ နာရီခန့် အိမ်နီးချင်း အပျိုဖော်ကလေးများနှင့် ပွဲကြည့်ရှုပြီးလျှင် အိပ်ချင်ပြီ ဆို၍ အိပ်ခန်းတွင်းသို့ ဝင်ကာနေလေသည်။

တေးထပ်။ ။ ကံဇာတာရွယ်ချက်က၊ ဘယ်အတွက်ပါလာ၊ လွယ်အခက်–သာ မသာငယ်၊ ရာ–မရာ မသိ၊ အားတက်ဘို့ အချက်ရှာလျှင်၊ တကွက်စာကလေးမျှ မရှိ။ ။ ကျိုးအပြစ် လျဉ်းပါးရန်ကို၊ စဉ်းစားဉာဏ်မမိ၊ ခင်းသွားဟန် မထိလို့၊ အသိရခက်တယ်၊ ဖြစ်ပြန်လျှင် ပျက်မှု ဘေးတွေကြောင့်၊ သက်ရှူရေး ညှိုးမှိန်ဘို့ငယ်။ ။ ကြက်ဥသွေးမိုဃ်းတိမ်နယ်လို၊ စိုးရိမ်ဘွယ် အနာဂတ်မှာလ၊ ကြမ္မာဇာတ် ဘယ်လိုဖန်မယ်၊ တွေးဆခက်ဘွယ်၊ ရေဘို့ တသက်ဝယ်မှာ၊ တရက်ကယ် ကြုံဘူးဆင့်လေး။ ။

အင်း–ယခု အလုပ်ကဖြင့် အမှုရှုပ်ကြီး သက်သက်ပေပဲ။ မက်မက်မောမောနဲ့ သဘောနစ်ခြိုက်ဖို့ကိုတော့ ဘယ်မှ ကြည့်လို့ မမြင်ပါဘူး။ ဖြစ်လျှင် ပျက်တတ်၊ အနက်ဒရပ်ကယ်ကြောင့် တစ်သက်ပတ်လုံး စိုးရိမ်သောက အကြောင့်ကြတွေက တအောင့်မျှ မနေမနားဘဲ သေသွားမှ ဆုံးတော့မယ် ထင်ပါရဲ့။ ရှေးဘုန်း ရှေးကံ ပေါ်ချင်လို့ ဖြစ်လာသလား၊ ဆုံးရှုံးပျက်စီးချင်လို့ ဖြစ်လာသလား ဆိုတာ ဧကန်ဒိဋ္ဌ မသိရတော့ သောကနှင့် ဘယ်မှာ ကင်းနိုင်ပါ့မလဲ။ မင်းနှင့် စပ်သွယ် ဆက်ဆံရတဲ့ အရေးဟာ

အင်မတန် ဝန်လေးတဲ့ အရေးပဲ။ ကျားကစားတဲ့ လူများလို ခြေလှမ်း မပျက်ရအောင် သတိမပြတ် ထားနေရတယ်။ မင်း ဆိုတာ ကျားလိုပဲ၊ ခြေလှမ်းအပျက်ကို ကြည့်နေတယ်။ ခြေလှမ်း မပျက်နှင့်၊ ပျက်လျှင် တစ်ချက်တည်း ဖမ်းတော့တာပဲ။ ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊ မင်းရေး ကျယ်သတဲ့။ ချစ်တယ်၊ ခင်တယ်၊ ကြင်တယ်၊ နာတယ် ဆိုပေတဲ့ မဟုတ်သေးဘူး။ ချစ်ခင် ကြင်နာတဲ့ အမူအရာ ပြုပြီး အပြစ်လုပ်တတ်သလား လုပ်တတ်ကဲ့။ မချစ်မခင် အရေးမယူသလိုနေပြီး ချီးမြှောက်တတ်သလား ချီးမြှောက်တတ်ကဲ့။ တယ်လို့ ပရိယာယ်မာယာ များတဲ့ လူမျိုးတွေပဲ။ မင်းချစ်ကို မယုံရဘူးတဲ့။ ငါ့ကို ချစ်ခင်လှပကောလို့ စိတ်ချနေဖို့ မရှိပါဘူး။

အို ... သူလို ငါလို သာမန် လူစား မပြောထားနှင့်၊ ပါရမီရှင် ဖြစ်တော်မူတဲ့ အလောင်းတော် မဟော်သဓာ သုခမိန်ကြီးသည် မိမိအား စူဠနီမင်းကြီးက အလွန် ချီးမြှောက်တော်မူတာကို အကောင်း ချီးမြှောက်သလား၊ အဆိုး ချီးမြှောက်သလားဟု ရာဇပရိယာယ်ကို တကယ့် ပညာရှိကြီး ဖြစ်ပါလျက် မိမိ၏ ဉာဏ်စွမ်းဖြင့် မသိနိုင်လို့ ဘေရီပရိဗိုဇ်မထံ သွားရောက်ပြီးလျှင် စုံစမ်းပေးပါ ဆိုရသေးတယ်။ သည်အခါ ဘေရီပရိဗိုဇ်မ က ဥပါယ်တံမျဉ်ဖြင့် မင်းကြီးအား ရေစောင့်ဘီလူး ပြဿနာပြု၍ စုံစမ်းတဲ့ အခါမှ မင်းကြီး၏ ကောင်းသော ချီးမြှောက်ခြင်း ဖြစ်ကြောင်းကို ဘုရား အလောင်း ပညာရှိကြီး သိတော်မူရသတဲ့။ ဘာမှမဟုတ်တဲ့ သူလို ငါလို သာမညလူစား ဆိုတာမတော့ ဘယ်သိနိုင်ဖို့ ရှိမလဲ။ ညဥ့်အခါ မှောင်အတိ ကျနေတဲ့ တောလမ်းခရီးကို မီးရှူး မီးတိုင် မပါဘဲ မြွေပါး ကင်းပါး ပိုးမွှားတိရစ္ဆာန်နှင့် ထိတွေ့မည်ကို အလေးမပြု၊ ဂရုမထား၊ စွန့်စား၍ သွားရသလို မင်းပါးစိုးပါး၊ ခစားထမ်းရွက်၊ စပ်ယှက် ဆက်ဆံရတဲ့ သူများ လဲ ထို့အတူ စွန့်စားရတော့တာပဲ။ တိမ်းရှောင် ငြင်းဆန်လို့ရတဲ့ အရေး များ ဖြစ်ပါလျှင်ဖြင့် သဘောတူမှာ ဝေးရော့၊ သည်အကြောင်းမျိုးနှင့် စပ်လျဉ်းတဲ့ စကားများကို အိမ်ပေါ်မှာ တင်၍ မပြောရပါဘူး။ သည့်လောက်တောင် စိတ်ပျက်ပါရဲ့။ ယခုတော့ မတိမ်းနိုင် မရှောင်နိုင် မငြင်းပယ်နိုင် လို့သာ အလိုလိုက်ရတော့တယ် ...။ ဟယ် တတ်နိုင်ပါဘူး၊ မရှောင်နိုင်တဲ့ အရေးကို တွေးပြီး စိုးရိမ်နေလို့ သာပြီး ဒုက္ခများတော့မယ်။ မိခင် ဖခင် ကျေးဇူးရှင်တို့၏ စိတ်ချမ်းသာခြင်းလဲ ရပါစေတော့။ ငါ မျက်နှာမသာ

လျှင် မိဘများလဲ စိတ်ဆင်းရဲရှာတော့မယ်။ သည်လိုလဲ မဆင်းရဲပါစေနဲ့တော့။ ငါ့ကိုယ်ကို စွန့်စားပြီး နောင်ခါလာ နောင်ခါချေးကြောင်း ပေါက်ရာနဲ့ ရောင်း ဆိုတာလို စိုးရိမ်သောက ကြောင့်ကြတဲ့ စိတ်များကို ပယ်ရှားဖြေဖျောက်၍ "ကြောက်လွဲ ရဲမင်းဖြစ်" "မသေလဲရွှေထီး၊ သေလဲမြေကြီး" ဆိုတာလို သဘောထားပြီး နေရတော့မယ်လေ ... ဟု စိတ်ကို ပြောင်းလဲပြုပြင်၍ အိပ်စက်လေ၏။

နောက်တစ်နေ့ ရောက်လတ်သောအခါ ဝန်မင်းများနှင့်တကွ ပါသမျှ လူများကို မင်းပျံချီက နံနက်ညှ ထမင်းများ ကောင်းမွန်စွာ ကျွေးမွေး၍ အကျိုးအကြောင်းနှင့် စပ်လျဉ်းသော စကားများကို ပျော်ရွှင်စွာ ပြောဆိုနေကြလေသည်။ ညဥ့်သို့ ရောက်သောအခါ ပွဲသဘင် ကပြစေ၍ မင်္ဂလာအခမ်းအနားနှင့် စပ်လျဉ်းသမျှတို့ကို စီစဉ်ခင်းကျင်းရန် တိုင်ပင် ဆွေးနွေးကြလေ၏။

## အခန်း ( ၆ )

နောက်တစ်နေ့ နံနက်သို့ ကျရောက်သောအခါ ရွှေလှေ တစ်စင်းတွင် လှပစွာ တန်ဆာဆင်၍ မင်းထိုင်နေရာတွင် ရွှေထီး ၂ လက် ယှဉ်ကာ ဖွင့်၍ စိုက်ပြီးလျှင် အခြားလှေများ ခြံရံ ဆွဲယူကာ မြို့သူကြီး ကိုရွှေလူနှင့် တကွ ဝန်မင်းများသည် မြို့သူကြီးအိမ်ဆိပ်မှ စုန်ဆင်း၍ မင်းပျံ့ရှိအိမ်ဆိပ် တွင် ဆိုက်ကပ်ပြီးလျှင် အိမ်ပေါ်သို့ တက်ရောက်ကြလေ၏။

ထိုသို့ တက်ရောက်ကြသောအခါ ထုံးစံအတိုင်း မင်္ဂလာရှိသော စကားများဖြင့် မေးဖြေ ပြောဆိုကြပြီးလျှင် အတွင်းဝန်၊ အိမ်တော်ဝန်၊ စာရေးတော်ကြီးနှင့် မြို့သူကြီးတို့က မမြကြုပ် ရှိရာ အခန်းဝသို့ လာကြ၍၊ မင်္ဂလာလှေတော်သို့ ကြွတက်တော်မူချိန် သင့်ကြောင်းနှင့် ရှိသေစွာ တောင်း ပန် ကြလေသည်။

မမြကြုပ်လည်း ကောင်းမွန်စွာ ဝတ်စားဆင်ယင်ထားပြီး ဖြစ်သည် နှင့် ကောင်းလှပါပြီ ဆို၍ အမိ အဘတို့ရှိရာ အိမ်ဦးခန်းသို့ သွားရောက် ရှိခိုး ဦးချပြီးလျှင် သမီးအား အခွင့်ပြုတော်မူကြပါမည်အကြောင်း တောင်း ပန်လေသည်။ မိဘ ၂ ပါးတို့က ဆုမွန်ပတ္ထနာ ပေးပြီးလျှင် အဘ မင်းပျံ့ရှိ က မိန်းမတို့ ကျင့်အပ်သည့် ဝတ္တရားများ ပြောကြားသင်ပြ ဩဝါဒပေး လေသည်။ အမိ မယ်အိကလည်း မမြကြုပ်၏ ကိုယ်ကိုဖက်ကာ နဖူးကို နမ်းရှုပ်လျက် သွန်သင်ပြသ ဩဝါဒစကားများ ပြောကြား ဆုံးမလေသည်။

ထို့နောက် အိမ်သို့ လာရောက် ဧည့်ခံကြသော ရပ်ရွာနေ ဆွေမျိုး တော်စပ်သူ၊ မတော်စပ်သူ သက်ကြီးဝါကြီး ယောက်ျား မိန်းမ တို့ကိုလည်း ရှိခိုးကန်တော့ခြင်းပြု၍ မိမိ လိုက်ပါရန် အခွင့်တောင်းလေသည်။ အခြားသူ အားလုံးတို့အားလည်း နှုတ်ခွန်းဆက်လေသည်။ လာရောက်ကြသူများ

ကလည်း ဘုန်းကြီး၍ အသက်ရှည်ဖို့အကြောင်း ဆုတောင်းပတ္တနာ ပြုကြလေ၏။

သမီး မမြကြေပ်နှင့် တိုင်ပင်ဖော် တိုင်ပင်ဖက် ပြု၍ ခိုင်းစေရန် မငွေ၊ မရွှေ ဆိုသူ မိန်းမပျိုကလေး ၂ ယောက်ကိုလည်း မိဘများက ထည့်၍ ခေါ်သွားစေသည်။

ဤကဲ့သို့ ကန်တော့ပူဇော်ခြင်း၊ နှုတ်ခွန်းဆက်ခြင်းများ ပြုပြီး၍ အိမ်ပေါ်မှ ဆင်းသောအခါ ရွှေထီး မိုးအုပ်၍ ပေးလေသည်။ ဤအခါ ထီးမိုးသူကား ခနေဖြူနယ် နဲကြီးရွာသား ဖြစ်သည်။

ဟသ်ာတမြို့မှ ခနေဖြူမြို့သို့ စုန်ဆင်းသောအခါ ဆွေမျိုးတော်စပ်သူများအပြင် ချစ်ကျွမ်းဝင်သူ မိတ်ဆွေသင်္ဂဟ အပေါင်းတို့ပါ လှေ ၁၀ စင်းမျှ ခနေဖြူမြို့ရောက် လိုက်၍ပို့ကြသည်။

ထိုအခါက မင်းသားလည်း ဖောင်တော်မှ တက်၍ မင်္ဂလာ တဲအိမ်တော်တွင် စံနေတော်မူသည့်အခါ ဖြစ်သည်။ ဟသ်ာတမှ စုန်ဆင်းလာသော မမြကြေပ်ကို တင်ဆောင်ယူလာသည့် လှေတော်များ ခနေဖြူမြို့သို့ ညနေ ၃ ချက်တီးကျော် အချိန် ဆိုက်ရောက်လာ၍ မမြကြေပ်ကို ဖောင်တော်မှာ တင်ထားစေပြီးမှ ညဦးအခါ မင်းသား ကိုယ်တိုင် မင်္ဂလာတဲအိမ်တော်မှ ဆင်း၍ ခေါ်ယူ သိမ်းပိုက်တော်မူလေသည်။

သာယာဝတီ မင်းသားလည်း မမြကြေပ်ကို အလွန်ပင် အရေးယူတော်မူလေသည်။ ဆင်းရဲသားမျိုးထဲမှ ကောက်ယူသော မိန်းမများအနက် မမြကြေပ်ကိုကဲ့သို့ အရေးတယူ ကြည်ဖြူနှစ်သက် စုံမက် သဒ္ဒါတော်မူခြင်း ခံရသူ မရှိ၊ အလွန်ပင် ချစ်ခင် မြတ်နိုးတော်မူရှာလေသည်။ ဤသို့ မြတ်နိုးတော်မူကြောင်းကိုကား နောက်မှ သာ၍ ထင်ရှားစေလတ္တံ့။

ခနေဖြူမြို့တွင် စံနေတော်မူစဉ်အခါ၊ ထိုမြို့သူ ဖြစ်သော မလှဝိုင်း၏ သမီး "မစိန်း" ဆိုသူ မိန်းမပျိုကလေး တစ်ဦးကိုလည်း ကောက်ယူတော်မူလေသည်။ သို့သော်လည်း မမြကြေပ်ကိုကဲ့သို့ အရေးတယူ ပြုတော်မမူလှပေ။

အထွတ်အမြတ်သို့ မရောက်မီ မင်္ဂလာအိမ်တော်တွင် စံနေတော်မူစဉ်ကပင် မမြကြေပ် ဟူသော အမည်မှ ပြောင်းလဲ၍ "မြကလေး" ဟူသော အမည်ဖြင့် အစဉ် ခေါ်ဝေါ်တော်မူသည်။


ဤကဲ့သို့ ခေါ်ဝေါ်တော်မူသည်က စ၍ "မမြကလေး" ဟူသော အမည်သည် ထင်ရှားလေသတည်း။

ကျွန်တော်။ ။ ဘွားဘွားကြီးရယ်၊ သာယာဝတီမင်းသားက မမြကလေးကို ကောက်ယူတော်မူစဉ်အခါ၊ သည် မမြကလေး အသက် ဘယ် အရွယ်လောက် ရှိပါပြီလဲ။

အဘွားကြီး။ ။ သည်လို ကောက်ယူတော်မူစဉ်က အဘွား စိတ် အထင်ဖြင့် ၁၅ နှစ်ကျော်ကျော် ၁၆ နှစ်လောက်ပဲ ရှိလိမ့်မယ်။ ဘာကြောင့် လဲ ဆိုတော့ ၁၁၈၆ ခုနှစ်မှာ အင်္ဂလိပ်မင်းနှင့် စစ်ဖြစ်လို့ တိုက်ခိုက်ရန် စုန်ဆင်းပြီးအလာ၊ ရေဖြူမြို့က ရပ်တန့်နေတယ်လို့ ရာဇဝင်မှာ ပါသကို မောင်ရဲ့။ အဲဒါကို ထောက်ချင့်လိုက်တော့ မမြကလေးက အဘွားထက် ၂ နှစ် ကြီးတယ်။ အဘွားက ၁၁၇၃ ခုဖွား၊ သူကတော့ ၁၁၇၁ ခုဖွား ဖြစ်လေတော့ အလွန်ဆုံး ၁၅ နှစ် ကျော်ကျော်လောက်ပဲ ရှိဦးမယ် မောင်ရဲ့။ သူ၏ ဇာတာကို အဘွား မှတ်သားထားတာ ရှိသေးတယ်။ မောင် ကြည့်ဖို့ ပြဦးမယ် ... ဆို၍ အိမ်ပေါ်သို့ တက်သွားပြီးလျှင်၊ တအောင့်မျှ ကြာသော အခါ ပုရပိုက်ကလေး တစ်ဆူကို ကိုင်၍ ဆင်းလာပြီးလျှင် ကျွန်တော့်အား ပေး၍ ဖွင့်လှစ်ရှာရာ အောက်ပါအတိုင်း တွေ့ရလေ၏။

သက္ကရာဇ် ၁၁၇၁ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်* ၂ လာနေ့ နေတက်ဘွား။ တူ လက် မကာရ စန်း တူရာသီတွင် ၁ နွေ ၄ ဟူး ရာဟု၊ ဗြိစ္ဆာတွင် သောကြာနှင့် စနေ၊ မနမှာ အင်္ဂါ၊ မိန်မှာ ၅ တေး၊ စင် နက္ခတ် ၂၀-၃ ပါဒ် ၄ ဗီဇနာ။

ဇာတာပုံ။




စင်နက္ခတ်

၂၀
၃
၄

---

* ၂၅ စက်တင်ဘာ ၁၈၀၉

"မဟာသီရိသီဟသူရဓမ္မရာဇာ" ဘွဲ့အမည်တော် ရသော သာယာဝတီ မြို့စား မင်းသားသည် မမြကလေးကို သိမ်းပိုက်တော်မူပြီးနောက် မင်္ဂလာအိမ်တော်မှာ မင်းသား အဖြစ်နှင့် ၁၃ နှစ်ခန့် စံနေတော်မူရလေသည်။ မမြကလေးသည်လည်း မင်္ဂလာအိမ်တော်မှာ နေရစဉ်အခါ၊ ရွှေလောင်းတိုက်ကို စားရလေသည်။ အဘဖြစ်သူ မင်းပျံချီကို အထက် မြို့တော်သို့ လိုက်ပါနေထိုင်ရန် ခေါ်ပါသော်လည်း မလိုက်နေလိုသည်နှင့် နေရင်း ဟင်္သာတမြို့မှာပင် အနောက်ဘက် တိုက်အုပ် အရာနှင့် ထားတော်မူလေသည်။

သိမ်းပိုက်တော်မူပြီးနောက် များမကြာမီ မမြကလေး၌ သားဦးယောကျ်ားကလေး ဖွားမြင်သည်။ ၎င်း သားတော်ကလေးမှာ အဖတ်မတင်၊ ငယ်ကပင် လွန်ရှာလေသည်။

ထိုနောက် သမီးတော်ကလေး တစ်ပါး ဖွားမြင်သည်။ ထို့နောက် သားယောကျ်ားကလေး အမြွှာ ဖွားရှာသော်လည်း အဖတ်မတင်ဘဲ ငယ်ကပင် လွန်ရှာလေသည်။

မင်းပျံချီမှာ သမီး (မမြကြုပ်) ကို သာယာဝတီမင်းသား သိမ်းပိုက်တော်မူပြီးနောက် ဟင်္သာတမြို့ အနောက်ဘက် တိုက်အုပ်အရာနှင့် နေထိုင်ရာ ၅ နှစ်ခန့် ကြာရှိကာလ၊ ကိုးဆယ့်ခြောက်ဖြာ ရောဂါ ကပ်ရောက်သဖြင့် ဘဝတစ်ပါး ပြောင်းသွားရရှာလေသည်။

မင်းပျံချီ မရှိသည်နောက် မယ်တော် မယ်အိကို အထက် ရွှေမြို့တော်သို့ ခေါ်ပြီးလျှင် ကောင်းမွန်စွာ ထားလေသည်။

## အစန်း (၇)

ကျွန်တော်။ ။ မမြကလေးသည် မင်းသား ကြင်ရာတော် အဖြစ်နှင့် နေရာမှ ဘယ်အခါ ဘယ်လို မိဖုရားအဖြစ် ရောက်သွားပါသလဲ။

အဘွားကြီး။ ။ သည်လိုလား မောင်ရဲ့။ မဟာသီရိသီဟသူရဓမ္မရာဇာ သာယာဝတီ မင်းသားသည် ၁၁၉၉ ခုနှစ်သို့ ကျရောက်တော့၊ ကြားလူများ အတိုက်အခိုက်တွေ များတာကြောင့် နောင်တော် ဘုရင် ကေရာဇ်မင်းမြတ်နှင့် စိတ်ဝမ်း ကွဲပြားတော်မူတယ်။ ဦးဝိုင်း ဆိုတဲ့ ဘိုးတော်ဘုရားကြီးက ငါ့မြေးတော် ၂ ပါး အစဉ်အလိုက် ထီးနန်း စိုးစံစေရမည်ဟု မှာထားတော်မူခဲ့တဲ့ ဘိုးတော်မင်းတရား၏ စကားတော်ကို မလိုက်မနာ ညီလျော်စွာ မပြုဘဲ ညီတော်ကို ၁၇ နှစ်ကျော် တိုင်အောင်ပင် အိမ်ရှေ့မပေး ရှိနေသဖြင့် နောင်တော်၏စိတ်ထား တစ်မျိုးရှိသည် ထင်တာကြောင့် တစ်ကြောင်း၊ နောင်တော်ဘုရား၏ နန်းမတော်မိဖုရားကြီးကိုလဲ သဘောမကျသည် တစ်ကြောင်း၊ အဲသည်လို အကြောင်းများကြောင့် ထင်ပါရဲ့ မောင်ရယ်။ ထွက်တော်မူပြီးကာလ၊ ရွှေဘိုမြို့ကနေ၍ နောင်တော်နှင့် တိုက်ခိုက်ကြပါရော့။ နောင်တော်မင်းတရားကလဲ ဘုန်းကံ နိမ့်တဲ့အချိန်၊ ညီတော်ကလဲ ဘုန်းကံမြင့်တဲ့ အချိန်နှင့် တိုက်ဆိုင်လာတော့ ညီတော် သာယာဝတီ မင်းသားက အောင်မြင်တော်မူလို့ ရွှေဘိုမြို့ကို "ရတနာသိခ်" အမည်ပေး၍၊ ထို ရတနာသိခ် ရွှေဘိုမြို့မှာပင် ရှေးဦးစွာ ထီးနန်းစိုက်တော်မူတယ်။ ဤအခါ သာယာဝတီမင်းသားသည် အထွတ်အမြတ်သို့ ရောက်တော်မူ၍ ရှင်ဘုရင် ဖြစ်သောအခါ "သီရိပဝရာဒိတျာ လောကာဓိပတိ ဝိဇယမဟာဓမ္မရာဇာဓိရာဇာ" ဟူသော ဘွဲ့နာမံကို ခံယူတော်မူတယ် မောင်ရဲ့။

ကျွန်တော်။ ။ နို့ နေပါအုံး ဘွားဘွားရယ်။ ကုန်းဘောင် ရှင်ဘုရင် ဆိုတာ ဘယ်ရှင်ဘုရင် ဖြစ်ပါသလဲ။

အဘွားကြီး။ ။ သူ့ကိုပေါ့ မောင်ရဲ့၊ အထက်ကလဲ ပြောခဲ့ဖူးပြီ မဟုတ်လား။ ရွှေဘိုမြို့ကနေ၍ အောင်တော်မူတာကြောင့် ရွှေဘိုဘုရင်တဲ့။ သည်ရွှေဘိုမြို့ကိုပဲ ကုန်းဘောင်မြို့ ခေါ်ပြန်တော့ ကုန်းဘောင်ဘုရင်လို့ ခေါ်ပြန်တာပေါ့။ ဒါတွင် မကသေးဘူး။ မင်္ဂလာ သာယာဝတီမြို့စား ဖြစ်တာကြောင့်လဲ သာယာဝတီဘုရင်လို့ ခုတိုင်အောင် ခေါ်နေကြတယ်။ အမရပူရမြို့သို့ ပြောင်း၍ ထီးနန်းစိုက်တဲ့ အခါကျပြန်တော့ အမရပူရ ဒုတိယ မြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင်ရယ်လို့ အမိန့်တော်စာ များတွင် ရေးရတယ် မောင်ရဲ့။

ကျွန်တော်။ ။ ဒီသာယာဝတီ မင်းသားဟာ ရှင်ဘုရင် ဖြစ်တော့ မမြကလေးလဲ မိဖုရား ဖြစ်ကရော့လား။

အဘွားကြီး။ ။ မေးမှ မေးပလေ မောင်ရယ်၊ သူ့လင် ရှင်ဘုရင် ဖြစ်ပေါ့၊ သူလဲ မိဖုရားဖြစ်မှာပေါ့ မောင်ရဲ့။

ကျွန်တော်။ ။ ကျွန်တော်တို့ မြန်မာမင်း ဆိုတာ မင်းသား ဘဝ မှာပင် မယားတွေ အများသားကလား။ မိဖုရား ဖြစ်တဲ့သူမှ ဖြစ်မှာပေါ့။ မဖြစ်တဲ့သူလဲ ရှိပါလိမ့်မယ်။

အဘွားကြီး။ ။ မောင် ပြောတာလဲ ဟုတ်ပါရဲ့။ ချစ်မြတ်နိုးတဲ့ မယားမှပဲ မိဖုရား ဖြစ်တာပါ။ မချစ်တဲ့ မယားကိုတော့ ဘယ် မိဖုရားအရာ ပေးတော့မလဲ။ ချစ်တဲ့ မယားထဲတောင်မှ မေတ္တာတော် လိုက်၍ တစ် ကြောင်း၊ အမျိုးအဆွေကို လိုက်၍ တစ်ကြောင်း အနိမ့်အမြင့် အဆင့်ဆင့် ထားတော်မူတာကလား မောင်ရဲ့။ မင်းတုန်းမင်းတရားကြီးလဲ သူ၏ မြောက်နန်းမိဖုရားဟာ ဒီ ဟသ်ာတနယ်၊ မြန်အောင်မြို့သူ ဆင်းရဲသားထဲ ကပေါ့။ သို့ပေတဲ့ ချစ်မြတ်နိုးတော်မူလှတာကြောင့် မြောက်နန်းထားတော် မူတယ် မဟုတ်လား။

ကျွန်တော်။ ။ မမြကလေးကို အနောက်နန်း ပေးတော်မူတော့ ရွှေဘိုမြို့မှာ စံနေတုန်း ပေးတော်မူပါသလား။

အဘွားကြီး။ ။ သည်တုန်းက မဟုတ်ဘူး။ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်သို့ ကျရောက်သောအခါ အမရပူရမြို့တွင် ထီးနန်းစိုက်ထူ စံနေ

တော်မူ၍၊ ရာဇာဘိသေက အဘိသိက်ကို ခံယူတော်မူပြီးလျှင် မိဖုရားများနှင့် သားတော် သမီးတော်၊ ကျေးကျွန်တော်များကို ထိုက်သည်အလျောက် နန်းများ အဆောင်များ၊ ဘွဲ့အမည်၊ မြို့စား ရွာစား ဆုလာဘ်များဖြင့် သနားချီးမြှင့်တော်မူတယ်။ မိဖုရားများတွင်လဲ ဗဒုံမင်းတရားကြီး၏ သားတော် ပြည်ဘုရင်ခံမင်း၏ သမီး၊ ကျပင်း မင်းသမီးကို တောင်နန်းမတော် မိဖုရားခေါင်ကြီး တင်မြှောက်တော်မူတယ်။ အဲ သူကတော့ အကြီးဆုံး ရှင်ဘုရင်မကြီးပဲ။ ရှင်ဘုရင်နှင့် သူနှင့် အတူတူပေါ့။ မိဖုရားခေါင်ကြီးနှင့် ဆိုင်တဲ့ အသုံးအဆောင် အမှုထမ်း စသည်များကိုတော့ "ယာဘက်" ဟု ခေါ်တယ်။ ရွှေလက်ျာ၊ ရွှေလက်ဝဲ၊ နတ်စုလက်ျာ၊ နတ်စုလက်ဝဲ ဆိုတဲ့ စကားမျိုးများဟာ ရှင်ဘုရင်နှင့် မိဖုရားခေါင်ကြီး သူတို့ ၂ ပါး အတွက်ပဲ။ လက်ဝဲက ရှင်ဘုရင်၊ လက်ယာက မိဖုရားခေါင်ကြီးနှင့် ဆိုင်တာပေါ့။ သည်မိဖုရားကြီးကိုပင် လက်ျာထား စံစားတော်မူတဲ့ တောင်ညာစံဒေဝီ မဟေသီ မိဖုရားကြီးလို့ ခေါ်ဝေါ် အသုံးပြုကြတယ်။

ထို မိဖုရားခေါင်ကြီးအောက် မြောက်နန်း၊ အလယ်နန်း၊ အနောက်နန်း ရယ်လို့ နန်းရမိဖုရားကြီး ၄ ပါး ထားမြဲပေပဲ။ သည့်ပြင် မိဖုရားများမှာတော့ တောင်ဆောင်တော်၊ မြောက်ဆောင်တော်၊ တောင်ရွှေရေး၊ မြောက်ရွှေရေး စသည်ဖြင့် အဆောင်ရ မိဖုရားငယ်များလဲ ရှိသေးသပေါ့ မောင်ရယ်။

အဲသည် နန်းရ မိဖုရားကြီး ၄ ပါးထဲတွင် မမြကလေးကို အနောက်နန်း မိဖုရား တင်မြှောက်တော်မူ၍ "သီရိမဟာသုရတနာစန္ဒာဒေဝီ" ဆိုတဲ့ ဘွဲ့ကို ပေးသနားတော်မူတယ်။ ရွှေလောင်းတိုက် စားရာမှ ဟသ်ာတမြို့ကို စားစေတော်မူတယ်။ သမီးတော်ကလေး ငယ်မည်တော့ "မဘွားကြီး" တဲ့။ ၎င်း မဘွားကြီး ဆိုတဲ့ သမီးတော်ကလေးကိုတော့ "သီရိသုမြတ်စွာရတနာဒေဝီ" ဆိုတဲ့ ဘွဲ့ကို ပေးသနားတော်မူ၍ လှိုင်မြို့ကို စားစေတော်မူတယ်။ ဒါကြောင့် ယခုထက်တိုင် လှိုင်မင်းသမီး၊ လှိုင်ထိပ်ခေါင်တင်လို့ ခေါ်တွင်တာကလား မောင်ရဲ့။

ကျွန်တော်။ ။ သာယာဝတီ ရှင်ဘုရင်က မမြကလေးကို ချစ်မြတ်နိုးတော် မူတာကြောင့် အနောက်နန်းမတော် မိဖုရား မြှောက်တာတော့ ဟုတ်ပါပြီ။ သူ၏ ဆွေမျိုးများကိုတော့ ချီးမြှောက်တော် မူပါသေးရဲ့လား။

အဘွားကြီး။ ။ မချီးမြှောက်ဘဲ ရှိချည်မလား မောင်ရယ်။ အဘ

မင်းပျံချီ သေသွားလို့သာပေါ့။ မင်းပျံချီသာ ရှိလျှင်ဖြင့် အပုံကြီး ချီးမြှောက်မှာပဲ။ သူ မရှိတော့ မယ်တော်မယ်အိ တစ်ယောက်တည်း ဘယ့်လောက်များ ဘုန်းကြီးသလဲလို့။ မယ်တော် မယ်တော်လို့ တစ်နိုင်ငံလုံး ကျော်စောနေတာပဲ။ မင်းပျံချီ၏ညီ၊ မမြကလေး၏ ဘထွေးတော် ကိုမှူးကိုလဲ ရေကင်းတိုက်စား အရာ ပေးတော်မူတယ်။ မင်းပျံချီ၏ သမီးတစ်ယောက်ဖြစ်သူ "မလှေးဖြူ" ဆိုတဲ့ မိန်းမပျိုကလေးကိုလဲ နေဝင်ဘုရင် အခေါ်ခံရတဲ့ ရန်ကုန်မင်းကြီး ဦးမှေးနှင့် လက်ထပ် ထိမ်းမြားပေးထားသဖြင့် မင်းကြီးကတော် မလှေးဖြူဟု အမည် ထင်ရှားတယ်။

ဘထွေးတော် ဦးမှူးသည် ရေကင်းတိုက်စား အဖြစ်နှင့် ရှိနေရာ၊ မယ်တော် မယ်အိက မိမိ၏ မောင်ဖြစ်သူ ဦးမြတ်ရေး ဆိုသူအား ရေကင်းတိုက်စား အဖြစ်ကို ပေးလိုကြောင်း သမီးဖြစ်သူ မိဖုရား မမြကလေးကို ပူဆာ တိုက်တွန်းတော်မူသည်နှင့် ဘထွေးတော်ကို ရေကင်းတိုက်စား အဖြစ်မှ ပြောင်းလဲ၍ ဟင်္သာတမြို့ အနောက်ဘက်တိုက်စား အဖြစ် ပေးရလေသည်။

ထိုအနောက်ဘက်တိုက်မှ အခွန်အတုတ် အထွက်နည်းသဖြင့် ဟင်္သာတမြို့သူကြီးက အခွန်တော် အချို့အဝက်ကို ခွဲ၍ ဘထွေးတော်အား ပေးစေတော်မူသည်။ ထိုအခါ ဟင်္သာတမြို့သူကြီးသည် ကိုရွှေလူ မဟုတ်၊ ကိုမြတ်သာဒွန်း လက်ထက် ဖြစ်လေသည်။

အနောက်ဘက်တိုက် ဆိုသည်မှာ ဟင်္သာတမြို့ အောက်ဖျားကသောက်ကရောက်ချောင်း၏ တောင်ဘက်တစ်လျှောက် ကင်းရွာရပ်နှင့် တောင်လုံးစုရွာ၊ ပုခန်းကျောင်းစုရွာ၊ ဘန့်ဘွေးကုန်းရွာ၊ လေ့ရိုးရွာ၊ လယ်တော်ရွာ၊ ခြေတော်ရာရွာ၊ ရွာကလေးရွာ၊ ဖောင်ချောင်းရွာ၊ စစ်ကုန်းရွာ၊ ရေလဲရွာများ ပါဝင်၍ တောင်ဘက်က ဇလွန်နယ် သရွတ်ဝရွာနှင့် စပ်လေသည်။ အနောက်ဘက်က ဒူးယားတိုက် ဒူးယားရွာ၊ မီးနင်းရွာ၊ မရမ်းရွာများနှင့် စပ်လေသည်။ မြောက်ဘက်က ဟင်္သာတမြို့မတိုက် ကံတွင်းရွာနှင့် စပ်လေသည်။ အရှေ့ဘက်က ရောဝတီမြစ်ရေ ဖြစ်လေသည်။

ကျွန်တော်။ ။ ဟင်္သာတမြို့တွင် "မယ်တော်ဘုရား" ဆိုတာကို ဘယ်သူ့မယ်တော် တည်တာပါသလဲ ခင်ဗျာ။

အဘွားကြီး။ ။ အဲဒီ မယ်တော်ဘုရား ဆိုတာ အခြားသူ မယ်တော်

မဟုတ်ဘူး။ မိဖုရား မမြကလေး၏ မယ်တော် မယ်အိ တည်တဲ့ ဘုရား ပေါ့။ ဟသာ်တမြို့ ကင်းရွာရပ်တွင် ဘုရားကြီးတစ်ဆူ တည်လိုသည့် အကြောင်း သမီး မမြကလေးအား မယ်တော် မယ်အိက ပြောကြားသဖြင့် မမြကလေးက ရှင်ဘုရင်ထံ အမိန့်တော်ခံပြီးလျှင် မယ်တော် မယ်အိ၏ ကောင်းမှု အဖြစ်နှင့် မြေပေါက်စေတီတော်ကြီး တည်စေတော်မူတယ်။ "မြေပေါက်စေတီတော်" ဆိုတာမှာ တိုက်ကုလားကျောင်း မခံဘဲ မြေပေါ် တွင် ပန်းတင်ခုံဖိနပ်ခင်း၍ ပစ္စယာ ၂ ဆင့်၊ ၃ ဆင့် စသည်ဖြင့် တည်ထား သည်ကို ဆိုတယ်။ မြန်မာမင်း လက်ထက်က ၎င်းစေတီမျိုးကို ဆင်းရဲသား များ မတည်ရဘူး။ ရှင်ဘုရင်မှသာ တည်ရတယ်။ ယခု ဘုရားမတော့ မမြကလေးကို ရှင်ဘုရင်က အလွန်ချစ်မြတ်နိုးတော်မူတာကြောင့် အထူး သဖြင့် အမိန့်တော်နှင့် တည်ရတာကလား။ ဟသာ်တမြို့ ငါးမျက်နှာဘုရား ကို ကြည့်ပါလား၊ မြန်အောင်မြို့သူကြီးက တည်တာပေါ့။ သည်လို မြေ ပေါက် စေတီ မဟုတ်ဘူး၊ တိုက်ကုလားကျောင်း ခံပြီး တည်ရတယ် မဟုတ်လား။

အဲဒီ မယ်တော်ဘုရားကြီး အရှေ့မျက်နှာက ကပ်လျက် တန်ဆောင်း တစ်ဆောင်နှင့် အုတ်ရိုး တင်ပျဉ်ခွေ ဘုရားကြီးတစ်ဆူ ဟာကတော့ ဘထွေး တော် ဦးမှူး တည်တဲ့ဘုရားမို့ "ဘထွေးတော်ဘုရား" ဟု နာမည်တွင်တယ်။ အဲဒီ ဘုရားတွေဟာ ကမ်းပြိုထဲ ပါကုန်လို့ သည်မယ်တော်ဘုရား၏ အစား၊ အနောက်ဘက်တိုက်ခြေတော်ရာရွာမှာ ဟသာ်တမြို့ ငွေတိုက်စိုး ကြီး ဦးဘိုးမောင်က အမှူးပြု၍ စေတီတော်ကြီး တစ်ဆူ တည်ထားပါပြီ ကော။ စကားစပ်မိလို့ ခုန်ကျော်ပြီး တစ်ခွန်း ပြောရဦးမယ်။ ခုတင်က ပြောခဲ့တဲ့အတိုင်း ဘထွေးတော် တည်တဲ့ အုတ်ရိုးတင်ပျဉ်ခွေ ဘုရားကြီး မှာ ၁၂၄၀ ပြည့်နှစ်၊ ဝါဆိုလလောက်တွင် နားတော် ၂ ဖက်မှ သွေးများ ယိုကျနေတာ အင်မတန် ထူးခြားတယ်။ အဘွားတို့ ဒိဋ္ဌ မျက်မြင် ဖြစ်ရ တယ်။ ဒီလို သွေးတော်ယိုပြီးနောက် သီတင်းကျွတ်လလောက်လဲ ရောက် ပါရော့။ မင်းတုန်းဘုရင်ကြီးလဲ နတ်ရွာစံတော်မူပါရော့။ အဲဒါဟာ တိတ် နိမိတ် တစ်ခုပဲ။ ဒါကို တိတ်လို့ ခေါ်တယ်။ ကောင်းတာမျိုး မဟုတ်ဘူး မောင်ရဲ့။ မောင် မှတ်သားရအောင် ပြောတာနော်။

ကျွန်တော်။ ။ ဘွားဘွားကြီး ပြောတာတွေကို ကြားရတော့ သည်

အကြောင်းအရာတွေကို ဘွားဘွားကြီး တယ်လို့သိပါကလားလို့ အံ့ဩမိပေတယ်။ ဘယ်လိုကြောင့် သည့်လောက် သိရပါသလဲ ခင်ဗျား။

အဘွားကြီး။ ။ အနောက်နန်းမတော် မိဖုရား အကြောင်းကို အဘွားထက် ပိုလို့သိသူ မရှိဘူးဟု ပြောခဲ့တယ် မဟုတ်လား။ သည်မိဖုရား အကြောင်းတွင် မကဘူး၊ အခြားသူများ အကြောင်းကိုလဲ သိတာပဲ။ မသိဘဲ ရှိပါ့မလား မောင်ရဲ့။ အဘွားကတော့ ဒလမြို့သူကြီး သမီးတစ်ယောက်ဖြစ်၍၊ ဓလွန်မြို့သူကြီးနှင့် အကြောင်းသင့်မြတ်သဖြင့် ရွှေဖဝါးတော်အောက် နန်းတော်အတွင်းမှာ အနေရများတာကလား။ အနောက်နန်းမတော် မိဖုရား အထံမှာ အမြဲလိုလို ခစား ထမ်းရွက်နေရတယ်။ ရံခါရံခါလဲ အခြားမိဖုရားများထံမှာ ခစား ထမ်းရွက်ရရဲ့။ အဲသည်တော့ နန်းတော်ထဲက အကြောင်းဆိုသမျှ အကုန်လိုလို သိတယ် မောင်ရဲ့။

မမြကလေးကို အခြား မိဖုရားများထက် ပိုမိုလို့ ဘုရင်မင်းမြတ်က ချစ်မြတ်နိုးတော်မူတာကြောင့် အလွန်ပင် အလိုလိုက်တော်မူတာကလား။ မိဖုရား ဘုန်းတန်ခိုးလဲ အင်မတန် ကြီးတယ်။ သမီး မိဖုရား ဘုန်းတန်ခိုးကြီးတော့ မယ်တော် မယ်အိလဲ ဘုန်းတန်ခိုး ကြီးတာပေါ့။ မယ်တော်၏ ဘုန်းတန်ခိုးအာဏာ ဩဇာတိက္ကမ စူးရှထက်မြက်တာကြောင့် ဆွေတော်မျိုးတော် မှူးတော် မတ်တော်မှ စ၍ နန်းတွင်းသူ နန်းတွင်းသား အပေါင်းတို့လဲ အများအားဖြင့် မုန်းထားငြိုးစူ၍ အာဃာတ တရား ထားကြတာပေါ့လေ။ မယ်တော်ကြီးကတော့ မဟုတ်တာ၊ မတော်တာ မလုပ်တတ်ရှာပါဘူး။ သူတော်ကောင်းမကြီးပါပဲ။ နို့ပေတဲ့ တစ်ယောက် ဘုန်းကြီးတော့ တစ်ယောက် မနာလို ဝန်တိုမြဲ ဓမ္မတာကို မောင်ရဲ့။ မနိုပ်သာလို့သာ ကြည့်နေရတာပဲ။

## အခန်း (၈)

ကျွန်တော်။ ။ ကုန်းဘောင် ရှင်ဘုရင်သည် ကျွန်တော်တို့ အောက်အရပ် ဥက္ကလာပသို့ ရှင်ဘုရင် ဖြစ်မှ စုန်ဆင်းလာသေးတယ်လို့ ကြားဖူးပါတယ်။ သည်အကြောင်းကို ပြောပြစမ်းပါဦး။

အဘွားကြီး။ ။ သည်လို မောင်ရဲ့၊ ၁၂၀၃ ခုနှစ်အတွင်း ရှင်ဘုရင်သည် မိဖုရား၊ သားတော် သမီးတော်၊ မောင်းမမိဿံ၊ မှူးတော် မတ်တော် ဗိုလ်ပါ အစုံနှင့်တကွ ဟံသာဝတီ ဥက္ကလာပ ဆိုတဲ့ ရန်ကုန်မြို့သို့ ရေကြောင်း စုန်တော်မူတယ်။ အဲသည်လို စုန်ဆင်းတော် မမူမီ မိဖုရား မမြကလေးက အမိန့်တော်ခံ၍ ရေကင်းမြို့တွင် မြေပေါက်စေတီ ဘုရား ၃ ဆူ တည်ထား ပြုစုတော်မူစေတာကို မောင်ရဲ့။ အဲဒီ ဘုရားများ တည်နေတုန်း ဘုန်းတော်ကြီးဘုရား စုန်ဆင်းလာတော်မူရာ၊ ရေကင်းမြို့သို့ ဆိုက်ရောက်တော်မူသဖြင့် မမြကလေးက ဘုန်းတော်ကြီးဘုရားနှင့် မိဖုရားခေါင်ကြီးအား ဖျာ့ကျွန်တော်မျိုးမက ကုသိုလ်တော်ပွား ဆက်သသည့် အရှင် ၂ ပါး ကောင်းမှု ကုသိုလ်တော်ဘုရား ၃ ဆူ တည်လျက်ရှိပါကြောင်း သံတော်ဦးတင်သည့်အခါ ၎င်း ရေကင်းမြို့၌ ဖောင်တော် ဆိုက်ကပ်၊ တန့်ရပ် နားနေတော်မူပြီးလျှင် ဘုရား ၃ ဆူကို လောကဓေယာ၊ လောကမှန်ကူ၊ လောကဥဿျောင် ဟု ဘွဲ့အမည်တော်ဖြင့် ပေးလှူ ပူဇော်တော်မူတယ် မောင်ရဲ့။

သည်တင်မကသေးဘူး၊ အနောက်နန်းမတော် မိဖုရား မမြကလေး၏ ဆွေမျိုးများကို ပြရမည် အမိန့်တော်ရှိသဖြင့် ရေကင်းမြို့မှာ ရှိတဲ့ ဆွေမျိုးများကို အကုန်ခေါ်၍ ပြရတယ်။ ဤအခါ ရေကင်းမြို့တွင် မမြကလေး၏ ဘထွေးတော် ဦးမှူး၏မြေး ကိုသိုင်း ဆိုတာ ရှိတယ်။ အဲဒီ ကိုသိုင်းမှာ ၁၂ နှစ် ၁၃ နှစ်အရွယ် သမီးချောကလေး ၂ ယောက်လဲ

ဆွေမျိုးများ ခေါ်ပြတဲ့အထဲ ပါလာတာကို မောင်ရဲ့။ သမီးအကြီးကတော့ မရွေ့ပွင့်တဲ့။ အငယ်ကတော့ မစံပယ်တဲ့။ သည်မိန်းကလေး ၂ ယောက်ကို ဘုန်းတော်ကြီးဘုရား မျက်စိစိုက်တော်မူမိ ထင်ပါရဲ့ မောင်ရဲ့။ သူတို့ အကြောင်းကိုတော့ နောက် ပေါ်လာပါလိမ့်မယ်။

သည်ကတစ်ဖန် စုန်ဆင်းတော်မူ၍ ဟံသာဝတီ ဥက္ကလာပ ဆိုတဲ့ ရန်ကုန်မြို့သို့ ရောက်တော်မူသောအခါ ဟံသာဝတီ မဏ္ဍလ အဝင်၊ အသိ တဋ္ဌန ပေါက္ခရဝတီ မည်သော တိဂုံတောင်ထိပ်၊ စက်ရိပ်အတွင်း ဥက္ကလာပ ဇနပုဒ်တွင် တာဝန်း တစ်ထောင့်ရှစ်ရာ ရှိသော မြေမြို့ကို နောက်တော်ပါ မင်းညီမင်းသား မှူးတော်မတ်တော်၊ ဗိုလ်မှူး တပ်မှူး အမှုထမ်း ရဲမက် အပေါင်းတို့အား အသီးအသီး တာ ဝေ ပေးတော်မူ၍၊ ကျုံးမြောင်း တံတား ပြအိုး ပစ္စင်နှင့်တကွ မြို့၏အင်္ဂါ ပြည့်စုံစွာ အိမ် ဈေး သဘင် စသည်တို့ ဖြင့် ပြည်အလုံးကို တန်ဆာဆင်ဘိ၏သို့ ခုနစ်ရက်အတွင်း ပြီးပြေအောင် တည်လုပ်စေတော်မူသည်။

ထိုသို့ တည်လုပ် ပြီးပြေလျှင် မြို့တော်ကို "အောင်မြေရန်နင်" ဟူ၍ လည်းကောင်း၊ နန်းတော်ကို "မြတ်နန်းအောင်ချာ" ဟူ၍ လည်း ကောင်း သမုတ်တော်မူ၍ ဘုန်းတော်ကြီးဘုရား စံစားတော်မူတယ်။ ဤသို့ စံနေတော်မူစဉ် ဘုန်းတော်ကြီးဘုရားသည် မင်းမိဖုရား မင်းညီမင်းသား စော်ဘွား မြို့စား မှူးတော် မတ်တော် ရဲမက်ဗိုလ်ပါ အပေါင်းတို့နှင့် ရံဖန် ရံဖန် ထွက်တော်မူ၍ ရွှေတိဂုံဘုရား၊ ပဲခူး ရွှေမော်ဓောဘုရား၊ ကျိုက်ခေါက် ဘုရား၊ ကုသိနာရုံဘုရားများကို ဖူးမြော် ပူဇော်တော်မူလေသည်။

တစ်နေ့သ၌ မြတ်နန်းအောင်ချာ နန်းတော်တွင် မိဖုရား မောင်းမ မိဿံများနှင့်တကွ ညီလာခံတော်မူစဉ် ဘုန်းတော်ကြီးဘုရား မိန့်တော် မူသည်မှာ– ရှေးဘေးလောင်းတော် ဘိုးလောင်းတော်တို့ ပြုစု တည်ထား တော်မူခဲ့တဲ့ ကောင်းမှုတော်မြတ်ကြီးများကို ဖူးမြော် ပူဇော်တော်မူရသည် မှာ အလွန်တရာ ကြည်ညိုဖွယ် ကောင်းလှပေသည်။ မောင်တော်ဖြင့် အလွန် ဝမ်းမြောက်တော်မူ၍ ရွှေနှလုံးတော်မြတ် အေးမြကြည်လင် ရှိပါ ပေသည်။ အောက်ပြည် အောက်ရပ်ပင် ဖြစ်သော်လဲ တန်ခိုးတော်ကြီး ဘုရားများကို ဖူးမြော်ရသဖြင့် နေပြည်တော်ကိုပင် မေ့မတတ် ရှိပါပေ သည်။ နမတော်များလဲ မောင်တော်ကဲ့သို့ ပျော်မွေ့တော်မူကြပါစ။

(မိဖုရားများလည်း ဘုန်းတော်ကြောင့် ပျော်မွေ့လှပါကြောင်း တင်ကြသည်။)

မိဖုရားခေါင်ကြီး။ ။ မောင်တော်ဘုရား ပျော်မွေ့တော်မူသည် ဆိုသော မိန့်တော်သံကို နာခံရပါသဖြင့် နှမတော်များလဲ ပျော်မွေ့ပြီးသားပါ။ နတ်ဘုံနတ်နန်းမှာ စံစားနေရပါစေခါမူ မောင်တော်ဘုရား ငြီးငွေ့တော်မူပါလျှင် နှမတော်များ ပျော်မွေ့နိုင်ရန် အကြောင်းမရှိ ဖြစ်ပါတော့သည်။

ဘုရင်။ ။ သည်အထဲမှာ နှမတော်မြကလေးကတော့ အောက်သူဖြစ်လို့ သူတကာထက် တိုးပြီး ပျော်မွေ့တယ် မဟုတ်လား။

မြကလေး။ ။ မှန်လှကြောင်းပါ ဘုရား။ ဘုန်းတော်ကြီးလှသော အရှင် ၂ ပါးတို့၏ ကျေးဇူးတော်မြတ်ကြောင့် တန်ခိုးကြီး ဘုရားတို့ကို ဖူးမြော် ပူဇော်ရတာ အလွန်တရာ ဝမ်းမြောက်လှပါသည်။ ကျေးဇူးတော်မြတ်ကို ဆက်ဆပ်၍ ကုန်နိုင်မည် မဟုတ်ပါ။ စေတနာ သဒ္ဓါတရားလဲ အတိုင်းထက်အလွန် တိုးတက်လှပါ၍ တိဂုံ ဆံတော်ရှင်ဘုရားကြီး အနောက်စောင်းတန်း တန်ဆောင်း လစ်လပ်ရှိသည်ကို ဆောက်လုပ် လှူဒါန်းတော်မူရန် ဘုရားနှမတော်က သစ်ပျဉ်တန်ဆာ အဖိုး ကံကျေးလက်ခငွေများကိုပါ ဘုန်းတော်ကြီးသော အရှင် ၂ ပါးတို့အား ကုသိုလ်တော်ပွား ဆက်သလိုပါသည် ဘုရား။

ဘုရင်။ ။ (တအောင့်မျှ ငြိမ်သက်စွာ စဉ်းစားတော်မူပြီးမှ) အင်း– နှမတော် မြကလေးကတော့ အနောက်နန်းမိဖုရားမို့ အနောက်စောင်းတန်း တန်ဆောင်း ဆောက်လှူရန် ဝါသနာပါပေသကို။ ပညတ်ရာ ဓာတ်ပါ ဆိုသလို ကျနေပြီ။ ဘယ့်နှယ် သဘောမျှတော်မူပါစ ... ဟု မိဖုရားခေါင်ကြီးဘက်သို့ လှည့်၍ မေးတော်မူသည်။

မိဖုရားခေါင်ကြီး။ ။ အနောက်နန်းတို့က ကုသိုလ်အရာ ရှာရှာဖွေဖွေ မြော်မြော်မြင်မြင်နှင့် စိတ်ကူးရပေသေးတယ်။ သူတကာလို တမက်တမော နေရှာတာ မဟုတ်ပေဘူး။ သာဓုသာ ခေါ်ဖို့ပါ။ သဘောမမျှဖို့ မရှိကြောင်းပါ ဘုရား။

ဘုရင်။ ။ ခေါင်ကြီးက သဘောမျှတော်မူတယ်တဲ့။ နှမတော် မြကလေးကသာ ဆက်သပေတော့။ မောင်တော်တို့က နှမတော် မြကလေးကို အကြောင်းပြုလို့ ကောင်းမှုကုသိုလ်တော် ယူရတာပေါ့။ ပြာသိုလပြည့်

နေ့ နံနက်တွင် သံဃာတော်များ ပင့်၍ ရေစက်သွန်းလှူမည်။ အားလုံး သာဓု ခေါ်ကြ၊ သာဓု ခေါ်ကြ။ (မိဖုရား မောင်းမမိသံများလည်း တညီ တညွတ်တည်း ၃ ကြိမ်တိုင် သာဓုခေါ်ကြလေသည်။)

မိဖုရားကြီး။ ။အနောက်နန်းက တန်ဆောင်းဖိုး လှူရန် ဆက်သ မယ် ဆိုတာ အဖိုး ဘယ်မျှလောက် စိတ်ပြဋ္ဌာန်းသလဲ။

မြ။ ။မှန်လှပါ။ ဆိုင်ရာကို မေးမြန်း၍ စနစ်ပုံစံနှင့်တကွ ကုန် ဝင်ရန် တွက်ချက် ရှင်းလင်းတဲ့ စာရင်းအရ ကုန်ကျသမျှ ဆက်သလိုပါ ကြောင်းပါ ဘုရား။

ဘုရင်မင်းမြတ်လည်း ညီလာခံရာ မှူးမတ်တို့ဘက်သို့ လှည့်၍ ။ ။ယခု အနောက်နန်းမတော် မိဖုရားက တိဂုံ ဆံတော်ရှင် ဘုရားကြီး အနောက်စောင်းတန်း တန်ဆောင်း ဆောက်လုပ် လှူဒါန်းလိုသည်။ သင့် မြတ်သော အကျယ်အဝန်း အရပ်အမြင့် နေရာဌာနများကို စနစ်ပုံစံနှင့် တကွ ရေးသား၍ ကုန်ကျရန် မည်မျှရှိမည်ကို ပြာသိုလပြည့် မတိုင်မီ သိတော်မူလိုသည်။ ဝန်တို့က ဆိုင်ရာ မြေတိုင်းအမတ်၊ နန်းကံကျွေးဝန်၊ အသုံးစာရေးတို့ကို ဆင့်ဆို စာရင်းပုံစံ တင်ပြစေရမည်။

မှူးမတ်များလည်း ဗျာဒိတ်တော်မြတ်အတိုင်း ဆင့်ဆို ပြီးစီး၍ တင်ပြသော ကုန်ဝင်ရန် စာရင်းရှိ ငွေတော်များကို မမြကလေးက ဆက်သ ပြီးနောက် ပြာသိုလဆန်း ၁၅ ရက်နေ့ နံနက်တွင် သံဃာတော်များကို ပင့်၍ အရှင် ၂ ပါး ရေစက်သွန်းချ လှူဒါန်းတော်မူသည်။ ထိုသို့ လှူဒါန်း ပြီးနောက် အနောက်စောင်းတန်း တန်ဆောင်း ဆောက်လုပ်လေသည်။

## အခန်း (၉)

ရေကင်းမြို့တွင် သန္တုဒ္ဓိ ဆိုသူ တစ်ယောက်သည် စာသင်ကျောင်း တည်ထောင်၍ ယောကျ်ားကလေးနှင့် မိန်းမကလေးများကို စာပေ သင်ကြားကာ ကျောင်းဆရာ ပြုလုပ်လျက် နေသည်။

ထိုဆရာသန္တုဒ္ဓိ ကျောင်းမှာ ကိုသိုင်း၏ သမီး မရွှေပွင့်နှင့် မစံပယ်တို့ကို အပ်နှံ၍ စာပေသင်ကြားစေသည်။ တစ်နေ့သော ဥပုသ်နေ့၌ တပည့်ကျောင်းသား ကျောင်းသမီးကလေး ၂၀ ခန့်လောက်နှင့်အတူ အနီး ဖြစ်သော ဘုန်းတော်ကြီး (ဦး-------) ကျောင်းတွင် ဥပုသ်စောင့်ကြလေသည်။ ၎င်းကျောင်းသားကလေး ၂၀ ခန့်တွင် ကိုသိုင်း၏ သမီးဖြစ်သူ မရွှေပွင့်နှင့် မစံပယ်တို့လည်း ပါဝင်ကြလေသည်။

သီလခံယူ ဆောက်တည်ကြပြီး၍ ထမင်းများ စားသောက်ပြီးနောက် ညနေ ၃ ချက်တီး အချိန်လောက်တွင် ထိုဘုန်းတော်ကြီးကျောင်း၏ အရာမ်တွင်း ညောင်ပင်ကြီး တစ်ပင်၏ အရိပ်အောက်ဝယ် မရွှေပွင့် ဆိုသောသူငယ်မကလေးသည် ထိုင်၍ ပုတီးစိပ်နေရာ၊ ထိုမိန်းမကလေး၏ ရင်ခွင်သို့ အပွင့်တစ်ပွင့် ကျလာသည့်အခါ ထိုမိန်းမကလေးသည် ဘယ်ပန်းပွင့်ဖြစ်သည် မသိ၊ တစ်ကြိမ်တစ်ခါမျှ မြင်ဖူးသော အပွင့် မဟုတ်၍ ထိုအပွင့်ကလေးကို လက်ဝယ် ကိုင်လျက် ကြည့်ရှုနေသည်အတွင်း၊ ဆရာသန္တုဒ္ဓိလည်း မိမိ တပည့်ကလေးများကို ထိန်းသိမ်းကြည့်ရှု စောင့်ရှောက်ကာ ပုတီးစိပ်၍ ငြီးငွေ့သည်နှင့် တပည့်ကလေးများ နေထိုင်ရာသို့ လိုက်လံကြည့်ရှုရင်း၊ ထိုမိန်းမကလေးရှိရာ ညောင်ပင်အောက်သို့ ရောက်လာသောအခါ ထိုမိန်းကလေး၏ လက်၌ ကိုင်လျက် ကြည့်ရှုနေသော အပွင့်ကိုမြင်၍ ဘာပန်းပွင့်လဲ မိန်းကလေးဟု မေးကာလ၊ ထိုမိန်းကလေးက။ ။

မသိပါဘူး ဆရာရယ်၊ တစ်ခါမှလဲ မမြင်စဖူးပါဘူး။ လှလွန်းလို့ ကျွန်မ ကြည့်နေပါတယ်ဟု ပြန်ပြောသည့်အခါ၊

ဆရာက။ ။ မှန်း–ပေးစမ်းကွယ်၊ ဆရာ ကြည့်စမ်းပါရစေ။ ဘယ်က ရသလဲလို့ မေးမြန်းရင်း အပွင့်ကို လှမ်း၍ယူရာ၊ မိန်းကလေးက။ ။ ကျွန်မ သည်နေရာမှာ ပုတီးစိပ်နေရာ ဖတ်ခနဲဆို ရင်ဘတ်ပေါ် ကျလာပါတယ်။ ဘယ်က ကြွေလွင့်လာတယ် မပြောတတ်ပါဘူးရှင်ဟု ပြန်ပြောရင်း အပွင့် ကို ဆရာအား လှမ်း၍ ပေးလေ၏။

ဆရာလည်း အတန်ကြာ ကြည့်ရှုနေရာ၊ ထိုသူငယ်မကလေးက ။ ။ ဘာပန်းလဲ ဆရာရယ်၊ ဆရာ မသိဘူးလား။ ဆရာတော့ သိမှာပေါ့။ သိရင် ပြောစမ်းပါ ဆရာရယ်လို့ ဆိုကာလ–

ဆရာက။ ။ ဆရာလဲ မသိလို့ ကြည့်နေတာပေါ့ကွယ့်။ တစ်ခါမှ လဲ မမြင်စဖူး။ သည်ညောင်ပင်က အပွင့်လို့ ဆိုရမှာကလဲ ညောင် ဆိုတာ ဘယ်တော့အခါမှ ပွင့်တယ်လို့ မကြားဖူးပေ။ တကယ်လို့ ညောင်ပွင့် ဟုတ်ရင်လဲ သည်တစ်ပွင့်တည်း မရှိရဘူး၊ အပင်ပေါ်မှာ အပွင့်များရှိရဦးမယ်။ သည်လို ရှိရင်လဲ အပင်ပေါ်မှာ ကြည့်လို့ မြင်ရမယ်။ အပင်ပေါ်မှာလဲ တစ်ပွင့်မှ မမြင်ရဘူးဟု ညောင်ပင်ပေါ်သို့ မော့ကာ ကြည့်ရှုရင်း ပြန်ပြော ပြီးကာလ၊ အင်း တယ်ထူးတဲ့ အပွင့်ပဲ၊ ဆရာတော့ဖြင့် မသိဘူး။ ဘုန်း တော်ကြီးကို သွားပြဦးမည်ဟု ပြောနေစဉ် ဥပုသ်ဇရပ်တွင် ဥပုသ် စောင့် နေကြသော ၎င်းသူငယ်မ မချေပွင့်၏ မိဘများနှင့် အခြား ဥပုသ်သည် ၃–၄ ဦးတို့ လာရောက်ကြည့်ရှု နားထောင်ကြလေသည်။ ထိုသို့ လာကြ သော ဥပုသ်သည်များက အကြောင်းကို မေးမြန်းရာ၊ ဆရာက အလုံးစုံ ပြန်ပြောပြီးလျှင် အပွင့်ကို ပြပါသော်လည်း ထိုအပွင့်ကို မည်သူမျှ မသိကြ ဖြစ်၍ ဘုန်းတော်ကြီးထံ မေးလျှောက်ရန် ထိုလူတစ်စုတို့ သွားရောက်ကြ လေ၏။

ဘုန်းတော်ကြီးထံ ရောက်ကြကာလ၊ ၎င်းဘုန်းတော်ကြီးက။ ။ ဘယ်အကြောင်းလဲ၊ ဘယ်နေရာကို သဘောမကျလို့ အငြင်းအခုံ ဖြစ်လာ ကြသလဲ။ သဂြိုဟ်စကားလား၊ သုတ္တန်စကားလား။ သို့မဟုတ် ဝိနည်း ဘက်ကလား။ ဘယ်သူက မေးလို့၊ ဘယ်သူက ဘယ်လို ဖြေသလဲ။ စိတ် ပိုင်း ထဲကလား၊ စေတသိက်ပိုင်းထဲကလား။ သို့မဟုတ် ပရိတ်ကြီးထဲတွင်

ပါတဲ့ ခီဏာ ပုရာဏ ဆိုတဲ့စကားကို သဘောမကျလို့လား။ ဒကာ ဒကာမ တို့ စာစကားပြောတာက ငြင်းဖို့ကိုသာအားကိုးကြတာပဲ။ (ထိုအခါ ဆရာ သန္တုဋ္ဌိက စာငြင်းရတာ မဟုတ်ပါဘူး ဘုရား။) အဲလေ ငြင်းရတာ မဟုတ် ပေတဲ့ တစ်ဦးနှင့်တစ်ဦး သဘောမတူလို့ ငါ့ဆီ လာကြတာပေါ့။ (ဒီလိုလဲ မဟုတ်ပါ ဘုရား) ဘာ ဒီလို မဟုတ်ရသလဲ။ မင်းက စကားရှည်ပြန်ပြီ။ ဒါကြောင့် ပြောတာပဲ၊ အရင် ဥပုသ်နေ့ကလဲ ဒကာ တစ်ယောက်နှင့် ဒကာမတစ်ယောက် ငြင်းလာကြတယ်။ ကြုံကြုံစည်စည်ဗျာ၊ ဒကာက ဝသုန္ဓရေ မြေစောင့်နတ်သားဟာ ယောကျ်ား မဟုတ်ဘူး၊ မိန်းမတဲ့။ ဒကာမ ကလဲ သည်မြေစောင့်နတ်သားဟာ မိန်းမ မဟုတ်လို့ နတ်သား ခေါ်တာ ပေါ့တဲ့။ မိန်းမ ဖြစ်ခဲ့လျှင် နတ်သမီး ခေါ်မှာပေါ့တဲ့။ သည်လို အငြင်းအခုံ ဖြစ်ပြီး ငါ့ထံ လာကြတာကို။ (သည်တော့ အရှင်ဘုရားက ဘယ်လို ဆုံး ဖြတ်တော် မူလိုက်ပါသလဲ ဘုရား။) ငါကတော့ သည်မြေစောင့်နတ်ဟာ ယောကျ်ားဆိုလဲ ဟုတ်ကဲ့၊ မိန်းမဆိုလဲ ဟုတ်ကဲ့၊ သူတို့ဟာ ပုထုဇဉ် ဖြစ်လို့ လင်မယား ၂ ယောက်တော့ ရှိကြမှာပဲ။ နတ်သားလို့ ဆိုတာက မယား မယူခင်က ဖြစ်ပါလိမ့်မည်။ သည့်နောက် မယား ယူတော့ ယောကျ်ား မိန်းမ ၂ ယောက်လုံး ရှိမှာပေါ့။ နို့ပေတဲ့ မိန်းမယူတာ မကြာသေးဘူး။ ဘုရားပွင့်ပြီး အတော်ကြာမှ ယူလို့ စာထဲပေထဲမှာ နတ်သမီးလို့ မပါတာ ပေါ့။ နတ်လင်မယားဟာ တစ်ယောက်တစ်လှည့် မြေကိုတော့ စောင့်ကြ မှာပဲ။ တစ်ယောက် မအားရင် တစ်ယောက် စောင့်ပေမှာကို။ ဒါကြောင့် ၂ ယောက်စလုံး မှန်တယ်လို့ ဆုံးဖြတ်ပေးလိုက်တယ်။

နောက်တစ်နေ့ ဒကာ ၂ ယောက် လာကြသေးသဗျား။ တစ်ယောက် က အဝိဇ္ဇာကြောင့် ကုသိုလ်–အကုသိုလ် ဆိုတဲ့ သင်္ခါရ ဖြစ်ရသတဲ့။ သည် ကုသိုလ် အကုသိုလ်ဟာ အဝိဇ္ဇာရှိလို့ ဖြစ်တာပါ၊ အဝိဇ္ဇာ မရှိရင် မဖြစ်ဘူး တဲ့။ အဲဒီ ဒကာက တော်တော် စာကြည့်တဲ့ လက္ခဏာပဲကွယ့်။ တစ်ယောက် ကတော့ သည် အဝိဇ္ဇာ ဆိုတဲ့ တရားဟာ မကောင်းတဲ့ တရားပါဗျာ၊ သူ ရှိရင် အကုသိုလ်သာ ဖြစ်တော့မပေါ့၊ ဘယ်ကလာလို့ ကုသိုလ် ဖြစ်နိုင် မလဲ။ ခင်ဗျား ပြောသလို ကုသိုလ် ဖြစ်နိုင်လျှင် အဝိဇ္ဇာ ချစ်စရာလို့ ဆိုရမယ်။ အဝိဇ္ဇာ ပစ္စယာလို့ မဆိုရဘူး။ စာမှာတော့ အဝိဇ္ဇာ ပစ္စယာသာ ရှိတယ်၊ အဝိဇ္ဇာ ချစ်စရာရယ်လို့ မရှိဘူးတဲ့။ ဒါကြောင့် အဝိဇ္ဇာကို ပစ်မှ၊

အဝိဇ္ဇာကို မချစ်မှ၊ မရှိမှ ကုသိုလ် ဖြစ်သတဲ့။ ကုသိုလ်ပြုတဲ့ သူများမှာ အဝိဇ္ဇာ မရှိဘူးတဲ့။ သူကလဲ ရှေ့နေကောင်းများ ကော်သလို စာထဲပါ စကားနှင့် ကော်တာပဲ။ အဲသည်လို ငြင်းခုံလာကြသေးတယ်။ ကိုင်း–ကိုင်း လျှောက်မေးစရာ ရှိတာ လျှောက်မေး၊ တယ်ပြီး စကားရှည်မနေနဲ့။ ငါတို့ ရဟန်းအလုပ်က ရှိသေးတယ်။ မင်းတို့ကိုချည်း ညှဲခံပြီး မင်းတို့ ပြောစကားကို နားထောင်မနေအားဘူး။ သည့်လောက်တောင် စကားမရှည်နဲ့။ ငါတို့ အလုပ်ပျက်တယ်။ ငါတို့ ရဟန်း ဆိုတာ ဂန္ထဓုရ၊ ဝိပဿနာဓုရ ၂ ပါး အပြင် ဘယ်အလုပ်ကိုမှ မလုပ်ရဘူး၊ ကြားလား။ သည်ဓုရ ၂ ပါးမှတစ်ပါး တခြား အလုပ်၊ တခြား စကားတွေ လုပ်နေ ပြောနေရင် ရဟန်းအလုပ် မဟုတ်၊ လူ၏အလုပ် ဖြစ်ခြင်းကြောင့် လူနှင့် ဘာမှ မခြားနားတော့တယ် မဟုတ်ဘူး၊ ကြားလား။ ရဟန်း ဆိုတာ တယ်ကျပ်တာကလားကွ၊ မင်းတို့ ဒကာ ဒကာမတွေ အလိုလိုက်ပြီး ရောရောနှောနှောနဲ့ စကားပြော လက်ခံနေမယ် ဆိုရင် အသက်မွေးမှု သမ္မာအာဇီဝ တရားတောင် ပျက်တာကလား ကွ။ ကဲ–ကဲ၊ မေးစရာရှိတာ မေး၊ မင်းတို့ စကားရှည်ပေတဲ့ ငါ သည်းခံရမှာပဲ။

ဆရာ သန္တုဋ္ဌိ။ ။ မှန်လှပါ ဘုရား၊ သည်အပွင့်လေးဟာ ဘာအပွင့်မှန်း မသိလို့ လျှောက်ထားရပါတယ်။ အရှင်ဘုရား သိတော်မူပါလျှင် တပည့်များအား မိန့်ကြားတော်မူပါ ဘုရား။

ဘုန်းတော်ကြီး။ ။ အောင်မယ်၊ သည်အပွင့်ကလေး မေးဖို့ဟာ စကားတွေ ရှည်နေလိုက်တာ၊ မပြောဘဲ မပြောချင်ဘူး။ တကယ်ဆို ဒါ ဘာပွင့်လဲ ဘုရား။ ဒါ ဘာပွင့်ပဲ။ အဲသည်လို အမေးအဖြေ ၂ ခွန်းထဲနှင့် ပြီးဖို့ဟာ မပြီးရသေးဘူး။ အလွတ် စကားတွေက ရှုပ်ပွေနေသေးတယ်။ သည်စကားတွေဟာ ဓုရ ၂ ပါးထဲ ဝင်တာ မဟုတ်ဘူးကွ သိလား။

ဆရာ။ ။ တပည့်တော်များက တစ်ခွန်းမှ အပိုစကား မလျှောက်ထား မပြောဆိုရသေးပါဘူး။ အရှင်ဘုရား စကားကိုသာ နားထောင်နေတုန်း ရှိပါသေးတယ်။

ဘုန်းကြီး။ ။ ငါ ပြောတာက မင်းတို့ ပြောမဲ့ဟာတွေ မြင်လို့ ဆီးပြီး ဆို့ထားတာကွ။ ကဲ ... ဘာပြောချင်သေးသလဲ။

ဆရာ။ ။ မပြောချင်သေးပါဘူး။ သည်အပွင့်ကိုသာ သိလိုပါတယ် ဘုရား။

ဘုန်းကြီး။ ။ ဒီအပွင့် ဘယ်က ရသလဲ။

ဆရာ။ ။ ဟောဒီ တပည့်မကလေး မရွှေပွင့် ရင်ခွင်ပေါ်သို့ ကျလာပါသတဲ့ ဘုရား။

ဘုန်းကြီး။ ။ ဘယ်မှာ သည်တပည့်မက နေတဲ့အခါ ရသတဲ့လဲ။

ဆရာ။ ။ ညောင်ပင်အောက်တွင် ပုတီးစိပ်နေရာ ရင်ပေါ်သို့ ဖတ်ခနဲ ကျလာပါသတဲ့။ ညောင်ပင်ပေါ်မှာလဲ သည်အပွင့်မျိုး တစ်ပွင့်မျှ မရှိပါဘုရား။

ဘုန်းကြီး။ ။ အင်း ... အင်း ... အစ္ဆရိယ–အဗ္ဘုတ ဆိုတာလို မဖြစ်ဖူးမြဲ အံ့ဖွယ်သရဲ ဖြစ်တာပေ။ ညောင် ဆိုတာ ဘယ်အခါမှ မပွင့်စဖူးဘူး။ မပွင့်စဖူးဘူး ဆိုပေတဲ့ တစ်ခါတလေ တိတ်နိမိတ် ပြလိုတာကြောင့် ပွင့်တတ်သေးရဲ့။ အဲသည်လို ပွင့်တာပင် အစ္ဆရိယ–အဗ္ဘုတ တဲ့။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်တုန်းက ရွှေဘိုနယ် ဝက်လက်ရွာတွင် ဘုရားတစ်ဆူ၏ အနီး၊ ညောင်ပင်ကြီးက အပွင့် ၅ ပွင့် ပွင့်နေတာကို ဘုန်းကြီးတို့ တွေ့ဖူးမြင်ဖူးလို့ ညောင်ပွင့် ဖြစ်တယ်ဆိုတာ ပြောနိုင်သပေါ့။ ယခု ညောင်ပွင့်တစ်ပွင့်တည်း ဒကာမကလေးမိရွှေပွင့်၏ ရင်ခွင်ပေါ်သို့ ကျလာတယ်ဆိုတဲ့ အကြောင်းကိုတော့ ကောင်းတယ်လို့ ဟောရမှာပဲ။ ဘယ်လိုကောင်းသလဲ၊ ဘယ်တော့ ကောင်းမလဲ မေးရန် ရှိသကိုကွ။ အဲသည်တော့ ယခု ၁၂၀၀ ပြည့်နှစ် မဟုတ်လား။ အင်း အင်း ဟု ဆို၍ မှီအုံးတွင် မှီကာ ဦးခေါင်း ခပ်မော့မော့ ထားလျက် လက် ၂ ဖက်ကို ဦးခေါင်းပေါ်တွင် ယှက်၍ မျက်စိမှိတ်ကာ တအောင့်ကြာ စဉ်းစားနေစဉ်တွင်၊ ကျောင်းတိုက်တွင်းရှိ ဘုရားကျောင်းမှ ကျောက်စည် ငါးချက် ထိုးသံ ကြားရလေ၏။ ဤသို့ ကြားပြီးနောက် ဘုန်းတော်ကြီးလည်း အုံးတွင် မှီရာမှ ကိုယ်ကို ဖြောင့်မတ်စွာ ထိုင်လျက် အမိန့်ရှိသည်ကား–

ဒကာ–ဒကာမတို့ မှတ်သားထားကြ။ ဤယခု ကြားရသော ကျောက်စည်သံသည် အလွန် မင်္ဂလာရှိသည်။ ဤအတောအတွင်း ကြားရခြင်းကြောင့် နိမိတ်ကောင်းတစ်ခု ထပ်၍ ဖြစ်ပြန်သည်။ သို့ဖြစ်၍ သည် ဒကာမလေး မိရွှေပွင့်သည် နောင် ၅ နှစ် ကြာလျှင် မဖြစ်ဖူးမြဲ သူတကာထက် ထူးကဲသော အဖြစ်ကောင်းကို ရလိမ့်မည်။ သည့်ပြင်မှတစ်ပါး ငါ မဟော ပြောလိုဘူး။ ငါတို့ ရဟန်းသား ဆိုတာ ဗေဒင်မဟောရဘူး။ သစ်သီးပေး

ခြင်း၊ ပန်းပေးခြင်း၊ ဗေဒင်ဟောခြင်း အမှုတို့ကို မပြုရဘူးလို့ ခမည်းတော် မြတ်စွာဘုရားကြီးက ပညတ်ထားတော်မူတယ်။ ဘုရားစကားကို နား မထောင်လို့ ဗေဒင်ဟောမိလျှင် အလဇ္ဇီ ဖြစ်တတ်တယ်။ အလဇ္ဇီ အဖြစ်ကို ငါ မခံနိုင်ဘူး။ ဒါကြောင့် ငါ မဟောလိုဘူး။ ပြန်ကြတော့၊ ငါ အလုပ် ရှိသေးတယ် ဆိုကာလ၊ ဒကာ ဒကာမများ ရှိခိုးဦးချ၍ ပြန်ကြလေ၏။

ဤဆိုခဲ့သော အခန်းပါ အကြောင်းအရာများသည် လွန်ခဲ့ပြီးသော သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်က ဖြစ်ပွားသော အကြောင်း ဖြစ်သည်။ ထို ဖြစ်ပွားပြီးသော အကြောင်းကို ပြန်၍ ပြခြင်း ဖြစ်လေသည်။

## အခန်း (၁၀)

ဟံသာဝတီမှ အမရပူရ မြို့တော်သို့ ပြန်လည်တော်မူပြီးနောက် ၁၂၀၄ ခုနှစ်အတွင်း တစ်နေ့သ၌ ဟသာတမြို့ ကင်းရွာရပ်တွင် ဘထွေးတော် ဦးမှူး သေဆုံးကြောင်းကို မိဖုရား မမြကလေးထံ လူစေလွှတ် လျှောက်ထား ကြားသိတော်မူလေသော်၊ မမြကလေးမှာ အလွန်တရာ ပူဆွေးဒုက္ခ ပရိဒေဝ သောကကြီးစွာ ဖြစ်ရရှာလေ၏။ တရားနှင့် သိမ်းဆည်း၍ ချုပ်တည်းခြင်းငှာ မတတ်သာအောင် များစွာ ငိုကြွေးရှာတော်မူသည်။ လက်ပါးစေ ရံရွေ အများတို့ ခစား ဝန်းရံ၍ ပူပန်သောက ပျောက်ပလေအောင် ဖျော်ဖြေကြပါသော်လည်း မရ။ ပရိဒေဝဒုက္ခ ဒေါမနဿ ဥပါယာသ တရားတို့ ဖြစ်ပွားလျက်သာ ရှိနေသည်အခိုက် ဘုန်းတော်ကြီးဘုရားသည်လည်း အနောက်နန်းတော်သို့ လည်ပတ် ဝင်ရောက်တော်မူလာရာ၊ မိဖုရား မမြကလေး၏ မျက်နှာ မကြည်လင် မရွှင်မပျ ပရိဒေဝ ဖြစ်ပွား ရှိနေသည်ကို မြင်တော်မူ၍ ...

အို ... နှမတော် မြကလေး၊ ဘယ်အရေး တွေ့ကြုံလို့ ပူပုံပွားတော်မူရသလဲ။ နှမတော်ကို စော်စော်ကားကား ဘယ်သူများက စကားဖြင့် မခံသာအောင် ရန်ရှာနှိပ်စက်ခြင်းများ ပြုသလဲ။ မောင်ဘုရား ရွှေလက်ထက်တော်တွင် နှမတော်ကို ထော်လော်ကန့်လန့် ဆန့်ကျင်ဝံ့သူများ ရှိသေးသလား။ ဘယ်အကြောင်းများကြောင့် နွမ်းပါးကိုယ်ရည် မကြည်မျက်နှာ ရှိသည်တာကို သိသာတော်မူရအောင် သံတော်ဦးတင်စမ်းပါဟု ငိုမျက်နှာဖြင့် ဝပ်လျက် ရှိခိုးနေသော မိဖုရား မမြကလေး၏ လက်ကို ဆွဲယူ၍ သဥ္ဇာလီပေါ်တွင် အတူယှဉ်ကာ ထိုင်တော်မူပြီးလျှင် မမြကလေး၏ ပခုံး

ပေါ်သို့ လက်တော်တင်ကာ ယုယစွာဖြင့် မေးတော်မူလေ၏။ ရံရွေတော်များလည်း ဝပ်တွား ရှိခိုးကာ နောက်သို့ ခပ်ယိုယို့ ဆုတ်ခွာနေလေ၏။

မမြကလေး။ ။ ရောင်ခြည်တစ်ထောင် ဆောင်သော သူရိယာနေမင်း၏ အလင်းရောင်ဖြင့် ဝင်းပြောင်တောက်ပ ပဏ္ဏာရသော ကျောက်မျက်ရတနာကို များစွာ နှစ်သက်၊ စုံမက် မြတ်နိုးကြသကဲ့သို့ ဘုန်းတန်ခိုးကြီးမြတ်တော်မူလသော မောင်တော်ဘုရား၏ ဘုန်းတန်ခိုး အရှိန်ကြောင့် ရွှေအိမ်ရွှေနန်း တိုင်းခန်းပြည်သူ၏ ကြည်ဖြူနှစ်သက်ခြင်းကို ရရှိပါသော နှမတော်ကို ညှိုးရော် ညစ်နွမ်း စိတ်ပင်ပန်းအောင် သရမ်းမျက်သက်မေတ္တာပျက်ကာ ဆန့်ကျင်ဘက် ပြုဝံ့သူ မရှိပေါင်ပါ။ ရတနာပုံထက် ဆုံသည့်ရက်က ခုထက်တိုင်မူ ဖျားဘုန်းတော် ကူသောကြောင့် ပရပက္ခမ၊ သူလုံ့လဖြင့်၊ သောကဘယ်တွင်၊ ကြုံဖူးတယ် ထင်မိဘူး။ မရှင်မလန်း၊ ကိုယ်ရည်နွမ်းလျက်၊ ပင်ပန်းရပုံ ခုတွေ့ကြုံသည်ကို စေ့စုံစကား၊ ရွှေစက်အောက်က မယ် တင်လျှောက်ကြားပါ့မယ်။ ဘုရားတစ်ဆူ၊ တစ်လုံးဝှသို့၊ နှန်းယူမြတ်နိုး၊ မပြတ် ကိုးရသော အမျိုးဥက္ကဋ္ဌ၊ ကုလဇေဋ္ဌကာ၊ ချစ်စွာတသွေး၊ ကျွန့်ဘထွေးသည် ရှေးကုသိုလ်ဟုန် အကျိုးစက် ကုန်ပြီလို့ လူ့ယုံ လွှတ်စေ၊ တင်စကားကို ကြားရလေ၍ သည်းကြွေလုအောင် သောကမီးလောင်တာက ရွှေတောင်ကြီး ပြိုသလို စိတ်ထဲဝယ် ပိုလွန်းလို့ အငိုကို မသိမ်းနိုင်တော့ပါ ဘုရားဟု ငို၍ တင်သည်။

ထိုနောက် ဆက်လက်ပြီးလျှင်– နှမတော်မှာ မွေးသဖခင်ကျေးဇူးရှင် ကွယ်လွန်သည်နောက် သည်ဘထွေး တစ်ယောက်ကိုသာ မွေးသဖခင် အရာ ထား၍ ကိုးစားလျက် နေရပါသည်။ ယခုမှာ သည်ဘထွေး ပစ်စွန့်သွားပြန်သဖြင့် အဘ ဘက်က ကိုးစားရာမမြင် ရှိနေပါသောကြောင့် အလွန်ပင် ပူဆွေးရခြင်း ဖြစ်ပါကြောင်းပါ ဘုရားဟု ထပ်၍ တင်လေသည်။

ဘုရင်။ ။ အင်း … လုဇ္ဇတိ–ပလုဇ္ဇတီတိလောကောတဲ့။ ဖြစ်တတ်ပျက်တတ်သောကြောင့် လောက ခေါ်တယ်။ ဖြစ်လျှင် ပျက်ရမြဲ မွေတာ။ ဘယ်သတ္တဝါ၊ ဘယ်အရာမျှ အဖြစ်အပျက်နှင့် မကင်းကြဘူး။ လောကမှာ လွန်မြောက်၍ နိဗ္ဗာန်ရွှေပြည်ကြီး ရောက်မှသာ ဖြစ်ခြင်း၊ ပျက်ခြင်းနှင့် ကင်းကြပေမည်။ လောကသံသရာမှာ ခန္ဓာမြင့်ရှည် တည်သမျှ ကာလမှာဖြင့် နာနာဘာဝ–ရှင်ကွဲ ကွဲရခြင်း၊ ဝိနာဘာဝ–သေကွဲ ကွဲရခြင်း၊ အညထာ

ဘာ၁၀–ဘာ၀တစ်ပါးခြား၍ ကွဲရခြင်း၊ အဲသည် ဘာ၁၀ သုံးပါးမျိုးနှင့် ကင်းတဲ့သူ မရှိဘူး။ မောင်တော်ဘုရားကို စာနာလျှင် နမတော်ကပင် ရေးရေးသာလိမ့်ဦးမည်။ နမတော်မှာ အသက်အရွယ် အတော်ကြီးမှပင် အဘာနှင့်လည်းကောင်း၊ ဘထွေးနှင့် လည်းကောင်း ကွဲရပေသည်။ မောင်တော်ဘုရားတို့ နောင်ညီမှာ ခမည်းတော် အိမ်ရှေ့မင်းကြီး နတ်ပြည် စံတော်မူစဉ် ကာလက ဘာမှ ကောင်းစွာ မသိတတ်သေးတဲ့ ကလေးအရွယ် အငယ်သား ရှိသည်ကို ထောက်မြော်ပြီး နမတော်၏ အပူကို ဖျောက်ရမယ်။ ဘထွေးတော်ကို တွေးမြော်သနား၊ ကရုဏာ ပွားပါလျှင် ဘုရားကို ဆွမ်းတော်တင်၊ သံဃာတော်ကို ဆွမ်း သင်္ကန်းဖြင့် လှူဒါန်း လုပ်ကျွေး၍ အမျှပေးဝေက ဘထွေးတော် ချမ်းသာရမည် ဆိုတာ နမတော် အသိ ဖြစ်တော့သည်။ သဘောရှိသရွေ့ လှူဒါန်းစေရန် ခွင့်ပြုတော်မူသည်။ ဥပုသ်သီတင်း စောင့်သုံးခြင်းကိုလည်း အလိုရှိတိုင်း ခွင့်ပြုတော်မူမည်။ သည့်ပြင်မှလည်း ဘထွေးတော်၏ ဈာပနကိစ္စကို ၁၁၀၂ ခုနှစ် သိင်္ဂဝန် မင်းလှမင်းကျော်၏ ဈာပနကိစ္စတွင် သင်္ဂြိုဟ်စာတမ်း ရှိသည်အတိုင်း ခမ်းနားပြည့်စုံစွာ သင်္ဂြိုဟ်စေရန် အမိန့်တော်မှတ်မည်။ နမတော် သဘောရှိတိုင်း စီမံပေတော့။ မောင်ဘုရားက ဆိုင်ရာသို့ အမိန့်တော်ပြန်လိုက်မည်ဟု ချော့မော့ နှစ်သိမ့်စေ၍၊ ဘုရင်မင်းမြတ်သည် အနောက်နန်းတော်ဆောင်မှ ထွက်တော်မူလာ၍ ဆိုခဲ့သည့်အတိုင်း အမိန့်တော် ထုတ်ပြန်လေသည်။

မိဖုရား မမြကလေးသည်လည်း ဈာပနကိစ္စအတွက် အခမ်းအနားများကို စီရင်၍ ဟင်္သာတမြို့သို့ ပို့စေသည်။ ၎င်းပြင်လည်း ၇ ရက်ပတ်လုံး သံဃာတော်တို့အား ဆွမ်း သင်္ကန်းဖြင့် လှူဒါန်းပူဇော်၍ ဥပုသ် ၇ ရက် စောင့်သုံးပြီးလျှင် အမျှအတန်း ဝေလေသည်။

ဘထွေးတော်၏ ဈာပနကိစ္စကို ကြီးကြပ် ဆောင်ရွက်ရန် ညီမဖြစ်သူ ရန်ကုန်မင်းကြီးကတော် မလေးဖြူကို အမှူးထား၍ နေပြည်တော်မှ ဟင်္သာတမြို့သို့ စေလွှတ်တော်မူသည်။

မင်းကြီးကတော် မလေးဖြူသည် မိဖုရား မမြကလေးထံမှ ဈာပနကိစ္စအတွက် အခမ်းအနား အဆောင်အယောင်တို့ကို ယူ၍ ဟင်္သာတမြို့သို့ စုန်ဆင်းလာပြီးလျှင် ဘထွေးတော်၏ မသာ အခမ်းအနားများကို ကြီးကျယ်စွာ ဆင်ယင် ခင်းကျင်းလေသည်။ ဟင်္သာတမြို့နယ်နှင့်တကွ အဝေးအနီး

မြို့ရွာဒေသတို့မှ ထိုကဲ့သို့ ကြီးကျယ်စွာ ခင်းကျင်းစီမံသော မသာတော်ကို မမြင် မတွေ့ဖူးကြသဖြင့် ညဥ့်အိပ်ညဥ့်နေ လာရောက် ကြည့်ရှုကြသူများပြား၍ အလွန် စည်ကားလေသည်။

နေပြည်တော်မှ မှူးမတ် အရာထမ်း အမှုထမ်းတို့သည်လည်း မိဖုရားမမြကလေး၏ မျက်နှာ ကြီးသည်ဖြစ်၍ ထိုဘထွေးတော် မသာသို့ စုဝေးလာရောက်ကြလေသည်။ သို့သော်လည်း မင်းကြီးကတော် မလေးဖြူသည် မြန်မာဘုရင်မင်းမြတ်တို့၏ နည်းလမ်းဥပဒေတော်အရ အဝေးဝန်၏ မယားကြီး ဖြစ်သည်နှင့် နေပြည်တော်မှာ အမြဲ နေထိုင်ရသည်။ မိမိ၏ ခင်ပွန်းရှိရာ ရန်ကုန်မြို့သို့ လိုက်၍ နေထိုင်ခြင်းမပြုရ ဖြစ်၍၊ ယခု မသာကိစ္စနှင့် အောက်အရပ်သို့ စုန်ဆင်းလာရသည့်အခါ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုဘိသကဲ့သို့ မိမိ၏ခင်ပွန်း အုပ်စိုးသော ရန်ကုန်မြို့သို့လည်း သွားရောက်လိုသည်နှင့် နေပြည်တော်မှ လာကြသော မှူးမတ် အရာရှိတို့ ဆိုက်ရောက်အောင် စောင့်ဆိုင်းငံ့လင့်ခြင်း မပြုဘဲ၊ ဘထွေးတော်၏ မသာကိစ္စကို အပြီး ဆောင်ရွက်လေသဖြင့် ထို လာရောက်ကြသော မှူးမတ်အရာရှိတို့သည် မသာကို မမီလိုက်ကြဘဲ နောက်ကျလျက် ရှိနေသောကြောင့် ဟံသာတမြို့၏ တစ်ဖက် ပြန့်ပြူးသာယာလှသော သဲသောင်ခုံတွင် တဲမဏ္ဍပ်ထိုး၍ ၃ ရက်ခန့် ပျော်ပါးစွာ စားသောက် နေထိုင်ကြပြီးမှ နေပြည်တော်သို့ ပြန်သွားကြရလေသတည်း။

## အခန်း (၁၁)

၁၂၀၄ ခုနှစ်၊ တပို့တွဲလအတွင်း အမရပူရ ရွှေမြို့တော် မြောက်မျက်နှာ၊ စန္ဒာမုနိဘုရား စေတီတော်တွင် ဆွဲလှူရန် ရွှေဆည်းလည်း၊ ငွေဆည်းလည်း၊ ကြေးဆည်းလည်းများနှင့် ငွေသား သပိတ်တော်များကို မိဖုရား မမြကလေး က သွန်းလုပ်စေပြီးလျှင် ၎င်းဝတ္ထုများကို ဘုရင်မင်းမြတ်နှင့်တကွ မိဖုရား ခေါင်ကြီး အရှင် ၂ ပါးတို့အား ကုသိုလ်တော်ပွား ဆက်သ၍၊ မှန်နန်းတော် တွင် ဆရာတော် သံဃာတော်များကို ပင့်၍ မမြကလေးနှင့် အတူတကွ ရေစက်သွန်းချ လှူဒါန်းတော်မူသည်။

အမရပူရ ရွှေမြို့တော် အရှေ့မျက်နှာ၊ ဓောင်းကလောကန်ဦးတွင် ဘုရင်မင်းမြတ်သည် ကုသိုလ်တော် စေတီကြီးတစ်ဆူ တည်တော်မူသည်။ ၎င်းစေတီကြီး၏ မဟာရံအတွင်း အရှေ့တောင်ထောင့်မှာ မိဖုရားခေါင်ကြီး က စေတီရံ တစ်ဆူ၊ အရှေ့မြောက်ထောင့်မှာ သမီးတော် သီရိပဝရ တိလောကရတနာမင်္ဂလာဒေဝီက စေတီရံတစ်ဆူ၊ အနောက်မြောက်ထောင့် မှာ အနောက်နန်းမတော် မိဖုရား သီရိမဟာသုရတနာစန္ဒာဒေဝီ (မမြကလေး) က စေတီရံ တစ်ဆူ၊ အနောက်တောင်ထောင့်မှာ ဗန်းမော်မြို့စား မိဖုရား သီရိအတုလမဟာ ရတနာဒေဝီက စေတီရံ တစ်ဆူ၊ ပေါင်း စေတီရံ ၄ ဆူ တို့ကို ဘုရင်မင်းမြတ် အမိန့်တော်နှင့် တည်ထား ကိုးကွယ်ကြရသည်။

ထိုစေတီများတွင် ဌာပနာသွင်းဖို့ရာ မွေတော် ဓာတ်တော် ရုပ်ပွား တော်များကို ၁၂၀၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့တွင် အခမ်းအနား ကြီးစွာနှင့် ပို့ရသည်။

ဘုရင်မင်းမြတ်သည် ၁၂၀၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက် ၂ လာနေ့၊ နေ့ ၂ ချက်တီးကျော်အချိန် အမြောက်သံကြား အခါတော်နှင့်

ကုသိုလ်တော် စေတီကို စက်ယန္တရား ကြီးကျယ်စွာ ဆင်တော်မူ၍ ရွှေထီး အထွတ် တင်တော်မူသည်။ ထိုစေတီတော်ကြီးကို "လောကမဏိစူဠာ" ရွှေဘွဲ့ တင်မှတ်တော်မူ၍၊ ချရားသီးကသည် ဖိနပ်ရင်း မြေသို့ တိုင်အောင် ရွှေမွမ်းမံ ချလှူတော်မူသည်။

ထိုမှတစ်ပါး မိဖုရားခေါင်ကြီး၏ ကောင်းမှုတော် စေတီရံကို "မဟာ တိလောက" ဟူ၍ လည်းကောင်း၊ သမီးတော် ကောင်းမှု စေတီရံကို "လောက ပရမေ" ဟူ၍ လည်းကောင်း၊ အနောက်နန်းမတော် မိဖုရား မမြကလေး ကောင်းမှု စေတီရံကို "ရတနာလောက" ဟူ၍ လည်းကောင်း၊ ဗန်းမော် မိဖုရား ကောင်းမှု စေတီရံကို "သုံးလူ့ထိပ်ပန်း" ဟူ၍ လည်းကောင်း အသီးသီး ကမ္ပည်းသတ်မှတ်၊ ရွှေဘွဲ့မြတ် လှူတော်မူပြီးလျှင် ထို တပို့တွဲ လဆန်း ၁၅ ရက်နေ့တွင် ဘုရား အမှူးရှိသော ဆရာတော် သံဃာတော် (၁၀၈) ပါးတို့အား အဖိုးများစွာ ထိုက်တန်သော သင်္ကန်း သပိတ် ပရိက္ခရာ ကမ္ဗလာ စသည့် သီးမျိုးစုံ ပဒေသာပင်ရေ တစ်ရာ့ကိုးပင်တို့ဖြင့် ဘုရား သာဓုခေါ် ရေစက်သွန်းချ လှူဒါန်းတော်မူသည်။

မမြကလေး၏ ကုသိုလ်တော်များသည်ကား။ ။ ၁ ဟသံ်ာတမြို့ မယ်တော်ဘုရားကြီး၊ ၂-၃-၄ ရေကင်းမြို့ လောကဓေယာ၊ လောက မှန်ကူ၊ လောကဉသျှောင် စေတီ ၃ ဆူ၊ ၅ ရွှေတိဂုံဘုရားကြီး အနောက် စောင်းတန်း တန်ဆောင်း၊ ၆ ဈောင်းကလောကန်ဦးရှိ ရတနာလောက စေတီရံ၊ ၇ မင်းအိုကျောင်းရှေ့ အုတ်ကျောင်းနှင့်၊ ၈ တက်သေးကုသိန္နာရုံ ဘုရား။ ဤ ထာဝရ ကုသိုလ်တော်များအပြင် အခြား ဇင်္ဂမ ကုသိုလ်များ လည်း အများပင် ရှိလေသည်။

## အခန်း (၁၂)

၁၂၀၅ ခုနှစ် အတွင်း တစ်နေ့သ၌ ဘုရင်မင်းမြတ်သည် ဥက္ကလာပသို့ စုန်ဆင်းတော်မူစဉ်အခါက လမ်းခရီး၌ တွေ့ကြုံခဲ့သည်များကို စဉ်းစား အောက်မေ့တော်မူမိသည် တစ်ကြောင်း၊ သမီးတော် သီရိပဝရတိလောက ရတနာ မင်္ဂလာဒေဝီ၏ ဟောပြောချက် ရှိဖူးသည်ကို သတိရသည် တစ် ကြောင်း၊ ထိုအကြောင်းများကြောင့် အလိုတော်ရှိသည်နှင့် မိဖုရား မမြကလေး အား ထိုအကြောင်းနှင့် စပ်လျဉ်းသည်များကို တိုင်ပင်ဆွေးနွေး မေးမြန်း တော်မူ၍ အတွင်းဝန် ၂ ပါး၊ ပုဏ္ဏားတော် ၂ ယောက်၊ ထိုနောက် အရာရှိ ကြီးငယ် ၅ ဦး တို့ကို ရေကင်းမြို့သို့ လှေတော်များနှင့် စေလွှတ်တော် မူသည်။ အသွားအပြန် တစ်လနှင့် ပြန်၍ ရောက်စေရမည် အမိန့်တော် ရှိသဖြင့် အထက်ပါ အရာရှိများသည် အောက်ပါ သံချပ် သီချင်းများကို လှေတော်သားများ သီဆိုပြီး လှေခတ်စေ၍ ရေကင်းမြို့သို့ စုန်ဆင်းလာခဲ့ ကြသည်။

**သီချင်း။** ။ *ဘုရားသုံးဆူ၊ ထုံးဖြူနှင့်ဖွေး၊ ရွှေဝှတော် တယ်စက၊ ငယ်လှတယ်လေး။*

ရေကင်းမြို့သို့ နံနက်စောစော ဆိုက်သောအခါ အရာရှိများနှင့် ပုဏ္ဏားတော်တို့သည် ကိုသိုင်း–မနု အိမ်သို့ တက်သွားကြလေ၏။ ကိုသိုင်း –မနု တို့လည်း နေပြည်တော်က ဝန်များ ဖြစ်ကြောင်းကို သိရှိကြ၍ ကောင်း မွန် ရိုသေစွာ ဧည့်ခံကြလေသည်။

ဝန်မင်းများက အနောက်နန်းမတော် အရှင်မိဖုရားကို ကျန်းခဲ့သာ၍ မာတော်မူကြောင်း၊ ဘုန်းတော်ကြီးဘုရားလည်း အရှင်မိဖုရားကို အလွန် လေးမြတ်တော်မူကြောင်း စသော ပဋိသန္ဓာရ စကားများကို ဝမ်းမြောက် ဝမ်းသာ ပြောဆိုကြပြီးလျှင် ဝန်မင်းများက ကိုသိုင်းအား တီးတိုးစကား

မေးမြန်းသည်အခါ ကိုသိုင်းကလည်း အကြောင်းအရာကို တီးတိုး ပြန်ကြား ပြီးနောက် မိဖုရား မမြကလေးက ပေးလိုက်သော စာကို ဝန်မင်းများက ကိုသိုင်းအား ပြလေသည်။

ကိုသိုင်းသည်လည်း စာကို ဖတ်ရှုပြီးလျှင် သမီး မရွှေပွင့်အား ဆေးလိပ် ယူခဲ့စေရန် ခေါ်သည်ကာလ၊ မရွှေပွင့်သည် အိမ်ခန်းတွင်းမှ ဆေးလိပ်များကို ငွေဖလားနှင့် ထည့်ကာ ယူ၍လာပြီးလျှင် ဝန်မင်းများ ရှေ့တွင် ရိုသေစွာ တည်ထားလေသည်။

ထို့နောက် အမိ မနုက သမီး မရွှေပွင့်ကို ခေါ်၍ မိမိ၏ရင်ခွင်တွင် ထိုင်စေပြီးလျှင် ဦးခေါင်းကလေးနှင့် လက်ကလေးများကို သုံးသပ်ခြင်း၊ ကိုင်တွယ်ခြင်း ပြုကာ သင့်လျော်သော စကားများကို ဝန်မင်းများအား လည်းကောင်း၊ ကိုသိုင်းအား လည်းကောင်း၊ သမီးအား လည်းကောင်း ဖန်တီးပြောဆိုနေရင်း၊ သမီး၏ လက်ဝါး ၂ ဖက်ကို ကိုင်၍ ညွှဲသည်များ မြင်လောက်အောင် အမှတ်မဲ့အားဖြင့် ပြလေ၏။ ဝန်မင်းများနှင့် ပုဏ္ဏား တော်တို့လည်း အခြား သင့်လျော်သော စကားများကို ဖန်တီးပြောဆိုရင်း အမှတ်မဲ့ ကြည့်ရှုကြလေသည်။

ထိုသို့သောကိစ္စ ပြီးစီးသည်နောက် ညွှဲသည် ဝန်မင်းများအား နံနက်စာ ထမင်းများကို ကောင်းမွန်စွာ ကျွေးမွေးစေသည်။ တည်းခိုရန် နေအိမ်ကြီး တစ်အိမ်ကိုလည်း ရှင်းလင်း သုတ်သင်၍ နေရာချထားလေ သည်။

နေ့လယ်အခါသို့ ရောက်သောကာလ၊ ဝန်မင်းများနှင့် ပုဏ္ဏားတော် တို့သည် မရွှေပွင့်၏ မိန်းမမြတ်တို့ လက္ခဏာ၊ ကြန်အင်္ဂါကို လွန်စွာ သဘောကျကြောင်း၊ မရွှေပွင့်ကို ဘုရင်မင်းမြတ်သည် ဥက္ကလာပသို့ စုန် ဆင်းတော်မူစဉ် ရေကင်းမြို့ ရောက်၍ မိဖုရား မမြကလေး၏ ကုသိုလ် တော် ဘုရား သုံးဆူ တည်ထားရာကို ကြည့်ရှုတော်မူရင်း မြင်ရသည်အခါက စ၍ ရွှေနှလုံးတော် တွေ့ရှိကြောင်းများကို ကိုသိုင်း–မနု တို့အား ပြောကြား ပြီးလျှင် ယခု ကောက်ယူတော်မူရန် စေလွှတ်တော်မူ၍ လာရကြောင်းကို ပြောပြလေ၏။

ကိုသိုင်းကလည်း ဝန်မင်းများ ရောက်လာသည် ဆိုကတည်းကပင် ဤအကြောင်းကြောင့် လာသည်ဟု ရိပ်မိသိရှိသည်အပြင် အရှင်မိဖုရား၏ အတွင်းပါသော စကားအရ သိရပြီးဖြစ်ကြောင်း ပြန်ပြောလေ၏။

**မှတ်ရန်**။ (ဘုရင်မင်းမြတ် စေခိုင်းတော်မူစဉ်က ကိုသိုင်း–မနတို့၏ သမီး မရွှေပွင့်နှင့် မစံပယ် ၂ ယောက်စလုံး ကောက်ယူရန် အမိန့်တော် ပါရှိသော်လည်း သမီးငယ် မစံပယ်မှာ လွန်ခဲ့သော တစ်နှစ်လောက်ကပင် သေဆုံးလေ၏။ မရွှေပွင့် တစ်ယောက်တည်းကိုသာ ကောက်ယူရလေ သည်။ သေဆုံးသူ မစံပယ်သည် မရွှေပွင့်ထက် သာ၍ အဆင်းအင်္ဂါ ပြည့်စုံ လေသည်။ ထိုအခါ မရွှေပွင့်သည် ၁၆ နှစ်ခန့် အရွယ်သာ ရှိသေးသည်။)

ကိုသိုင်း–မန တို့သည်လည်း ဘုရင်မင်းမြတ် အမိန့်တော် ဖြစ် သည် တစ်ကြောင်း၊ မိဖုရား မမြကလေးနှင့်လည်း ဆွေမျိုးရင်းချာ တော် စပ်၍၊ ထိုမိဖုရားကို အားကိုးအားထားပြု၍ နေရသည် တစ်ကြောင်းကြောင့် ငြင်းပယ်ခွင့် မရဘဲ အခြား ဆွေမျိုးများနှင့် တိုင်ပင် ဆွေးနွေးပြီးလျှင် သမီး မရွှေပွင့်ကို ဆက်သရလေသည်။ လာရောက်ကြသော အရာရှိများ သည် ရေကင်းမြို့တွင် ၇ ရက်ခန့်မျှ နေထိုင်ကြ၍ မရွှေပွင့်ကို လှေတော် နှင့် တင်ဆောင်ပြီးလျှင် အမရပူရ မြို့တော်သို့ ဆန်တက်ကြလေသည်။ အမိ အဘ ဖြစ်သူ ကိုသိုင်းနှင့် မန တို့သည်လည်း သမီးနှင့်အတူ ရွှေ မြို့တော်သို့ လိုက်ပါကြလေ၏။

ရွှေမြို့တော်သို့ ဆိုက်ရောက်ကာလ၊ မြို့ပြင်တွင် အိမ်ကြီးတစ်အိမ် မှာ မရွှေပွင့်နှင့် အမိ အဘ နောက်ပါ အခြံအရံများကို ထားခဲ့၍၊ ထိုသို့ ဆိုက်ရောက်ကြောင်းကို သံတော်ဦးတင်ရာ၊ မိဖုရား မမြကလေး ကိုယ် တိုင် အမိန့်တော်မြတ်နှင့် ကြိုဆို ခေါ်ယူတော်မူပြီးလျှင် အတွင်းတော်သို့ သွင်းရလေသည်။

ထိုအခါ ညောင်ရမ်းမိဖုရားဟောင်းသည် အမှု ဖြစ်၍ မိဖုရားအရာမှ ထုတ်နုတ်ခြင်း ခံရသဖြင့် ၎င်း ညောင်ရမ်းမိဖုရားဟောင်း အဆောင် လစ် လပ် ရှိနေသည်အခိုက်တွင် မရွှေပွင့်ကို ၎င်းအဆောင်မှာထား၍ မိဖုရား မြှောက်လေသည်။ ထို့ကြောင့် မရွှေပွင့်ကို "ညောင်ရမ်းမိဖုရား" ဟု ခေါ်တွင် လေသည်။ (ဘွဲ့အမည် ရရှိသော်လည်း ထိုဘွဲ့အမည်ကို ယခုအခါ စုံစမ်း မေးမြန်း၍ မရသဖြင့် မထည့်ရပါ။)

အဘ ကိုသိုင်းကိုလည်း ဘုရင်မင်းမြတ်က နားခံတော်အရာ ထား၍ ချီးမြှောက်တော်မူသဖြင့် ရွှေမြို့တော်မှာပင် နေထိုင်ရလေသည်။

## အခန်း (၁၃)

ကျွန်တော်။ ။ အဲဒီ ညောင်ရမ်းမိဖုရား မရွှေပွင့်၏ သမီး မမဖုံး ဆိုတာကို ကျွန်တော်နှင့် မောင်နှမ တော်လို့ သိပါရဲ့။ သည် မမဖုံးဟာ ညောင်ရမ်းမိဖုရား မရွှေပွင့်၏သမီး ဆိုတော့ ရှင်ဘုရင်နှင့်ရတဲ့ သမီးလား၊ သို့မဟုတ် ဆင်းရဲသားနှင့် ရတဲ့ သမီးလား ဆိုတာ သိချင်ပါတယ်။ အမိန့်ရှိစမ်းပါ ခင်ဗျာ။

အဘွားကြီး။ ။ သည်လို မောင်ရဲ့၊ ပုဂံမင်း လက်ထက်ကျတော့ ညောင်ရမ်းမိဖုရား မရွှေပွင့်ရဲ့အဘ၊ နားခံတော်မင်း ဦးသိုင်းက ပုဂံ ရှင်ဘုရင်ထံ အသနားတော်ခံ သံတော်ဦးတင်ပြီး အောက်ပြည်အောက်ရွာ နေရင်း၌ာနသို့ ပြန်ပါရမည့်အကြောင်း အခွင့်တောင်းတော့၊ ပုဂံ ရှင်ဘုရင်က မရွှေပွင့်ကို မိဖုရား အဆောင်အယောင်များ ပြန်အပ်စေပြီးလျှင် အသက်ချမ်းသာစွာ နေရင်းအရပ်သို့ ပြန်စေ အမိန့်တော်ကျလို့ အောက်မြို့ကျေးရွာသို့ စုန်ဆင်းလာပြီး ဇာတိ ဖြစ်တဲ့ ရေကင်းမြို့မှာ နေတယ်။ နောက် များမကြာမီ အောက်မြန်မာပြည်ကို အင်္ဂလိပ်မင်း ပိုင်တော်မူတော့ ရေကင်းမြို့မှ ဟင်္သာတမြို့သို့ မိဘများနှင့်အတူ ပြောင်းရွှေ့ နေထိုင်ကြတယ်။ အဲသည် အခါမှာ မရွှေပွင့်သည် "မောင်ဘိုးတွေ" ဆိုသူနှင့် အကြောင်းသင့်မြတ်ကြလို့ မောင့်အစ်မ တော်တဲ့ မမဖုံးကို မြင်တာကလား မောင်ရဲ့။

ကျွန်တော်။ ။ ဒါဖြင့်ဗျာ၊ သည် ဦးဘိုးတွေ ဆိုတဲ့လူဟာ ဘယ့်နှယ် လူစားမို့ မိဖုရား ဖြစ်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်က အိမ်ထောင်ဖက် ပြုရတာလဲ၊ ကျေနပ်စရာ မရှိပါဘူး။

အဘွား။ ။ ဩော် ဒါကို သိချင်သလား။ သည် မောင်ဘိုးတွေ ဆိုတဲ့ သူဟာ သာမည မဟုတ်ဘူး မောင်ရဲ့။ ဟို ရှေးဘေားလောင်းတော်

ဘိုးလောင်းတော် မင်းအဆက်ဆက်က ဆင်းသက်၍ လာခဲ့တဲ့ ရွှေတိုက်စာရင်းဝင် မြန်အောင်မြို့သူကြီး ရိုးရာ ဖြစ်လေသည်။ သူ၏ (ဘီ)က ဦးသိန်းမိုးတဲ့၊ (ဘေး)က ဦးဘားတဲ့၊ (ဘိုး)က ဦးစံရာတဲ့၊ (အဘ)က ဦးမှုံတဲ့။ မြန်အောင် မြို့သူကြီး အဆက်ဆက်တွေပေါ့။ ဦးမှုံ၏ နှမကတော့ မရွှေဥတဲ့။ ပန်းတောင်းမြို့သူကြီး ဦးဘိုး သမီး မမင်း၈၊ မမင်းမိ (သို့ မဟုတ်) မယ်ထုံ၊ သား မောင်ကလေး ဟူ၍ သားသမီး သုံးယောက်ရှိတဲ့အနက်၊ ၎င်း ဦးဘိုး သမီးကြီး မမင်း၈ ဆိုသူနှင့် မြန်အောင်မြို့သူကြီး ဦးစံရာ၏သား ဦးမှုံ ထိမ်းမြားကာလ၊ သား မောင်ဘိုးတွေ၊ သမီး ရွှေမြို့၊ မသက်တို့ကို မြင်လေသည်။ ဦးဘိုး သမီးငယ် မမင်းမိ ခေါ် မယ်ထုံနှင့် ပြည်မြို့သူကြီး မောင်ကတိုး၏ သား မောင်ပြည်မောင်တို့ ထိမ်းမြားရာမှ သား ပန်းတောင်းမြို့အုပ် မင်းမောင်စော၊ သမီး မြို့အုပ်ကတော် မဖို့၊ သား စစ်ကဲ မောင်စောနန်း၊ မောင်လှဖူး၊ သမီး မလေး တို့ကို မြင်သည်။ ဦးမှုံ နှမ မရွှေဥကို တရုတ်မျှော် မြို့သူကြီး မောင်မြတ်ပိုး ခေါ် မောင်ဖြူနှင့် ထိမ်းမြားရာ၊ သား စစ်ကဲကြီး ဦးကျော်ဇံလှ၊ လေးတိုက်အုပ် မောင်သာခွန်းအောင်၊ သမီး တိုက်စာရေးကတော် မနှစ်၊ သား စစ်ကဲ မောင်မှဲ့၊ သမီး ပန်းတောင်းမြို့အုပ်ကတော် မသစ် တို့ကို မြင်သည်။

မောင်ဘိုးတွေသည် အရွယ်သို့ ရောက်ကာလ၊ သာယာဝတီ ကုန်းဘောင်မင်း ရွှေလက်ထက်တော်တွင် လှိုင်အိမ်တော်၌ အမှုထမ်းနေရာ၊ လှိုင်မင်းသား နတ်ရွာစံလွန်ကာလ ပုဂံမင်းသား အိမ်တော်သို့ ပြောင်း၍ ထိုအိမ်တော်တွင် မြန်အောင်မြို့သူကြီး မြို့ခံ အလုပ်မှုနှင့် အမှုတော် ထမ်းရွက်နေရလေသည်။

ပုဂံမင်း အထွတ်အမြတ်သို့ ရောက်သောအခါ၊ မင်းတင်မင်းလှ ဇေတပို ဘွဲ့တံဆိပ် ခံလျက် မြန်အောင်မြို့ ရိုးရာမြို့သူကြီး ရာထူးကို သနားတော်မြတ်ခံရပြီးလျှင် အပါးတော်တွင် မြို့ခံအလုပ်နှင့် ထမ်းရွက်ရလေသည်။

ထိုအခါ မချို ဆိုသူနှင့် မောင်းဘိုးတွေ သင့်မြတ်ကြရာ၊ သမီး မခင်ကြီးကို မြင်သည်။ သမီး မခင်ကြီးကို ရရှိပြီးနောက် မောင်ဘိုးတွေနှင့် မချို မသင့်မတင့် ကွဲကွာလေသည်။ ၎င်း မချိုသည် မင်းတုန်းမင်းတရားကြီး လက်ထက်တော်ကျကာလ၊ မင်္ဂလာ အိမ်တော်ပါ ပဉ္စာလ ငါး

မြို့ဝန်၊ ကျုံးဝန် ဖြစ်သူ ဦးကျော်ထွန်းနှင့် သင့်မြတ်၍ ၎င်းမချိုကို ပဉ္စာလ မြို့ဝန်ကတော်ဟု ခေါ်တွင်သည်။ ဦးဘိုးတွေနှင့် မချိုမှ မြင်သော သမီး မခင်ကြီးသည် သီပေါဘုရင် ရွှေလက်ထက်တော်ဝယ် ဆင်ဖြူကျွန်း ပဲ့နင်း ဖြစ်သူ (မောင်) ၏ ဘကြီး မောင်ဘိုးမောင်နှင့် သင့်မြတ်ကြရာ၊ (မောင်) ၏ နှမတော်သူ သမီး မညွန့်ကို မြင်တယ် မဟုတ်လား။

ပုဂံမင်းနှင့် မင်းတုန်းမင်း အရေးတော် ဖြစ်ကာလ၊ မောင်ဘိုးတွေ သည် မြန်အောင်မြို့သို့ စုန်ဆင်းလာလေသည်။ ထိုအခါ အင်္ဂလိပ်မင်း လည်း ဒုတိယအကြိမ် မြန်မာမင်းနှင့် စစ်ဖြစ်၍ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်တော်မူပြီးစ အခါတွင် လေးမြို့ဝန် ခေါ် အင်္ဂလိပ်အရာရှိတစ်ဦး နှင့် မောင်ဘိုးတွေသည် ပြည်မြို့တွင် တွေ့ကြုံ၍ ၎င်းအရာရှိထံ မောင် ဘိုးတွေက မိမိ အမျိုးအမည် ရိုးရာ အကြောင်းများကို ဖော်ပြ လျှောက် ထား ကာလ၊ ဟင်္သာတနယ် အုတ်ဖိုမြို့ (ယခု အင်္ဂပူဟု ခေါ်သည်) တွင် မြို့အုပ်အလုပ်နှင့် ခန့်ထား၍ လုပ်ကိုင်နေရသည်။

၎င်းအတွင်း အထက်က ဖော်ပြခဲ့သော ညောင်ရမ်းမိဖုရား မရွှေပွင့် နှင့် ပုသိမ်ဝန်မင်း မောင်လှကြီး၏ တူမ မယ်မှုတ်တို့ ၂ ယောက်ကို အုတ်ဖို မြို့အုပ် မောင်ဘိုးတွေနှင့် ဟင်္သာတမြို့တွင် ထိမ်းမြား လက်ထပ်လေ သည်။ မရွှေပွင့်မှ သမီး မမဖုံးကို မြင်သည်။

မင်းကတော်ကြီး ခေါ် မယ်မှုတ်မှ သား မောင်ဘိုးသာ (၎င်းကို ယခု နောင်ကြီး ခေါ်သည်)၊ သမီး မရွှေမြစ်၊ သား အင်စပိတ်တော်ပင်စင်ရ မောင်ဘိုးကာ၊ သမီး အင်စပိတ်ကတော် မမြကြီး၊ သား ယဓမျိုး အင်စပိတ် တော် မောင်ဘကြီး၊ သမီး မြို့အုပ်ကတော် မသက်စု တို့ကို မြင်သည်။

အဲသည် ဆိုခဲ့တဲ့ အကြောင်းဟာ ညောင်ရမ်းမိဖုရား မရွှေပွင့်နှင့် အကြောင်းသင့်မြတ်တဲ့ ဦးဘိုးတွေ အကြောင်းပါပဲ မောင်ရယ်။

ကျွန်တော်။ ။ သည်လို မျိုးရိုးနှင့်တကွ နှလုံးရည် လက်ရုံးရည်နှင့် ပြည့်စုံတာကြောင့် သင့်မြတ်တယ် ဆိုရင်ဖြင့်လဲ အပြစ်တင်ဖို့ မရှိပေဘူး။ ကျေနပ်ပါပေါ့ ခင်ဗျား။

အဘွား။ ။ အမျိုးအရိုး ဆိုတာ တယ်လို့ လိုက်တာကလား မောင် ရယ်။ မျိုးရိုးသန့်လာတဲ့ သူဟာ နှလုံးရည် လက်ရုံးရည်နှင့် ပြည့်စုံ၍ တိမ်ကော ပပျောက်နိုင်မယ် မဟုတ်လား။ ဘယ်လိုပင် ဆင်းရဲလို့ ဆွေမျိုး

များနှင့် ကွဲကွာပြီး တခြားမှာ တိမ်မြုပ်နေအုံးတော့၊ တစ်ခါတစ်ခါတော့ ပေါ်လာ ထွန်းကားမှာပဲ။ ကုသိုလ်ကံ ပစ်ချကတည်းက မျိုးကောင်းရိုးကောင်းမှာ ပစ်ချတာကို။ ချောင်းရိုးမြောင်းရိုးသာ တိမ်ကောတတ်တယ်၊ လူမျိုးရိုး မတိမ်ကောနိုင်ဘူး ဆိုတာ စကားအသုံးအနှုန်း အရှိသားကလား မောင်ရဲ့။

## အခန်း (၁၄)

အဘွားပြောခဲ့တဲ့ အထက်ပါ စကားများကို ထောက်ထား ကြည့်ရှုစမ်းပါလား။ မြကလေးကို ဘုန်းတော်ကြီးဘုရားက ဘယ်လောက်များ မြတ်နိုးတော် မူတယ် ဆိုတာ သိပါလိမ့်မယ်။ ဟသံာတမြို့နှင့် စပ်လျက် တောင်ဘက်က လယ်တော်ရွာ ဆိုတာ ရှိတယ် မောင်ရဲ့။ သည်က တစ်မိုင်လောက်သာ ဝေးတယ်။ အဲဒီ လယ်တော်ရွာဟာ ဘာကြောင့် လယ်တော်ရွာလို့ ခေါ်တွင်တာကို သိရဲ့လား။ မမြကလေး မယ်တော် မယ်အိကို ၎င်းရွာမှ ထွက်တဲ့ စပါးများ စားစေရန် အမိန့်တော် ရသောကြောင့် သည်ရွာကို လယ်တော်ရွာလို့ ခေါ်တွင်တယ်။ ရှင်ဘုရင် ယောက္ခမ စားတဲ့ လယ်မို့ လယ်တော် ခေါ်ရသပေါ့ မောင်ရယ်။ သမီး ဘုန်းကြီးတော့ မအေပါ ဘုန်းကြီးတာပေါ့။ မမြကလေးကို အခြား မိဖုရားများထက် ပို၍ မြတ်နိုး သဒ္ဓါတော်မူတဲ့ အကြောင်း မထင်ရှားဘူးလား။ မိဖုရားခေါင်ကြီးက လွှဲလျှင် အခြား မိဖုရားများထက် တိုး၍ မမြကလေးကို အခွင့်အရေး ပေးတော်မူတယ်။ မတော်လှလို့သာ မိဖုရားကြီးထက် အသာ မပေးတာကလား။ မမြကလေးကလဲ ဘုရင်မင်းမြတ်၏ အလိုတော်၊ မိဖုရားကြီး၏ အလိုတော်များကို သိတတ်သူ ဖြစ်၍ အလိုတော်ကျ တင်လျှောက်ခြင်း၊ ဆောင်ရွက်ခြင်း၊ ကျင့်မူခြင်းများကို ပြုတတ်သည်အလျောက် သို့ကလောက် အခွင့်အရေး ပေးခြင်း ဖြစ်သည်။ ရွှေနှလုံးတော် မကြည်မသာ ရှိသည်အခါ ဘောလယ်၊ ပတ်ပျိုး စသော သီချင်းများကို အဓိပ္ပာယ်ပါပါ၊ အသွားအလာ ယဉ်ယဉ်ကျေးကျေး၊ နွဲ့နွဲ့ပျောင်းပျောင်း စီကုံးရေးသား၍ အတီးအမှုတ်နှင့်တကွ ရွှေနားတော်သွင်းစေသည်။ မိမိ ကိုယ်တိုင်လဲ တစ်ခါတစ်ရံ သီဆို ဖြေဖျော်လေသည်။ ထိုကဲ့သို့ ချစ်ခင်နှစ်သက်ဖွယ်ရာကို

များစွာ ပြုတတ်ခြင်းကြောင့် ဘုရင်မင်းမြတ်သည် အနောက်နန်းမိဖုရား အဆောင်တော်တွင် သာ၍ စံပျော်တော်မူခြင်း များလေသည်။

ကိုင်း မောင်ရေ့၊ မမြကလေး၏ မိဖုရားဖြစ်ပုံနှင့် ဘုန်းတန်ခိုး ကြီးကြောင်း၊ ဘုရင်မင်းမြတ် အရေးတယူ ပြုတော်မူကြောင်းကို အဘွား သိသမျှ ပြောပြရလျှင် ဆုံးတော့မယ် မဟုတ်ဘူး။ သမ္ဘတ္တိ ဖြစ်ရခြင်းဟာ ဝိပ္ပတ္တိမှာ အဆုံးသတ်ရမတဲ့။ လောကဓမ္မတာ ဆိုတာ သည်လိုပဲ။ လောက ကျက်သရေ ဆိုတဲ့ ဘုန်းတန်ခိုးနှင့် ပြည့်စုံစွာ ခံစား စံစားနေရတဲ့ မိဖုရား မမြကလေးလဲ ဘုန်းကံတန်ခိုး နွမ်းညှိုး ယုတ်နိမ့်ချိန် ကျလာတော့ ရေ လောင်းခြင်း၊ ပေါင်းသင်ခြင်း၊ မြေတောင်မြှောက်ခြင်းဖြင့် ပြုစုပျိုးထောင် လာခဲ့တဲ့ သစ်ပင်ဟာ ရွှင်ရွှင်လန်းလန်း၊ စည်စည်ကားကား၊ အညွန့် အတက် ခက်ရွက်နှင့် ပြည့်စုံလာပြီးမှ ပြုစုသူ မရှိတော့ ညှိုးနွမ်း သွေ့ ခြောက်သွားသလို၊ မိမိကို ချီးမြှောက်တော်မူတဲ့ ဘုရင်မင်းမြတ်ဟာ ၁၂၀၅ ခုနှစ်သို့ ကျရောက်လာလျှင်ပဲ ကျန်းမာတော် မမူရှာဘူး။ ရွှေစိတ်တော်မှာ ရောဂါတော် ကပ်ငြိလာသကို မောင်ရဲ့။ ရာဇဝင်မှာတော့ ကျန်းမာတော် မမူကြောင်းကိုသာ သာမည ထည့်၍ ရေးတယ်။ ဘယ်ရောဂါရယ်လို့ အမည် မခွဲခြားဘူး။ အဘွားတို့ သိရတာဖြင့် စိတ်တော် မနှံ့တဲ့ စိတ္တဇနော ပါပဲ။ အဲသည်လို စိတ်တော်မနှံ့ ဖြစ်လာတော့ အမရပူရ ရွှေနန်းတော်ကြီး မှာ မစံလိုဘူး။ မတဲဒေးဝန်းတိုက်အရပ်မှာ စံနန်းတော် ဆောက်လုပ်ပေးရ တယ်။ အဲဒါဟာ သေမှဲ့အစ ဖျားတယ် ဆိုတာလိုပေါ့။ အဲသည်အခါ ဘုရင်မင်းမြတ်သည် မိမိကိုယ်ကို ဆေးဝါး ထိုး၍ ဆေးတန်ခိုးဖြင့် ရှိန်း ဆာယာ ပြီးတယ်၊ ကိုယ်ဖျောက်နိုင်တယ်လို့ မှတ်ထင်ရှာတယ်။ မမြကလေး အဆောင်တော်သို့ ဝင်ပြီး၊ မိမိ မောင်ကြီးမှာ ရှိန်းပြီးလို့ ကိုယ်ဖျောက်နိုင် တယ်၊ မယုံလျှင် ရှုစမ်း ဆို၍ ဝတ်လဲတော်တစ်စကို ခေါင်းမြီးခြုံပြီး တိုင် ကွယ်မှာ ပုန်းနေတယ်။ မမြကလေးကလဲ အလိုတော်ကိုလိုက်၍ မောင်တော် ဘုရား ရုတ်တရက် ပျောက်သွားပါတယ်၊ ကိုယ်တော်ကို မမြင်ရဘူး၊ ဖူး ပါရစေ၊ ပြတော်မူပါဘုရားဟု တင်လျှောက်တော့မှ ဝမ်းသာအားရစွာ တဟားဟား ရယ်မောလျက်၊ မောင်ကြီး ဘယ်မှ မသွားဘူး၊ ဆေးတော် တန်ခိုးကြောင့် နှမလေး မမြင်ရတာ၊ သည်မှာရှိတယ် ဆို၍ တိုင်ကွယ်မှ ထွက်လာတော်မူတယ်။ အဲသလို စိတ်တော်က ဖောက်ဖောက်ပြန်ပြန်

ဖြစ်နေတာကိုကွဲ့။ တစ်နေ့တော့လဲ ထွက်တော်မူရာ နေလုံအောင် မမိုး ကောင်းလားဟု ထီးတော်မိုးကို ကိုယ်တော်တိုင် ကွပ်မျက်တော်မူတယ်။ နောက်တစ်ကြိမ် ထွက်တော်မူပြန်ရာ၊ အခုန်အပျံ များသဖြင့် ထီးတော်မိုးက နေလုံအောင် လိုက်၍ မမိုးနိုင်တော့ အပါးညဏ်တက်ပြီး 'ဘုန်းတော်ကြီး သော အရှင်ကို မမြင်ရပါဘူး ဘုရား' ဆို၍ ထီးတော် ကိုင်လျက် ဟိုဟို သည်သည် လိုက်၍ ရှာဟန် ပြုနေတာကို သဘောတော်ကျလွန်းလို့ ပြုံး ရယ်တော် မူပြီးလျှင် 'သည်မှာရှိတယ်၊ မြင်စေ မောင်မင်း' ဟု တမင် ခေါ်တော်မူပြီးလျှင် ချီးမြှင့်တော်မူတယ်။ သည့်လောက်တောင် ဖြစ်နေရှာ တာကိုး။ တစ်နေ့သည်၌ ညဥ့်အခါ ကျွန်ယုံတော် လေးဗိုလ်မောင်ဆိုင်နှင့် မိန်းမစိုး ၂ ယောက်ကိုပါ နောက်ပါ ထားတော်မူ၍ အိမ်သာကို ဝင်တော် မူသတဲ့။ ဘုရင်မင်းမြတ် အိမ်သာဝင်နေခိုက် လေးဗိုလ်မောင်ဆိုင်နှင့် မိန်းမစိုး ၂ ယောက်တို့က အပြင်ဘက်က ဝပ်တွား၍ စောင့်ရှောက်နေရတယ်။ ဘုရင် မင်းမြတ်သည် အိမ်သာမှထွက်၍ တံခါးဝ၌ ရပ်တော်မူလျက် မိန်းမစိုး ၂ ယောက်ကို ကြည့်၍၊ ဟဲ့ လေးဗိုလ်၊ ဟောသည်မှာ ရန်သူတော်တွေ မောင်မင်းဟု ထိုသူ ၂ ယောက်ကို လက်ညှိုးညွှန်၍ ကွပ်မျက်တော်မူမည် ဟု လေးဗိုလ်မောင်ဆိုင်အား မိန်းမစိုး တစ်ယောက်ကို သတ်စေသည်။ ကျန်တစ်ယောက်ကို ကိုယ်တော်တိုင် သျှောင်ဆွဲပြီးလျှင် ကြမ်းပြင်မှာ လှဲ၍ လက်သုံးတော်ဓားနှင့် ငါးများကို ကြော်လှော်ရန် မွှန်းသကဲ့သို့ မွှန်း တော်မူသည်။ သူ့ကိုယ်တိုင် ဓားနှင့် အမွှန်းခံရသူမှာ ပွဲချင်းပြီး သေရှာ ရလေသည်။ လေးဗိုလ်မောင်ဆိုင်က အနည်းငယ် အသားပြတ်ရုံ ဓားနှင့် မွှန်း၍ သေကျွန်ပြုစေပြီးလျှင် ၂ ယောက်စလုံး သေပြီ အဖြစ်နှင့် နန်းတော် ထဲမှ ဆွဲယူ ထုတ်သွားစေတာကြောင့် တစ်ယောက်သူမှာ အသက်မသေ ချမ်းသာရရှာပါရဲ့။ ဤကဲ့သို့ တစ်နေ့ထက်တစ်နေ့ ရောဂါတော် တိုးတက် ရင့်သန်လာသဖြင့် ညီလာခံ ဝင်၍ ခစားရသူ မှူးကြီးမတ်ရာ သေနာပတိ အစရှိသူတို့သည် နေ့ သေမလား၊ ည သေမလားဟု တထိတ်ထိတ် တလန့် လန့် နှင့်သာ ခ စား ရှာကြရလေသည်။

## အခန်း (၁၅)

ဩော် လောက လောက၊ သုံးဆယ့်တစ်ဘုံ အလုံးစုံသော လောကကြီးတွင် ဤမနုဿလောကဟာ ဒုက္ခ သုခတို့၏ အရင်းခံ ဖြစ်တာပဲ။ ဤလူ့ပြည် မနုဿက ဒုက္ခနှင့် ရင်းနှီးနိုင်မှ နောက်အခါ သုခကို ရကြမယ်။ ယခုဘဝက သုခနှင့် ရင်းနှီးပလားဆို၊ နောင်အခါ ဒုက္ခကြီးကို အမှန်ရကြမှာတော့ မလွဲဘူး။ သည်လို ဖြစ်တတ်မှန်းကို အများအားဖြင့် သိကြပေတဲ့၊ ယခု ဘဝ တစ်ခဏတွင် လှလှကလေး နေရ ထိုင်ရ၊ စားသောက်ရတဲ့ သုခ ချမ်းသာကို မျှော်ကြည့်ပြီး မတော်သည့် အမှုကို ပြုကြတဲ့သူချည်းပဲဟု ဆိုလျှင် မလွဲပေဘူး။ သူသူငါငါ အတူတူ၊ ဘယ်သူကမှ သာတယ် ပိုတယ် လို့ မဆိုထိုက်ပေဘူး။ မိမိ ချမ်းသာစည်းစိမ်ကို ရမည် ဆိုလျှင် သူတစ်ပါး ကိုဖြင့် ဘယ့်လောက်မျှ ညှာတာထောက်ထား သနားခြင်း ကရုဏာ မရှိ တော့ဘဲ သတ်ဖြတ် လုယက်၍သာ ယူကြတော့တာပဲ။ သည်လို လုယက်၍ ယူကြတဲ့ အထဲမှာ မင်းဆိုတဲ့ လူမျိုးက သာ၍ ဆိုးသေးတယ်။ ခွေးတိရစ္ဆာန် များနှင့် ဘယ့်လောက် တူတယ်လို့။ ခွေးတစ်ကောင် စားနေသော အစာကို နိုင်ရာ ခွေးတစ်ကောင်က အတင်း ကိုက်ခဲလုယက်၍ စားတာလိုပင် ထီးနန်း စည်းစိမ်ကြီးကို ဆိုတဲ့ အစာကို နိုင်ရာသူက လုယူ ခံစားလာခဲ့ကြတာ ရာဇဝင်တွင် ကြည့်ရှုပါက မင်းဆက်ပေါင်းဟာ မရေတွက်နိုင်အောင် များလှ ပေပြီ။ အထက်မင်းဆက်တွေကို မဆိုထားနှင့်၊ ယခု ငါတို့ ရွှေဘိုမင်းဆက် တွင်ပင် စဉ်းစားကြည့်ဖို့ ရှိတယ်။ သက္ကရာဇ် ၁၁၁၄ ခုနှစ်၊ ကဆုန်လပြည့် ကျော် ၁ ရက်နေ့တွင် မင်းအဖြစ်ကို ရတော်မူတဲ့ အလောင်းမင်းတရားကြီး (ဦးအောင်ဇေယျ) သည် မိမိ၏ သားတော်များကို ငါမရှိသည့်နောက် "သားကိုစဉ်၍ မြေးကိုဆက်ရမည်" ဟု မှာထားတော်မူပြီး နတ်ရွာစံတော်

မူတဲ့နောက်၊ သားတော်အကြီး (ငယ်မည် မောင်လောက်) သည် ခမည်းတော် အလောင်းမင်းတရားကြီး၏ အမိန့်တော်မြွက်အတိုင်း ၁၁၂၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်နေ့ မင်းအဖြစ်ကိုယူ၍ စစ်ကိုင်းမြို့ကို ဓေယျာပူရ ဟု သမုတ်ပြီးလျှင် ထီးနန်းစိုက်တည်၍ မင်း၏ စည်းစိမ်ကို ခံစားတော်မူတယ်။ ထို နောင်တော်ဘုရား မင်းတရားသည် ခမည်းတော်၏ အမိန့်ကို လိုက်နာတော်မူသဖြင့် သားတော်ရှိပါလျက် သားတော်ကို အိမ်ရှေ့မပေးဘဲ ညီတော် မောင်ရွကို အိမ်ရှေ့ပေးတော်မူတယ်။ အင်း–သူကတော့ဖြင့် တရားအတိုင်း ကျင့်ပါရဲ့။ ထို နောင်တော်ဘုရား စစ်ကိုင်းမြို့တည်မင်း နတ်ရွာစံတော်မူတဲ့နောက် ညီတော် အိမ်ရှေ့မင်း မောင်ရွသည် "ဆင်ဖြူရှင်" အမည်တော်ကိုခံလျက် ၁၁၂၅ ခုနှစ် နတ်တော်လပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့တွင် မင်းအဖြစ်ကို ယူတော်မူ၍ ရတနာပူရ အဝမြို့ကို တတိယမြောက် တည်တော်မူပြီး ထီးနန်း စိုက်တည်၍ မင်းပြုတော်မူတယ်။ အဲ–သူ့ကျလာတော့ ခမည်းတော် အလောင်းမင်းတရားကြီး၏ အမိန့်တော် ရည်ရွယ်ချက်ကို ပယ်ဖျက်ပြီးလျှင် မိမိ၏ အောက်ဖြစ်သော ညီတော်ကို အိမ်ရှေ့မပေးဘဲ သားတော် မင်းရဲလှကို အိမ်ရှေ့အရာ ပေးတော်မူပါရော့။ အဲဒီလို ပြုမူခြင်းဟာ ညီတော်များ၏ တရားသဖြင့် ရထိုက်တဲ့ အိမ်ရှေ့အရာကို အတင်းအဓမ္မ လုယက် ယူငင်ပြီး သားတော်ကို ပေးတာပဲ။ ဘယ့်လောက်တောင် ဆိုးဝါးသလဲလို့။ သည်အခါကျတော့ ညီများဟာ အသက်ဘေး ဖြစ်မည်ကို ကြောက်ရွာကြတာနဲ့ တခြားသို့ ထွက်ပြေး တိမ်းရှောင်ပုန်းလျှိုးနေကြရှာရတယ်။ သည် ဆင်ဖြူရှင် မင်းတရားကြီး နတ်ရွာစံတော်မူတဲ့နောက် ၁၁၃၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့တွင် သားတော် အိမ်ရှေ့မင်း ငစဥ့်ကူးမြို့စား မင်းသားသည် ထီးနန်း သိမ်းပိုက်၍ မင်းလုပ်တော်မူ၏။

စည်းစိမ်တော် ၅ နှစ်နှင့် ၈ လမျှ ကြာကာလ၊ စစ်ကိုင်းမြို့တည် နောင်တော်ဘုရား မင်းတရားကြီး၏ သားတော် ဖောင်းကားစားမောင်မောင်က ငစဥ့်ကူးမင်းကို တိုက်ခိုက်၍ ထီးနန်းကို သိမ်းယူပြီးလျှင် ဘထွေးတော် ဦးဝိုင်းအား အလောင်းမင်းတရားကြီး၏ ရည်ရွယ်ချက်အရ တည်စေခြင်းငှာ ထီးနန်းကို အပ်ပါသော်လဲ ဘထွေးတော်က လက်မခံ ပယ်ရှားသဖြင့် မိမိသည်ပင် ၁၁၄၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့တွင် ထီးနန်း

အုပ်ချုပ် မင်းလုပ်တော်မူရာ၊ ၇ ရက်မျှ ကြာရှိလျှင်ပဲ ဘထွေးတော် ဖြစ်သော ဦးဝိုင်းက လုည့်ဖြား ဖမ်းယူ၍ မင်းလုပ်ပြန်သဖြင့် ခမျာမှာ အသက်တောင် ဆုံးရှုံးရသည်။ ဘယ့်လောက်များ ရှုပ်တဲ့ လောကကြီးရယ်လို့။ ဒါကြောင့် သူတော်ကောင်းများ စက်ဆုပ်ရွံရှာတော် မူကြတာပဲ။ ၁၁၄၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်နေ့တွင် ဘိုးတော်ဦးဝိုင်း ခေါ် ဗဒုံမင်းတရားကြီး နန်းတက်တော်မူ၍ ကျန်ရှိတဲ့ ညီတော်ကို အိမ်ရှေ့မပေးဘဲ မြောက်နန်းမိဖုရားမှ ဖွားမြင်တော်မူသော သားကို အိမ်ရှေ့ ပေးတော်မူပြန်တယ်။ သည်အိမ်ရှေ့မင်းလဲ ခမည်းတော် ဦးဝိုင်း ရှိစဉ်ပင် နတ်ရွာလားတော်မူပြန်သောအခါ၊ ကျန်ရှိတဲ့ သားတော်များကို အိမ်ရှေ့မပေးဘဲ နတ်ရွာစံ အိမ်ရှေ့မင်းကြီး၏ သား စစ်ကိုင်းမင်းသား ဘကြီးတော် (ဖန်နန်းရှင်–ပန်းတောင်းမင်း) ကို အိမ်ရှေ့ပေးတော်မူပြန်တယ်။ လက်သင့်ရာ စားတော်ခေါ် ဆိုတာလို ချစ်မြတ်နိုးရာ ချီးမြောက်သွားတာပဲ။ ဘိုးတော်မင်းတရားကြီး နတ်ရွာစံတော်မူတော့ ဒုတိယ အိမ်ရှေ့မင်း ဖြစ်တဲ့ စစ်ကိုင်းမင်းသားသည် ၁၁၈၁ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်နေ့တွင် ထီးနန်းစိုးစံတော်မူ၍ ဖန်နန်းရှင် ဟူ၍ လည်းကောင်း၊ ပန်းတောင်းမင်း ဟူ၍ လည်းကောင်း၊ ရတနာပူရ စတုတ္ထမြို့တည် မင်းတရား ဟူ၍ လည်းကောင်း၊ ငါတို့ အခေါ်အားဖြင့် ဘကြီးတော် ဟူ၍ လည်းကောင်း အမည်တော်ခံ၍ မင်းလုပ်တော်မူပြန်တယ်။ အဲဒီ ဘကြီးတော်မင်းတရားကြီးကို ညီတော် အိမ်ရှေ့မင်းက တိုက်ခိုက်ပြီး ထီးနန်းကို သိမ်းယူတော်မူ၍ ၁၁၉၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ တနင်္လာနေ့က စပြီး မင်းလုပ်တော်မူလာတာ ယခု ၁၈ နှစ်ခန့် ကြာရှိခဲ့ပေါ့။ သည် ၁၈ နှစ်ခန့် ကြာရှိရာ၊ တခြားက ရန်သူတို့ မာန်မူ နှိပ်စက် မရှိပေတဲ့လဲ အတွင်းအစွတ္တ ဘေးရန်ကြီးက ပေါ်ပေါက်လာသဖြင့် စိတ်တော်မနှံ့ ဖြစ်တော်မူနေရှာ။ ဩော် ... ယခုမှ အခက်ကြီး ကျနေတော့တာပဲ။ ငါ့မှာ အလယ်နန်းမတော် မိဖုရားက ဖွားမြင်တဲ့သား၊ ညီအစ်ကို ၂ ခု၊ ချိုးဥပမာ ရှိခဲ့ကြ။ မကြာမီကပင် ညီလေး မောင်ဖေဖြူလဲ ရောဂါဆိုး နှိပ်စက်ရာ၍ ဘဝတစ်ပါး ပြောင်းသွားရှာသဖြင့် ငါကိုယ်တော်မြတ်မှာ လက်ရုံးတော်တစ်ဖက် ပြုတ်ကျသွားခဲ့ပြီ။ ယခုလို အရေးထဲမှာ ငါ့ညီတော် ရှိပါလျှင် ဘယ်သူကိုမှ မှုစရာ အကြောင်း မရှိဘူး။ ယခုမတော့ ခမည်းတော် ဘုရား ရောဂါတော် စွဲကပ်တော်မူတဲ့အခါ တောင်နန်းမတော်မှ

ဖွားမြင်တဲ့ သားတော် ပုဂံမင်းသားက အမျိုးအရိုးနှင့်တကွ စိုးမိုး လွှမ်းအုပ်နေသဖြင့် သူတော့ မုချ ထီးနန်းကို ရတော့မှာပဲ။ သူ ထီးနန်းရလို့ရှိခဲ့လျှင် ငါတို့မတော့ မုချ သေရမှာ မလွဲဘူး။ ငါတို့၏ အဆက်အနွယ်ကို နောက်က စဉ်းစားတွေးတောလာသည့် အတိုင်းမှာဖြင့် တစ်ဦးနှင့်တစ်ဦး နိုင်ရာ စားလာခဲ့ကြတာတွေ ဖြစ်ကြတယ်။ ခမည်းတော်ဘုရား ကျန်းကျန်းမာမာနှင့် ချမ်းသာစွာ အုပ်ချုပ်နေတဲ့ အခါတုန်းကတော့ ကိစ္စမရှိပါဘူး။ ယခုမှာတော့ ခမည်းတော်ဘုရားလဲ ကျန်းမာတော်မမူ၊ စိတ်တော် အဟုတ် မဟုတ်ရှာတော့ ဝါးအစည်းပြေသလို ဖရိုဖရဲ တကွဲတပြား ဖြစ်ကြတဲ့အခါ နိုင်ရာစားကြတော့မည်မှာ ဧကန်မုချ မလွဲတော့ပါဘူး။ ယခုလိုအခါများ ဘဝတစ်ပါး ကွယ်လွန်ရှာတဲ့ ညီတော် ပုခန်းမင်းသားကလေး မောင်ဖေဖြူကိုလွှမ်းဆွတ်တော်မူလိုက်ပါဘိတယ် ... ဟု ကုန်းဘောင်ဘုရင်၏ အလယ်နန်းမတော် မိဖုရား သားတော်အကြီး ပြည်မြို့စား သီရိမဟာသီဟသူရဓမ္မရာဇာ ဘွဲ့တော်ရသော မောင်ဘောပုသည် တစ်ကိုယ်တည်း ညည်းညူတော်မူပြီးလျှင် လျောင်းစက်ရာ သလွန်တော်မှ ထ ၍ လျောင်းတော်ဦးသို့ ထွက်တော်မူကာ ကျွန်ယုံတော်များနှင့် တီးတိုးစကားကို တိုင်ပင်တော်မူလေသည်။

## အခန်း (၁၆)

ကျွန်တော်က။ ။(အဘွားကြီး ပြောသော စကားများကို ရှေ့နောက် စဉ်းစား၍) မိဖုရား မမြကလေးသည် ဘုန်းကံတန်ခိုး နွမ်းညှိုး ယုတ်နိမ့် ချိန် ကျလာတယ်ဆိုတာ ကြားရပါပြီ။ နောက်တော့ ဘယ်လိုများ ဖြစ်ပါ သေးသလဲဗျာဟု မေးကာလ၊ အဘွားကြီးက။ ။နောက် ဖြစ်ပုံကိုတော့ ပြောရမှာ အသည်းတုန်လှတယ် မောင်ရယ်။ တုန်ပေတဲ့ ကြားချင်ရင် ပြောရဦးမှာပေါ့။ ၁၂၀၇ ခုနှစ်သို့ ကျရောက်လာတော့ သားတော် ပြည်မင်း သီရိမဟာသီဟသူရ ဓမ္မရာဇာ ဆိုတဲ့ မင်းသားက ခမည်းတော် မကျန်း မမာ ရှိနေတဲ့အတွင်း ပုန်စားပုန်ကန် ပြုလုပ်ရန် ကြံစည်တယ်လို့ သတင်း ဖြစ်ပွားလာတယ်။ ဟုတ် မဟုတ်တော့ဖြင့် မသိပါဘူး။ အလယ်နန်းမတော် မိဖုရား၏ သားပေတဲ့ ရှင်ဘုရင်တော့ ဖြစ်ချင်ရှာမှာပေါ့။ ခမည်းတော်ကို တော့ တော်လှန်ချင်လို့ ဟုတ်မယ် မထင်ပါဘူး။ ငါ့ခမည်းတော်ဖြင့် စိတ် တော် မဟုတ်ရှာဘူး။ အပျက်ပျက်နှင့် နာခေါင်းသွေးထွက် ဆိုတာလို အမှတ်တမဲ့ နေလို့ရှိရင် သူတစ်ပါးက အကြံဦးမှုဖြင့် ငါတို့ သေရမှာပဲ။ သူများထက် အရင်ဦးအောင် ကြံတော့မယ်လို့ အောက်မေ့ပြီး ကြံတာ ထင်ပါရဲ့။ အဲသည်လို ကြံစည်တယ်လို့ သတင်းထွက်လာတော့ ဆော အတွင်းဝန်နှင့် သံတော်ဆင့်များကို သားမယားများနှင့်တကွ ပြည်မင်းနှင့် ကြံရာပါတယ်လို့ ရှင်ဘုရင်က အကုန်လုံး သတ်ပစ်တယ်။ သည်တင် မကသေးဘူး၊ ရေနံချောင်းမြို့စား ယင်းတော် ဝန်ကြီးကိုလဲ နန်းတော်သို့ ခေါ်တော်မူပြီး 'ပြည်မင်းက ငါ့ထက်တိုးလို့ သူကောင်းပြုမည် ထင်သလား' ဆို၍ စံနန်းတော်ဦး မြောက်လှေကား အဆင်းတွင် ကိုယ်တော်တိုင် ဘီလူး ဆိုတဲ့ လက်သုံးတော် လှံကြီးဖြင့် ထိုးသတ်လိုက်တယ်။ ခများမှာ မဟုတ်

ဘဲနဲ့ သေရရှာတယ်။ အဲဒီနေ့မှာပင် သားတော် ပြည်မင်း၏ ဝင်းကို အမှုထမ်း လူပေါင်း ၁၀၀၀ ကျော်ခန့်နှင့် ဝိုင်းဝန်း၍ အစောင့်အနေ ထားပြီး၊ ပြည်မင်းကို ခေါ်တော်မူတယ်။

ထိုအခါ ပြည်စား မင်းသားသည် လက်သုံးတော်ဓားကို လက်စွဲတော်မူ၍၊ အိမ်တော်ဝန် နေမျိုးမင်းထင်မှ စ၍ ကိုယ်ရံတော် ကျေးကျွန် လက်စွဲ အသင်းအပင်းတို့နှင့် တိုင်ပင်တော်မူသည်မှာ။ ။ မောင်မင်းများတို့၊ ကိုယ်တော်မြတ်တို့ အကြံအစည်တော် မပြည့်စုံသေးမီ ရန်သူတော်တို့က ဦးနှင့်ကြလေပြီ။ အိမ်တော်ကို ဝန်းရံကြသည့် ရန်သူတော်တို့က ဘယ်မျှလောက် ရှိသည်၊ ကိုယ်တော်မြတ် ဝင်းအတွင်းမှာ ရှိကြတဲ့ အမှုတော် ထမ်းများက ဘယ်မျှလောက် ရှိသည် ဆိုတာ ခန့်မှန်း၍ တင်ကြစမ်း မောင်မင်းများ။

အိမ်တော်ဝန်။ ။ မှန်လှပါ။ အမေးတော် မရှိမီကပင် ခန့်မှန်းထားပြီးသားပါ။ စံနန်းတော်က စေလွှတ် ဝိုင်းဝန်းကြတဲ့ ရန်သူတော်များမှာ လူပေါင်း တစ်ထောင်ကျော်ခန့် ရှိပါသည်။ ဝင်းတော်အတွင်းရှိ ဘက်တော်သား အမှုထမ်းမှာ လူ ၄၀၀ ကျော်ခန့်မျှ ရှိပါသည်။ သို့ပင် အရေအတွက် မမျှ ရှိပါသော်လည်း ချင်းတို့ဘက်မှ လူများ၏ စွမ်းရည်သတ္တိနှင့် ထိပ်တင်ဘုရား ဘက်တော်က လူများ၏ စွမ်းရည်သတ္တိမှာ အဆတစ်ရာမျှ ကွာခြားပါသဖြင့် စိုးစဉ်းမျှ စိုးရိမ်တော်မူရန် မရှိပါကြောင်းပါ ဘုရား။

မင်းသား။ ။ (အတန်ကြာ စဉ်းစားတော်မူ၍ မျက်နှာတော် ညှိုးပြီးလျှင်) အင်း ကိုယ်တော်မြတ်တို့က လက်မတင်ကလေး တစ်ပဟိုရ်ခန့်မျှ နောက်ကျသွားတယ်။ သည်လူလေးရာကျော်ခန့်နှင့် ထွက်တော်မူမိလို့ ရှိရင်လဲ ကိုယ်တော်မြတ် အကြံတော်ဟာ မုချ အောင်မြင်ဖို့ရာ ရှိတယ်။ ယခုမတော့ လက်မတင်ကလေးမျှ နောက်ကျတော်မူသည်နှင့် အကြံတော် နှောင့်နှေးသည် မောင်မင်း ... ဟု လက်သုံးတော်ဓားကို ပိုက်ပြီးလျှင် သလွန်တော်တွင် တင်ပါးလွှဲထိုင်၍ ခပ်မှိုင်မှိုင် စံနေတော်မူသည်။

နေမျိုးသီဟဗလရာဇာ ဆိုသူ ကျွန်တော်ရင်း၊ ဗိုလ်မှူးက တင်သည်မှာ။ ။ ဘုန်းကြီးတော်မူသော အရှင်သားသည် ဘာကိုမျှ နှောင့်နှေးတော်မူစရာ မရှိပါ။ ချင်းတို့ဘက်က လူဘယ်လောက်ပင် များသော်လဲ အစည်းအကွပ် အအုပ်အထိန်း ညံ့ဖျင်းလှပါသည်။ ယခု ဝိုင်းဝန်းကြသည့် အမှု

ထမ်းများလဲ စစ်ရေးစစ်ရာ သန်မာ ကျွမ်းကျင်ကြသူများ မဟုတ်ပေါင်ပါ။ ယခုမှ ရုတ်ခြည်း ထ ၍ စေလွှတ် ဝိုင်းဝန်းကြခြင်း ဖြစ်ပါသည်။ ဗိုလ်ပါ ဆင်မြင်း အလုံးအရင်း ဖွဲ့စည်းပြီး တပ်ကြီးများလည်း အခန့်သင့် မရှိ သေးပါ။ သို့ မရှိမီအတွင်း အလျင်အမြန် အကြံထုတ်တော်မူစေလိုပါကြောင်း ပါ ဘုရား။

မင်းသား။ ။ ဩော် ကိုယ်တော်မြတ်မှာ ခမည်းတော်ဘုရားအား ပြစ်မှား တော်လှန်လို၍ ကြံစည်ရတာ မဟုတ်ပေဘူး။ ညီလေး မောင်ဖေဖြူ ဆုံးပါးကွယ်လွန်သွားကတည်းက ကိုယ်တော်မြတ်မှာ သံဝေဂတရားဖြင့် အစွယ်အသွားများ ကျိုး၍ လောကစည်းစိမ်ကို မီးရှိန်လောက် သဘောထား ပြီး တရားနှင့်သာ ပျော်မွေ့လိုတဲ့အကြောင်း ကောင်းကောင်းကြီး ငယ်ကျွန် တော်များ အသိ ဖြစ်ကြသနော်။ အဲသည်လို နှလုံးတော်မြတ် ထားနေတဲ့ အတောအတွင်း အရင်း ပင်မကြီးက မခိုင်ဘဲ ကယိမ်းကယိုင် တိမ်းလဲဖို့ ဖြစ်လာတော့ အခက်အလက် အရွက်အပွင့်များလဲ တဖျင့်တပါး ပျက်ပြား ကြေမွမည့် အတူတူ၊ ပင်မကြီး မလဲမတိမ်းမီ စိမ်းစိမ်းလန်းလန်း ရှိနေတဲ့ အခက်အလက် အရွက်အပွင့်များကို ခူးဆွတ် တက်ရောက်၊ ဖြတ်တောက် ခုတ်ချိုင် ထားရသလို၊ ခမည်းတော်ဘုရား အရိပ်တော် ကွယ်ခဲ့လျှင် မျက်နှာ ငယ်သူတို့မှာ မုချ ခက်ချေတော့မည် အောက်မေ့၍ အသက်လုရအောင် ကြံစည်ရတာကလား။ ကိုယ်မရှိ အမိသော်လဲ သားတော်ခဲ ဆိုသလို မလွှဲ မကင်းသာလို့ ကြံစည်ရတယ်။ သို့လို ကြံစည်မိလျှင်လဲ ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက် ဆိုသလို အကြံကို ဆုတ်နစ်တော် မမူလိုဘူး။ (တအောင့် လောက်မျှ ရပ်ဆိုင်း၍ အလွန် ခက်ထန်သော မျက်နှာ အနေအထားဖြင့် ကျောက်စီဓားကို အအိမ်မှထုတ်နုတ်ပြီးလျှင် ဓားလွတ်ကိုင်လျက် ညာလက်ရုံး ကို ဆန့်တန်း၍) သင်းတို့ ရန်လောက်ကိုတော့ အမှုမထားသေးပါဘူး။ ဖဲကြက် ကစား၊ ဒုစရိုက်သမားနှင့်တော့ ဓားချင်းယှဉ်ပြီး ခုတ်စမ်းချင် လှတယ် ဟု အံကြိတ်ကာ မိန့်ဆိုလေ၏။

အိမ်တော်ဝန်။ ။ မှန်လှကြောင်းပါ။ ချင်းတို့မျှလောက်ကိုမျှ ကြောက်ရွံ့ စိုးရိမ်ရန် အနည်းငယ်မျှ မရှိပါ။ အရှင့်သားတော် အတွက်ဖြင့် ကျွန်တော်မျိုးများ ရင်ကို မြေကတုတ် ပြုလုပ်၍ ခုခံတိုက်ခိုက်ပါမည်။ အရှင့်သား အလွယ်တကူ ထွက်တော်မူရန်ကိုသာ မြောက်သားတော်နှင့်

တကွ ရင်သွေးတော်များကို တိုင်ပင်တော်မူစေလိုပါသည်။ ကျွန်တော်ဝန်များနှင့်တကွ ဗိုလ်မှူး ရဲမက် အပေါင်းတို့က အကြောင်းလှပအောင် ဝီရိယတော်၏ သတ္တိကို ပြလိုကြောင်းပါ ဘုရား။

နေမျိုးသီဟဗလရာဇာ။ ။ သည်အရေးမှာ နှောင့်နှေးကြန့်ကြာနေလျှင် အမှုတော် လစ်ဟင်းစရာ ရှိပါလိမ့်မည်။ ဝင်းတော် အတွင်းမှာ ဆင်မြင်း ဗိုလ်ပါ လက်နက်ကိရိယာ ခဲယမ်းမီးကျောက်မှ စ၍ အရာရာ အပြည့်အစုံ ရှိပါသည်။ အိမ်တော်ကို ချင်းတို့ ဝန်းရံထားသည် ဆိုသော်လည်း လူတစ်ထောင်ကျော်မျှလောက်နှင့် ထူထပ်စွာ မဝိုင်းဝန်းနိုင်ပါ။ သာ၍ ပါးလျားရာ အိမ်တော် အရှေ့မြောက်ဘက်က တိုက်ဖောက်၍ ထွက်တော်မူရလျှင် သာ၍ သင့်လျော်မည် ဖြစ်ပါကြောင်းပါ ဘုရား။

အတွင်းဝန် နေမျိုးသီဟကျော်ထင်။ ။ အိမ်တော်ကို မဝိုင်းဝန်းမီကပင် အကြံတော် ရှိသည်အတိုင်း အလိုတော်ရှိက ပြည့်စုံပါရန် အရာရာကိစ္စများကို ပြီးပြေအောင် စီမံထားပြီး ဖြစ်ပါသည်။ ဘဏ္ဍာတော်ဝန် နေမျိုးသီရိကလည်း စားရေရိက္ခာ အပြည့်အစုံ စီမံပြီး ဖြစ်ပါသည်။ ထွက်တော်မူရန် အခါတော်မလင့်သာ ဖြစ်ပါကြောင်းပါ ဘုရား။

မင်းသားသည် ထိုကဲ့သို့ တင်လျှောက်ကြသည်များကို နားစိုက်တော်မူ၍ ရှိနေရာမှ တစ်စုံတစ်ခုသော အကြောင်းကို တွေးတောမိသောလက္ခဏာဖြင့် မျက်နှာ မရွှင်မလန်း ညှိုးနွမ်းတော်မူကာ တအောင့်ကြာမျှ စိုက်ငေးတော်မူပြီးမှ မိန့်တော်မူသည်မှာ။ ။ မောင်မင်းတို့ တင်လျှောက်ချက်အတိုင်း ကိုယ်တော်မြတ် သဘောတော်ကျရင်း ဖြစ်သည်။ ကြံစည်တော် မူရင်းကလည်း သည်ယနေ့ အထမြောက်ရန် ရှိသည်။ သို့သော်လဲ အကြံတော် အနည်းငယ် မပြည့်စုံသေးမီအတွင်း ရန်သူတော်များက ဦးနှင့်၍ အဝိုင်းအဝန်း ခံရလေသည်။ ခံပင် ခံရသော်လဲ တစ်ဆံချည်မျှ စိုးရွံ့တော်မမူ။ ကိုယ်တော်မြတ်တို့ ထွက်တာကြောင့်ဖြင့် ပူပန်စရာ မရှိပါဘူး။ ကျေးဇူးတော်ရှင် မယ်တော်ဘုရားကို ပစ်ထားခဲ့ရမည်ကို စိတ်တော်မချ၊ ကြောင့်ကြပူပန်တော်မူရတယ်။ ကိုယ်တော်မြတ်တို့ ထွက်တော်မူသွားခဲ့လျှင် "ကြွက်ငြိုးလို့-ကျီ မီးနှင့်ရှို့" ဆိုတာလိုများ ဖြစ်နှင့်လေမလား။ အသက်အရွယ်တော် ကြီးရင့် အိုမင်းမှ ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း ဖြစ်တော်မူမှာကို အလွန်တရာ စိုးရိမ်ပူပန်တော်မူတာက တစ်မျိုး၊ သည့်ထက် ကံဆိုး

ရှာသူ အတွက်ကြောင့်လဲ စိတ်ရတက်မအေးရတာတစ်ခု ရှိသေးတယ်။ သည်အတွက် ဘယ်လို ကြံစည်ထားခဲ့ရမယ် ဆိုတာကို စဉ်းစားမရအောင် ရှိတော့တယ် ... ဟု မိန့်တော်မူပြီးလျှင် တွေဝေ မှိုင်ငေး၍ အတန်ကြာသည့် အခါမှ လက်သုံးတော်ကိုင် နေမျိုးကျော်ထင်ဘွဲ့ခံ ဘိုးခင်ကို ဦးခေါင်း ညိတ်ကာ အပါးတော်သို့ ခေါ်တော်မူ၍။ ။ ဟဲ့၊ ဘိုးခင်၊ ငါ့အကျိုးတော်ကို ရဲရဲဝံ့ဝံ့ မောင်မင်း ဆောင်ရွက်နိုင်ပါ့မလားဟု မေးတော်မူသည်။

ဘိုးခင်။ ။ မှန်လှပါ၊ အလိုတော်ရှိက အသက်ကိုစွန့်၍ ရဲဝံ့စွာ ဆောင်ရွက်လိုလှပါသည်။ ခဲခက်လှသော အရာကို ဘယ်အခါများမှ ထိပ်တင် ဘုရား နိုင်းစေတော်မူမည်လဲဟု မျှော်လင့်တောင့်တလျက် ရှိနေကြောင်းပါ ဘုရား။

မင်းသားလည်း အတွင်းတော်သို့ ဝင်၍ များမကြာမီ ထွက်တော်မူလာပြီးလျှင်။ ။ ကောင်းလှပြီ၊ ယခု ဆောင်ရွက်ရမည့် အရေးလဲ မောင်မင်းနှင့်ပင် သင့်လျော်လိမ့်မည်ဟု ကိုယ်တော်မြတ် ထင်မြင်တော်မူတယ်။ ဒါကြောင့် ယခု ဆောင်ရွက်ရမည်မှာ ဟောသည်စာကို လုံခြုံစွာ ဝှက်ယူ၍ ရန်သူများ ဝန်းဝိုင်းထားသည့် အထဲမှ လွတ်မြောက်အောင် ကြံဆောင် ထွက်သွားပြီးလျှင် နမတော် ပန်းတောင်းခင်လေးထံ သွားရောက် ပို့ရမယ်။ မောင်မင်းလဲ သည်ကို မပြန်လာနှင့်တော့၊ သူနှင့် တစ်ပါတည်း သွားရမနော်။ (ဗျာဒိတ်တော်မြတ်အတိုင်းပါ ဘုရား။) ကဲ သွားပေတော့ မောင်မင်း။ ဘိုးခင်လည်း စာကိုယူ၍ ရှိခိုးပြီးလျှင် ခါးတောင်းကျိုက် လျက် ဓားလွတ်ကိုင်ကာ အိမ်တော်မှာ ဆင်းသွားလေ၏။ (ပန်းတောင်း ခင်လေး ဆိုသည်ကား ရာဇဝတ်တော်နှင့် အသတ်ခံရသူ အမတ်တစ်ပါး ၏ သမီး ဖြစ်သည်။ မိဘများ ရာဇဝတ်သင့်သောအခါ ပြည်မင်းသား လွတ်ရာမှာ ကြံ၍ ဝှက်ထားလေသည်။)

မင်းသား။ ။ အင်း ... သူကလေးကြောင့် တစ်သွယ်၊ မယ်မယ် ကြောင့် တစ်ဝ၊ ကိုယ့်မျက်နှာ ကွယ်ခဲ့လျှင် ဘယ့်နယ်များ ဖြစ်ကြမယ် မသိဘူး။ ဟယ် ... ဒါတွေကို တွေးဆ ပူပန်နေလို့လဲ ကိစ္စတော် မပြီးသေး ဘူး။ အရေးတော်လှအောင် ကြံစည်ဖို့ ရှိသေးတယ်ဟု အောက်မေ့တော် မူ၍ မိန့်ဆိုသည်မှာ။ ။ မောင်မင်းတို့ တင်ချက်အတိုင်း ထွက်တော်မူဖို့ အခါတော် သင့်လှပေပြီ။ ဝင်းတော်အတွင်းရှိ အမှုတော်ထမ်း လူ ၄၀၀

ကျော် ရှိသည့်အထဲက လူ ၁၅၀ ကို ဗိုလ်မှူး နေမျိုးသီဟဗလရာဇာက အုပ်ချုပ် စီးကွပ်၍ ဝိုင်းဝန်းသည့် ရန်သူတော်များကို ခုခံတိုက်ခိုက်နှင့် ရမည်။ ကျန်သည့်လူများက ငါ ထွက်တော်မူရာ ပါရမည်။ အိမ်တော် အရှေ့မြောက် ဝင်းတော်အကာကို ဆင်တော်နှင့် အတင်း တိုက်ဖောက်၍ ထွက်တော်မူမည်။ ဗိုလ်မှူး နေမျိုးသီဟဗလရာဇာက အနောက်တောင် ဘက်ရှိ ရန်သူများကို တိုက်ခိုက်၍ ထွက်ပြီးလျှင် ငါတို့ရှိရာ လိုက်ခဲ့ရမည်။ တပ်တော်ကို အမြန် ခင်းကျင်း စီမံကြလေဟု မိန့်တော်မူ၍ အတွင်းဆောင် သို့ ဝင်သွားလေ၏။

## အခန်း (၁၃)

၁၂၀၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့ ညဥ့် ၁ ချက်တီးကျော် အချိန်တွင် ပြည်မင်းသားသည် အမှုထမ်း လူပေါင်း ၂၀၀ ကျော်ခန့်မျှ ရှိသော ဗိုလ်ပါ ရဲမက်များနှင့် အိမ်တော်အရှေ့မြောက် ဝင်းတော်အကာကို ဆင်များနှင့် တိုက်ဖောက်၍ ဝန်းရံသည့် ရန်သူများကို ချင်းနင်း တိုက်ခိုက်ပြီးလျှင် သားမယား ကျေးကျွန် သင်းပင်းနှင့်တကွ ထွက်တော်မူလေသည်။ ဝင်းအတွင်း ထားခဲ့သည့် ဗိုလ်မှူး သီဟဗလရာဇာနှင့်တကွ လူ ၁၅၀ ခန့်တို့ကလည်း အိမ်တော်ဝင်းအတွင်းကနေ၍ အခြားဘက်က ဝန်းရံထားသည့် ရန်သူတို့ကို တိုက်ခိုက်ကြလေသည်။ ထိုအခါ ရွှေမြို့တော်အလုံး အုန်းအုန်းကျွက်ကျွက် ဆူဆူညံညံ ဖြစ်လျက် များစွာ ထိတ်လန့် တုန်လှုပ်ကြလေသည်။ မြို့တော်ကြီးများ အတွင်း၌ မီးထင်းကိစ္စ ရှိ၍သော် လည်းကောင်း၊ ထူးခြား ကြောက်မက်ဖွယ်သော အခြားကိစ္စ ရှိ၍သော် လည်းကောင်း အုတ်အုတ်ကျက်ကျက် ကျွက်ကျွက်ဆူညံ ဖြစ်သောအခါ ဘယ်အကြောင်းအရာများ ဖြစ်လေသနည်းဟု အမြင့်မျှော်စင်ပေါ်သို့ တက်၍ ကြည့်ရှု နားထောင်သည်ပမာ အခြင်း လေးဆယ့်ကိုးယူဇနာ ရှိသော စန္ဒာရွှေလမင်းသည်လည်း အမရပူရ မြို့တွင်းမှ ရုန်းရင်းဆန်ခတ် တည်ညံထပ်ပြီးလျှင် အသံမပြတ် ဖြစ်နေသည်ကို ကြား၍၊ ဘယ်အကြောင်းများဖြစ်လေသည်ကို သိလိုသော အကြံဖြင့် နဘံမိုးထက်သို့ တက်၍ ကြည့်ရှုသည့်အလား ရှေ့ဖျား လောကဓာတ် မိုးနှင့်မြေ အစပ်မှ လူတစ်ရပ်ခန့်မျှ မြင့်တက်၍ ပေါ်ထွက်စအခါ အရောင်အဝါလည်း ကောင်းစွာ မလင်း၊ တောချုံပိတ်ပေါင်း၊ ရိပ်စောင်းဂနိုင်၊ မြိုင်ကြီးအတွင်းဝယ် ဆင်မြင်းဗိုလ်ပါ အနည်းငယ်မျှနှင့် ကြီးကျယ်လှသော ရန်သူ၏ဘေးမှ ကင်းဝေးလွတ်မြောက်

ရာ ရှာကြံ၍ အမြန် ထွက်ပြေးလာရသော ပြည်မင်း သားမယားတို့မှာ သနားစရာ များစွာ ဒုက္ခရောက်ရှာကြလေသည်။ ထို ထွက်လာသော လမ်းခရီးသည်ကား ရှမ်းပြည် မိုင်းလုံးမြို့သို့သွားသော မတ္တရာ လမ်းခရီး ဖြစ်လေသည်။

ဆိုခဲ့သည့်အတိုင်း ပေါ်ထွက်စဖြစ်သော လမင်း၏ အရောင်အဝါကိုလည်း ကောင်းစွာ မရသည့်အပြင် တောရိပ် တောင်ရိပ် ဖုံးပိတ် ကာကွယ်သဖြင့် ဘယ်ဝယ် တောင်မြောက် အရှေ့အနောက်ကိုမျှပင် ရမ်းဆ၍ မထင်နိုင်အောင် မှောင်ကျလျက်ရှိသော တောလမ်းခရီးဝယ် မီးရှူးမီးတိုင် ညှိထွန်း၍ သွားရမည်လည်း သေနတ်အမြောက် ပစ်ဖောက်သော အသံ၊ ဖမ်းဟယ် ဆီးဟယ်၊ လိုက်ဟယ် လံဟယ် ဆိုသော ရန်သူ စစ်တပ်တို့၏ ညာသံက တစ်ရံမလပ် နောက်ကျောတွင် ကပ်၍ လိုက်ဘိသကဲ့သို့ ထင်မှတ် ကြောက်ရွံ့သဖြင့် မီးထွန်းညှိဝံ့မည်ကို ဝေးစွ၊ ဆေးလိပ်မီးကိုမျှပင် မညှိဝံ့ဘဲ ရှုဝံကြယ်ကို တမ်းမှန်း၍ ရှမ်းပြည် မိုင်းလုံးမြို့ ရှိရာသို့သာ ရော်ကာမှန်းဆလျက် ငြိမ်သက်စွာ သွားကြရလေ၏။

ထိုခရီးသည်ကား လူမနီးသော တောကြီးခေါင်ခေါင် တစ်တောင်ဆင်းသက်၊ တစ်တောင် တက်လျက်၊ တစ်ဖက်က ချောက်ကမ်းပါး၊ တစ်ယောက် သွားသာရုံ ဝင်္ကပါစခန်းမှ ခင်တန်းမြောင်လျှို တောင်ကြိုတောင်ကြားသို့ ရောက်သည့်အခါရောက်၊ မြင့်မောက်သော တောင်ခါးပန်းနှင့်မြောင်စမ်းတွေသွန်၊ ရေတံခွန်က အလွန် ပြင်းထန်စွာ တဖြာဖြာ ကျဆင်းသဖြင့် ရောင်ကွင်းတိမ်းဖယ်၍ မသွားသာအောင် ခြားကွာ တားဆီးပြန်လျှင်လည်း သွားပြီး ရောက်ပြီး ခရီးမှ တုံ့ပြန်၍ တစ်ဖန် လမ်းစကိုရှာကာသွားကြရလေ၏။

ဆင်မြင်းဗိုလ်ပါ၊ လူနှစ်ရာခန့်မျှတို့သည် တလန့်လန့် တထိတ်ထိတ်နှင့် တိတ်ဆိတ်စွာ သွားရသော်လည်း စကားတီးတိုး မေးမြန်း ပြောဆိုတိုင်ပင်ဆွေးနွေးသံ၊ သစ်ရွက်ခြောက် စသည်တို့ကို ခြေဖြင့်နင်းသံ စသည်တို့ကြောင့် တစ်တောလုံး တစ်တောင်လုံး သဲသဲရုတ်ရုတ် အုတ်အုတ်ဆူညံရှိနေသဖြင့် သစ် ကျား စသော သားရဲတိရစ္ဆာန်တို့နှင့်တကွ သမင် ဒရယ်ချေငယ် စိုင် ဆတ်တို့သည် လန့်ဖျပ်တုန်လှုပ်ကာ မိမိတို့ လွတ်ရာ လွတ်ကြောင်း ထင်မြင်ရာအရပ်သို့ ပြေးလွှား ပုန်းလျှိုးကာ နေကြရှာလေ၏။

ကျေးငှက်တို့၏ ကမန်းကတန်း ပျံသန်း လန့်ဖျပ်ကာ မြည်ကြွေးကြသော အသံသည်လည်း တညံညံ ဆူလျက်ရှိလေ၏။

၂ ချက် တီးပြီး၊ သန်းခေါင်ကျော် အချိန်လောက် ကျရောက်သော အခါမှပင် ရွှေလမင်း၏ အလင်းရောင်ဝါကို ကောင်းစွာ ရရှိကြသဖြင့် သာယာသော လမ်းစလမ်းနကို မှန်းဆရှာဖွေကာ သွားကြနိုင်တော့သည်။ ဤကဲ့သို့ တောလမ်း တောစခန်းတွင် မောပန်းရမှန်းမသိ ကရိကထ ဒုက္ခ များစွာ ခံလျက် တစ်ရံတစ်ဆစ်မျှ ထိုကဲ့သို့ ကြမ်းတမ်းသော တောလမ်း ခရီးကို မသွားဖူးရှာကြသော မင်းသား မင်းသမီးတို့သည် ခရီး ကြမ်းတမ်း ခြင်း၊ တောကြီးမျက်မည်းတွင် သားရဲဘေးရန် များပြားခြင်းကို ဂရုမမူ မပြုကြနိုင်ဘဲ နောက်က ထက်ကြပ် ကပ်၍ ပါသည်ထင်သော ရန်သူတို့၏ ဘေးရန်ကိုသာလျှင် စိတ်မှာတွေး၍ ကြောက်သွေးမွှန်ကာ သွားကြရ၍ နံနက် မိုးသောက်သည့်အခါကျမှ မည်သည့်ဒေသသို့ ရောက်ကြပြီ၊ မည်မျှ လောက် မြို့တော်နှင့် ကွာဝေးလာပြီ၊ သွားရောက်လိုသော မိုင်းလုံမြို့နှင့် ခရီးမည်မျှ ဝေးကွာသေးသည်ဟု တောလမ်းခရီးကျွမ်းသော သူတို့၏ ပြောဆို တင်လျှောက်ချက်အရ သိကြရလေသည်။

အမရပူရ မြို့တော်မှာလည်း ပြည်မြို့စား မင်းသားသည် ပုန်စား ပုန်ကန်ပြု၍ ညဉ့်ဦးက ထွက်သွားလေပြီ။ ဘယ်သောအခါ ဤမြို့တော်သို့ လာရောက်ဝိုင်းဝန်း တိုက်ခိုက်လိမ့်မည်။ ထိုသို့ တိုက်ခိုက်ခဲ့လျှင် ငါတို့ မြို့သူမြို့သား အပေါင်းတို့မှာ ကျွဲ ၂ ကောင် ခတ်ရာ မြေစာပင် မခံနိုင် ရှိသကဲ့သို့ အတိဒုက္ခ ရောက်ကြရတော့မည်ဟု များစွာ ထိတ်လန့် စိုးရိမ် ကြသဖြင့် အချို့သူတို့သည် မြို့တော်မှာ မနေထိုင်ဝံ့ကြဘဲ အခြား ကျေးလက် ရွာငယ် စသည်တို့သို့ ထွက်ပြေး ပြောင်းရွှေ့ကာ နေကြလေ၏။ အချို့ လည်း မြို့တွင်းမှာ မနေဝံ့ဘဲ မြို့ပြင်သို့ ထွက်၍ နေကြလေ၏။

ဘုရင်မင်းမြတ် အမိန့်တော်အရ ပြည်စားငယ်ကို ဖမ်းဆီးရန် တပ် ပေါင်း များစွာ ဖွဲ့စည်း၍ အဆောတလျင် ချီတက်စေသည်။

## အခန်း (၁၈)

အမေစာရဲ့၊ သည်မှာနေလို့ လုံပ့ါမလား။ ကျွန်မတို့ သိတဲ့သူများ တွေ့ရှိသွားလို့ရှိရင် ခက်ကြမယ် မဟုတ်ဘူးလားရှင့်။ သည်မှာ ကျွန်မဖြင့် စိတ်မချနိုင်ဘူး။

မစာ။ ။ ခင်လေးဘုရားက သည့်လောက်တောင် မကြောက်ပါနဲ့။ ဘယ်သူ လာလို့ သိမလဲ။ မထင်မရှား ဆင်းရဲသားတွေလို့သာ မှတ်ထင်ကြမှာပေါ့ ဘုရား။ စိုးရိမ်ဖို့ ရှိမယ်မထင်ပေါင်ပါ။ ပူတော်မူပါနှင့် ခင်လေးဘုရား။

ခင်လေး။ ။ ဟုတ်ရိုးလား အမေစာရယ်။ ပန်းတောင်းခင်လေးရယ်လို့ အကျော်တစောနဲ့ပဲ။ တစ်ယောက်မသိ တစ်ယောက်သိ ဆိုသလို၊ သည်မှာနေရင် တစ်နေ့နေ့တော့ သိကြမှာပဲ။ သိခဲ့ရင်လဲ မျက်နှာလိုမျက်နှာရ သွားရောက် တိုက်ခိုက်မှဖြင့် ဒုက္ခရောက်မှာ မုချပေါ့။ ကျွန်မအတွက်ကြောင့် စိတ်မပူပါဘူး။ သည်သားကလေး လူမမည်ကြောင့် သာလို့ ခက်လှပါတယ်။ ကိုဘိုးခင်ကလဲ ခုထက်ထိ ပြန်မလာသေးပါကလား။

မစာ။ ။ မှန်ပ့ါဘုရား။ သူလဲ သတင်း နားထောင်ရအောင် တိတ်တဆိတ် သွားရပါတယ်။ သူ ပြန်လာတဲ့အခါမှ ဘယ်လို အကြောင်းဆိုတာ သိခဲ့ရင် သည်မှာနေလို့ တော်မယ်၊ မတော်ဘူး ဆိုတာ ချင့်ချိန်ရတာပေါ့ ဘုရား။

ခင်လေး။ ။ အို ... ဒုက္ခတွေထဲ မင်းက ငိုပြန်ပြီလားကွယ်။ အင်-အင်၊ တိတ်ပါ တိတ်ပါ မငိုပါနှင့် မောင်ရယ်။ မောင့်အတွက်ကြောင့် မယ်မယ်တို့ သည့်လောက် ဒုက္ခရောက် ခံတာပါ။ အို ... ငိုလှချည်ရဲ့

အမေစာရယ်၊ တစ္ဆေ မှင်စာများ ပါရှေ့လား။ ထမင်းကလေးများ ကျန်ရင် တစ်ဆိတ်လောက် ပက်လိုက် ရက်လိုက်စမ်းပါရှင်။

မစာသည် ကပျာကယာ ထ ကာ မောင်ဘိုးခင် စားရန် ချန်ထားသော ထမင်းမှ အနည်းငယ်ယူ၍ စလောင်း မရှိသဖြင့် လက်ဝါးတွင် ရေနှင့်ဖျော်ကာ– ဖွတဲ့ဖွ၊ ခြေဥပါတစ္ဆေ၊ လက်ဥပါတစ္ဆေ၊ ဖျားလို့သေတဲ့တစ္ဆေ၊ နာလို့သေတဲ့တစ္ဆေ၊ ဓားခုတ်လို့ သေတဲ့တစ္ဆေ၊ လှံထိုးလို့ သေတဲ့တစ္ဆေ၊ ရာဇဝတ်သင့်လို့ သေတဲ့တစ္ဆေ၊ ဝမ်းနာလို့ သေတဲ့တစ္ဆေ၊ မီးမဖွားနိုင်လို့ သေတဲ့တစ္ဆေ၊ ရေနစ်လို့ သေတဲ့တစ္ဆေ၊ သစ်ပင်ပေါ်က ကျသေတဲ့တစ္ဆေ၊ သည်ဇရပ်ပေါ်က ထမင်းငတ်သေတဲ့တစ္ဆေ၊ (အို … တော်ပါတော့ရှင်၊ များလှပြီ) တစ္ဆေတကာ့ ဘုံပေါင်း၊ အေးလေ ယောင်လို့၊ တစ္ဆေတကာ့ အပေါင်း လိုက်လေလံလေ မငိုစေနဲ့ ဆို၍ ဇရပ်ပြင်ဘက်သို့ ထွက်ကာ ပစ်ပြီးမှ လွတ်ပလား ပျောက်ပလားဟု မေးကာလ၊ လွတ်ပြီ ပျောက်ပြီဟု ဆိုလေ၏။ ထိုနောက် များမကြာမီ ကလေးလည်း အငိုတိတ်၍ အိပ်ပျော်သွားလေ၏။

ဤကဲ့သို့ အသက် ၄၀ ရွယ် မစာ ဆိုသူ မိန်းမကြီးတစ်ယောက်နှင့် အသက် ၂၀ ရွယ် ပန်းတောင်းခင်လေး ဆိုသူ မိန်းမငယ်တို့သည် နို့စို့ရွယ် အခါလည်ခန့်ရှိ သားယောကျ်ားကလေး တစ်ယောက်နှင့် ရွှေကြက်ယက်တောင်ပေါ်ရှိ ဇရပ်တစ်ခုပေါ်တွင် ည ၈ နာရီ အချိန်လောက်ဝယ် အသံခပ်တိုးတိုး ပြောဆိုနေကြစဉ်၊ ဇရပ်ပေါ်သို့ လူတက်လာသော ခြေသံ ကြားသဖြင့် မိန်းမ ၂ ယောက်တို့သည် တိတ်ဆိတ်စွာ နေကာလ၊ တက်လာသော သူက မမစာ–မမစာ ဟု အသံတိုးတိုးနှင့် ခေါ်သည့်အခါ မစာက၊ ဩော် … မောင်ဘိုးခင် ပြန်လာပလား။ အခုပဲ မောင့်အကြောင်း ပြောရသေးတယ်။ ခင်လေးဘုရားက စိုးရိမ်ရှာလွန်းလို့ တညည်းညည်းနှင့် နေရှာတော် မူတယ် မောင်ရဲ့။

ခင်လေး။ ။ ကိုဘိုးခင်လား … တခြားသူ မှတ်လို့ ကြောက်တာနဲ့ အသံမပြုဝံ့ဘဲ တုန်နေလိုက်ရတာ၊ အခုမှပဲ သက်သာတော့တယ်။ နို့–ဘယ်လိုများ သိခဲ့ပါသလဲ။

ဘိုးခင်။ ။ သိဆို ဘုရား၊ အကြောင်းတစ်ပါး ထူးခြားတော့တယ် မဟုတ်ပေါင်ပါ။ ကြံစည်တော်မူရင်း ရှိတဲ့အတိုင်း အိမ်တော်ကို ဝိုင်းဝန်းတဲ့

ညကပင် ထွက်တော်မူဖြစ်၍ ချောမောစွာ လွတ်မြောက်တော်မူသွားပါပြီ ဘုရား။

မစာ။ ။ ကောင်းပါလေရဲ့တော်။ ဘုရား သိကြား မ လို့ ကြံစည်တော် မူတဲ့အတိုင်း ကောင်းကောင်းကြီး အောင်မြင်တော်မူပါစေ။ ခင်လေး ဘုရားလဲ ကြပ်ကြပ် ဆုတောင်းတော်မူပါ ဘုရား။

ခင်လေး။ ။ ဆုတောင်းဆိုရှင်၊ ဘယ် ပြောဖွယ် ရှိတော့မှာလဲ။ မောင်တော်ဘုရား အောင်မြင်တော်မူပါမှ ခင်လေးတို့ ချမ်းသာရမှာပါ။ နို့-ကိုဘိုးခင်ရယ်၊ တော်ကြီးဘုရားဘက်က ဘယ်လိုများ စီစဉ်တာကို တွေ့ခဲ့ မြင်ခဲ့ပါသလဲ။

ဘိုးခင်။ ။ သူတို့ဘက်ကတော့ ထိပ်တင်ဘုရား ည ထွက်တော်မူရင်း နောက်တစ်နေ့နံနက်မှာ တပ်တောင်တာများစွာ ဖွဲ့စည်း၍ ချီတက်ကြတာပါပဲ။ သည်တပ်ထဲမှာ ပုဂံမင်းသား တပ်လဲ ပါသွားပါတယ် ဘုရား။

ခင်လေး။ ။ စဉ်းစားကြည့်စမ်း ကိုဘိုးခင်၊ တကယ်လို့ မောင်တော်ဘုရား အကြံတော် အောင်မြင်စေခါမူ ဆယ့်လေးငါးရက်အတွင်း အောင်မြင်နိုင်ဖို့ ရှိမယ် မဟုတ်ဘူး။ အဲသည်အတွင်း သည်မှာ နေရထိုင်ရတာ အင်မတန် နီးကပ်လှတယ်။ မတော်လို့ ပေါ်ပေါက်သွားမယ်ဆိုရင် ခင်လေး တို့ အသက်ချမ်းသာမယ် မဟုတ်ဘူး။ မောင်တော်ဘုရားနှင့် ကြံရာပါတယ် လို့ ဖေဖေဘုရား၊ မေမေဘုရားနှင့်တကွ ဆွေမျိုးများပါ သတ်ပစ်ရာမှ ခင်လေးမှာ ကံကောင်းထောက်မလို့ ကျန်ရစ်ခဲ့ရတယ်။ သည်လို့ ကျန်ရစ် ခဲ့တာလဲ မောင်တော်ဘုရား ကြံစည် လျှို့ဝှက်ထားနိုင်လို့ မဟုတ်ပါလား။ ခုအခါများ တွေ့လို့ ရှိသွားရင် ကျူပင်ခုတ် ကျူငုတ်မှ မကျန်ရအောင် ပြုကြတော့မှာပါ့။ ခင်လေးအတွက် အသက်သေမှာကို သည့်လောက် မကြောက်လှပါဘူး။ မောင်တော်ဘုရားရဲ့သွေး၊ သည်သားကလေးအတွက် အသက်ကို စောင့်ရှောက်လိုပါတယ်။ သည်မှာနေလို့ အခြေလှမယ် မထင် ဘူး။ လွတ်ရာလွတ်ကြောင်း ကြံပါအုံး ကိုဘိုးခင်။

မစာ။ ။ အခု ခင်လေးဘုရား မိန့်တော်မူတဲ့ စကားကို ဘယ်လိုများ မောင်က သဘောရပါသလဲ။ သည်မှာနေလို့ တော်မလား၊ တခြား ပြေးရ ကောင်းမလား ဆိုတာကို စဉ်းစားပါအုံး မောင်ရဲ့။

ဘိုးခင်။ ။ ခင်လေးဘုရားထံ ထိပ်တင်ဘုရား ပေးတော်မူတဲ့ အမိန့်

တော် စာက လွတ်ရာဝေးရာ အောက်မြို့ကျေးရွာ ရောက်အောင် သွား၍ နေကြရမယ်။ အောင်တော်မူသည့် အခါကျမှ လာရောက်ရမယ်လို့ ပါတဲ့ အတိုင်း ကျွန်တော့်သဘောမှာဖြင့် ခပ်ဝေးဝေး သွားမှ တော်မည် ထင်ပါ တယ်။ သည်မှာ နေရခြင်းဟာလဲ တာရှည်နေဖို့ မဟုတ်ပေါင်ပါ။ ခေတ္တ ခဏ နားပါးထောင်ရင်း နေရတာပါ။ ဝေးနိုင်သမျှ ဝေးအောင် သွားကြမှ တော်ပါလိမ့်မယ် မမစာရယ်။

မစာ။ ။ ဒါဖြင့် ဘယ်အခါ ဘယ်လို သွားမယ် ဆိုတာ ပြောစမ်း ပါအုံး။

ဘိုးခင်။ ။ သွားဆို အခုည သွားမှပဲ။ တဖြည်းဖြည်း တောလမ်း ခရီးက သွားပြီး တော်လောက်တဲ့ နေရာကျတော့ လှေကြုံစီးလို့ မြစ်ရိုးက သွားမှ တော်မှာပဲ။

ခင်လေး။ ။ သွားမယ် ဆိုတာတော့ ဟုတ်ပါပြီ။ ခင်လေးကလဲ အမေစာကို တပြောတည်း ပြောနေတာပါ။ သည်လိုသွားပြန်တော့ လမ်းခရီး မှာ မေးလား မြန်းလား၊ စစ်လား ဆေးလားနှင့် အနှောင့်အယှက်တွေ တွေ့လို့ ပေါ်ပေါက်သွားမှာကိုလဲ စိုးရိမ်ရသေးတယ် ကိုဘိုးခင်။

ဘိုးခင်။ ။ ကျွန်တော်မျိုးလဲ သည်လို စဉ်းစားမိလို့ တင်ကူးပြီး ကြံစည်ထားပါတယ်။ ယခုလို အသွင်အပြင်နှင့် သွားလို့တော့ မတော် ပေါင်ပါ။ တစ်ရွာ ရောက်လျှင် တစ်မျိုး အသွင်ပြောင်းလဲပြီး သွားဖို့ရာ ကြံစည်ပြီး ဖြစ်ပါတယ်။ သွားရမဲ့ တာဝန်ကိုတော့ ဘာမှ စိုးရိမ် ကြောင့် ကြတော် မူပါနှင့်။ ကျွန်တော်မျိုး ရှိပါပြီ ဘုရား။

ခင်လေး။ ။ ကျေးဇူးကြီးလှပါတယ်ရှင်။ မောင်တော်ဘုရားရဲ့ ကျေးဇူးသစ္စာကို ထောက်ထားလို့ ခင်လေးတို့ သားအမိ ချမ်းသာအောင်ကို အမေစာနှင့်တကွ ကျေးဇူးပြုကြပါရှင်။

ဤကဲ့သို့ တိုင်ပင်ကြပြီးလျှင် ၎င်းနေ့ညမှာပင် ထိုဇရပ်မှ ထွက်သွား ကြလေ၏။

## အခန်း (၁၉)

ကျွန်တော်။ ။ ပြည်မင်း ထွက်သွားတဲ့နောက် ဘယ်လိုများ ဖြစ်ပါသေးသလဲ ခင်ဗျား။

အဘွား။ ။ အထက်က ပြောခဲ့သလို ညဦးအချိန် ဝင်းတော်ကို ဆင်နှင့် တိုက်ဖောက်ပြီး နောက်ပါ လူ ၂၀၀ ကျော်ခန့်လောက်နှင့် သားမယားပါ ထွက်သွားတဲ့အခါ၊ ဘုန်းတော်ကြီးဘုရား ဘက်တော်က ရဲမက်ဗိုလ်ပါ တပ်တောင်တာ အသီးသီး ဖွဲ့စည်း ကြီးကြပ်၍ လိုက်ဖမ်းကြတာပေါ့လေ။ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့ညက ထွက်သွားရာ၊ သီတင်းကျွတ် လဆန်းမှ ဟို မိုင်းလုံမြို့ ဆိုတဲ့ ရှမ်းပြည်မှာ သွားပြီး ဖမ်းဆီးရမိတာကို။ သည်လို ရမိတော့ ပြည်မင်းကို သားမယား ကျေးကျွန်ပါ ခေါ်လာပြီး ဘုန်းတော်ကြီးဘုရားထံ အမိန့်တော်ခံကာလ၊ သားတော် ပုဂံမင်းလက်သို့ အပ်ထားရမည်ဟု အမိန့်တော် ကျရှိသဖြင့် ၁၂၀၇ ခုနှစ် သီတင်းကျွတ် လဆန်း ၈ ရက်နေ့မှာ ပြည်မင်းနှင့် သားတော် ၄ ပါး တို့ကို ပုဂံမင်းသားက ထောင်တွင် ချထား ချုပ်နှောင်၍ အစောင့်အနေ များစွာနှင့်ထားလေသည်။ အဲသည်အခါကျတော့မှ မိဖုရား မမြကလေးနှင့် မယ်တော်မယ်အိတို့ အပေါ်တွင် မှန်းထားတဲ့ သူများက ကောင်းကောင်းကြီး ကြံစည်ခွင့်၊ နှိပ်စက်ခွင့် ရကြသပေါ့လေ။ သည်အကြောင်းတွေကိုတော့ အဘွားကအကုန်သိတယ် မောင်ရဲ့။ မသိဘဲ ရှိပ့ါမလား၊ အဘွား ခင်ပွန်းသည်ကတောင်သူတို့အထဲ ပါဝင်ပြီး သက်သေလုပ်ရတာကလား။ မျက်စိမှိတ်ပြီး ဓားနီးရာခိုရတယ် မောင်ရဲ့– ဆို၍ ပြောရင်းပင် အဘွားကြီးလည်း မျက်ရည်များကျလျက် ရှိုက်ကာ ရှိုက်ကာနှင့် မမှန်တာ ဖြစ်ရရှာတယ်ဟု ငိုလေသည်။

ကျွန်တော်လည်း အတော်ကြာအောင် အဘွားကြီး ငိုသည်ကို ကြည့်ရှု

နေပြီးမှ။ ။ ကဲ–ဘွားဘွားကြီး မှန်တဲ့အတိုင်းကိုသာ ချန်မထားဘဲ ပြော ကြားတော်မူပါ။ ရာဇဝင်တွင် ဘယ်လိုပင် ရေးထားသော်လဲ မှန်ကန်တဲ့ အကြောင်းကို အများ သိမှတ်ရအောင် ကျွန်တော်တို့က တတ်နိုင်သမျှ ကြေညာ ဆောင်ရွက်ပါမယ်။ ရာဇဝင် ဆိုတာ ရေးစဉ်ကာလက မင်းသိ စိုးသိ ရေးရတာမို့ ထိုရေးစဉ်အခါ ရှိတဲ့ မင်း၏ အလိုရှိတဲ့ သူများ၏ မျက်နှာကို ထောက်ထားပြီး သူတို့နှင့် စပ်လျဉ်းသည့် အကြောင်းကိုတော့ အကောင်းချည်း ရေးသား တင်မှတ်ရတယ်။ သူတို့နှင့် ဆန့်ကျင်ဘက် ကျလို့ မျက်နှာကြီးသူ မကျန်ရစ်တဲ့ သူများကိုတော့ ရစရာမရှိအောင် မကောင်းချပြီး ရေးရတယ်။ သည်လိုဖြစ်တော့ ရာဇဝင် ပါတဲ့အတိုင်း အကုန်မှန်တယ်လို့ မမှတ်သားနိုင်ဘူး။ တကောင်းမင်းဆက် အကြောင်းကို ပုဂံမင်းဆက်တွင် ရေးတဲ့ ရာဇဝင်မှ မှန်ကန်မယ်။ ပုဂံမင်းဆက် အကြောင်း ကိုလဲ အင်းဝမင်းဆက်မှာ ရေးတဲ့ ရာဇဝင်မှ မှန်ကန်မယ်။ ဥဒါဟရဏ် မှာ။ ။ စစ်ကိုင်း ဆင်ဖြူရှင်မင်း အကြောင်းကို ငစဉ့်ကူးမင်း လက်ထက် ကျရုံနှင့် အမှန် မသိရသေးဘူး။ ဘိုးတော်ဘုရား လက်ထက်ကျမှ အမှန် သိရမယ်။ ဘာကြောင့်လဲဆိုတော့ ငစဉ့်ကူးမင်းက ဆင်ဖြူရှင်၏ သားတော် ဖြစ်တဲ့အပြင် ခမည်းတော် ဆင်ဖြူရှင်က ညီတော်များကို ပယ်၍ မိမိကို ချီးမြှောက်ပြီး အိမ်ရှေ့ ပေးခဲ့သဖြင့် ဘုရင်အဖြစ်သို့ ရောက်ရတဲ့ ကျေးဇူး တော်ကို ထောက်မြော်၍ ဆင်ဖြူရှင်၏ အကောင်းစကားကိုသာ ရာဇဝင် တွင် ရေးတင်ရမဟာပေါ့။ မကောင်းတဲ့ အကြောင်းအရာကိုတော့ ဘာ ရေးထည့်ရမလဲ။ မင်းတုန်းမင်း၊ သီပေါမင်းတို့ လက်ထက်မှာ ကုန်းဘောင် မင်း၊ ပုဂံမင်းတို့ အကြောင်းကို မကောင်းရေးမှာ မဟုတ်ဘူး။ ကျေးဇူး တော်တွေကို ထောက်လို့ အကောင်းကိုသာ ရေးတော့မပေါ့။ မင်းသိ စိုးသိ မဟုတ်ဘဲ တိတ်တဆိတ် ကွယ်ရာကနေ၍ ရေးမှတ်ထားတဲ့ ရာဇဝင်ကိုသာ အားလုံး မှန်တယ်လို့ အယူရှိချင်တာပဲ။ သည်လို ရေးသားခဲ့တာ မရှိတော့ ဘွားဘွားတို့လို သိမီတဲ့ လူကြီးသူကြီးများထံ ကျွန်တော်လို မေးမြန်း မှတ်သားပြီး စုဆောင်းရေးသားတဲ့ ရာဇဝင်မျိုးမှ သာလို့ မှန်မယ် မဟုတ် ပါလား။ အဲဒါကြောင့် ဘွားဘွားကြီး သိတော်မူတဲ့ အတိုင်းကိုသာ မချန် ခြွင်းဘဲ မိန့်တော်မူပါ။ ကျွန်တော် မှတ်သားပါရစေ–ဟု တောင်းပန်ကာလ၊ အဘွားကြီးက။ ။ အဲသည်လို သားတော် ပြည်မင်းကို ပုန်စား ပုန်ကန်မှု

နှင့် ဖမ်းဆီးရမိသောအခါ ဘုန်းတော်ကြီးဘုရားလဲ ရောဂါတော် တစ်စ တစ်စ တိုးတက် ဖိစီးလာတာကြောင့် ညီလာခံ ဝင်ရတဲ့ မှူးကြီးမတ်ရာ သေနာပတိများလဲ တထိတ်ထိတ် တလန့်လန့်နှင့် ယနေ့ သေရတော့မလို၊ နက်ဖြန် သေရတော့မလို ဖြစ်ပြီး ရှိနေကြတာကို။ သည်လိုဖြစ်လျှင် တိုင်းပြည် ငြိမ်ဝပ်ပိပြားတော့မည် မဟုတ်၊ ခမည်းတော် အရိုက်အရာကို သားတော် ပုဂံမင်း သိမ်းပိုက် အုပ်ချုပ်မှ ချမ်းသာရာ ရကြတော့မည်ဟု စည်းဝေးတိုင်ပင်ပြီး၊ သားတော် ပုဂံမင်းသားအား အရှင်သားကိုသာလျှင် တိုင်းသူပြည်သားတို့ ကိုးကွယ်ရာ ပြုရပါတော့မည်။ ခမည်းတော်၏ ဓားကို သိမ်းတော်မူ၍ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တော်မူချိန် တန်ပါပြီဟု လျှောက်ထားကြသောအခါ၊ ပုဂံမင်းသားလည်း မိမိဘက်သို့ မှူးမတ်များနှင့် တိုင်းသား ပြည်သူတို့ အားလုံး သဘောညီညွတ်ကြကြောင်း သိသဖြင့် ဝန်ခံတော်မူ၍ ခမည်းတော်ဘုရား စက်တော်ခေါ်၍ ပျော်တော်မူနေခိုက်၊ ဆေးတော် တိုက်မည် အဟန်နှင့် အမှတ်မဲ့ စက်ရာခန်းသို့ ဝင်ပြီး ဖမ်းဆီး၍ အမရပူရမြို့ နန်းတော်ကြီးသို့ ယူဆောင်ကာ ကြေးပြာသာဒ်တွင် စံနေတော်မူစေသည်။

သည်အခါကျတော့ သူတို့ ပြုတိုင်း ပြင်တိုင်း၊ ကြံစည်တိုင်း ဖြစ်ရတာပေါ့ မောင်ရယ်။ ပြည်မင်း မသင့်မလျော် ကြံစည်ရာတွင် မိဖုရား မမြကလေးတို့၊ မယ်တော် မယ်အိတို့လဲ အပါအဝင်ရယ်လို့ တမင်ပြုလုပ်ပြီး ရောကျိုလိုက်တာပေါ့။ ပြည်မင်း ပုန်ကန်မှုကို ပုဂံမင်း စစ်ဆေးလိမ့်မည်၊ သို့လို စစ်ဆေးတဲ့အခါ ငဖြူက ဘယ်လို အစစ်ခံ၊ ငမဲက ဘယ်ပုံ ပြော၊ စသည်ဖြင့် အမှုဆင်ပြီး လုပ်ကြတာကို။ အဘွား ခင်ပွန်းသည် မြို့သူကြီးကိုလဲ သက်သေလုပ်စေပြီး သူတို့ သဘောကျ သင်ပြတဲ့အတိုင်း ဘယ်ပုံ ဘယ်နည်း အစစ်ခံရမည် ပြောရာ၊ မြို့သူကြီးကလဲ မဟုတ် မမှန်တာကို မထွက်ဆိုပါရစေနှင့်၊ ကျေးစူးရှင်များ ဖြစ်ကြ၍ မသင့်လှကြောင်းနှင့် ငြင်းဆိုသော်လည်း သို့လို အစစ်မခံလျှင် မနေရ၊ သတ်ပစ်မည်ဟု ချုပ်နှောင်ရိုက်နှက် နှိပ်စက်ကလူ ပြုမူဖန်များတော့ အဏ္ဏသမံ ပေမံနတ္ထိ၊ ကိုယ်မရှိ -အမိသော်လဲ သားတော်ခဲ ဆိုတာလို ကိုယ့်အသက်ကို ချစ်တာကြောင့် ဇွတ်နှစ်ပြီး အလိုရှိရာ ထွက်ဆိုပါတော့မယ်လို့ ဝန်ခံရတယ် မောင်ရဲ့။ (ဘယ်လို ထွက်ဆိုရမယ်လို့ သူတို့က ပြောပြကြပါသလဲ) အဘွား ပြောရ

မှာတောင် နူတ်က ရဲရဲမထွက်ဝံ့ပါဘူး။ မယ်အိနှင့် ကျွန်တော် စုံမက်ချစ်ခင်ရတယ်။ ပြည်မင်းနှင့် မမြကလေး စုံမက်ချစ်ခင်၍ စကားကူးလူးဆက်ဆံကြတယ်။ မသင့်မလျော်တဲ့ အကြံ ပုန်ကန်ရန် ကြံစည်ကြတယ်ဆိုတဲ့ အကြောင်း အစစ်ခံ ထွက်ဆိုရမတဲ့ မောင်ရဲ့။

ကျွန်တော်လည်း အလွန်အံ့ဩလျက် သည်းမခံနိုင်အောင် ဒေါသထွက်၍ တက်ခေါက်မိကာ။ ။ ရိုင်းပျလှချည်ကလား ဘွားဘွားကြီး၊ သည့်လောက်တောင် မဟုတ်တာတွေ လုပ်တာ ဘယ်သူ ခံနိုင်ပါ့မလဲ ခင်ဗျ။

အဘွား။ ။ မခံနိုင်ပေတဲ့ နေရမလား။ သူတို့ လက်ခုပ်ထဲကရေ၊ သွန်လိုသွန်၊ မှောက်လိုမှောက်၊ ဘာလောက်မှ သနားကရုဏာ မရှိကြဘူး။

ကျွန်တော်။ ။ အနို့-ဘွားဘွားကြီးရယ်၊ သူတို့ ပြောတဲ့အတိုင်း စစ်မေးတော့ ထွက်ဆိုရသလား။

အဘွား။ ။ သည်အတိုင်းပင် ဖွတ်နှစ်ပြီး ထွက်ဆိုပေးရတယ် မောင်ရဲ့။ အသည်းနာဖို့ ကောင်းလိုက်တာ။ သည်လိုမှ မထွက်ဆိုရင် အသက်သေမှာ မုချပဲ။ အတ္တသမံ ပေမံနတ္ထိ ဆိုတဲ့အတိုင်း ဖြစ်တော့တာပဲ -ဆို၍ မျက်ရည်များ ကျရှာလေ၏။

ကျွန်တော်။ ။ သည်လို မဟုတ်မမှန် ပြုလုပ်တာတွေကို ရှင်ဘုရင် လုပ်တဲ့လူ မသိပါဘူးလားဗျာ။

အဘွား။ ။ အို-ဘယ်မှာ သူ့ခမျာ သိရှာလိမ့်မလဲ။ ခမျာမှာ ရောဂါတော်က နှိပ်စက်လျက် နေရှာတာကို။ နောင် သိတော်မူပြန်တော့လဲ ဘယ့်နှယ်မှ မတတ်နိုင်ရှာဘူး။ ခုကာလ ပြောကြတဲ့ "ပါဝါ" ဆိုတဲ့ အခွင့်အာဏာလဲ မရှိရှာတော့ဘူး။ သာပြီး ရောဂါ တိုးတော့တာပေါ့။

ကျွန်တော်။ ။ တယ်ပြီး မခံချင်စရာ ကောင်းပါကလား ဘွားဘွားကြီးရယ်။ သူတို့ လုပ်တိုင်းသာ ခံရမယ်ဆိုရင် ခက်ကုန်ရောပေါ့။ နို့ ခင်ဗျာ၊ ခံရတဲ့ ဘက်ကကော အထောက်အပံ့ ပြုသူများ မရှိကြတော့ဘူးလား။

အဘွား။ ။ မောင့်လို မဟုတ်ရင် မခံချင်တဲ့ သူများလဲ ရှိကြပါရဲ့။ ရှိကြပေတဲ့ မပြောဝံ့ဘူး။ သည်လို ပြောဝံ့မှာ မဆိုထားနှင့်၊ သူတို့ အပြုအမူကို မနှစ်သက်ကြောင်းကိုမှ မရိပ်မိစေဝံ့ဘူး။ ဘာကြောင့်လဲဆိုတော့

ရှင်ဘုရင်လောင်း ပုဂံမင်းသားကိုယ်က သူတို့ဘက်က ပါနေတာကို၊ အထူး ပြောဖို့ မရှိဘူးပေါ့။ အဘွားမှာတော့ သည်အခါတုန်းက မျက်နှာ တော် တော် ရတယ် မောင်ရဲ့။ အဘွား ဝင်ချင်တိုင်း၊ ထွက်ချင်တိုင်း အခွင့်ရလေ တော့ အဘွားက ဟိုဟိုသည်သည် လိုက်ပြီး နားပါးထောင်တယ်။ နန်းတော် ထဲမှာ ရုံးစု ရုံးစုနှင့် မျက်စိမှတ်ကာ၊ လည်ညိတ်ကာ၊ အံကြိတ်ကာ တီးတိုး တီးတိုးနှင့် တိုင်ပင်ကြံစည်ကြတာတွေ ရှုပ်လို့။ သူတို့ ကြံစည်ကြတာတွေ ကို အဘွားက အကုန်သိတယ်။ အသိဘဲ ရှိပါ့မလား၊ အနောက်ပိုင်းမှာ တော့ အဘွားက ဘယ်နေရာမဆို ပေါက်ရောက်တယ်။ အရှေ့ပိုင်းမတော့လဲ အဘွား ခင်ပွန်းသည်က အကြံအစည်ထဲ ပါတဲ့ ဘက်တော်သား ဖြစ်နေ တာကို၊ သိမှာပေါ့။

ကျွန်တော်။ ။ ဒါဖြင့် ဘွားဘွားကြီးတို့ အပေါ်မှာ မမြကလေးတို့ ဆွေမျိုးများက အင်မတန် စိတ်နာကြမှာပေါ့။

အဘွား။ ။ အင်း ... စိတ်နာဆို နာသင့်ကြပါရဲ့။ နို့ပေတဲ့ တခြား ဆွေမျိုးများကတော့ မလွှဲသာလို့ ပြောရရှာတယ်လို့ ဖြေနိုင်ကြပါရဲ့။ သမီး တော် လှိုင်ထိပ်ခေါင်တင်ကဖြင့် ကမ္ဘာရန်ငြိုးပါပဲ။ စကားစပ်မိလို့ ပြောရ အုံးမယ်။ မောင့်အဘွားလဲ တော်တယ်၊ အဘွားချွေးမ ဟောဒီ မညီမကလေး ဆိုတာဟာ မောင့်ဘွားအေ မလုံမကလေးရဲ့ ညီမအရင်းပေါ့။ အဲ–သူနှင့် အဘွားသား မောင်ဆင်နှင့် အင်္ဂလိပ်မင်းနိုင်ငံ ဒီ ဟသံာတမြို့မှာ အကြောင်း သင့်မြတ်ကြတာကို။ သည်လို သင့်မြတ်တဲ့ အကြောင်းကို မမြကလေးရဲ့ သမီး လှိုင်ထိပ်ခေါင်တင် အိမ်ရှေ့မိဖုရားက ကြားသိနှင့်တယ် ထင်ပါရဲ့။ အဲသည် အိမ်ရှေ့မိဖုရားထံ မောင့်အရီးများ သွားရောက်တဲ့အခါ သည် အကြောင်း စကားစပ်မိတော့ အိမ်ရှေ့မိဖုရားက ကြမ်းကို ခြေနှင့်ဆောင့်ပြီး နင်တို့ အောက်အရပ်မှာ သည့်လောက်တောင် ယောကျ်ားရှားလို့ သည် အကောင်ကြီး သားနှင့် ညီမကလေးကို ပေးစားရသလားဟု အင်မတန် စိတ်ဆိုးပြီး ကြိမ်းမောင်းသေးတယ် မောင်ရဲ့။ မောင့်အရီးများ ပြောလို့ သိရတယ်။ မေးကြည့်စမ်းပါလား၊ အဘွားတို့က အင်္ဂလိပ်မင်းနိုင်ငံမှာ နေလို့သာပေါ့။ သူတို့နိုင်ငံမှာ နေခဲ့ရင် အိမ်ရှေ့မိဖုရား သတ်လို့ သေပြီး သားပဲ။

## အခန်း (၂၀)

၁၂၀၇ ခုနှစ် သီတင်းကျွတ်လအတွင်း တစ်နေ့သော နေ့လယ်အခါ၊ အနောက် နန်းတော်ဆောင်တွင် စကားပြောနေကြသည်မှာ– အပျိုတော် သီရိစိတ္တာ က။ ။ မမတို့၊ ကျွန်မတို့ ထိပ်ခေါင်တင်သခင်ကြီးဘုရား ဘုန်းတော်ဖန်၊ ကံတော်တိုးလို့ တန်ခိုးတော်ထွက်စဉ် အခါတုန်းက အုန်းအုန်းညံညံ ရံရွေ အပေါင်း သောင်းသောင်းဖြဖြ အင်မတန်မှ ခစား ထမ်းရွက်သူ များကြ သပါ့။ ယခုမတော့ ဘုန်းတော်ကြီးဘုရားလဲ ကျန်းမာတော်မမူတာနဲ့ ထူ မ သူ အခြေပျက်လို့ ရွှေမျက်နှာ ညှိုးငယ်ပြီ။ ကိုးကွယ်ရာ မဲ့တဲ့အပြင် တစ်ဖက် လှည့် အကြံသမားတွေက ဉာဏ်အား လူအားနှင့် စည်းလား ရိုက်သွင်းပြီး စိုက်ဆင်းအောင် မကောင်းကြံနေကြတာကို သိကြ ကြားကြလို့ ကိုယ်ကြီး စားရင် စားမယ်၊ ကိုယ်ကြီး သွားရင် သွားမယ်၊ ကိုယ်ကြီး သေတော့ အမေဆီ ပြန်နေမယ် ဆိုတဲ့ ကောင်းရင်စံ၊ ဆိုးတော့ မခံဘဲ မွေးရင်ပန်၊ နံရင် ပစ်မယ် ဆိုတဲ့ လူစားတွေ တဖြည်းဖြည်း ကြက်ကလေးပျောက် ပျောက်ကုန်ကြလို့ ကျွန်မတို့ ၂ ယောက်နှင့် ထိပ်ထားကလေးဘုရားရဲ့ အထိန်းတော်ကြီး သီရိစန္ဒာသာ ကျန်ရစ်ကြတော့တယ်။ အဆောင်တော် တိတ်ဆိတ်လို့ ရွှေစိတ်တော် မသာတဲ့ ထိပ်ခေါင်တင်ဘုရား သနားဖို့ ကောင်းပါဘိတယ် မမရယ်။

သီရိမဟော။ ။ ဟုတ်ပါရဲ့ မမရယ်၊ မမတို့ ကျွန်မတို့မတော့ တကယ့် ကို ချစ်ခင်စုံမက်၍ အသက်ကို စွန့်စားပြီး ခစား ထမ်းရွက်တဲ့ ကျေးရင်း ကျွန်ရင်းပေကလား။ သူတို့တစ်တွေကတော့ သာတဲ့အခါ လာလို့ နားကြတဲ့ သူတွေ အပြစ်ဆိုနေဖို့ မရှိတော့ပါ။ လာဘော–အလာဘော၊ ယသော– အယသော ဆိုတဲ့ လောကဓံတရားနှင့် ကင်းတဲ့သူ ဘယ်မှာရှိမလဲ။ ဒါတွေကို ထားလိုက်ပါ၊ အရေးကြီးတဲ့ ကိစ္စကို မမ မကြားသေးဘူးလားရှင့်။

စိတ္တာ။ ။ မမ ကြားတဲ့စကားကို အမိန့်ရှိစမ်းပါအုံး။ ကျွန်မ ကြားတာနဲ့ ထပ်မိရဲ့လား လို့။

မဟော။ ။ သည်လိုတဲ့ မမရဲ့။ ပြည်မင်းသား ပုန်စား ပုန်ကန်ပြုတဲ့အထဲမှာ ကျွန်မတို့ဘုရားလဲ တရောတယှက်တည်းပါဝင်တယ်လို့ ဆင်ပြင်ပြီး မဟုတ်တာ လုပ်နေကြပါပကော။ ပုဂံမင်းသား စစ်ဆေးတဲ့အခါ သက်သေလုပ်သူတွေက သည်လိုပဲ အစစ်ခံကြတယ် ဆိုပါကလား မမရဲ့။

စိတ္တာ။ ။ ကျွန်မလဲ ကြားပါရဲ့။ ယမန်နေ့က ကျွန်မတို့ နန်းဆောင်သို့ ဇလွန်မြို့သူကြီးကတော် လာသေးတယ် မဟုတ်လား။ အဲ သူကပဲ ကျွန်မတို့ကို ပြောသွားတယ်။ သူ့ယောကျ်ားကို မဟုတ်မမှန်တာ လုပ်ကြံထွက်ဆို အစစ်ခံရမယ်၊ သည်လိုမှ အစစ်မခံရင် အပြစ်ဒဏ်က သေဖို့တဲ့ ရှင့်။ ဒါကြောင့် အကြံရ ခက်နေတယ်လို့ ညည်းသွားသေးတယ်။

မဟော။ ။ အဲလေ–မမတို့ ကျွန်မတို့ ကျေးဇူးရှင် ထိပ်ခေါင်တင်ကြီးဘုရား အပေါ်မတော့ ကြံနိုင်သမျှ ကြံကြတော့မဟာပ။ သူတို့ ပြုတိုင်းဖြစ်ရမဲ့ အခါပေကို။ ကျွန်မတို့မတော့ ဘုရားကိုသာ အားကိုးရတော့မှာပဲ။ ဒါထက် ကြည့်စမ်းပါ မမ၊ သည်အကြောင်းကိစ္စတွေ မသိတဲ့ ကလေးမတော့ စိတ်အေးလက်အေးနဲ့ ကစားတော်မူနေနိုင်ရှာတယ်။ အထိန်းတော်ကြီး ကဖြင့် အပါး လက်ပိုက်၍ မှိုင်နေရှာတယ်။ သနားဖို့ ကောင်းလိုက်တာ ရှင်။

စိတ္တာ။ ။ ဩော်–ကလေးကိုရှင့်၊ ဘာသိရှာမလဲ။ သူတို့အရွယ်မတော့ မကစားမှာနဲ့ မစားရမှာသာ ပူရမှန်း သိတယ်။ သည့်ပြင် အပူအပင်မရှိတတ်ဘူး။ အထိန်းတော်ကြီးကတော့ ခုအကြောင်းတွေ သိလို့ မှိုင်နေရှာတာပါ့။ ကျွန်မတို့ မမတို့လဲ ထိပ်ခေါင်တင်ကြီးဘုရားကို အသက်ပေးပြီး ကျေးဇူးတော်မြတ် ခစားနေကြတာ မဟုတ်လား။ အင်မတန်မှ ကျွန်မတို့ကို အလိုလိုက်တော်မူရှာတယ်။ ကျွန်မတို့ကလဲ အလိုလိုက်မှန်းသိတော့တယ်လို့လဲ မကြောက်လှတာနဲ့ အလိုလိုက် အမိုက်စော်ကား ဆိုတာလိုရှေးအခါကတော့ ပေါ့ပေါ့လျော့လျော့ ခစားလာခဲ့ကြ။ အခုတော့ သည်လိုနေလို့ မတော်ဘူး။ မျက်နှာတော် ငယ်တဲ့အခါ မမတို့ ကျွန်မတို့က လေးလေးပင်ပင် ဂရုထားပြီး သတိတရားနှင့် ခစားမှ တော်မယ် မဟုတ်လားရှင့်။

မဟော။ ။ ဟုတ်ပါတယ် မမ။ ရှေးကတော့ ချစ်မြတ်နိုးမှန်းသိလို့

ခေါ်တော်မူပေတဲ့ မကြားကျွန် ပြုနေတဲ့အခါ ပြုနေကြတာပဲ။ အခုတော့ ရှေးကလို နေလျှင် ခများမှာ သာလို့ အားလျော့တော်မူရာမယ်။ ဒါကြောင့် အရေးတယူပြုပြီး ခစားကြတာပါ့။ ပုတီးစိပ်တော်မူနေတာ ပြီးချိန်တော်ပြီ။ နားထောင်စမ်းရှင့်၊ ချောင်းညှံ့တော်မူသံ ကြားတယ်။

မိဖုရားမမြကလေး။ ။ သီရိစိတ္တာ၊ သီရိမဟေတို့။

ဤကဲ့သို့ ခေါ်တော်မူလျှင် အပျိုတော် ၂ ယောက်သည် အပါးတော်ရောက် ဒူးဖြင့် တွားကာ ရှိခိုးလျက်။ ။ ဘုရားကျွန်မများ အပါးတော်တွင် ခစားလျက် ရှိပါကြောင်းပါ ဘုရား–ဟု တင်လျှောက်ကြသည်။

မြ။ ။ အင်း ... အခြံအရံ ဆိုလို့ ညည်းတို့ ၂ ယောက်သာ ရှိကြတော့သနော်။ တော်ပါပေရဲ့ တော်ပါပေရဲ့၊ ကျေးဇူးသိရှာကြပေတယ်။ သြော် လာဘော–အလာဘော၊ ယသော–အယသော၊ နိန္ဒာ–ပသံသာ၊ သုခ်–ဒုက္ခ ဆိုတဲ့ လောကဓံတရား ရှစ်ပါးနှင့် ဘယ်သတ္တဝါမှ ကင်းနိုင်ကြတာ မဟုတ်ဘူး။ အခြံအရံ နည်းခြင်း၊ များခြင်း ဆိုတာ ရှိကြတာပဲ။ နည်းတဲ့အခါ နည်းတယ်၊ များတဲ့အခါ များတယ်။ ဘုန်းတန်ခိုးအာဏာ ဩဇာတိက္ကမ ပြည့်စုံတဲ့ အခါမတော့ အခြံအရံ များတတ်တယ်။ ဘုန်းတန်ခိုး ကင်းကွာလို့ ဩဇာအာဏာ မရှိပြီဆိုလျှင် ဘယ်သူ ခစားချင်ကြမလဲ။ ရှိရင်း အခြံအရံများ ပျက်စီး ဆုတ်ယုတ်ကြတာပါ့။ သည်လို ပျက်စီး ဆုတ်ယုတ်သွားတဲ့အခါ စိတ်၏ တုန်လှုပ်ခြင်း ဖြစ်တတ်တာဟာ ပုထုဇဉ်တို့ သဘောပေပဲ။ သည်လို တုန်လှုပ်ခြင်း မရှိအောင်ဟာ တရားနှင့် ဆင်ခြင်သိမ်းဆည်းရတာမျိုးပါ့။ "ပူတဲ့အခါပြေး၊ အေးတဲ့အခါလာ" ဆိုတဲ့ အခြံအရံ လူစားများကိုလဲ တရားလက်မဲ့ပြီး အမျက်ဖွဲ့ဖို့ မရှိပေဘူး။ အသက်နဲ့ အတူ ချစ်ခင်စုံမက်တဲ့ အခြံအရံ ဆိုတာ အရှားကြီးကလား။ ညည်းတို့လိုတော့ တစ်ထောင်မှာ တစ်ကောင် မရှိဘူး ဆိုတာ သည်ဖုရား သိပါရဲ့။ အဲသည် အခြံအရံမျိုးတော့ ကျေးဇူး အထူးတင်ရပါတယ်ကွယ်ရို့။

စိတ္တာ။ ။ ဖုရာ့မိန့်တော်သံ ကြားရတော့ ဖျာ့ကျွန်မများ ဝမ်းနည်းပက်လက် ဖြစ်ပြီး၊ ဘုန်းတော်ဖန် ကံတော်ထောက်လို့ နောက်နောက်ကလိုရှိတဲ့အခါကျရင် သင်းတို့ ပစ်သွားတဲ့ ဟာမတွေ တစ်ယောက်စီ တစ်ယောက်စီ ခေါ်သတ်စမ်းချင်လှ ဘုရား။

မမြကလေး။ ။ သည်လို စိတ်သဘောမျိုး မမွေးကောင်းဘူး၊

မမွေးကောင်းဘူး။ အတ္တသမံ–ပေမံနတ္ထိ တဲ့။ အများ ယေဘုယျကိုလိုက်၍ ဆိုထားတဲ့စကား ရှိပေတယ်။ သူတို့အပေါ် စိတ်ရှိဖို့ မသင့်ပေဘူး။ သဗ္ဗေ သတ္တာ၊ သတ္တဝါများ အပေါင်းကို မေတ္တာဆိုတဲ့ လက်နက်နှင့်မှ နိုင်ရတယ်။ ဒေါသကောဓဥပနာဟ ဆိုတဲ့ လက်နက်များကတော့ ပစ်လွှတ်သူကို ပြန်၍ ထိတတ်တယ်။ မေတ္တာသာ ထားကြမှပဲ့။ ဒါထက် ရွှေနန်းရှင် သခင်မောင်ကြီး ဘုရားထံ ထွက်ဝင်ခွင့်မရတာ ၁၀ ရက်လောက် ရှိသွားပြီ။ ရောဂါတော် တိုးတယ်၊ ဆုတ်တယ် ဆိုတာ ဘယ်လိုများ ကြားကြရသလဲ။

စိတ္တာ။ ။ ဘုန်းတော်ကြီးဘုရား ရောဂါတော်ကတော့ ဆုတ်လျော့ တယ်လို့ တယ်မရှိပေါင်ပါ။ တစ်နေ့ထက်တစ်နေ့ တိုးတက် ဖိစီးနေတယ် လို့သာ ကြားရကြောင်းပါ ဘုရား။

မမြကလေး။ ။ ရွှေနန်းရှင်ဘုရား ကျန်းမာချမ်းသာတော်မူပါစေ ဆိုတာ ဘုရားပုထိုး ရှိခိုးပူဇော်ပြီး ဆုမွန်ပတ္ထနာ ပြုရတော့တာပဲ။ ရွှေနန်း ရှင် ဘုရား ကျန်းမာလို့ ချမ်းသာတော်မူပါမှ၊ ညည်းတို့ ငါတို့ ချမ်းသာ ကြရမယ်။ သြော် ... ညည်းတို့ ငါတို့ ဖြစ်ရတဲ့ ဘဝက ဥစ္စွတ်ခွင်းမှ ပေါက်စ ဖြစ်တဲ့ ကြက်သငယ်ကလေးတွေဟာ အမိ ကြက်မကြီး ရှိလို့သာ အသက် ချမ်းသာကြရတယ်။ အမိ ကြက်မကြီး မရှိရင် ကိုးကွယ်ရာမရ၊ ဒုက္ခ ရောက်၍ ကုန်ကြသလို ရွှေနန်းရှင်ဘုရား တစ်ပါးကိုသာ အားထားပြီး တစ်ယောက်အားကိုး နေကြရတယ်။ ရွှေနန်းရှင်ဘုရား မျက်နှာတော် လွှဲ သွားခဲ့လျှင် အမိပျောက်တဲ့ ကြက်သငယ်တွေ ကိုးကွယ်ရာမဲ့တာထက် ကဲလိမ့်မယ် ထင်တယ်၊ သည့်ပြင် ဘယ်လိုများ အကြောင်းထူး ကြားရ သေးသလဲ။

မဟေ။ ။ အကြောင်းထူး ဆိုတာမှာ တခြားရယ်လို့ မဟုတ်ပေါင် ပါ။ ပြည်မြို့စား မင်းသားကို တမြန်နေ့က ဖမ်းဆီးရမိလာသဖြင့် ပုဂံ မင်းသား လက်သို့ အပ်နှံပြီး စစ်ကြောနေတယ်လို့ ကြားရကြောင်းပါ ဘုရား။

မြ။ ။ သည့်အပြင်မှာကော ဘာများ ထူးသေးသလဲ။

မဟေ။ ။ သည့်ပြင် ထူးထာက ပြည်မင်း အကြံအစည်ထဲမှာ ထိပ်ခေါင်တင်ဘုရားလဲ အပါအဝင် ဖြစ်အောင် အမှုဆင်နေကြတယ် ဆို တာ ကြားသိရပါတယ်။ ဇလွန်မြို့သူကြီးကို သက်သေခံစေတယ်လို့တော့ သူ့မယား ကိုယ်တိုင် ပြောဖူးကြောင်းပါ ဘုရား။

မြ။ ။သည်အတိုင်း မှန်ရင် အင်မတန် ရက်ရက်စက်စက် ကြဲရက်ရှာကြပေတယ်။ ဝိပါက မလွတ်ရင်လဲ သူတို့ကြံတိုင်း ခံရမှာပါ့။ ကလျာဏီပြည်မှာ တိဿ မထေရ် ဆိုတာ ပဋိသမ္ဘိဒါကသားကြီး ဖြစ်ပါလျက် ရှေးဝိပါက မလွတ်တော့ ဘာအပြစ်မှ မရှိဘဲလျက် ဆီပူအိုးထဲချ၍ သတ်ခြင်းခံတော်မူရရှာသေးတာ။ သူသူငါငါ ပါရမီညွှတ်တဲ့ လူစားမတော့ ဘယ်ပြောဖွယ် ရှိတော့မလဲ။ ကံတစ်ခု အောက်မေ့ရတော့တယ်။ ဘုရားကိုသာ ယုံကြည်အားထားကြပေတော့ ... ဆို၍ မိမိ၏ ကံတရားကို အောက်မေ့ဆင်ခြင်ကာ မှိုင်လျက် ရှိနေရာ၊ သမီးတော်ကလေးသည် ကစားရာမှ ထ ၍ လာပြီးလျှင် မယ်တော်၏ ရင်ခွင်ထက်ဝယ် ထိုင်လျက် လက်တစ်ဖက်က မယ်တော်၏ လည်ကို ဖက်ကာ၊ အခြား လက်တစ်ဖက်က မယ်တော်၏ မေးကို ကိုင်၍ ... မယ်မယ်ဘုရား၊ ဘာမှိုင်နေသလဲ။ တင်တင် ကစားရတာ တစ်ယောက်တည်း အဖော်လဲ မရှိဘူး။ ကြီးကြီးကလဲ နေ့တိုင်းနေ့တိုင်းတော့ တင်တင်နှင့် ဖယ်ခတ်တန်း ကစားတယ်။ သည်ကနေ့တော့မှ တင်တင်နှင့် အတူ ဖယ်မခတ်ချင်ဘူး ဆိုပြီး လက်ပိုက် မှိုင်နေတာပဲ။ ဘာပြုလို့မှိုင်နေကြသလဲ မယ်မယ်ရဲ့၊ ပြောစမ်းပါအုံး။ ။ မိဖုရားသည် ဤကဲ့သို့ သမီးတော်ကလေး မေးသည်ကို အတန်ကြာ စိုက်ငေး ကြည့်ရှုနေပြီးမှ။ ။ အို-ဘာမှ မှိုင်ပါဘူး တင်တင်ရယ်၊ မယ်ဘုရား ပုတီးစိပ်နေတာ အခုမှပဲ ပြီးလို့ အငြိမ်းဖြေနေတာပါ။

သမီး။ ။ခုတင်က ဘာတွေ ပြောနေကြသလဲ။ တင်တင် သန့်သန့် ကြားပါတယ်။ ကံတစ်ခုပဲ၊ ဘာပဲနဲ့ ဆိုတာဟာ ဘာဆိုတာလဲ ဘုရား။

မြ။ ။စကားစပ်မိလို့ ပြောကြတာပါ သမီးရယ်။ လူ ဆိုတာ ဘယ်မှာ ကံနှင့် ကင်းမလဲ။ မကောင်းလဲ ကံ၊ ကောင်းလဲ ကံ၊ ဘယ်လို အကြောင်းမဆို ကံတစ်ခုသာ ဖြစ်တဲ့အကြောင်း ပြောကြတာပါ။ ကြီးကြီး သီရိစန္ဒာကို မေးကြည့်စမ်းပါလား။ သည်လို ပြောစမြဲပါ သမီးရဲ့။

သမီး။ ။ကြီးကြီးကပေတဲ့ သည်ကနေ့ ဘာဖြစ်နေတယ် မသိဘူး၊ သူ့မေးလို့ ပြောချင်မှ ပြောမှာပါ။

# အခန်း (၂၁)

ထိုနောက် ၂ ရက်ကြာ ကာလ၊ ပြည်မြို့စားမင်းသား သီရိမဟာသီဟသူရ မွေ့ရာဇာနှင့် ၎င်းသားတော် ၄ ပါးတို့ကို ပုန်စား ပုန်ကန်မှုနှင့် ရေမှာ ဖျောက်ဖျက် ကွပ်မျက်လေသည်။ ထို့ပြင်မှလည်း အမှုနှင့် စပ်ဆိုင်ပါဝင် သူများလည်း ကွပ်မျက်လေသည်။ ဤကဲ့သို့ ကွပ်မျက်ပြီး နောက်တစ်ရက် နံနက်စာ စားပြီးအချိန်၊ အနောက်နန်းတော်တွင် မယ်တော် မယ်အိနှင့် တကွ မိဖုရား မမြကလေး၊ သမီးတော် လှိုင်ထိပ်တင်၊ ထို့ပြင် ရံရွေတော် များတို့ စကားပြောနေကြစဉ် မြို့ဝန်၊ အနောက်ဝန်များနှင့် နောက်ပါလူ တစ်ကျိပ်ခန့်တို့သည် အနောက်နန်းသို့ လာရောက်ကြပြီးလျှင် မြို့ဝန်က မိဖုရားနှင့် မယ်တော် မယ်အိတို့ကို အမိန့်တော် နာခံရန် မြောက်ဥယျာဉ် တော်သို့ ကြွဆင်းပါမည့်အကြောင်း လျှောက်တင်သည်။

ထိုကဲ့သို့ မြို့ဝန်၊ အနောက်ဝန်တို့သည် နောက်ပါ လူတစ်ကျိပ်ခန့် တို့နှင့် လာရောက် လျှောက်ထားကြသောအခါ မယ်တော် မယ်အိနှင့် ရံရွေတော်များတို့သည် ကြောက်လန့်ကြသဖြင့် ကြက်သေ သေ၍ ဘယ် စကား လျှောက်သည်ကိုမှ ကောင်းစွာ နားမလည်လိုက်ကြ ဖြစ်လေသည်။ မိဖုရားလည်း မျက်နှာ အောက်သို့စိုက်လျက် အတော်ကြာ နေပြီးမှ။ ။ ယခု ဝန်မင်းများ လျှောက်တင်တဲ့အတိုင်း နာခံရမဲ့ အမိန့်တော် ဆိုတာ ကျွန်ုပ်တို့ ကျေးဇူးတော်ရှင် တော်ကြီးဘုရား အမိန့်တော်မြတ်ပေလားရှင်။

ထိုအခါ အနောက်ဝန်နှင့် မြို့ဝန်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကာ ရုတ်ရက် ပြန်မပြောဘဲ အံ့အားသင့်စွာ နေကြပြီး နောက်မှ မြို့ဝန်က။ ။ သည်လို ကွဲပြား ခြားနားတာတော့ ကျွန်တော်မျိုး များ အမှန် မသိရပါ။ အိမ်ရှေ့ဥပရာဇာ ပုဂံကိုယ်တော်ကြီးက အမိန့်

တော် နာခံစေရန် အရှင်မိဖုရားကို မယ်တော်နှင့်တကွ သွားရောက် ခေါ်စေ အမိန့်တော်ကျလို့ လာရောက်ရခြင်း ဖြစ်ပါကြောင်းပါ ဘုရား။

မိဖုရား။ ။အဲလေ၊ သိလိုက်ပါရဲ့။ ကျွန်ုပ် တွေးတဲ့အတိုင်း ဟုတ်ပါတယ်။ ကျွန်ုပ်တို့မတော့ မီးစာကုန် ဆီခန်း၊ မကြည်မလန်းတဲ့အခါ ဝါးရှည်နှင့် အရမ်းခံရတော့မှာပါ့။ ခံရပေစေတော့လေ၊ လောကဓံဟရား အတိုင်း ဝမ်းမနည်းသာဘူးပါ့ ဝန်မင်း။ ကဲ မေမေ ... မနေသာဘူး၊ လိုက်ကြပါအုံးစို့ရဲ့။ စိတ်မငယ်ပါနှင့် မေမေ၊ နိဗ္ဗာန်မရမီ စပ်ကြား သံသရာတွင် ကျင်လည်သမျှ သည်လို ဖြစ်ရ ပျက်ရတတ်တယ်လို့ သဘောထားမှပါ့ မေမေရဲ့။

မယ်အိ။ ။စိတ်ငယ်ပေတဲ့ ဘယ်နေသာတော့မလဲ သမီးရယ်။ အမိန့်တော်မြတ်ပေကို၊ လိုက်ရတော့မှာပါ့။

မိဖုရား။ ။တင်တင်–နေရစ်အုံးနော်၊ အမိန့်တော်နာခံရန် မယ်မယ် ဘုရား လိုက်ချေအုံးမယ်။ သည်မှာ အထိန်းတော်ကြီးနှင့် ခေတ္တ နေရစ်ပါအုံး။

လှိုင်မင်းသမီး။ ။ဟင့်အင် မနေရစ်ဘူး၊ တင်တင်လဲ လိုက်မယ် –ဆို၍ မယ်တော်မိဖုရား၏ လက်ကို ဆွဲထားသည်။ မိဖုရားသည်လည်း သမီးတော်ကလေးကိုပါ ခေါ်၍ မယ်တော် မယ်အိနှင့်အတူ မြောက်ဥယျာဉ်တော်သို့ လိုက်သွားရလေသည်။ ဥယျာဉ်တော်သို့ ရောက်၍ ကွပ်ပျစ်တစ်ခု ပေါ်တွင် မိဖုရားနှင့် မယ်တော်တို့ ထိုင်နေစေသည်။ သမီးတော်ကလေးလည်း မယ်တော် မိဖုရား၏ ရင်ခွင်တွင် ထိုင်နေသည်။ ဥယျာဉ်တော် အတွင်း မိဖုရားများနှင့် မနီးမဝေး ပတ်ဝန်းကျင်တွင် ဓား လှံ သေနတ် စွဲကိုင်ကာနေသော အစောင့်အရှောက်များ ဝန်းရံလျက် ရှိနေသည်။

များမကြာမီ ပုဂံမင်းသား ရောက်လာ၍ အမိန့်တော် ဖတ်ပြန်စေသည်။ မိဖုရားနှင့် မယ်တော် မယ်အိတို့လည်း ကွပ်ပျစ်ပေါ်မှ မြေသို့ဆင်း၍ ရှိခိုးကာ အမိန့်တော် နာခံရသည်။ ။အမိန့်တော်၏ အဓိပ္ပာယ် အတိုချုပ်မှာ။ ။"သားတော် ပြည်စား မင်းသား၊ ဘောပုငယ် မသင့်မလျော် ကြံစည်ရာတွင် ကျေးဇူးသစ္စာတော်ကို မထောက်၊ ဖောက်ပြန် ပါဝင်သူ အနောက်နန်း မိဖုရား မြကလေးနှင့် ၎င်းအမိ မိအိတို့ကို သွားမြဲလမ်း သွားစေ" ဖြစ်သည်။ ထိုသို့ အမိန့်တော်ပြန်ပြီးနောက် ပုဂံမင်းသားလည်း မြို့ဝန်ကို လွှဲခဲ့၍ နန်းတော်သို့ ဝင်သွားလေ၏။

အမိန့်တော်ပြန်ပြီးသည်နှင့် တစ်ပြိုင်နက် မယ်တော် မယ်အိသည် 'ဟင်း ... ပြုရက်ကြပါပေရဲ့' ဆိုပြီးလျှင် ထိုင်လျက် နေရာမှ လက်ဝဲဘက်သို့ စောင်းကာ လဲလျက် မြောမေ့သွားလေ၏။ ထိုအခါ မိဖုရားရင်ခွင်တွင် ထိုင်လျက်နေသော လှိုင်မင်းသမီးကလေးသည်– အမယ်လေး ဘွားတော်ဘုရား သေပါပေါ့ ဆို၍ မိဖုရား ရင်ခွင်မှ ဆင်းပြီးလျှင် ဘွားတော်ကြီးကို ဖက်ကာ ငိုနေရာမှ မြောမေ့ လဲသွားပြန်လေ၏။ မိဖုရားမှာ ကြက်သေသေလျက် သတိမေ့လျော့ကာ အတန်ကြာ ငေး၍နေရာမှ သတိရ၍။ ။ အို မေမေ့နွယ်၊ အသည်းကြောင်လိုက်ပါဘိတယ်။ ဘာကြောင့် သည့်လောက်ကြောက်ရသတုံး။ သေတစ်နေ့၊ မွေးတစ်နေ့ပါ မေမေရဲ့။ ထ ပါအုံး ဆို၍ လက်ယာလက်နှင့် မယ်တော်ကို၊ လက်ဝဲလက်နှင့် သမီးတော်ကလေးကို ထူ မ ပိုက်ပွေ့ထားပြီး လှုပ်ကာလှုပ်ကာ သတိပေးသောအခါမှ မယ်တော်ကြီး သတိရလေသည်။ သမီးတော်ကလေး၏ ငယ်ထိပ်ကို အာငွေ့ပေးကာ၊ နဖူးကလေးကိုနမ်းရှုပ်ကာ– သမီးရဲ့၊ တင်တင်ရဲ့၊ သတိထားပါ၊ သတိထားပါ။ မယ်ဘုရား ရှိတယ်။ ဘာကြောက်ရသလဲ၊ မကြောက်ပါနဲ့။ သတ္တဝါတစ်ခု၊ ကံတစ်ခုပါ သမီးရယ်။ ကံစီမံရာဖြစ်ရတာပါ့ ... ဟု ပိုက်ပွေ့ကာ၊ တင်ပါးကလေးကို အသာအသာ လက်နှင့်ပုတ်ကာ၊ ကျောကလေးကို လက်ဝါးနှင့်သပ်ကာ ချော့မော့တဲ့အခါမှ သတိရရှာလေသည်။

မြ။ ။ မေမေရယ်၊ သေရမဟာ သည့်လောက်တောင် ကြောက်ရသလား။ တစ်သက်တစ်ခါ သေမျိုးတွေကပဲ။ သေရမဟာပ၊ ၂ ခါ သေရမှာမှ မဟုတ်ဘဲ။ ဒီသေဘေးမှ ဘယ်သူ ရှောင်လို့ လွတ်နိုင်ပါ့မလဲ။ သည်အဖြစ် ရောက်လျှင် သည်လို သေရတတ်တယ်၊ သေရလိမ့်မယ် ဆိုတာ မြကလေး သိနှင့်လို့ ဟို ကောက်ယူစဉ်အခါတုန်းက အတန်တန် ပြောဖူးတယ် မဟုတ်ပါလား။ သည်တုန်းက နားမထောင်လို့ ဖြစ်ရတာ။ ခုမှဖြင့် မပူပါနဲ့တော့၊ မကြောက်ပါနဲ့တော့။ ပူပေ ကြောက်ပေတဲ့ လွတ်နိုင်မယ် မဟုတ်ပါဘူး။ အားကိုသာ တင်းနေပါတော့ မေမေရဲ့။

အိ။ ။ သမီး ပြောတာတော့ ဟုတ်ပါရဲ့။ ဟုတ်ပေတဲ့ ဟိုတုန်းက မဆက်သချင်ဘူးလို့ အတင်း ခုခံနေလျှင် ဟိုတုန်းကပဲ တစ်မျိုးလုံး တစ်ဆွေလုံး သေပြီးပေါ့။ ဘယ်သူ့ကိုမှ အပြစ်တင်ဖို့ မရှိပါဘူး။ ဟုတ်လို့ရှိရင်တော်ပါရဲ့၊ ခံဝံ့ပါရဲ့ သမီးရယ်။ ယခုမတော့ ဘယ်လိုမှ မဟုတ်ဘဲနဲ့ ဖြစ်ရလို့ မေမေ သည်လောက် ပူတာကလား သမီးရဲ့။

မြ။ ။ သည်လို မဟုတ်ဘဲ၊ မမှန်ဘဲနဲ့ ဖြစ်တတ်တာမျိုးမို့ ပြောရတာပါ မမေ။ ဟုတ်လို့ မှန်လို့ ဖြစ်ရတာတော့ ဘာပြောဖို့ ရှိတော့မလဲ။

သမီးတော်ကလေးသည် မယ်တော် မိဖုရား ပွေ့ပိုက်ထားရာမှ ဘုရားတော်နှင့် မယ်တော် ပြောကြသည်ကို အကြောင်းရင်းဖျား နားမလည်သဖြင့် ဘုရားတော် မျက်နှာနှင့် မယ်တော် မျက်နှာကို မော့ကာ မော့ကာ ကြည့်ပြီး ငိုမဲ့မဲ့နှင့် မေးသည်မှာ။ ။ ဘာပြောကြတာတုံး မယ်ဘုရားရဲ့၊ ဘာပြုလို့ သေရမှာလဲ၊ ဘယ်သူက သတ်မတဲ့လဲ။ မယ်ဘုရားကိုလား၊ ဘုရားတော်ကိုလား၊ တင်တင်လဲ ပါသလား ပြောစမ်းပါအုံး သိပါရစေ။

မြ။ ။ အို–ဘာမှ မသိရှာတဲ့ အမိုက်ကလေးရယ်၊ ဩော် မိုက်ဆို ငယ်လဲ ငယ်ပေသေးတာကို။ အမိန့်တော်ပြန်တာ တင်တင် မကြားလိုက်ဘူးလား။ ဘုရားတော်နှင့် မယ်ဘုရားတို့မှာ ရာဇဝတ်တော် သင့်ခဲ့ပြီ သမီးရဲ့။ သမီး ဘာမှ အားမငယ်နဲ့နော်။ မယ်ဘုရားတို့ မရှိပေတဲ့ ... စကားမဆုံးမီ သမီးတော်ကလေးသည်။ ။ အို မယ်ဘုရားပါ သတ်မယ်တဲ့လား ... ဆို၍ မြောမေ့သွားလေ၏။

မြ။ ။ သမီး သမီး၊ တင်တင်–တင်တင်၊ အို–ခက်ကုန်ပါပြီ။ ပျော့စိ ပျော့နဲ့နှင့် အသက်မှ ရှိပါ့အုံးမလား။ အမယ်လေး၊ တင်တင်က အရင် သေမလို့လား သမီးရဲ့။ ရမှ ရပါအုံးမလား။ သမီး–သမီး၊ သတိထားပါ ... ဆို၍ အစောင့်အရှောက်များ ပေးလာသော ရေဖြင့် ငယ်ထိပ်နှင့် ရင်ကလေးကို ဆွတ်ကာ လိမ်းကာ ဖျန်းပက်ကာ၊ နဖူးကလေးကို နမ်းရှုပ်ကာ၊ မယ်တော်ကြီးကလည်း ဘဝင်ကြောကို လက်ဝါးနှင့် အုပ်ကာ ဖိကာ၊ သပြေရွက်နံ့ကလေး ပေးကာ ပြုလုပ် ကုသမှ တဖြည်းဖြည်း လှုပ်ရှား၍ မျက်စိကလေး ပွင့်လာလေသည်။ မယ်တော် မယ်အိလည်း မြေးကို ကြည့်နေရာမှ။ ။ ဟင်–သတ်မဲ့ သတ်လဲ အကုန် သတ်လိုက်ပါတော့။ သည်ဒုက္ခကို မကြည့်ချင်ပါဘူး ဆိုကာ ထ သွား၍ ခပ်လှမ်းလှမ်းမှာ ထိုင်နေလေ၏။

မြ။ ။ တင်တင်၊ သတိထားနော်။ တင်တင် အားကိုးစရာ ဆွေတော်မျိုးတော်တွေ ခမည်းတော်ဘက်က အများကြီး ရှိတယ်။ အသည်းမငယ်စမ်းပါနဲ့ သမီးရယ်။ မယ်ဘုရားတို့မှာ သေပျော်ပါပြီ။ "မျိုးဆွေနီးရင်း၊ ချစ်ခင်ခြင်းကား၊ ကွေကွင်းနောက်ဆုံး ရှိချေ၏" ဆိုတဲ့ ကမ္ဗဋ္ဌာန်းကလေး

မယ်ဘုရား သင်ပေးထားတာ ရရဲ့ မဟုတ်လား။ သည်လိုပါ တင်တင်ရယ်၊ တင်တင်မှ ၁၀ နှစ်ကျော်ခန့် မယ်တော်နှင့် ပေါင်းရသေးတာ။ တချို့သူများမှာ မိခင် မျက်နှာကိုမှ မမြင်လိုက်ရဘဲ ကွဲသွားတာတွေ အပုံ ပေါ်တယ်။ သမီးက စိတ်ကို တင်းထားမှပါ့ကွယ်။ မပူပါနဲ့၊ မပူပါနဲ့။

မင်းသမီးကလေးသည် ကမူးရှူးထိုးနှင့် မြုန်းခနဲ ထ ကာ မယ်တော်မိဖုရား၏ လည်ကိုဖက်၍– တစ်ခါ ခက်ပြီ၊ ခက်ပြီ။ ဘယ့်နှယ် ကြံရမယ်၊ ဘယ့်နှယ် လုပ်ရမယ်။ တင်တင် ငယ်ငယ်ကလေး ရှိသေးတယ်။ တင်တင်ကြီးမှ သည်လိုဖြစ်ရင် တင်တင် တတ်နိုင်ပါရဲ့။ ခမည်းတော်ဘုရားကို သွားလို့ တင်ချင်တယ်။ ရပါ့မလား။ မယ်ဘုရားကို တင်တင် မခွဲနိုင်ဘူး။ တင်တင် လူမှန်း မသိတာမှ မဟုတ်ဘဲ။ လူမှန်းမသိခင်၊ နို့စို့အရွယ် ငယ်ငယ်က ဖြစ်ရင်တော့ ပူရမှန်း မသိဘူးပေါ့။ ခုတော့ သိတယ်၊ သိလို့ ပူတယ်။ သမီးကိုပါ သတ်ပါစေ။ သမီးတစ်ယောက်တည်း ချန်မထားပါစေနဲ့။ မယ်ဘုရား မွေးထားတာက သည်တစ်ယောက်တည်းပါကလား။ အဖော် အလျော်မှ မရှိပါဘဲကလား။ တစ်ကောင်ကြွက် တစ်မျက်နှာ ဘယ့်နှယ် နေရစ်နိုင်မလဲလို့။ ခမည်းတော်ဘုရားထံ သွားလို့ တင်ချင်တယ်။ အမယ်လေး၊ ဘယ့်နှယ် လုပ်ရမယ်လို့ ပြောကြပါအုံး၊ ပြောကြပါအုံး။

*(မှတ်ရန်)။ ။ လှိုင်မင်းသမီးကလေး၏ ငယ်မည်မှာ မဖွားကြီးဖြစ်သည်။ သို့သော်လည်း ငယ်မည်ကို မခေါ်ဘဲ ချစ်မြတ်နိုးသည်အလိုက် တင်တင် ဟူ၍ လည်းကောင်း၊ သမီး ဟူ၍ လည်းကောင်း အခေါ်များလေသည်။*

မိဖုရားလည်း သမီး ပြောသည်ကို နားထောင်လျက် မိမိ သေရမည်ထက် သမီးကို သနားကရုဏာရှိသည်က သာ၍ ရင်ဝမှာ ဆို့သည့်အတွက် ရုတ်တရက် ပြန်မပြောနိုင်ဘဲ သမီးတော်ကို ပိုက်ထွေးလျက်ပင် စိုက်ငေးကာ အတန်ကြာနေပြီးမှ သတိရ၍ သမီးကလေးကို အခါခါ နမ်းရှုပ်ရင်း ပြောသည်မှာ။ ။ အမယ်လေး နမ်းလို့ မဝနိုင်ပါကလား၊ တွတ်တီးတွတ်တာသည်ကလေးရဲ့။ မယ်ဘုရား အားရအောင် နမ်းပါရစေနော်။ မွေးလှချည်ရဲ့၊ ကြိုင်လှချည်ရဲ့၊ နံ့သာဆီဘူးမကလေးရဲ့။ သမီးမျက်နှာနှင့် မယ်ဘုရားမျက်နှာ တစ်ခါတည်း ကပ်ထားတုန်း သေရရင် မယ်ဘုရား စိတ်ကျေနိုင်တယ်။ ခမည်းတော်ဘုရားထံ သွားလို့ မတင်ချင်နဲ့။ ခမည်းတော်

ဘုရား သဘောနှင့် ပြုလုပ်တာ မဟုတ်ဘူး။ သူလဲ မတတ်နိုင်ရှာဘူး။ သူ့ထံရောက်အောင် သမီးလဲ သွားရမယ် မဟုတ်ပါဘူး သမီးရယ်။ မယ်ဘုရားတို့ အမှုဖြစ်ရတာက ဘုမသိ–ဘမသိနဲ့။ ရွှေဖျဥ်းညီနောင်တို့ဟာ တရုတ်ပြည်က အရေးတော်လှလို့ ပြန်အလာ၊ အရှင့်အကျိုးတော် အောင်မြင်ခဲ့သဖြင့် ဝမ်းမြောက်ဝမ်းသာ လူပျိုလူရွယ်တို့ဘာဝ ကစားပျော်ရွှင်နေတုန်း၊ ဘုရားတည်တာကို ဂရုမပြုမိ၍ အုတ်မထည့်မသွင်းရ ရှိနေတာကို မုန်းတဲ့သူများက သူတို့ ညီနောင် ၂ ယောက်အတွက် အုတ် ၂ ချပ်ကို တမင်ချန်လှပ်ထားပြီး စကား ပိုမို၍ ကုန်းချောကြတာကြောင့် ခများများ သေဆုံးရရှာတယ်။ အဲ–သည် ရွှေဖျဥ်းညီနောင်တို့ အမှုဖြစ်ရတာက ဆိုးတယ်ဆိုပေတဲ့ မယ်ဘုရားတို့နှင့် စာနာလျှင် တော်ပါသေးရဲ့။ မယ်ဘုရားတို့မှာ ရေးကုသိုလ် အကျိုးဆက်ကြောင့် တန်ခိုးထွက်နေတဲ့အခါ၊ ပျံလေဦး ငှက်ခါး၊ နားခါမှ သိစေမယ် ဆိုတာလို ကုသိုလ်ကံဆိုတဲ့ အတောင်ပံနှင့် အရောင်တလျှံလျှံ တန်ခိုးထွက်ပြီး မိုးထက်မှာ ပျံနေတုန်းကိုတော့ မုန်းတဲ့သူများက မတတ်နိုင်လို့ ကြည့်နေကြရတယ်။ ယခုမတော့ ကျေးဇူးတော်ရှင် ရွှေနန်းရှင် သခင်ဘုရားလဲ သူတစ်ပါးကို မပြောနဲ့တော့၊ စိတ်တော်ကိုမှ အစိုးမရအောင် ဆိုးလှတဲ့ ဝေဒနာကြောင့် ရွှေခန္ဓာ ညှိုးငယ်သဖြင့် ကိုးကွယ်ရာမရတဲ့အခိုက်၊ မိုးလယ်က ကံဆောင်ပြီး အတောင်ညောင်းလို့ ကျလာတဲ့ငှက်ခါးကို ချက်စားရန် ပစ်ခတ်မယ် ကြံနေတဲ့အတွင်း၊ ပြည်မင်းကလေးအကြံမလျော်ရာတွင် ကံချော်သူကို အဆစ်ထည့်လျက် ပစ်မဟဲ့ ခတ်မဟဲ့လို့ ကြိမ်းဝါးထားတဲ့ အတိုင်း ပစ်ကျ ခတ်ကျတာပါ့ တင်တင်ရယ်။ တင်တင်ခမည်းတော် တတ်နိုင်မှာ မဟုတ်ပါဘူး။ တင်တင် စိတ်ကျေချမ်းပါတော့ ။ ။ အမိန့်တော်ပြန်ပြီးနောက် မြေးအဘွား သားအမိတို့ ဤမျှလောက်အနည်းငယ် စကားပြောဆိုနေကြစဉ်။ ။ "ထုတ်စေ ထုတ်စေ" ဆိုသောဒိုင်းတော်များ ထောက်သောအခါ မြို့ဝန်နှင့် စောင့်ကြပ်သူ လက်မရွှံ့တို့ကမယ်တော်ကြီးကို ခေါ်၍ မယ်တော်ကြီး ထ လိုက်မည် ပြုရာ၊ မင်းသမီးကလေးသည် မိဖုရား ရင်ခွင်ထက်မှ ဆင်းပြေးပြီးလျှင် မယ်တော်ကြီး၏လည်ပင်းကို ဖက်ထား၍။ ။ ဘွားတော်ဘုရား မလိုက်ရဘူး၊ ဘွားတော်ဘုရားကို မခေါ်ကြပါနဲ့။ တင်တင်ကို ပစ်ပြီး မသွားရဘူး– စသည်ဖြင့်တစာစာ ငိုလျက်နေစဉ်အခါ၊ မိဖုရားကို ခေါ်ပြန်၍ ထ မည် ပြုပြန်ရာတွင်

မယ်တော်ကြီး၏ လည်ပင်းကို လွှတ်၍ မိဖုရား၏ လည်ပင်းကို ဖက်ပြီးလျှင်– မလိုက်ရဘူး၊ မခေါ်ရဘူး စသည်ဖြင့် ငို၍နေပြန်သည်။ ထို့နောက် မယ်တော်နှင့် ဘွားတော်တို့ ၂ ယောက်၏ အလယ်ကြားကနေ၍ လည်ပင်း ၂ ခုကို လက် ၂ ဖက်ဖြင့် ဖက်ထားပြီးလျှင်– မခေါ်ရဘူး မခေါ်ရဘူး၊ မယ်မယ်တို့လဲ မလိုက်ရဘူးဟု တတွတ်တွတ် ဆိုမြည်ကာ၊ ဦးခေါင်းချင်း ထိလုမတတ် ဖက်ကာ မွေ့ယမ်းကာ နေလေ၏။

မြို့ဝန်ကလည်း။ ။ ထိပ်ထားကလေး သည်းခံတော်မူပါ၊ အခွင့်ပြုတော်မူပါ။ မယ်တော်တို့ကို ရာဇဝတ်တော်အလျောက် ခေါ်ရတာပါ။ အမိန့်တော်ကြီး ဖြစ်ပါတယ်။ ကျပ်တည်းလှပါတယ်။ ထိပ်ထားကလေး ဘုရား ရှောင်ရှားတော်မူပါဟု ပြောဆို တောင်းပန်သော်လည်း။ ။ ဟင့်အင်း … မခေါ်ရဘူး၊ မလိုက်ရဘူး။ တင်တင်ကိုပါ ခေါ်မှ လိုက်ရမယ်။ တင်တင်ကို ခွဲထားခဲ့လို့ ဖြစ်ပါ့မလား။ တင်တင် တစ်ယောက်တည်း ဘယ်သူနဲ့ နေရစ်ရမလဲ။ သုံးယောက်စလုံး သတ်ပါတော့လား။ တင်တင်ကိုပါ မသတ်ရင် ဘယ်သူ့ကိုမှ မသတ်ရဘူး။ အသတ်ခိုင်းတဲ့လူ ဘယ်သူလဲ။ သူ့ကို သွားပြောပါအုံးလား။ ဒီလို သတ်ချင်တိုင်း သတ်ရမလား။ ခမည်းတော်ဘုရားက သတ်တော့ ဆိုသလား။ မုန်းတဲ့သူတွေ ပြုတိုင်း ခံရမလား– စသည်ဖြင့် ကလေးဘာဝ ထင်ရာကို လျှောက်ပြီး နှုတ်က တတွတ်တွတ် မြည်တမ်းခြင်း၊ ငြင်းဆိုခြင်း၊ မေးခွန်းထုတ်ခြင်းဖြင့်သာ နေလေ၏။

အလွန် သနားဖွယ်ကောင်းလှသော မြေးအဘွား သားအမိတို့ ဖြစ်ပျက်နေပုံကို မြင်ရကြသော နန်းတွင်းသူ နန်းတွင်းသား အပေါင်းတို့သည် ရှေးက မုန်းထားသူများပင် ဖြစ်လင့်ကစား၊ ကရုဏာ၏ အာရုံနှင့် တွေ့ကြုံတိုက်ဆိုင်သဖြင့် အနိုင်နိုင် မျိုသိပ်လျက် မလိုတဲ့စိတ်တွေ ပျောက်ပပြီး နောက်နောက်က ပြုခဲ့ ကြံခဲ့မိတာ မှားလေခြင်းဟု မကင်းသော နောင်တတရားဖြင့် သနားကရုဏာ များစွာ ရှိကြလေတော့သည်။ ရှေးက မေတ္တာရှိရင်း သူများမှာမူ ဆိုဖွယ်ရာ မရှိချေ။ လွန်စွာပင် သနားခြင်း ကရုဏာ၊ စိုးရိမ်ပူပန်ခြင်း သောက ဖြစ်ကြရလေတော့သတည်း။

## အခန်း (၂၂)

မြို့ဝန်။ ။ အင်း ခက်တော့တာပဲ၊ အချိန်လဲ နည်းလှပြီ။ ထိပ်ထား ဘုရားကလေးနှင့် ဘယ်လိုကြံပြီး ခွဲရမတုံး။ အရှင့်သမီးတော် ထိပ်ထားကလေးကို ချော့မော့ဖျောင်းဖျပြီး ခွဲထားတော်မူကြပါ။ ကျွန်တော်မျိုးမတော့ အမိန့်တော်ကျွန် ဖြစ်ပါတယ်။ အမိန့်တော်အတိုင်း ပြုရပါလိမ့်မည်။ ရာဇဝတ်တော်ကို မကြောက်တဲ့သူ မရှိပါဘူး။ ကြောက်ပေတဲ့လဲ လွတ်နိုင်ဖို့တော့ မရှိတော့ပါ ဘုရား။

မြ။ ။ မြို့ဝန်မင်းက ကျွန်ုပ်ကို ကြောက်တယ် ထင်သလား။ ဒီသမီးကလေးကို အတင်း တွန်းဖယ်ပစ်ရမှာ ရင်ထုမနာ ရှိလွန်းလို့ပါ။ သေရမည်ကို မြကလေး မကြောက်ပါဘူး။ သည်လို မကြောက်ဘူး ဆိုတာကို မြို့ဝန်က တစ်ဖန် မေးရန် ရှိတာမတော့။ သေရမည့်ဘေးကို မကြောက်တတ်သူများမှာ ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ နွားလားဥသဘ အာဇာနည်၊ လူအာဇာနည်၊ ကေသရာခြင်္သေ့၊ သဍ္ဍပြင် အာသဝေါ ကုန်ခန်းတဲ့ ရဟန္တာအရှင်၊ အဲသည် ခြောက်ဦးသာ လောကမှာ ရှိပါတယ်။ မိဖုရားမြကလေးသည် ထိုခြောက်ဦးထဲ ပါဝင်တဲ့သူလားလို့ မေးဖွယ် ရှိပေသပါ။ ကျွန်ုပ်ဟာ သည်ခြောက်ဦးထဲတော့ မပါပါဘူး။ မပါပေတဲ့လဲ စိတ်ကိုဆုံးဖြတ်ပြီးသားပါ။ အင်းဝဘုရင် မင်းခေါင်သည် ရာဇာဓိရာဇ်နှင့် စစ်တိုက်ရာမှ စစ်ရှုံး၍ ပြေးအလာ၊ ဆင်တော်ပေါ်မှ မိမိ ချစ်မြတ်နိုးလှတဲ့ မိဖုရားကြီး ကျကျန်ရစ်ခဲ့သည်ကို ပြန်၍ မခေါ်ဖြစ်ဘဲ ပြေးရလေသဖြင့် မိဖုရားမှာ တောထဲတွင် တစ်ယောက်တည်း နေရစ်ခဲ့ရာဝယ်၊ ဆင်ကဲတစ်ယောက်က တွေ့လေတော့ ထိုဆင်ကဲက မိဖုရားကို မိမိ ဆင်ပေါ်တွင် တင်ဆောင်ခေါ်လာရသတဲ့။ ခရီးကလဲ ဝေးလေတော့ ရက်ကြာကြာ လာနေရတဲ့အခါ

ဆင်ကဲမှတစ်ပါး ခိုင်းစေစရာ၊ တိုင်ပင်စရာ မရှိတာနဲ့ မိဖုရားလဲ ဆင်ကဲကို နှုတ်ဖျားတွင် ပါလျက် အကျင့်ဖြစ်နေရာ၊ တိုင်းပြည် ရောက်တဲ့အခါ ဘုရင်မင်းခေါင်လဲ ဆင်ကဲကို ရှေးဦးမတော့ ကျေးဇူးတင်သပေါ့လေ။ နောက်အတော်ကြာကာလ၊ ဖောက်ပြန် တွေးတောမိ၍ မသင်္ကာ ရှိနေတဲ့အတွင်း တစ်နေ့သ၌ ဘုရင်မင်းခေါင် အပါးတွင် မိဖုရားသည် မိမိ လက်မှ ကွမ်းချပ်လွတ်၍ကျရာ "အလို ဆင်ကဲလေ" ဆို၍ ရုတ်တရက် ယောင်ယမ်းပြီး နှုတ်က အသံထွက်သွားမိတဲ့အခါ၊ မိဖုရားနှင့် ဆင်ကဲသည် မုချ မလွတ်မကင်းပြီဟု အောက်မေ့ပြီး ဆင်ကဲကို သတ်စေ အမိန့်တော်ပြန်လိုက်ပါရော့။ ထိုအမိန့်တော်အတိုင်း ဆင်ကဲကို သတ်မည် ရှိနေရာ၊ ဆင်ကဲက သေခါနီး ပြောသွားတဲ့ စကားမှာတော့၊ ပထမ လက်ဦး တောထဲတွင် မိဖုရားကို တစ်ယောက်ချင်း တွေ့စဉ်ကပင် ငါ မခေါ်ဘဲ ပစ်၍ထားခဲ့ချေက နောင်ခါသည်အကြောင်းကို မင်းကြီး သိလျှင် မုချ သေရမည်။ ငါ ခေါ်သွားပြန်လျှင်လည်း ယခုလို မသင်္ကာတာကြောင့် မုချ သတ်၍ သေရမည်။ သိပြီးဖြစ်၍ ထိုအခါကတည်းကပင် မိမိကိုယ်ကို သေစာရင်း ချထားပြီး ဖြစ်သဖြင့် သေရမည်ကို ကြောက်စိတ် မရှိကြောင်းနှင့် ပြောခဲ့သတဲ့။ ကျွန်ုပ်မှာလဲ ရွှေနန်းရှင်ဘုရား မင်္ဂလာအိမ်တော်စံစဉ် မင်းသားအဖြစ်က ကျွန်ုပ်ကို ကောက်ယူတော်မူကတည်းကပင် ကိုယ့်ကိုယ်ကို သေစာရင်း သွင်းထားပြီးမို့ မကြောက်ဘူး ဆိုတာပါ။ "အထွေအထွေ၊ ထုံးစံဖွေသော်၊ သူသေအလား၊ မင်းခစားတဲ့။ ။ တွေဝေမိုက်မှား၊ နာဖျားညှဉ်းဆဲ၊ ဆင်းရဲပူပင်၊ ကြွေးတင်မြီများ၊ မင်းခစားဟု၊ သည်ငါးယောက်လျှင်၊ မသေခင်က၊ အပင်မတည်၊ သူသေမည်သတဲ့။ ။ မီးနှယ်လောင်ဖျက်၊ အရှင်မျက်က၊ ပျက်ပျက်စီးစီး၊ နေ့ချင်းပြီးသတဲ့။" အဲဒီလို အဆိုအလာတွေကို ငယ်ငယ်ကတည်းက သိဖူး မှတ်ဖူးလာရလို့ အကြောက်လွဲပြီး အရဲစွန့်လာခဲ့ပါတယ်။ မြင့်မြင့်တက်လေ အကျနာလေ ဆိုတာ မြကလေး အသိပါပဲ။ မြင့်လို့ချည်း မနေနိုင်ဘူး။ တစ်နေ့နေ့တော့ မြင့်ရာမှ ကျအုံးမယ်။ ပြုပြင်ခြင်း မကင်းတဲ့ သင်္ခါရတရား ဆိုတာ ဘယ်မှာ အမြဲ တည်နိုင်မလဲ။ "ရုပ်ဝါအဆင်း၊ နုပျိုခြင်းလဲ၊ အိုမင်းနောက်ဆုံး ရှိချေ၏။ ။ ကိုယ်ပကိုယ်တွင်း၊ အနာကင်းလဲ၊ သေခြင်းနောက်ဆုံး ရှိချေ၏။ ။ ချမ်းသာသုခ၊ စံစားရလဲ၊ ဒုက္ခနောက်ဆုံး ရှိချေ၏။ ။ သမ္ပတ္တိအဆုံးဟာ ဝိပ္ပတ္တိ" ဆိုတာများကို အမြဲ

နှလုံးသွင်းလျက်ပါ။ သေရမဟာ မကြောက်ပါဘူး။ ဒီသမီးကလေး အရွယ် မရောက်၊ လူလားမမြောက်မီ တစ်ယောက်တည်း မျက်စိသငယ်ဖြစ်ပြီး နေရစ် ရှာမယ်၊ ညှိုးငယ်ရှာမယ်၊ အားနွဲ့ရှာမယ်၊ အင်မတန် လွမ်းတ ပူဆွေး ရှာမယ်ကိုသာ တွေးတွေးပြီး သနားလှတဲ့အပြင် မြို့ဝန်တို့ သိတဲ့အတိုင်း အမှုမမှန်ဘဲနဲ့ အမှန် ဖြစ်သဖြင့် အကြံညစ်တဲ့ မိန်းမယုတ်ကယ်လို့ ကိန်း လုပ်ကာ စာတင်၍ ရာဇဝင် မလှတမ ရေးမည်ကိုသာ မြကလေး ရှက်တာ ပါ။ အသက်သေမှာကိုတော့ မကြောက်ပါဘူး မြို့ဝန်မင်းရဲ့။

မြို့ဝန်။ ။ သမီးတော်ကလေး အတွက်ကြောင့်ဖြင့် စိတ်လက် မဖြောင့် ရှိတော်မမူပါနှင့်။ ဘယ်သူမှ နှိပ်စက်ကလူ ပြုမူဝံ့ကြမည် မဟုတ် ပေါင်ပါ။ အရှင်နန်းမတော်လဲ လောက–ဓမ္မ–ရာဇ အကြောင်းကို ကောင်း ကောင်းကြီး ကျေပွန်တော်မူတဲ့အတိုင်း ယခု အရေးတော်သည် ကျပ်တည်း လှသော ရာဇဝတ်ရေး ဖြစ်ပါသဖြင့် ဖွတ်နှစ်လို့ သမီးတော်ကလေးကို ခွဲတော်မူစေလိုပါသည် ဘုရား။

မယ်တော်ကြီး။ ။ မြို့ဝန်မင်းရယ် ကြည့်စမ်းပါအုံး၊ ကျွန်ုပ်တို့ ၂ ယောက် လည်ပင်းကိုဖက်ပြီး တဟင်ဟင်နဲ့ဖြစ်နေရတာ၊ သူ့ကို အတင်း တွန်းဖယ် ဆွဲလွှဲ၍ ပစ်ရက်နိုင်ပါ့မလား။ ၃ ယောက်စလုံး သတ်ရအောင် သာ အမိန့်တော် ထပ်လို့ ခံပါတော့။ ခွဲလို့ဖြင့် ရမယ် မဟုတ်ပါဘူး။

မြ။ ။ မယ်မယ့်သမီး ရှမငြိုးကလေးရဲ့၊ အလှကလေးရဲ့၊ ကံဆိုးမ အကြောင်းဆိုးမကလေးရဲ့၊ သမီး အကြောင်း တယ်လို့ ဆိုးပါကလား။ မိခင်ကို ခင်တုန်း မင်တုန်း၊ မိခင်နှင့် တပြုံးပြုံး တရယ်ရယ် နေတုန်း အရွယ်၊ ရှင်ကွဲရော သေကွဲရော ၂ မျိုးစလုံး ရောပြီး ကွဲရမယ့် အခွဲပါ ကလား။ မယ်ဘုရား မသေမီကပင် မယ်ဘုရား အသည်းနှလုံးကို ဖြုတ်၍ ထားခဲ့ရမယ်။ သမီး အသည်းနှလုံးကို ဖြုတ်ယူသွားရမယ်။ အသည်းနှလုံး ချင်း လဲလှယ်ယူကြရတော့မယ်။ အသည်းနှလုံး ကြွေပြတ်တာကို ကြာကြာ မခံနေပါရစေနဲ့တော့။ မြန်မြန်သေမှ မြန်မြန် အေးရမယ်။ မယ်မယ့်သမီး ခွင့်လွှတ်ပါတော့ကွယ်။ မယ်ဘုရားတို့ ဖြောင့်ဖြောင့် သွားပါရစေတော့။

သမီးကလေး။ ။ ဘွားတော်ဘုရား၊ မယ်မယ်ဘုရားတို့ရဲ့ ဖျာ့ သမီးတော် ဘယ့်နှယ် ကြံရမလဲ၊ ဘယ့်နှယ် ပြုရမလဲ။ မယ်ဘုရားတို့ကို ဘယ်ကို ခေါ်ပြေးရမလဲ။ မယ်ဘုရားတို့နဲ့အတူ ဖျာ့သမီးတော် လိုက်ပါ

ရစေ။ မယ်ဘုရား လက်ကို ဆွဲပြီး၊ မကွဲအောင် လိုက်ချင်တယ်။ သေလဲ မယ်ဘုရားနှင့်၊ ရှင်လဲ မယ်ဘုရားနှင့် အတူတူ ဘယ်မှ မခွဲချင်ဘူး။ အရှင် လတ်လတ် အမြင်သားနဲ့ ခွဲရမယ်ဆို ကျန်ရစ်တဲ့ ကလေးမှာ သေဘေး တွေ့သလောက်မှ ကောင်းနိုင်ပါအုံးမလား။ ရှင်ကွဲ ကွဲရတာက သေကွဲ ကွဲရတာထက် ဆိုးတော့မပ့်။ ကံဆိုးမလေးကို မထားခဲ့ပါနဲ့။ တစ်ခါတည်း သတ်သွားကြပါ။ မယ်ဘုရားတို့ မသတ်ဝံ့ရင် သေဆေးသာ ရှာပေးကြပါ။ ဖျာသမီးတော် ဘာသာ စားသောက်လို့ သေပါ့မယ်။ အမယ်လေး ရင်ထဲက မချိဘူး။ မောလှပြီ၊ မောလှပြီ၊ တင်တင် မောလှ ... ဟင်း ဆို၍ ဦးခေါင်း ကလေး မနိုင့်တနိုင် တယိုင်ယိုင်နှင့် လည်တိုင်ကလေးက တနွဲ့နွဲ့ ပျော့ခွေ ပြီး အမယ်လေး အမယ်လေးဟု သဲ့သဲ့ကလေး ညည်းညူလျက်သာ သက်ကြီး ရှိုက်ငင် ပင်ပန်းလှစွာနှင့် မော၍ နေရှာလေသည်။

ညနေအချိန် နေဝင်ခါနီးသော်လည်း သားအမိ ခွဲမရ၊ ထုတ်ဖို့ အချိန်လည်း ကုန်လွန်ပြီ ဖြစ်သောကြောင့် ထိုနေ့ည တစ်ညမှာ ဥယျာဉ် တော် အတွင်း အိမ်နိမ့်တစ်ခုပေါ်တွင်ပင် အပြင်ယံက အစောင့်အရှောက် ထား၍ နက်ဖြန်မှ ထုတ်ရန် သားအမိ မြေးအဘွား ၃ ဦးတို့ကို နောက်ထပ် အမိန့်တော်နှင့် အိပ်စေသည်။

## ပိုဒ်စုံရတု–၃ ပုဒ်၊ ၄၁–ပိုဒ်စီ။

(၁) ဒေဝဇ္ဇရာ၊ ဆင်းသူဇာသို့၊ မူရာယဉ်ကျေး၊ မြကလေးသည်၊ စ ရှေး အပဟို၊ ကံကုသိုလ်ကြောင့်၊ နပျိုချောမြတ်၊ ရွယ်သောဋ္ဌသ်တွင်၊ စောနတ်မဟာ၊ လောင်းရာဇာက၊ မေတ္တာနှောင်ချည်၊ နှောင်အရှည်ဖြင့်၊ အောင်စည်သာ၍၊ နှစ်ဖြာမွေ့သား၊ ဗျာငွေ့မကြုံ၊ ရန်ဘေးလုံလျက်၊ ရွှေဘုံ အလယ်၊ မြန်းစံပယ်ခဲ့၊ နှစ်ဆယ်နှင့်ရှစ်၊ သက်ရောက်နှစ်တွင်၊ ငယ်ချစ် သခင်၊ သူ့ထိပ်တင်လည်း၊ ဘုရင်ထွတ်မြတ်၊ ရောက်တုံလတ်သော်၊ သတ် မှတ် ကြင်ရာ၊ မြရတနာအား၊ လက်ျာလောက်မှန်း၊ အနောက်နန်းကို၊ မြှောက်သွန်းဘိသေ၊ အောင်ပန်းဝေလျက်၊ ရွှေပြည်အသိ၊ ဘွဲ့ပုံရှိကား၊ "သီရိမဟာ–သုရတနာ–စန္ဒာဒေဝီ"၊ ရွှေဘွဲ့သီ၍၊ တိတီစုံစွာ၊ ပုဏ္ဏမာသို့၊ ဂုဏ်ဝါကြက်သရေ၊ တက်ထွန်းဝေသည်။ ။ ရုံရွှေအပေါင်း မြိုင်မြိုင် တည်း။

(၂) နေမြစ်မဟာ၊ နရိန္ဒာလျှင်၊ မေတ္တာအလျှောက်၊ လွှန်ချီးမြှောက်၍၊ ထီးအောက်ရည်တူ၊ အရှည်မူလျက်၊ ကြည်ဖြူလေးမြတ်၊ အရေးမှတ်သား၊ မွေးဓါတ်နံ့သာ၊ ကြိုင်နံ့ဖြာသို့၊ တေဇာပဖြိုး၊ မြတန်းခိုးလည်း၊ ဟိုးဟိုးထင်ပေါ်၊ နယ်လုံးကျော်လျက်၊ ဘုန်းတော်တောက်ထွန်း၊ အနောက်နန်းဟု၊ ကြငှန်းရွှေဘုံ၊ လွှမ်းအုပ်ခြုံခဲ့၊ ထုံးပုံတူရာ၊ နှန်းဘို့ရာက၊ ဗာရာသနင်း၊ ပြည့်ရှင်မင်း၏၊ သက်နှင်းတောင်ညာ၊ ပဒုမာကို၊ ငါးရာမောင်းမ၊ အာဃာတဖြင့်၊ ဗျာပါဒ-ကံ၊ မကောင်းကြံသို့၊ ဘုန်းလျှံကုသိုလ်၊ မရှုလိုသား၊ ဝန်တိုညူရှု၊ ထိုသသူတို့၊ လိုတူယှဉ်တွဲ၊ ငြိုးဖွဲ့ဆဲဝယ်၊ စောရဲဘုန်းဝေ၊ ရောဂါထွေ၍၊ အခြေညိုးနွဲ့၊ ကိုးရာမဲ့သော်၊ ငြိုးဖွဲ့မဆွေ၊ သူတထွေသည်။ ။ ကြံလေမကောင်း ပိုင်ပိုင်တည်း။

(၃) ဖွေလှစ်ကဗျာ၊ အလင်္ကာကို၊ ပညာတွဲယှဉ်၊ ကုံးသီစဉ်တွင်၊ ရာမဉ်တိုင်းသူ၊ တကိုဏ်းမူသား၊ နှိုင်းယှုချိန်မှီ၊ စိန်ဝဇီနှင့်၊ သိဂီမျှနှုံး၊ မြတလုံး၏၊ စ ဆုံး ပြန်လှန်၊ ဖြစ်ပျက်ဟန်ကို၊ ညဏ်နှင့်မြော်ယှဉ်၊ တွေးကြံစည်၍၊ မျက်ရည်လည်းဖိတ်၊ ကြောက်စိတ်လည်းပို၊ ခန္ဓာကိုယ်လည်း၊ မလိုစက်ဆုပ်၊ နံနှင့် ရုပ်တို့၊ မြုပ်ချည် ပေါ်ချည်၊ တလည်ဝဲဝဲ၊ သံသာထဲမှ၊ ထွက်ခဲသမျှ၊ တထေဝပင်၊ ဒုက္ခတွေ့မည်၊ တွေးမိသည်မှ၊ ရွှေပြည်အမတ၊ နိဗ္ဗာနကို၊ တောင့်တလိုချင်၊ ကောင်း၏ထင်ခဲ့၊ ခင်မင်စရာ၊ ဘုံသုံးဖြာဝယ်၊ ဘယ်မှာမတွေ့၊ မီးပူငွေ့ဖြင့်၊ မြွေမြွေလောင်ကာ၊ ကျွမ်းသည်သာဟု၊ ထင်လာ ရသေး၊ မြကလေး၏၊ သေဘေးတွေ့ချေ၊ သူဖြစ်ထွေသည်။ ။ သံဝေ ရကြောင်း ဖြိုင်ဖြိုင်တည်း။

## အခန်း (၂၃)

ရွှေငွေမြဖန်၊ လေးတန်ရောင်စို၊ မြင်းမိုရ်တောင်မင်း၏ လက်ယာဘက် မျက်နှာမှာ နီလာမြသား၊ ပြယိုးယား အဆင်းဖြင့် ပြီးသည်ကို အစွဲပြု၍ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း၏ အပေါ်၌ မော်ရော်ပုဆိုးကို ဖြန့်မိုးကာ ကြက်သကဲ့သို့ အစိမ်းသက်သက်ကြီးလည်း မဟုတ်၊ ညိုပုပ်ပုပ် အဆင်း လည်း မက၊ ပြာလှသည်လည်း မဆိုသာ၊ ညိုပြာစိမ်းနု သုံးခု ရောစပ်သည့် အရောင် ပကတိဆောင်သော မိုးဘောင်အာကာတွင် တာရာနက္ခတ်တို့ တလျှပ်လျှပ် တဝင်းဝင်း၊ မိမိတို့ အဆင်းကို ထင်းထင်းကြီး ကိုယ်စီကိုယ်င ထွက်၍ပြကာ ကြယ်တာရာအသင်း စည်းဝေးခြင်း ပြုရာတွင် ဣန္ဒုရာဇာ၊ လစန္ဒာလည်း ချယ်ရာမင် အဖြစ်နှင့် ဘော်ကြူနှစ်အရောင်ကို တပြောင် ပြောင် ထွန်းပလျက် ရွှန်းမြအေးကြည်စွာ ဤကမ္ဘာမြေအပြင်ဝယ် ငွေမင် ရည် ပက်၍ထားသကဲ့သို့ လက်ချားပေးနေသည့်အတွင်း တခြား အသင်း ဖြစ်သော တိမ်ပုပ် မိုးသားတွေက အားပါးမနာ ငါတို့၏ စည်းဝေးချိန်အခါ ကို ကြယ်တာရာအသင်းက စည်းဝေးခြင်း ပြုရမလားဟု မိုးသားမိုးရိပ် တိမ်လိပ်တိမ်ပုပ်တွေ တက်ကာ တက်ကာ လက်ချားပေးနေသော ရွှေလမင်း ၏ အရောင်အဝါကို လောင်ကာ ကန့်ကွက်၍ မပျက် ပျက်အောင် နှောင့် ယှက် ဖျက်ဆီး ပြုသဖြင့် ဥလ္လုသနင်း၊ ရွှေလမင်းလည်း၊ မလင်းတစ်ချက်၊ လင်းတစ်ချက်နှင့် မိုးသားကွက်အတွင်းမှ လင်းချည်မှောင်ချည်၊ မြုပ်ချည် ပေါ်ချည် ရှိနေသည့်အခါ–

လူနတ်နိဗ္ဗာန်၊ သုံးတန်သော ချမ်းသာရယ်လို့ ဆိုပေတဲ့လဲ၊ နိဗ္ဗာန်မှ တစ်ပါး အများ ယူမှတ်သည့် လူနတ်ဖြဟွာ၊ ချမ်းသာ ဆိုတာ ဘယ်မှာ ချမ်းသာ ဟုတ်ပါ့မလဲ။ မုချစင်စစ် တွေးကြည့်ပြီလားဆို အအေးမရှိတဲ့

အပူတုံး အပူခဲကြီး သက်သက်ပါကလား။ ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာ ဓာတ်မှာမှ အိုတတ်–နာတတ်–သေတတ်တဲ့ တရားနှင့် လားလားမျှ ကင်းနိုင်တာ မဟုတ်ပါဘူး။ ဒုက္ခအမျိုးမျိုးတို့ဟာ ပုပ်လှတဲ့ အရိုး အသိုးတို့ကို ပိုးထိုးသလို တရွရွနှင့် တဆွဆွ နှိပ်စက်နေတော့တာပဲ။ စိတ်ပျက်စရာကောင်းတဲ့ သံသရာလောကကြီးမှ လောဘမီး၊ ဒေါသမီးတို့ ကုန်ခန်းရာ ဘုံနန်းနိဗ္ဗာန် ဆိုတဲ့ ဟိုအမတ–ဓာတ်ကျမှပင် အစသတ်ရမဲ့ ဒုက္ခတွေပါကလား။ သည်လောက သံသရာကိုဖြင့် တန်ပါပြီ၊ ကြောက်ပါပြီ။ နောက်တစ်ခါ လည်ရလျှင် ဤမင်းမျိုး စိုးမျိုး ဆိုတဲ့ ဘဝနှင့်ဖြင့် ခေတ္တကလေးမှ စပ်လျဉ်း ဆက်ဆံခြင်း မရှိရပါလို၏၊ မတွေ့ကြုံရပါလို၏။ မင်း မိဖုရား ဆိုတဲ့ အသံကိုတောင် တစ်ရံတစ်ဆစ်မျှ မကြားရပါလို၏ ဘုရား။

ဝဋ်ဆင်းရဲ အမျိုးမျိုးမှ ကင်းလွတ်ရပါအောင် မြတ်စွာဘုရားသာ ကယ်နိုင်တော့သည်။ တရားတော်မြတ်သာ ကယ်နိုင်တော့သည်။ သံဃာတော်မြတ်သာ ကယ်နိုင်တော့သည်။ ဘုရားကို ကိုးကွယ်ပါ၏။ တရားကို ကိုးကွယ်ပါ၏။ သံဃာတော်ကို ကိုးကွယ်ပါ၏ ဘုရား– ဟု အနောက်နန်းမတော်မိဖုရားသည် အိမ်ကြမ်းပြင်နှင့်ဆက်လျက် ခင်းထားသော ကွပ်ပျစ်ကလေး တစ်ခုပေါ်တွင် မဟာမြတ်မုနိ ဘုရားကြီး တည်ရာဘက်သို့ မျက်နှာမူကာ ထိုင်၍ ဘုရားရှိခိုးခြင်း၊ သရဏဂုံသီလ ဆောက်တည်ခံယူခြင်းများပြုပြီးနောက် အထက်က ရေးသားခဲ့သော သံသရာလောကကြီး၏ ငြီးငွေ့ဖွယ် အပြစ်ကို တွေးတော ဆင်ခြင်ကာ၊ ညည်းညူ မြည်တမ်းကာ၊ မိမိ၏ပေါင်ပေါ်တွင် ခေါင်းအုံးလျက် တစောင်း လျောင်းစက်နေသော သမီးတော်ကလေး၏ ကျောကို လက်ဖြင့်သပ်ကာ သပ်ကာ မျက်ရည်ကျဆင်းလျက် ရှိနေလေ၏။ မယ်တော်ကြီးမှာမူ အိမ်ကလေးပေါ် အိပ်ရာ၌သာ လျောင်းစက်ကာ မိန်းမောသကဲ့သို့ဖြစ်၍ နေရှာလေသည်။ တစ်ခါတစ်ခါ လည်း ဘုရား ... ဘုရားဟု မြည်တမ်းလေ၏။

ဝသန္တဥတု၊ ကုန်လုလုတွင်၊ ရတုသရဒ၊ သမယအလယ်၊ အကျယ်ယူဇနာ၊ သုံးသိန်းငါးသောင်း စက်နေရှိသော တူရာသီ သီတင်းကျွတ်လဆိုခဲ့သော ညအခါ အာကာတစ်ခွင် မိုးကောင်းကင်၌ ပျော်ရွှင်ကွန့်မြူး အထူးစံပယ် တင့်တယ်စွာ ထွန်းတောက်လျက် ရှိကြသော နက္ခတ်တာရာ၊ ကြယ်တကာနှင့်တကွ စန္ဒာ ရွှေလမင်းကြီးလည်း မိုးတွင်း အချိန်အခါတွင်

တိမ်လွှာ မိုးသားတွေက ကြိုးကြားရံခါ မကြာခဏ ဖုံးလွှမ်း ကာကွယ် သဖြင့် တင့်တယ်လှသော မိမိ၏ အသရေကို လူများမြင်အောင် ပြချင် သလောက် မပြရသည်က တစ်ဝ၊ အမရပူရ နေပြည်တော်အတွင်းမှာ တဝင်း ဝင်း တထိန်ထိန်နှင့် အချိန်ရာသီအလျောက် ပြုလုပ်ကျင်းပမြဲအတိုင်း မီးထွန်းမြင်းမိုရ်ပွဲ ပြုလုပ်ကြရာ၊ နန်းတော် အိမ်တော် အတွင်းမှာလည်း မင်းမှူးမတ် အချို့တို့သည် ငါတို့ အလိုပြည့်သည့်အခါနှင့် မြင်းမိုရ်ပွဲအခါ တစ်ပါတည်း တိုက်ဆိုင်ကြုံကြိုက်သည်ဟု နှစ်ခြိုက် ပျော်မွေ့စွာ မြူးထူး ရွှင်ပျကြသည်ကို မိုးဝတိမ်ကြားက ဘွားခနဲ ထွက်ကာ ထွက်ကာ မသက် သာအောင် ပက်ပါ ရှုမြင်ရသည်က တစ်ချက်၊ အမျက်ရာဇဝတ်တော် သင့်၍ သေခွင့်သေခါနှင့် ကြုံဆဲ၊ အပူခဲ အပူလုံးဖြင့် တဟုန်းဟုန်း တောက် လောင်လျက် ရှိနေသော မိဖုရား သားအမိကို သနားသည့် လက္ခဏာဖြင့် အထက်ဝလာကနေ၍ ကောင်းစွာ မကြည့်ရှုရသည်က တစ်ကြောင်း၊ ဤ အကြောင်းအချက်တို့ကြောင့် စိတ်လက် မရွှင်သည့် အမူအရာကဲ့သို့ ဖြူဝါ ကြင့်ကြင့် အသွေး၊ တိမ်လွှာမိုးသားက ယုက်မြွေးသဖြင့် ဖွေးဖွေးကြီး မဖြူစင်ဘဲ မရွှင်မလန်း အသွင်က နွမ်းနွမ်းနှင့် တစ်ခြမ်း ဖုံးလိုက်၊ အလုံး ကွယ်လိုက်၊ အထည်ကိုယ် တစ်ခုလုံးကိုပင် တစ်ခါ တစ်ခါ ထွက်၍ ပြကာ နေသော ရွှေလမင်းကြီးကို ကြည့်ရှုလျက်–

ဩော် အနိစ္စ–အနိစ္စ၊ တေဘူမက၊ သင်္ခါရတရားတွေဟာ ဘယ် အရာမှ အမြဲမရှိပါတကား။ ခုဖြစ်–ခုပျက်၊ မရှုရက်စရာ၊ စုလျက်ပုံလျက် အမြဲတည်နေသော တရားရယ်လို့ အထင်အရှား ပြစရာ တစ်စုံတစ်ခုမျှ မရှိပါကလား။ အာကာတစ်ခွင် မိုးကောင်းကင်၌ ရောင်ရှင်ပဝန်း ထွန်း တောက်လျက် ရှိနေသော ရွှေလမင်းကြီး ကျက်သရေကို ပျက်လေ ဖြစ်လေ ရှိအောင်ဟာ မိုးသား မိုးတိမ်တို့ ချိုးနှိမ် ဖိနင်းပြီး ခုလင်းဟဲ့–ခုမှောင်ဟဲ့နဲ့ လှောင်တဲ့ ပြောင်တဲ့ လက္ခဏာ၊ ပိတ်ချည် ဖွင့်ချည် အတည်မကျ ဖြစ်နေ တာဟာ ဘာလဲ ဆိုတော့ ပြုပြင်ခြင်းမကင်းတဲ့ သင်္ခါရတရားကြီးမို့ပေပဲ။ ဒီသင်္ခါရ တရားကြီးဟာ ဘယ်အခါမှ မမြဲပါဘူး။ လက်ဖျစ်တစ်တွက်၊ လျှပ်တစ်ပြက်ကာလ အတွင်းမှာပင် ဖြစ်ပေါ် ချုပ်ပျောက်မှုတွေဟာ နာမ် သက်အားဖြင့် ကုဋေတစ်သိန်း ကျော်သတဲ့။ ရုပ်သက်မှာတော့ ဒီ လျှပ် တစ်ပြက် ကာလကို အစိတ်ပေါင်း ကုဋေတစ်သိန်း စိတ်လို့ (၁၇) စိတ်

မှုသာ တည်သတဲ့။ အနိစ္စတရားဟာ ဒိဋ္ဌအား အမြင်သန်လျှင် အင်မတန်မှ လျင်မြန်စွာ ပျက်စီးတတ်တယ်။ ဒီလို ပျက်စီးတတ်တဲ့ ဘေးဖြင့် နှိပ်စက် ခြင်းကြောင့် ဒုက္ခ ဆိုတဲ့ ဆင်းရဲခြင်း ဖြစ်တာပဲ။ အဲဒီ အနိစ္စ–ဒုက္ခ ဖြစ် တတ်တာကို မဖြစ်ပါစေနဲ့ ဆိုလို့ မရဘဲ။ အလိုသို့ မလိုက်တတ်တာ ကတော့ အနတ္တ၊ အတ္တ ဆိုတာ မရှိဘဲနဲ့ ရှိတယ် ထင်မှတ်ပြီး ငါ၊ ငါ့ဥစ္စာ ဟု စွဲယူ မှောက်မှားလျက် တစ်ယောက်အား တစ်ယောက် ဖိစီးလား၊ နှိပ်စက်လား၊ သတ်လား ဖြတ်လားနှင့် တရားလက်လွတ် နေကြတာဟာ သံသရာကြီး၏ အလုပ်သဘောပင် ဖြစ်ပေတယ်။ စင်စစ်ကိုရှာတော့ ဘယ်သူ ဘယ်ဝါကိုမှ စိတ်နာစရာ၊ မုန်းထားစရာ မရှိပေဘူး။ တဏှာ–မာန–ဒိဋ္ဌိ ဆိုတဲ့ ပပဉ္စတရား ၃ ပါးက အုပ်စိုး စီရင်နေတာပေ။ သည် မကောင်းတဲ့ ပပဉ္စ တရားကိုသာ မုန်းဖို့ ရွံဖို့ပေပဲ။ ပုဂ္ဂိုလ်ကိုစွဲ၍ အခဲ ရန်ငြိုးဖွဲ့စရာ မဟုတ်ပေဘူး။

ဩော် ... ကျေးဇူးတော်ရှင် ရွှေနန်းရှင် မောင်ကြီးဘုရားကို အစ ထား၍ သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော လုံးစုံများစွာ သတ္တဝါတို့ ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ၊ ဘေးအန္တရာယ် ငြိုတွယ်မမြွေး ရန် မာန် ဝေး၍ အေးကြပါစေ။ မုန်း၊ ချစ်၊ လျစ်လျူ သုံးပါးလူကို၊ ကိုယ်တူ မခြား၊ ပညတ်အလို၊ သတ္တဝါဆိုတဲ့ ပုဂ္ဂိုလ်များကို စိတ်ထားကြည်ဖြူ အာရုံမူ၍ ရှေးရှုရည်ညွှန်း မေတ္တာရေ သွန်းရတော့တာပဲ။ အစွန်းအငြိုရှိဖို့ မတော်ပေဘူး၊ မတော်ပေဘူး။ ဘဝကူး ကောင်းအောင်သာ အောက်မေ့ ရတော့မယ်။

သို့သော်လည်း မိစ္ဆာယူမှား၊ အပါယ်လား၊ တရားမစွဲ၊ ကျွတ်မည် ခဲသတဲ့။ ။ ဘုရင်မင်းက၊ မှူးမတ်စသည်၊ ပြည်မလူများ၊ မတရားက၊ တိုင်းကားပြည်ထဲ၊ သာမည် ခဲသတဲ့။ ။ နောင် စိုးစံ အုပ်ချုပ်မဲ့ မင်း မှူးမတ်တို့ဟာ ယခုလိုသာ အမှုမမှန်တာကို အမှန်ပြုလုပ်၊ မဟုတ်မလျား မတရား နှိပ်စက်ကြမှဖြင့် တိုင်းပြည်မြို့ရွာဟာ သာယာစည်ပင်ဖို့ မဆို ထားနဲ့တော့၊ ဖရိုဖရဲ ပြိုကွဲ ပျက်စီးသွားမည်ကိုပင် စိုးရိမ်စရာ ရှိပေသေး တယ်။ သည်လိုဟာ တွေးလိုက်တော့ မတရား ပြုမူတဲ့သူများ အပေါ်မှာ မတော်တဲ့စိတ် ဖြစ်စရာပဲ။ သို့ပင်ဖြစ်သော်လည်း သူ့အပြစ်နဲ့ သူ့ကံ၊ စီမံရာ ဖြစ်ကြလိမ့်မယ်ဆိုတာ နလုံးသွင်းပြီး ဥပေက္ခာမှုရတော့မှာပဲလေ။

ဤကဲ့သို့ ညည်းညူမြည်တမ်းလျက်နေစဉ်၊ သမီးတော်ကလေး စက်တော်ခေါ်၍ ပျော်နေသည်ကို ပွေ့ယူပြီးလျှင် အိမ်တွင်းသို့ဝင်ရာ၊ သမီးကလေးလည်း ရုတ်တရက် နိုး၍ ကမန်းကတန်း ဟစ်အော် ငိုသောအခါ မယ်တော်ကြီးနှင့် မိဖုရားတို့သည် တစ်ယောက်တစ်လှည့် ချော့မော့ ဖျောင်းဖျကာ တစ်ညဥ့်လုံးပင် မအိပ်ဘဲ နေရလေ၏။

## အခန်း (၂၄)

၄ ချက် မတီးမီ၊ ညနေ အချိန်က စ၍ ဥယျာဉ်တော်အတွင်း အိမ်ငယ်တစ်ခု ပေါ်တွင် မယ်တော်ကြီးနှင့်တကွ မိဖုရား သားအမိတို့သည် အထက်က ဖော်ပြခဲ့သည်အတိုင်း စက်တော်ခေါ်ရသည် မရှိ၊ မိမိတို့ သေရမည့်ဘေးကို တွေးဆပူပန်၍သော် လည်းကောင်း၊ ထိုသေဘေးကို တွေးဆ ပူပန်ခြင်းမှ ပ ပျောက်စေ၍ ဘဝကူးကောင်းစေရန် ရတနာသုံးပါးကို ဆည်းကပ် ကိုး ကွယ် ရှိခိုးပူဇော်ခြင်း၊ သရဏဂုံသီလ ခံယူဆောက်တည်ခြင်း၊ မေတ္တာ ဘာဝနာ၊ ဝိပဿနာ ဘာဝနာတရား ပွားများအားထုတ်ခြင်းကို ပြု၍သော် လည်းကောင်း၊ သမီးတော်ကလေး အိပ်ရာမှ နိုး၍ ငိုကြွေးမြည်တမ်းသည် ကို ချော့မော့ ဖျောင်းဖျ၍သော် လည်းကောင်း နေရရှာလေသည်။

ထိုကဲ့သို့ နေသည့်အတွင်း ညနေ ၄ ချက်တီးက စ၍ တစ်ချက် တီးသံ၊ နှစ်ချက် တီးသံများကို ကြားရသည်အခါ တစ်ပဟိုရ်ထက် တစ် ပဟိုရ်၊ တစ်ချက်ထက်တစ်ချက် သေရမည့်ဘက်သို့ ကပ်လျက် နီး၍ နီး၍ လာရချေသည်။ ပဟိုရ်တီးသံ ကြားရတိုင်း ကြားရတိုင်း ရင်ထဲမှာ ဒိတ်ခနဲ ဒိတ်ခနဲ ဖြစ်၍ တဆတ်ဆတ် တဖျတ်ဖျတ် တုန်လျက် ခုန်လျက် ရှိရှာ လေ၏။

သန်းခေါင်ကျော် ပဟိုရ် သုံးချက် တီးပြီးနောက် မကြာမီပင် အရှေ့ လောကဓာတ်မှ လရောင် ကြယ်ရောင်တို့အတွင်း ချင်းနင်း ထိုးဖောက်၍ ဖြူရော်ရော် အရောင်ကလေးသည် တဖြည်းဖြည်း မြင့်တက်၍ လာလေ ၏။ ထိုမြင့်တက်၍လာသော အရောင်ကလေးသည်ကား အခြား မဟုတ်၊ နေအရုဏ်၏ ရှေ့တော်ပြေးပင်တည်း။ ထိုအရောင်ကို မြင်ရသောအခါ မယ်တော်ကြီးနှင့် မိဖုရားတို့သည် ငါတို့၏ သေရာလမ်းသို့ ဖမ်းဆီး ဆွဲ

ခေါ်ရန် ပေါ်လာတော့မည်ဟု စိတ်၌ မှတ်ထင်ကြ၏။ ထို့နောက် ဖြူရော်ရော် အရောင်မှ နီကြောင်ကြောင် အဆင်းသို့ ပြောင်းလဲလာပြန်သည်။ ထိုအခါ လမင်းလည်း ဝင်သွားပြီ ဖြစ်၍၊ ကျန်ရစ်သော နက္ခတ်တာရာ ကြယ်တကာ အပေါင်းတို့သည် ငါတို့ကို အေးမြချမ်းသာစွာ အုပ်ချုပ်စိုးမိုးရှာသော စန္ဒာ ရွှေလမင်းကြီးသည်ကား ကွယ်လွန် ချုပ်ပျောက်သွားရှာလေပြီ။ မိဖုရား မမြကလေး၏ သေဘေး ရောက်လတ်၊ သတ်ဖြတ်ညှဉ်းဆဲခံရမည်ကို မကြည့်ရှုလို၍ ရှောင်ရှား ဝင်သွားဟန် တူလေသည်။ ထိုလမင်းကြီး၏ အုပ်ချုပ်ခြင်းခံ၍ နေရခြင်းသည်ကား မိမိတို့ တာဝန်ခံ လွတ်လွတ်ကြီး ဖြစ်၍ ချမ်းသာအေးမြခြင်း ရှိပါပေစွ။ ငါတို့ အစွမ်းသတ္တိ ရှိသည်အတိုင်း လွတ်လပ်စွာ ထွန်းပ ပျော်မြူးရပေစွ။ နောင် အုပ်စိုးလာမည့် နေမင်းကြီးသည်ကား အရင် လမင်းထက် တိုး၍ ဘုန်းတန်ခိုးအာနုဘော်ကြီးမြတ်ပါပေ၏။ သို့ ဘုန်းတန်ခိုး ကြီးမြတ်သည်အတိုင်း မိမိ ရရှိသလောက် အာဏာကို အစွမ်းကုန် လွှတ်၍ ထောက်ထားညှာတာခြင်း မရှိဘဲ မိမိ၏ နှုတ်ထွက်စကားကို တရားဥပဒေပြု၍ အပူတပြင်း အုပ်ချုပ် စိုးမိုးလေ့ရှိသည်။ သို့ အုပ်ချုပ်စိုးမိုးသည်ကို ငါတို့ မခံနိုင်၊ မခံလိုကြ။ မိဖုရား မမြကလေး၏ သေဘေးဒုက္ခကိုလည်း မကြည့်ရှုလိုကြ။ နေမင်းကြီး တစ်ဦးတည်းသာ ရက်ရက်စက်စက် ကြည့်ရှုပါစေတော့။ ငါတို့ ထွက်ပြေး ပုန်းလျှိုး၍ ဘုန်းတန်ခိုး ရာထူးကို စွန့်ပယ်ကြပါစို့ဟု တိုင်ပင်ညီညွတ်ကြပြီးလျှင် အသီးအသီး ပျောက်ကွယ်သွားကြလေ၏။

ကြေးနီ အဆင်းနှင့်တူသော နေအရဏ် ရောင်ခြည် တက်ပြီးနောက် မကြာမီပင် မိုးကုပ်စက်ဝိုင်းကြီး၏ အရှေ့စွန်းမှ သူရိယ နေဝန်းကြီးသည် မီးလုံးကြီး အသွင်ကို ဆောင်လျက် နောက်လိုက်နောက်ပါ အခြံအရံ မပါ မရှိဘဲ တစ်ကိုယ်တည်း ထွက်လာလေသည်။ ထိုကဲ့သို့ သူရိယနေဝန်းကြီး ထွက်ပေါ်၍လာသောအခါ ထိုနေဝန်းကြီးကို ကြည့်ရှု၍၊ သြော်–ဤ ထွက်ပေါ်၍ လာသော နေမင်းကြီးသည်ကား လွန်ခဲ့သော နေ့နေ့တိုင်းမှာမူ ငါတို့ အကျိုးကျေးဇူးကို အထူး ဆောင်ရွက်ကာ အလင်းနှင့် အပူဓာတ်ကို ပေးခြင်းကြောင့် ငါတို့ ချမ်းသာသုခ ခံစံကြရသည်မှာ မုချ အမှန် ဖြစ်ပေသည်။ ယနေ့ ထွက်ပေါ်လာခြင်းကား ခါတိုင်းကဲ့သို့ မဟုတ်။ ငါတို့၏ ရန်သူအဖြစ်နှင့် အကျိုးကျေးဇူးမဲ့ကိုပြုရန် ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

ငါတို့အား သတ်ဖို့ အချိန်ကို သူက အမိန့်ပေး၍ ဆုံးဖြတ်တော့မှာပဲ။ သူ ပြုပြင်ရာ ဖြစ်ရတော့မယ်။ သူ မထွက်လာရင် တော်လေရဲ့။ ယခု သူ ထွက်လာလို့ သူ၏အမိန့်သာ စောင့်ဆိုင်းနေရတော့တာပဲ။ သူ့ကို မြင်ရတာ နေ့တိုင်းကဲ့သို့ နှစ်သက်ခြင်း မရှိ။ မုန်းစရာကြီး ပီပီပါတကား ဟု ... မိဖုရား မမြကလေးသည် နေမင်းကို မုန်းထား စက်ဆုပ်ခြင်း ဖြစ်သကဲ့သို့ ရှိ၏။

အကြောင်းမူကား ယမန်နေ့ညနေက နက်ဖြန်မှသတ်ရန် နောက်ထပ် အမိန့်တော် ကျရောက်လေရာ၊ ညဥ့်အခါကပင် မိုးသောက်ကာလ နေတက်၍လာလျှင် ငါတို့ သေရတော့မည်၊ ယခု မိုးမလင်းမီတွင်သာ ငါတို့ အသက်ရှင်လျက် ရှိနေရတော့သည် ဟု စိတ်တွင်စွဲလျက် ရှိရာမှ မိုးလင်း၍ နေထွက်လာသည်အခါ ဤ နေထွက်ခြင်းသည်ပင် ငါတို့ သေရဖို့အချိန် ဖြစ်ပေါ်လာတော့သည်ဟု အောက်မေ့ခြင်းကြောင့် ဖြစ်ပေသည်။

ထိုနောက်မှ သတိရ၍ သြော်–ဤနေမင်း သူ့ခမျာ ထွက်ပေါ်မြဲ ထွက်ပေါ်လာရှာတာ ငါ မုန်းထားရန် မရှိပါကလား။ အဋ္ဌာနကောပ ဆိုတဲ့ အရာမဟုတ်တဲ့ နေရာကို သွားပြီး ရန်ငြိုးဖွဲ့တဲ့စိတ် ဖြစ်ပေါ်လာတာဟာ အကုသိုလ်တရားကြီး စင်စစ် ပါပေကလားဟု မိမိစိတ်ကို သိမ်းဆည်း ချုပ်တည်း၍ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်ကိုသာ ဝင်စား အောက်မေ့ကာ နေရှာလေ၏။

လှုပ်ရှား ထွက်ပြေးခြင်းငှာ မစွမ်းနိုင်အောင် ဖွဲ့နှောင် တုပ်ချည်ထားခြင်း ခံရသူ၏အနီး ပေါက်ကွဲစေတတ်သော ဗုံးလက်နက်ကို ချထား၍ ရှည်လျားစွာ သွယ်ထားသော စနက်ကို မီးဖြင့် ရှို့ရာ၊ တဖြည်းဖြည်း လောင်၍လာသော စနက်မီးသည် ဗုံးရှိရာသို့ နီး၍ နီး၍ လာသည်ကို ချည်နှောင်ထားခြင်း ခံနေရသူ မြင်လျှင် ထိုသူ၏စိတ်၌ ဘယ်ကဲ့သို့ ရှိမည်နည်း။ ရေကုန်အောင် ထုတ်ပစ်၍ထားသော ရေကန်၏ အတွင်း တိုင်စိုက်၍၊ ထိုတိုင်၌ လူတစ်ယောက်ကို မလှုပ်မရှားနိုင်အောင် ချည်နှောင်ထားပြီးလျှင် ရေပြွန်ကိုဖွင့်၍ ရေကန်တွင်းသို့ ရေသွင်းလေရာ၊ ရေ၏ တဖြည်းဖြည်း ပြည့်တက်လာသည်ကို ထိုတိုင်၌ ချည်နှောင်ထားခြင်း ခံရသူ မြင်လျှင် ထိုသူ၏စိတ်မှာ ဘယ်ကဲ့သို့ ရှိပါမည်နည်း။

ယခုလည်း နေမင်းသည် မိုးကုပ်စက်ဝိုင်း နှုတ်ခမ်းမှ တဖြည်းဖြည်း

မြင့်၍ မြင့်၍ တက်လာရာ၊ ထိုနေ့ မွန်းလွဲချိန်ကျလျှင် သတ်ဖြတ်ခြင်း ခံရမည့်သူ မိဖုရားနှင့် မယ်တော်ကြီးတို့၏ စိတ်၌ မည်ကဲ့သို့ ရှိလိမ့်မည်ကို အထက်ပါ မေးခွန်းများကို ထောက်ထား၍ ဖြေဆိုရန် ခဲခက်တော့မည် မဟုတ်ချေ။ သေမည့်ဘေးကို မကြောက်ရွံ့သောသူ မည်သည် အာသဝေါ ကုန်သော အရှင်များနှင့် သက္ကာယဒိဋ္ဌိ အလွန် အားကြီးသူ အာဇာနည် ပုဂ္ဂိုလ်၊ ကေသရာဇာ ခြင်္သေ့များမှတစ်ပါး မရှိလေ။

ယခု ရာဇဝတ်သင့်သူ မိဖုရား သားအမိတို့မှာ ဆိုခဲ့သော ပုဂ္ဂိုလ်များတွင် ပါဝင်သူ မဟုတ်၍ မုချ ကြောက်ရာပေမည်။ သို့သော်လည်း မိဖုရား မမြကလေးမှာမူ ကြောက်စိတ်ကို တမင် ချုပ်တည်း၍ ရဲသွေး တင်ထားဟန် ရှိရှာပေသည်။

သမီးတော် မင်းသမီးကလေးသည် ဘွားတော် မယ်တော်တို့ ၂ ယောက် ကြားမှ ဘယ်ကိုမှ မထ မသွားဘဲ ပူးတွဲ ကပ်ရပ်လျက် တညည်း ညည်း တညူညူ ဆူပူ ငိုကြွေး၍သာ နေရှာလေ၏။ ဘွားတော် မယ်တော် တို့မှာလည်း သမီးတော် မင်းသမီးကလေးနှင့် ခွဲခွာရမည့်အချိန် တဖြည်း ဖြည်း နီးကပ်လာသဖြင့် ရင်ထဲမှာ တထိတ်ထိတ်၊ စိတ်ထဲမှာ တထင့်ထင့် ရှိနေရာ၊ နေမင်းလည်း တဖြည်းဖြည်း မြင့်၍ မြင့်၍ တက်လာသဖြင့် မွန်းတည့်သည်နှင့် တစ်ပြိုင်နက် ပဟိုရ် ၂ ချက်တီးသံ ကြားပြီးနောက် မြို့ဝန်နှင့်တကွ ဆိုင်ရာ အရာရှိတို့က ထုတ်ဖို့ရာ ထုံးစံအတိုင်း စီမံကြ လေ၏။

မယ်တော်နှင့် မိဖုရားကို တင်ဆောင်ရန် လှည်း ၂ စီး ရောက်လာ ပြီးနောက်။ ။ မြို့ဝန်က။ ။ ကိုင်း၊ ထုတ်ဖို့ရာ အချိန်စေ့ရောက်ပါပြီ။ ဒိုင်းတော်လဲ အကြိမ်ကြိမ် ထောက်လှပါပြီ။ လှည်းပေါ်သို့ တက်ကြပါ တော့– ဟု ပြောကာလ မယ်တော်ကြီးနှင့် မိဖုရားတို့လည်း အားကိုတင်း၍ ထ မည်ပြုရာ၊ မင်းသမီးကလေးသည် ၂ ယောက်စလုံး၏ လည်ပင်းကို အတင်း ဖက်ထားပြီးလျှင် ဟစ်အော် ငိုကြွေးလျက် နေလေ၏။

မိဖုရားလည်း မင်းသမီးကလေးကို ဖက်ကာနမ်းရှုပ်လျက်– တင်တင် ရယ်၊ မယ်ဘုရားတို့ကို အခွင့်ပြုလိုက်ပါတော့။ မယ်ဘုရားတို့ အသည်းကို ခြေခွဲတော် မမူပါနှင့်။ တင်တင်က သည်လို ပြုလေလေ၊ မယ်ဘုရားတို့ အသည်းကြွေအောင် စိတ်ဒုက္ခ များလေလေ ဖြစ်ပါတယ်။ တင်တင် တားဆီး

ပေတဲ့ ရနိုင်တော့မယ် မဟုတ်ပါဘူး။ အဆုံးကျတော့ တင်တင်ကို အတင်း ဆွဲယူ ချုပ်တည်းထားကြလိမ့်မယ်။ အဲဒီလို အတင်း ဆွဲယူ ချုပ်တည်း ထားပြီလားဆို၊ သမီး ဒုက္ခကို မယ်ဘုရားတို့ မြင်ရတော့မယ်။ သည်လို မြင်ရခဲ့လျှင် မယ်ဘုရားတို့မှာ သေရမဲ့အပေါ်မှာ ဆယ်ဆမက ထပ်ဆင့် ပြီး သေရတာထက် ဆိုးတော့မပေါ့။ မယ်ဘုရားတို့ ဖြောင့်ဖြောင့်တန်းတန်း သေပါရစေ။ မယ်ဘုရားတို့ကို သနားညှာတာသဖြင့် သမီး အခွင့်လွှတ်ပါ တော့ကွယ်။ သေမဲ့ဘေးကို ကြောက်သွေးဖိုလို့ သမီးကို ရမယ်ရှာနေ တယ်လို့ သူတစ်ပါး ထင်မည်ကိုလဲ ရှက်လှပါတယ်။ မတားပါနဲ့တော့ဟု ငိုရှိုက်ကာ၊ နမ်းရှုပ်ကာ ကျောကလေးကို လက်နှင့် ပွတ်သပ်ကာ ပြော လေ၏။

မင်းသမီးကလေးလည်း တအောင့်လောက် တွေဝေစိုက်ငေးပြီးမှ– အမယ်လေး ခက်လှချည်ရဲ့ မယ်ဘုရားရဲ့၊ ဖျာ့သမီးတော် ဘယ့်နယ် ခွဲရ မလဲ၊ တစ်ခါတည်း သေရတော့မှာပေါ့။ သမီးကို သတ်သွားကြပါ။ သမီး ဘယ်သူနဲ့ နေရစ်ရမလဲ။ မယ်ဘုရားတို့အပြင် မြင်စရာ မရှိပါကလား။ တစ်ယောက်တည်း ကျန်ရစ်တော့မှာပါ။ တင်တင် တစ်ယောက်တည်း အားကိုးစရာ၊ မြော်မြင်စရာ မရှိလွန်းလို့ သည့်လောက်တားဆီးရတာပါ။ အားကိုးစရာ တစ်ယောက်တလေ မြင်လို့ရှိပါရင် သည့်လောက် မပူပါဘူး။ အတော်ကလေး ဖြေနိုင်ပါသေးရဲ့။ ခုမှာတော့ ပြီပြီသားကို အားထားစရာ မရှိလွန်းလှလို့ပါ မယ်ဘုရားရဲ့။ သွားတော်မူကြပေတော့၊ ကြွတော်မူကြပေ တော့၊ အဆုံးလမ်း မြန်းတော်မူကြပေတော့၊ ဖျာ့သမီးတော် ကံဆိုးမကလေး ကို တစ်ခါတည်း အမုန်းလွန်ပြီး အဆုံးစွန် ကြွတော်မူကြပေတော့။ မတတ် သာ မနိုင်သာတဲ့ အရေးမို့ သမီးကလေး လက်ဆုပ်ဖြေလိုက်ရမယ်။ ဖျာ့ သမီးတော် အကြိမ်ကြိမ် ကန်တော့လိုက်ပါရဲ့။ အပြစ်ရှိသမျှ ခွင့်လွှတ် တော်မူပါ ဘုရား ... ဟု ဆို၍ လည်ပင်းကို ဖက်ထားရာမှ လွှတ်ပြီးလျှင် ဘွားတော်၊ မယ်တော်တို့ကို လက်အုပ်ချီကာ၊ ကြမ်းပြင်နှင့် နဖူး ထိကာ ကပ်ကာ၊ မယ်တော်၏ ခြေဖျားနှင့် ဘွားတော်၏ ခြေဖျားကို တစ်လှည့်စီ ဦးတိုက်ကာ နမ်းရှုပ်ကာဖြင့် အကြိမ်ကြိမ် ငို၍ ကန်တော့လေ၏။

မိဖုရားလည်း မျက်ရည်ကို သုတ်ကာ– မယ်မယ့်သမီး ဘုန်းကြီး ပါစေ၊ အသက်ရှည်ပါစေ၊ အန္တရာယ်ကင်း၍ ဘေးရှင်းပါစေ၊ ကိုယ်စိတ်

၂ ဖြာ ချမ်းသာအေးမြ ရှိပါစေဟု ဆုပေးရင်း မယ်တော်ကြီးကို မျက်ရိပ်ပြလျက် ထ ၍ လှည်းပေါ်သို့ တက်ကြလေ၏။

မင်းသမီးကလေးလည်း– အမယ်လေး တစ်ခါဖြင့် အဆုံးလမ်းမြန်းကြပါပေါ့ ဆိုငို၍ လှည်းရှိရာသို့ ပြေးသွားလေသော်၊ အစောင့်အကြပ်ပြုလုပ်သူ မိန်းမများက အမိန့်တော်အရ အနီးအပါးက စောင့်ကြပ်လျက်ရှိနေရာမှ ရုတ်ခနဲ ထ ၍ မင်းသမီးကလေးကို ပွေ့ယူ ပိုက်ဖက်ထားသည့်အတွင်း လှည်းများကို အပြေးမောင်းနှင်၍ ထုတ်ယူသွားစေ၏။

# အခန်း (၂၅)

၁၂၀၇ ခုနှစ်၊ သီတင်းကျွတ်လအတွင်း တစ်နေ့သ၌ အမရပူရမြို့တော်တွင်းပြင် ၂ ရပ်လုံး၌ နေထိုင်ကြကုန်သော မြို့သူမြို့သား အပေါင်းတို့သည် လည်းကောင်း၊ အခြား ရပ်ဝေးမှ လာရောက်ကြသော ဧည့်သည်အာဂန္တုတို့သည် လည်းကောင်း အတွင်းတော်၌ ဖြစ်ပွားသော အရေးတော်ပုံကို ကြားသိကြ၍ ယမန်နေ့က ကွပ်မျက်ပြီးသော ပြည်စား သားအဖ ၅ ယောက်တို့နှင့် တရောတယှက်တည်း ကြံရာပါသည် ဆိုသော အနောက်နန်းမတော်မိဖုရား မမြကလေးနှင့် မယ်တော် မယ်အိ တို့ကို ယနေ့ ထုတ်လာလိမ့်မည်။ သို့ ထုတ်လာသောအခါ ကြည့်ရှုကြမည် အကြံနှင့် နံနက်စောစောကပင် စောင့်စား မျှော်လင့်နေကြလေသည်။

မိဖုရား မမြကလေးကို မြင်ဖူးသူက နည်းပါး၍ မမြင်ဖူးသူက များနေရာ၊ ထို မမြင်ဖူးကြသော ယောကျ်ား မိန်းမ လူကြီး လူငယ်တို့သည် မမြကလေး ချောကြောင်း လှကြောင်းကို ပြောသံဆိုသံသာ ကြားဖူးသည်နှင့် အလွန် ကြည့်ရှုလိုကြသောကြောင့် အထူး ကြိုးစားကာ မျှော်လင့်ကြလေသည်။ မြင်ဖူးသူတို့ကလည်း သနားကရုဏာရှိ၍သော် လည်းကောင်း၊ ကြည့်ရှု၍ မရောင့်ရဲနိုင်၍သော် လည်းကောင်း ထပ်၍ ကြည့်ရှုလိုသည်နှင့် စောင့်စား မျှော်လင့်ကြလေသည်။

ထိုသို့ ကြည့်ရှုရန် စောင့်စား မျှော်လင့်ကြသူတို့သည် ထုတ်ယူမြဲဖြစ်သော အနောက်တံခါး လမ်းမ တစ်ဖက် ၂ ချက်ရှိ အိမ်ပေါ် အိမ်အောက် အိမ်ကြား သစ်ပင်အောက်တို့၌ လည်းကောင်း၊ လမ်းဘေး လမ်းမြှာ စသည်တို့၌ လည်းကောင်း မိမိတို့ အရောင်းအဝယ် အလုပ်အကိုင် တစ်ခုခုကို ယိုးမယ်ဖွဲ့ကာ ပြည့်နှက်စွာ ရှိကြလေသည်။

ထိုကဲ့သို့ မျှော်လင့်နေကြရင်း ဆုံမိရာ ဆုံမိရာ ပြောဆိုကြသည်မှာ–

အချို့က မိဖုရားကြီးတစ်ယောက် ဖြစ်ပါလျက်နဲ့ သစ္စာဖောက်ပြန်၍ မင်းသားနှင့် မကောင်းကြံရက်လေခြင်း၊ သည်လို ကြံလျှင် သည်လို ဖြစ်တတ် ပျက်တတ်တယ် ဆိုတာ မသိဘူးလား ဟူ၍ လည်းကောင်း။ အချို့ကလည်း ဟုတ်မယ် မထင်ပါဘူး၊ မဟုတ်ဘဲနဲ့ လက်ပြ*ထဲမှာ သူ့ခမျာ ရောပြီးပါတာ ထင်ပါရဲ့၊ ကုသိုလ်ကံ နိမ့်ကျလျှင် သည်လို ဖြစ်တတ်တာမျိုးပေါ့ ဟူ၍ လည်းကောင်း။ အချို့ကလည်း မယ်တော်ကြီးကို မုန်းကြတာနဲ့ ခု ပြောသလို ရောကျိုလိုက်တာ ဖြစ်ပါလိမ့်မယ်၊ မိဖုရားကတော့ မကောင်းကြံမယ် မထင်ပါဘူး ဟူ၍ လည်းကောင်း။ အမှု၏ အရင်းအဖျားကို အတွင်းစကားအရ သိသူ အချို့တို့ကလည်း အထက်ပါ နောက်ဆုံး ပြောသူတို့ စကားကိုလိုက်၍– ခင်ဗျားတို့ တွေးတာ မှန်တယ်၊ အဲဒီစကားဟာ မုချပဲ၊ အမှုတော့ မမှန်ပါဘူး၊ ဝမ်းထဲတွင် ထားပါ၊ အခြား မပွင့်ပါစေနဲ့ ဟူ၍ လည်းကောင်း။ အချို့ကလည်း ဟုတ်လို့ ခံရရင်တော့ တော်ပါသေးရဲ့၊ မဟုတ်ဘဲနဲ့ ခံရတာ အင်မတန် နစ်နာပါကလား ဟူ၍ လည်းကောင်း အသီးအသီး မိမိတို့ထင်ရာ တီးတိုးစကား ပြောကြလေသည်။ မပြောဝံ့ဘဲ စိတ်ထဲတွင် အောက်မေ့နေသူများလည်း ရှိကြပေလိမ့်မည်။

ထိုကဲ့သို့ နေကြသည်အတွင်း နေမွန်းတည့်ပြီးနောက် မကြာမီပင် သစ်တပ်တွင်းမှ လှည်း ၂ စီးကိုမောင်းနှင်ကာ သုံးတန်းလက်ယာနှင့်တကွ မြို့ဝန်မြို့ကွပ်၊ သူသတ် လက်မရှံ့တို့ပါ လက်နက်စွဲကိုင် စောင့်ကြပ်လိုက်ပါလျက် အနောက်တံခါးသို့ တူရူ ထွက်လာသည်ကို မြင်ကြရ၏။ ရှေ့လှည်းပေါ်တွင် အသက် ၅၀ ကျော် ၆၀ ခန့်ရှိ မယ်တော် မယ်အိသည် ညှိုးငယ်သော မျက်နှာနှင့် ပုတီးစိပ်ကာ ထိုင်လျက် ပါလေသည်။ နောက်လှည်းပေါ်တွင် အသက် ၃၀ ကျော်ရွယ်ရှိ မိဖုရား မမြကလေးသည် ညှိုးငယ်ခြင်း၊ ရွှင်ပျခြင်း အမူအရာ မထင်၊ တည်တံ့သော မျက်နှာထားနှင့် ထိုင်လျက် လိုက်ပါလေသည်။

ထိုအခါ မိုးနှောင်း သီတင်းကျွတ်လပင် ဖြစ်သော်လည်း အောက်မြို့ကျေးရွာကဲ့သို့ မဟုတ်၊ အထက်ပြည်ရွာမှာ မိုးနှောင်း အခါကျမှ မိုးဖြိုင်ဖြိုင်ရွာတတ်သည် ဖြစ်၍၊ ထိုအခါမှာ မိုးပင် မရွာသော်လည်း နေကို ကောင်းစွာမမြင်ရ။ မိုးသား မိုးခဲတွေ ဖုံးလွှမ်းအုံ့မှိုင်းလျက် ရွာတော့မလိုလိုပင် ရှိ

* လက်ပြ – အခြေအနေ မတည်မငြိမ် ရှုပ်ရှုပ်ထွေးထွေး ဖြစ်သောကာလ။

သည်။ ထိုကဲ့သို့ မိုးညိုအုံ့ဝိုင်း၊ မှုန်မှိုင်းပြာမှောင် ရှိနေသည်အခါ ရာသီလေ မမှန် ဖောက်ပြန် ပြောင်းလဲ၍ အနောက်ရန်းလိုလို၊ တောင်လေလိုလို အမှန်မရှိ။ တစ်ခါတစ်ခါ ညင်းညင်းသာသာ၊ တစ်ခါတစ်ခါလည်း ပြင်းပြင်း ထန်ထန် တိုက်ခတ် တိုးဝှေ့၏။ မိဖုရား မမြကလေးမှာ မူလက ဖိုသီဖတ်သီ ထုံးနှောင်ထားသော ဆံထုံးသည် လုည်းခုန်သည့်အတွက် ခပ်ပြေပြေ တွဲ ကျလျက်၊ "ဗျာပါဆံ" ခေါ် ထိပ်ဆံများလည်း နား ၂ ဖက်နောက်တွင် ဖရိုဖရဲကျနေစဉ် လေကလေးက ခပ်သုတ်သုတ် တိုက်ခတ် တိုးဝှေ့ရာ၊ တို့း၍ လှုပ်ရှားလျက် မျက်နှာပေါ်ရောက်ပြီး လွင့်ပါးကာ တဝဲဝဲ တခါခါနှင့် တုန်တုန်လှုပ်လှုပ် ကစားနေသော ထိပ်ဆံဖျားကို မသိမ်းမဆည်းဘဲ ရှေ့ တူရူသို့သာ စိုက်ကာ ကြည့်ရှုလျက် မျက်နှာ တည်တံ့စွာနှင့် လိုက်ပါသော မိဖုရား မမြကလေး၏ ကျက်သရေ တစ်မျိုးရှိသည်၊ တစ်မျိုးလှသည်ကို ရှုမြင်ကြသူ အပေါင်းတို့သည် သနားချစ်ခင်ခြင်း၊ နှမြော စုံမက်ခြင်း များစွာ ဖြစ်ကြလေသည်။

တချို့ကလည်း ခုမှ တစ်ခါ မြင်ဖူးရတယ်။ ကြားဖူးတဲ့ အတိုင်း ထက် ပို၍ လှပေ ချောပေရဲ့။ ပြောပလောက်တဲ့ မိဖုရားပါပဲ။ ဩော်- ဖြစ်မှ ဖြစ်ရလေခြင်း၊ အသက်ကလေး ငယ်ငယ်ရွယ်ရွယ်က ရာဇဝတ် သင့်၍ သေမင်းနိုင်ငံသို့ လိုက်ရရှာတော့မယ်။ သနားပါဘိတယ်။ သူ့ မျက်နှာကလေး ကြည့်ရှုလို့ မဝနိုင်ပါကလားဟု မနီးမဝေးက ကြည့်လျက် စုတ်တသပ်သပ်နှင့် ပုန်းလျှိုးကွယ်လျှိုး လိုက်၍ ကြည့်ကြလေသည်။

တချို့ကလည်း ရှေးကပင် မကောင်းထင်ကြသော်လည်း မျက်နှာ ကို မြင်ရသည့်အခါ သနားကရုဏာ ပြင်းစွာဖြစ်ကြ၍- ငါတို့ အရင်က ထင်မိတာ မှားတာပဲ။ အမှုမမှန်ဘဲနဲ့ ဖြစ်ရရှာတယ် ဆိုတာ ဟုတ်ပါလိမ့် မယ်။ သနားပါဘိတယ်ဟု တီးတိုး ပြောဆို မြည်တမ်း၍ မျက်ရည်သုတ် ကာ လိုက်၍ ကြည့်ရှုကြလေ၏။

စကြာမင်း ခေါ် ညောင်ရမ်းစား မင်းသားကလေးကို သတ်ရန် ထုတ်လာစဉ်အခါက ကြည့်ရှုကြသော မြို့သူမြို့သား အပေါင်းတို့သည် အလွန် ဝမ်းနည်းစွာ သနားကရုဏာ ရှိကြသဖြင့် မျက်ရည်မကျသူ မရှိ ဖြစ်သည်။ ထိုအထဲတွင် အမယ်အိုကြီး တစ်ယောက်သည် မချုပ်တည်း နိုင်၍ မြို့တံခါးဝမှ ဟစ်အော် ငိုကြွေးရာ၊ ဘာကြောင့် ငိုရသလဲဟု ဆိုင်ရာ

အရာရှိများက မေးစစ်ကာလ၊ ၎င်းအမယ်အိုက မြေးကလေး သေ၍ လွမ်းလှသောကြောင့် ငိုရကြောင်းနှင့် လွှဲဖယ်၍ ပြန်ပြောရလေသည်။ ယခုလည်း ထိုကဲ့သို့ပင် မြင်ရသူ အပေါင်းတို့မှာ ရင်ဝတွင် ဆို့၍လာအောင် ချုပ်တည်းခြင်းငှာ မတတ်နိုင်၍ မျက်ရည်သုတ်ကြရသည်ချည်းပင် ဖြစ်သည်။

မြို့ပြင်သို့ ကျသောအခါ မိဖုရားသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်ကို လည်းကောင်း၊ ဖြစ်ပျက်တတ်သော သင်္ခါရသဘောလက္ခဏာကို လည်းကောင်း အာရုံပြုကာ၊ စိတ်ဝင်စားကာ ပရိဒေဝ မဖြစ်ရအောင် တမင်ချုပ်တည်း၍လာဟန် ရှိသော်လည်း သမီးတော်ကလေးကို ရတ်တရက် စိတ်က ဥပါဒ်မိသည့် လက္ခဏာဖြင့် မျက်နှာကလေး ညှိုးလျက် ငိုမည်ယောင်ယောင် မျက်ရည်ဝဲလာပြီးလျှင် နောက်သို့ ဖားလျား ပြေကျနေသော ဆံပင်ကို လက်နှင့်ယူကာ သိမ်းဆည်း၍ ကပိုကရို ဘီးနှင့်တကွ ရောချ၍ ရစ်ပတ်လိုက်ရာ၊ ထိပ်ဆံတို့သည် နား၏နောက်နှင့် ပါး ၂ ဖက်ပေါ်တွင် အခက်အခက် ကျလျက်၊ ယခုကာလ ဆံတောက်ထားသော မိန်းမပျိုကလေးများသည် ဆံပင်ကို ဖိုသီဖတ်သီ ကပိုကရို ဘီးနှင့် ရောပတ်ထားသောအခါ ဆံပင်တို ဆံတောက်ကလေးများသည် နဖူးဆံစ နားထင်စများမှ တွဲလျားကျ၍ နေသကဲ့သို့ တလှုပ်လှုပ် တခါခါနှင့် ရှိနေသည်ကို မြင်ကြရသူ အပေါင်းတို့သည် အလွန် အံ့ဩခြင်း ဖြစ်လေ၏။ အကြောင်းမူကား ဤကဲ့သို့ ဘီးနှင့်ရော၍ ဆံပင်ရစ်ပတ် ထုံးထားသကဲ့သို့ အခြားမိန်းမ တစ်ဦးတစ်ယောက် ထုံးထားသည်ကို မြင်ဖူးကြဟန် မရှိ။ ယခုမမြကလေးက စ၍ ဘီးဆံပတ်ထုံးပုံ၊ ရစ်ပတ်ပုံကို ရှေးဦးစွာ မြင်ရခြင်းကြောင့် လည်းကောင်း၊ နဂိုမူလ လှပယဉ်ကျေးသူ မမြကလေးကို မိမိတို့မျက်စိ၌ ယခုကဲ့သို့ ပူဆွေးဟန်နှင့် ကပိုကရို နေသည်အခါ တစ်မျိုးအားဖြင့် သာ၍ လှပယဉ်ကျေးခြင်းကြောင့် လည်းကောင်း ဖြစ်ပေသည်။

ရှေးအခါက မိန်းမတိုင်း ဗျာပါဆံ ခေါ်သော ထိပ်ဆံ ဖြတ်ကြမြဲဖြစ်သည်။ သားတစ်ယောက် ၂ ယောက် ရမှ ထိုထိပ်ဆံကို အရှည်ထား၍ သိမ်းကြသည်။ မမြကလေးမှာ ထိုအခါက ဗျာပါသောက ရောက်နေသည် အခိုက်၊ ပါး ၂ ဖက်တွင် ဝဲလျက် ကျနေသော ထိပ်ဆံကို ကြည့်၍ ကောင်းလှသည်နှင့် ထိုအခါက စ၍ ထိပ်ဆံကို ဗျာပါဆံ ဟု ခေါ်တွင်စ ပြုလေသည်။

မိဖုရား မမြကလေး၏ ပူဆွေးနေစဉ်အခါ ဘီးနှင့်ရော၍ ကပိုကရို ထုံးပုံကို "ပူပုံထုံး" ဟု အမည်တပ်၍ မိန်းမပျိုတိုင်း အတုခိုးယူ၍ ထုံးကြလေသည်။ "ပူပုံထုံး-ပူပုံထုံး" ဟု တစ်မြို့လုံးကျော်ကြား၍ မိန်းမတိုင်း ထုံးကြသည်ကို မထုံးကြရ၊ ပူပုံထုံး မခေါ်ရဟု မင်းအာဏာဖြင့် ပညတ်ရလေသည်။ ထိုကဲ့သို့ ဘီးနှင့်ရော၍ ကပိုကရို မပတ်ဘဲ သပ်သပ်ရပ်ရပ် ပတ်၍ ထုံးခြင်းကို ယခုအခါ ဘီးဆံပတ်ထုံးဟု ခေါ်သည်။

## အခန်း (၂၆)

**ရတု–စကပိုဒ်**

သီရိမဟာ၊ သုရတနာနှင့်၊ စန္ဒာမည်မှတ်၊ ဒေဝီနတ်ကို၊ ရာဇဝတ်တော်၊ သင့်ကြောင်းမြော်၍၊ မလျော်အခွင့်၊ မပြုသင့်ကို၊ ပြုကျင့်လေဟန်၊ စီစဉ်ဖန်လျက်၊ မမှန်ပြုပြင်၊ အမှုဆင်ကြ၊ သူ့ကြင်ရာတော်၊ ရွှေနန်းပျော်လည်း၊ နွမ်းလျော်ကာယ၊ အာဗာဓကြောင့်၊ ဒုက္ခဆွယ်ပြိုင်၊ မကယ်နိုင်ခဲ့၊ မပိုင်ကိုယ်စိတ်၊ အနိသရ၊ လောကတံထွာ၊ ဖြစ်မြဲရာကား၊ ရှေးခါမှန်ကင်း၊ ယခု ထင်းတည့်၊ မှုခင်းရှာကြံ၊ နောက်နန်းစံကို၊ ပုဂံလက်တွင်း၊ အသက်နင်းသော်၊ ချက်ချင်းမကြာ၊ မယ်တော်ပါကို၊ ခန္ဓာပြတ်စေ၊ မိန့်ပေးလေ၍၊ မြေသုသသန်တွင်၊ လုနတ်သွင်အား၊ ဆံပင်ကိုင်ဆွဲ၊ ရိုက်မည်ဆဲဝယ်၊ မိုက်မဲရှာတတ်၊ ဟယ် သူသတ်တို့၊ မြင့်မြတ်လုစွာ၊ ရှေးသမ္ဘာကြောင့်၊ ရာဇာသနင်း၊ ပြည့်ရှင်မင်း၏၊ သက်နင်းရတနာ၊ ဖြစ်ရပါသား၊ ငါလိုအစား၊ မိဖုရားဟု၊ ထူးခြားပေါ်ထင်၊ ကုသိုလ်ရှင်ကို၊ နင်သပေါက်သား၊ မကြောက်အားဘဲ၊ ထောက်ထားမညှာ၊ ပြုရက်ရှာခဲ့၊ သမ္ဘာဘုန်းကံ၊ နှုံးစံမမျှ၊ ပုညအရာ၊ မယှဉ်သာ၍၊ နင်မှာအပြစ်၊ နောင်ခါနှစ်မည်၊ စီစစ်တွေးဆ၊ သတိရအောင်၊ ဆုမွှစကား၊ ငါမှာထား၏၊ ငါကားသေဘို့၊ မကြောက်တို့ဟု၊ နောက်သို့ကော့လျော့၊ လည်ကိုမော့လျက်၊ ရိုက်တော့ဆိုကာ၊ ခွင့်ပြုရှာသည်။ ။ သေမှာ မကြောက်မရွံ့တည်း။

မိဖုရားနှင့် မယ်တော် မယ်အိကို လှည်း ၂ စီးဖြင့် တင်ယူ ထုတ်သွား၍၊ သုသာန်သို့ ရောက်သောအခါ ထုံးစံအတိုင်း စစ်ကိုင်းတောင်ကို နေကွယ်မှ အဆုံးစီရင်ရသည် ဖြစ်၍ ထိုအချိန်သို့ ကျရောက်အောင် စောင့်ဆိုင်းနေကြရလေသည်။

သို့ စောင့်ဆိုင်းနေသည့် အချိန်အခါဝယ် အာကာတစ်ခွင်၊ မိုးကောင်းကင်တွင် ကြည်လင်သန့်ရှင်းခြင်း မရှိ။ ကွက်တိကွက်ကျား မိုးသား ရောစပ်၊ တိမ်ထပ်တိမ်လွှာ၊ ဖြူပြာအနီး၊ အမျိုးမျိုး လွှမ်းတက်နေရာ၊ သူရိယာ နေမင်းကြီးသည် သုံးချက်တီး အောက်ဆွယ်တွင် တိမ်စွယ် မိုးသားအကြားမှ မိဖုရား မမြကလေး၏ သေဘေးကြီး တွေ့ဟန်ကို အလွန်ပင် ကြည့်ရှုလိုငြားသော်လည်း သနားသည့် အကြောင်းကြောင့် ကောင်းကောင်းကြီးလည်း မကြည့်ဝံ့၊ ကြောက်ရွံ့ရွံ့နှင့်ပင် မရဲတရဲ၊ မကြည့်သာ–ကြည့်သာနှင့် တစ်ခါ တစ်ခါ ထွက်၍ ကြည့်သော အလိုဖြင့် ဆိုခဲ့သော မိုးသားတိမ်ပုပ်တွင် မြုပ်ချည် ပေါ်ချည် အတည်မကျ ရှိနေလေ၏။

ထိုမှတစ်ပါး လက်ပံပင်ကြီး အပေါ်တွင် ကျီးငှက် လင်းတ ဆက်ရက်စသော ငှက်သတ္တဝါများတို့သည် မိဖုရား၏ အကောင်းအဆိုး၊ ကြောင်းကျိုးခြင်းရာကို ဘာသာဘာဝ ငြင်းခုံကြသည့် အဟန်ဖြင့် တည်ည် တစီစီ တကျည်ကျည် မြည်ကြွေး စုန်ပျံကာ ဆူညံလျက် ရှိလေ၏။ မိဖုရားကြီးနှင့် မယ်တော်ကြီးတို့ နေခိုလျက်ရှိသော မန်ကျည်းပင်ကြီး အပေါ်ဖျားကလည်း သနားဖွယ်ကောင်းသော ဥဩငှက်ကလေး တစ်ကောင်သည် အတောင်ကလေး တဖျတ်ဖျတ်နှင့် အသတ်ခံရမည် ရှိနေသော မိဖုရားအား သနားသည့် ရုပ်သဘောဖြင့် "ဥဩ–ဥဩ" ဟု "ဗုဒ္ဓေါ–ဗုဒ္ဓေါ" ကို အောက်မေ့ဆင်ခြင်ပါ ဟူသော အလိုဖြင့် မိဖုရားကို သတိပေးလျက် နေရှာလေ၏။

ဒေါင်းယဉ်စကြာ၊ သူရိယာလည်း၊ ဝေဟာ စခန်း၊ ကောင်းကင်နန်းက၊ မလန်းမရွှင်၊ ညှိုးရုပ်သွင်နှင့်၊ ရှုချင်ပါလဲ၊ ဝံ့မရဲ၍၊ လွဲပေါ့မျက်နှာ၊ မရှုပါပြီ၊ ကြမ္မာလျောက်လျား၊ လျစ်လျူထား၍၊ သွားတော့မည်ကို၊ ပြောသလိုနှင့်၊ နှုတ်ချိုဆက်ကာ၊ နေစကြာသည်။ ။ ရောင်ဝါကွယ်လု နီးပြီးတည်း။

စစ်ကိုင်းတောင်ကို နေမင်း ကွယ်လုနီးသောအခါ မြို့ဝန် မြို့ကွပ်တို့က အမိန့်အမှတ်ပေးသည့်အတိုင်း သူသတ် လက်မရွံ့တို့သည် မိဖုရားနှင့် မယ်တော် မယ်အိကို တစ်ယောက်နှင့်တစ်ယောက် မမြင်ရအောင်တစ်နေရာစီ ခွဲ၍ ခပ်ဝေးဝေးထားပြီးလျှင် မယ်တော်ကြီးကို ရှေးဦးစွာသတ်လေသည်။ ထို့နောက် မိဖုရား မမြကလေးကို ရိုက်သတ်ရန် ဆံထုံးကိုဆွဲ၍ လှဲမည်အပြုတွင် မိဖုရားသည် ရုတ်တရက် ထ ၍ မိမိသည် ရှေး

ကုသိုလ် ဘုန်းကံကြောင့် အလွန်မြင့်မြတ်သော ဘိသိက်ခံ မိဖုရားအဖြစ်ကို ရရှိရခြင်း၊ ဤပစ္စက္ခဘဝတွင် ဘုန်းကံမမျှ၊ မိမိတို့ထက် မြင့်မြတ်သော ကုသိုလ်ရှင်ကို ဘယ်လိုပင် သတ်ရန် အခွင့်ရှိသော်လည်း မရှိမသေ မပြု ထိုက်ကြောင်း၊ သူသတ် လက်မရွံ့တို့အား အပြစ်ဖော်ပြ ဆုံးမစကား ပြော ကြားပြီးလျှင် ငါ သေရမည်ကို မကြောက်၊ ငါ အလိုအလျောက် ရိုက်နက်ဖို့ အချက်ကိုပေးမည် ဆို၍ တုံးပေါ်တွင် လည်ပင်းကိုတင်ကာ မျက်စိကို မှိတ်ထားပြီးလျှင် ရိုက်စေရန် အခွင့်ပြုသောအခါ ထုံးစံအတိုင်း လည်မျိုကို တုတ်နှင့် ရိုက်သတ်၍ မြေတွင် မြှုပ်နှံလေသတည်း။

မိဖုရား မခြကလေးကို ဆင်နှင့် နင်းသတ်သည်ဟု ပြောကြသော အချို့သူတို့၏ စကားကို အမှား ဟူ၍ မှတ်ကြစေခလို။

## အခန်း (၂၇)

လှိုင်မင်းသမီးကလေးသည် ဘွားတော်၊ မယ်တော်တို့ တက်စီးသောလှည်းသို့ ပြေး၍ လိုက်မည်ပြုကာလ၊ အစောင့်အကြပ် ဖြစ်သော နန်းတွင်းသူတို့က ဆွဲယူပွေ့ထားသည်အတွင်း လှည်းများကို အတင်း မောင်းနှင်ထွက်သွားသည်ကို ကြည့်ရှုကာ– အမယ်လေး ဆုံးကြပါပေါ့ပဲဟု ဆို၍ ဟစ်အော်ငိုကြွေး နေစဉ်ပင် နစ်မြော မေ့သွားလေ၏။

စောင့်ကြပ်သူများလည်း ဥယျာဉ်တော်မှ နန်းတော်တွင်းသို့ ပွေ့ချီယူသွားပြီး၍ နှာဆက်ခြင်း၊ ရေအေးသွန်းခြင်း ပြုလုပ်ကြရာ၊ တစ်နာရီခန့်လောက် ကြာမှ သတိရသဖြင့် အလွန် ငိုကြွေးတမ်းတကာ၊ ရင်ထုကာ၊ ညည်းညူကာ၊ မှိုင်တွေကာ၊ သက်မကြီးချကာ၊ သက်ကြီးရှိုက်တငင် ဖြစ်ကာနှင့်သာ အချိန်ကုန်ရလေ၏။

ညနေစောင်းအခါ ဘွားတော်၊ မယ်တော်တို့ကို ထုတ်သွားရာ အနောက်ဆီက မှိုင်းရီညိုမှောင်၊ တိမ်တောင်မိုးသားတွေ တက်၍ တစ်ချက် တစ်ချက် လျှပ်စစ်ပြက်တုန်း၊ ဂျုံးဂျုံး ဂျိမ်းဂျိမ်း မြည်ဟိန်းသော မိုးချုန်းသံကို ကြားရသဖြင့် မင်းသမီးကလေးသည်။ ။ ဒီမိုးသားတွေ မှောင်ပြီး တက်လာတဲ့ နေရာဆီမှာ မယ်တော်ဘုရားတို့ သေရတာပဲ။ ငါ့သမီးကလေး တစ်ယောက်တည်း ကျန်ရစ်ရှာတယ်။ သင်းကလေးဖြင့် ဘယ်လိုများ နေလိမ့်မလဲ။ ပူလွန်းလို့များ မြောတက်၍ သေမလား။ ဘယ်ပြေးရမှန်းမသိ၊ ဘယ်လိုက်ရမှန်းမသိ၊ တောင်ပြေးလိုက်၊ မြောက်ပြေးလိုက်နဲ့ မောဟိုက်ပြီး လဲများနေမလား။ ကံဆိုးမ အကြောင်းဆိုးမကလေးကို ဂရုစိုက်၍ ချော့မော့ နှစ်သိမ့်သူ ရှိပါ့မလား။ တမှိုင်မှိုင် တတွေတွေနဲ့ အဆမတန် လွမ်းဆွတ်ရှာလိမ့်မယ်။ ညိုးငယ် ပူပန်၍၊ အူလန် အသည်းလန် ဖြစ်ပြီး နလုံးကွဲ၍ လဲလို့များ

သေရှာလိမ့်မယ် ဆိုတာ၊ သေခါနီးအခါ တွေးတွေးပြီး အင်မတန် ပူပန်ရှာလိမ့်မှာပဲ။ ဘဝကူးမှ ဖြောင့်ပါ့မလား။ မယ်ဘုရားတို့ကို သတ်တဲ့အခါ ဘယ်လိုများ သတ်ကြပါသလဲ။ လည်ပင်းကို ဓားနဲ့ခုတ်သလား၊ တုတ်နှင့်ရိုက်သလား။ တုတ်နဲ့ရိုက်ရင် ဘယ်နှချက်များ ရိုက်နေရသလဲ။ မသေခင် ဆန့်ငင်ဆန့်ငင် ဖြစ်ပြီး၊ ဘယ်လောက် တာရှည် ခံနေရလိမ့်မလဲ ... စသည်ဖြင့် မိုးသားတက်ရာ အနောက်ဆီသို့ ကြည့်ရှုရင်း တွေးတောကာ၊ တဖျစ်တောက်တောက် မြည်တွန်ကာ မျက်ရည်တွေ တဖြိုင်ဖြိုင်ကျလျက် တရှိုက်ရှိုက် တငင်ငင်နှင့်သာ ငို၍ နေရှာလေ၏။

ထိုနောက် တဖြည်းဖြည်း မိုးလေပြည် ပျောက်သည်အခါ၊ နေမင်းလည်း ဝင်လုခါနီး နီနီရဲရဲကြီးဖြစ်သော မိမိ အရောင်အဆင်းကို ပြကာ တဖြည်းဖြည်း နိမ့်ဆင်းလျှောကျ ကွယ်ပျောက်ပြီးနောက် ထွန်းတောက်လျက် ရှိသော ရွှေဖလားရောင်၊ လိမ္မော်ရောင်ကဲ့သို့ တပြောင်ပြောင် ဝင်းတောက်သော တိမ်အဆင်းကို ရှုမျှော်ကာ။ ။ အမယ်လေး လွမ်းလှချည်ရဲ့ မယ်ဘုရားရဲ့၊ သည်ကနေ့ည ဖျာသမီးတော် ဘယ်သူနဲ့ စက်တော်ခေါ်ရပါ့မလဲ။ ခုအနေများ ဘယ်ဆီရောက်လို့ ဘယ်လို နေကြပါလိမ့်မတုံး။ တစ်ယောက်တခြား ကွဲပြားနေသလား။ သားအမိ ၂ ယောက် တွေ့လျက်ကြုံလျက်ပဲလား။ ဇရပ် တန်ဆောင်း၊ ဝူကျောင်း ဘုရားထဲများမှာ နေကြသလား။ သစ်ပင် ဝါးပင်အောက်မှာများ နေကြသလား။ ဘယ်ကို လိုက်၍ တွေ့တောင် ရှာရပါမတုံး။ သည်ကို ပြန်လာမယ်ဆို မလာနိုင်ကြဘူးလား။ တစ္ဆေဘဝ ရောက်မှဖြင့် သူတို့ မနိုပ်စက်နိုင်ပါဘူး။ လာနိုင်ရင် လာကြပါအုံး။ မုန်းပင့်-မေ့ပင်အောက်များ ဝင်မိလို့ သမီးကလေးကို မေ့မုန်းနေကြပေါ့လား။ ဖျာသမီးမှာဖြင့် မရိုလှဘူး ဘုရား။ မြန်မြန်ပြေးလို့ တစ်ဆိတ်ကလေး ခေါ်လှည့်ပါအုံး။

ခါတိုင်း ခါတိုင်းလိုဖြင့် နေဝင်ရီးရီ အခိုးတွေနီပြီး မိုးဆီက သည်လိုတိမ်တွေ တောက်ပလားဆို အနောက်ဆောင် လက်ရန်း ထွက်၍ ဒီသမီးကလေးကို လက်ကဆွဲကာ- တင်တင်ရဲ့၊ သမီးရဲ့ ရှုစားတော်မူစမ်းပါအုံး၊ တိမ်နီ တိမ်ဝါတွေ တောက်နေလိုက်တာ၊ ရွှေရောင် မိုးကြိုးရောင်လိုပဲ သမီးရဲ့ တဲ့။ သည် တိမ်နီ တိမ်ဝါထဲမှာ တစ်ခါတလေ တိမ်ပြာကလေးများ ရောစပ်လာတာကို လက်ညှိုးညွှန်တော်မူကာ၊ ဟို တိမ်ပြာကလေး ဝင်လာ

တာ ရှုစားဖို့ ကောင်းလိုက်တာ။ တိမ်အသွင်ကလေးက မယဉ်ဘူးလား တင်တင်ရဲ့၊ သမီးရဲ့နဲ့။ ချစ်မြတ်နိုးတိုင်း ခေါ်ချင်သလိုခေါ်ပြီး ပြကာ-ပြကာ။ တစ်ခါတလေမလဲ သည်သမီးကလေးကို ကဗျာအခြေရအောင်လို့ ထင်ပါရဲ့။ "တျာ-တျေ" စတဲ့ တီးလုံးကလေးနဲ့ စည်းဒုံးကလေး မိအောင် သည်လို ဆိုရတယ်၊ သည်လို လိုက်ရတယ်၊ ပန်းတိမ်လွှာကို လိုက်ပြီး ကာရန်ယူစမ်း တဲ့။ မယူတတ်ဘူး ဘုရား ဆိုတော့၊ ပန်းတိမ်လွှာကို ဆန်းသိင်္ဂါ၊ စန်းရှိန်ဝါ၊ လွမ်းချိန်ခါ၊ အဲသည်လို ကာရန်ယူရတယ် ပြောပြီး သီချင်းကလေးများ စပ်ဆိုတော်မူတာ ကြားရတော့ အင်မတန်မှ ဖျော့သမီးတော် ပျော်မွေ့လှပါတယ်။ သည်တိမ်တွေဟာ နေ့တိုင်း နေ့တိုင်းလိုဖြင့် သမီးတော်၏စိတ်ကို အပျော်တော် ဆက်ကြပါရဲ့။ သည်ကနေ့တော့ဖြင့် အပျော်တော် မဆက်တဲ့ပြင်၊ သရော်ကချော် ဖက်တယ်လို့ ထင်ပါတယ်။ ဒါတွေကို မြင်ရတိုင်း မြင်ရတိုင်း ရင်ဝမှာ ပူလှချည်ရဲ့ ... စသည်ဖြင့် တောက်တီး မြည်တွန်ကာ၊ ရင်ကို မ ကာ တရှိုက်ရှိုက်နှင့် ထ လိုက် ထိုင်လိုက်၊ လူးလိမ့်လိုက်နှင့်သာ နေရရှာသည်။

မိုးချုပ်၍ ခါတိုင်း ဘုရားရှိခိုးချိန်မှာ မယ်တော်နှင့် ယှဉ်တွဲ၍ ဘုရားရှိခိုးခြင်း၊ စက်တော်ခေါ်ချိန်မှာလည်း ထို့အတူ ယှဉ်တွဲ၍ စက်တော်ခေါ်ခြင်းများကို ပြုနေကြမြဲ ဖြစ်ရာ၊ ယနေ့မှာမူ အမိ ကြက်မကြီး ပျောက်သော တစ်ကောင်တည်းသော ကြက်သငယ်ကလေးသည် အမိကြက်မကြီး၏ ရင်ငွေ့ကို လှုံနေကျ မလှုံရရှာဘဲ တညပ်ညပ် မြည်ကာ တမ်းတရှာသကဲ့သို့ တမ်းတ ငိုကြွေးလျက်သာ စက်တော်ခေါ်ရလေသည်။

အထိန်းတော်၊ အချီတော်များလည်း ဘွားတော်၊ မယ်တော်များ ဘုန်းတန်ခိုးနှင့် ပြည့်စုံ၍ မျက်နှာကြီးစဉ်အခါက ယုယ ချော့မော့သကဲ့သို့ မဟုတ်။ ယခုမှာမူ ရာဇဝတ်သင့်၍ သေဆုံးရသူ၏ မျက်နှာမဲ့လှသော သမီးတော်ကလေးကို များစွာ အလေးဂရုမစိုက်၊ အလိုက်သင့် ဖြေဖျော် ချော့မော့ခြင်းကို မပြုဘဲ သာမည အထိန်းအစောင့် အဖြစ်နှင့်သာ နေကြ၏။ မယ်တော်ဘုရား၏ မြှောက်စားချီးမြှင့်ခြင်းခံရသူ အထိန်းတော်ဟောင်း၊ အချီတော်ဟောင်းတို့မှာလည်း မိမိတို့ ကျေးဇူးရှင် မိဖုရား ရာဇဝတ်သင့်သည့်အခါ အချို့လည်း ကွပ်မျက်ရာ ပါရှာကြသည်။ ကျန်ရစ်သူအချို့လည်း အတွင်းတော်မှာ မနေရဘဲ အပြင်သို့ထွက်၍ နေကြရသည်။ အတွင်း

မှ ထွက်ခွင့်မရသေးသော သူတို့လည်း မင်းသမီးကလေးကို အလွန် သနား ကရုဏာ ရှိလှသဖြင့် ပိုက်ပွေ့ယုယကာ ချော့မော့ချင်ရှာသော်လည်း မိမိ တို့၏ မျက်ရည်ကိုမျှ လူမြင်မခံဝံ့ဘဲ တိတ်တိတ်ပုန်း သုတ်လျက်သာ လက်ဖြင့် ခြေပွတ်၍ထားသော ပန်းကုံသို့ ညှိုးနွမ်းသော မျက်နှာနှင့် အမှတ် မမှု နေရှာလေ၏။

အထိန်းတော် အချီတော် ဖြစ်သော နန်းတွင်းသူများ၏ အနီးအပါး တွင် တစ်ယောက်တည်း စက်တော်ခေါ်ရာ၊ ကောင်းစွာပျော်သည် မရှိ၊ တဖျပ် ဖျပ် တတုန်တုန်နှင့် လန့်ကာ လန့်ကာ၊ ငိုလိုငို ညည်းလိုညည်း ယောင်လို ယောင်နှင့် မပျော်တစ်ချက် ပျော်တစ်ချက်သာ ဖြစ်၍ မိုးလင်းခါနီးမှပင် အနည်းငယ် စက်ပျော်ရှာလေသည်။ မိုးလင်း၍ စက်ရာက နိုးပြန်သော်၊ ခါတိုင်းမှာမူ စက်ရာက နိုးလျှင်နိုးချင်း မယ်တော်၏ ကိုယ်ကို မိမိ၏ လက်ဖြင့် ရစ်ပတ်ကာ ဖက်နေကျ ဖြစ်သည့်အတိုင်း ယခုလည်း စက်ရာမှ နိုး၍ ဖက်ပွေ့မည် အပြုတွင် မယ်တော် မရှိကြောင်း သတိရသည့်အခါ ဘယ်မျှလောက် လွမ်းတ ပူဆွေးမည်ကို ရေးပြန်ရန် မလိုတော့ချေ။

နေ့လယ်နေ့ခင်းသို့ ရောက်ပြန်လျှင်လည်း ဆောင်ခန်း စက်ရာတွင် မသက်မသာ မျက်နှာညှိုးငယ်လျက် ကိုးကွယ်ရာမဲ့ဖြစ်၍၊ တခွေခွေ တပြောင်း ပြောင်း လျောင်းစက်၍သာ နေရှာရသည်။ ညနေ ၃ ချက်တီး အချိန် လောက် ကျရောက်ခဲ့ပြန်လျှင် လျောင်းစက်ရာမှ ထ ၍ မယ်တော်ကို လွမ်းတလှသည်နှင့် မြင်ရနိုးနိုး၊ တွေ့နိုးနိုး ထင်ကာ မယ်တော်စံခန်း၊ အနောက်နန်း အဆောင်တော်သို့ ဝင်၍ မယ်တော်၏ စက်တော်မူသော နေရာ၊ စံတော်မူသော နေရာ၊ မယ်တော်၏ လက်ရာ ခြေရာ အသုံးအဆောင် များကို ကြည့်ရှုရင်း မိမိ ကစားသော ရွှေအိုးပုတ် ငွေအိုးပုတ်၊ ရွှေရုပ် ငွေရုပ်၊ ကြွေရုပ်ကလေးများနှင့် ရွှေလင်ပန်း စသည်များကို တွေ့မြင်သည့်အခါ–

ဩော် … သည်ရွှေအိုးပုတ် ငွေအိုးပုတ်နှင့် ရွှေရုပ် ငွေရုပ် ကလေး တွေဟာ ရှေးတုန်းကတော့ ငါ့စိတ်ကို အင်မတန် ပျော်ရွှင်အောင် ချော့တတ် မော့တတ်ကြပါပေတယ်။ ဖြေဖျော်တတ်ကြပါပေတယ်။ မယ်တော်ဘုရား ရှေ့တော်တွင် ပါးစပ်က တွတ်တီးတွတ်တာ ပြောပြောပြီး သည်ဟာကလေး တွေနဲ့ ကစားနေတဲ့အခါ ပျော်လိုက်တာ မပြောနဲ့တော့။ မောလို့မှ မနား၊ မယ်ဘုရားကလဲ အရိပ်တကြည့်ကြည့်နဲ့၊ စိတ်ရှိလက်ရှိ ဝမ်းသာတဲ့ လက္ခဏာ

ဖြင့် မျက်နှာတော် ကြည်ကြည်လင်လင်နဲ့ ရွှင်ရွှင်ပျပျ ပြုံးကာ ရယ်ကာ နေရှာတဲ့အတွင်း၊ ကစားရင်း ငြီးငွေ့လာပြန်ရင် မယ်ဘုရား ရင်ခွင်ထဲ ဝင်ကာ မယ်ဘုရားရဲ့၊ ဖျော့သမီးတော် ကစားတာကို သရော်ပြီး ရယ်တာ လား၊ တစ်ယောက်တည်း စကားပြောနေတာကြောင့် ရယ်တာလား၊ ဘာကို မတော်မတည့် မြင်လို့ ရယ်တာလဲ မယ်ဘုရားရဲ့– ဟု ကန့်ကလျနှင့် မျက်နှာ တော်ကို မော်ကြည့်ပြီး မေးကို လက်ကလေးနဲ့ ကိုင်ဆွဲကာ တွတ်တီး တွတ်တာနဲ့ မေးမြန်း ပြောဆိုနေရတဲ့ အခါများ အင်မတန် ပျော်မွေ့လှပါ တယ်။ ယခုမှာတော့ သည်ကစားစရာကလေးတွေက နင့်မယ်တော်မှ မရှိဘဲ နင်တစ်ယောက်တည်း ငါတို့ကို မကိုင်လာနဲ့၊ မကြည့်လာနဲ့၊ မကစားလာနဲ့လို့ ဆိုပြီး ပြောကြသလို နှင်ကြသလို၊ ကြိမ်းဝါး မောင်းမဲကြသလို ငါ့စိတ်ထဲ ထင်အောင် ပြနေကြပါပေါ့ကလား။ ငါ မကြည့်ချင်ပါဘူး၊ မကိုင်ချင်ပါ ဘူး။ နင်တို့ကို မြင်ရတာ အရင်ကလို မပျော်တဲ့အပြင် ရင်ဝကို ဒိတ်ခနဲ ဒိတ်ခနဲနဲ့ အပူလုံးကြီး ဝင်မွေ့လိုက်တာ မေ့ခနဲတောင် ဖြစ်သွားပါကလား။ အမယ်လေး မယ်ဘုရားတို့ရေ၊ ကစားစရာ ရွှေအိုးပုတ်တွေက အနားမလာ နဲ့၊ အသရေ ညှိုးယုတ်သတဲ့။ ဆွေမျိုးပြုတ်တဲ့ ကံဆိုးသူကို ရန်ငြိုးတမူ မျက်ကြုတ်တွေ သွင်းလို့မို့ အဖက်လုပ်ခြင်းမှ မပြုကြဘူးတဲ့ ဘုရား ဟု ... ဆိုငို မြည်တမ်းကာ လက်ထဲ၌ ကိုင်ထားသော ကစားစရာကလေးများကို စွန့်ပစ်၍ ထွက်လာပြီးလျှင် စက်ရာ၌သာ လျောင်းမြဲ လျောင်း၍ နေရရှာ လေသည်။

**"ရှာပုံသွား"**

ရောဝတီ၊ လကျာ်ထွန်းတဲ့ ကျွန်းမဟီဝယ်၊ ခွန်းသီချိုမြ၊ ရွှေဟသာ ငယ်၊ ကြင်ရာ–တလို့၊ နွတ္တသညာ သာပေါင်းရယ် ကြို့ပါတဲ့ မြို့ဟသာမှာ၊ ကြေညာပေါ်ထင်၊ အစီရင်ရယ်လို့၊ မည်တွင်တလီ၊ မင်းပျံချီနှင့်၊ စုံညီ ၂ ပါး၊ မယ်အိက ဖွားပါတဲ့၊ တပါးသက်လယ်၊ လှပအသွေး၊ မမြကလေး ပါတဲ့၊ ကျွန့်–မွေးမယ်။ ။ အရွယ်တော်ရောက်၊ တဆဲ့ ခြောက်တွင်၊ ရွှေမှောက်ဘုန်းမော်၊ ခမည်းတော်လဲ၊ ထိုရော်ကာလ၊ ခါသမယက၊ ရာဇ ကုမာ၊ ဉပရာလို့၊ လူ့ရှာထင်ရှား၊ ကုံးပေါင်ဆိုတဲ့–ထိုမင်းသားက၊ ဆပွား ကြည်ဖြူ၊ ကောက်ယူတော်မူလို့မို့၊ အတူ ၂ ဘော်၊ စံစားကာပျော်ကြ၊

ရွှယ်တော်တွက်စစ်၊ နှစ်ဆယ့်ရှစ်ဝယ်၊ ငယ်ချစ်သခင်၊ သူ့ထိပ်တင်လဲ၊ ဘုရင်ကေရာဇ်၊ နိုင်ငံ့ရှင် ဖြစ်ပါလို့၊ သွန်းလှစ်ကယ်ဘိသေ၊ နောက်နန်းတော် မိဖုရားရယ်လို့ရှင့်–ထင်ရှားပေ။ ။ ပရမေဥက္ကဋ္ဌ၊ သူ့ထိပ်တင်ငယ်၊ ဘုရင် မြတ်က၊ ထင်မှတ်အသက်၊ ကြီးငယ်တပါး၊ မိဖုရားတို့၊ အများထက်ပင်၊ စုံမက်တော်မူ၊ လွန်ကြည်ဖြူတာကြောင့်၊ နန်းသူနန်းသား၊ မိဖုရားတို့၊ မုန်းထားမလို၊ ရန်ငြိုးသိုလို့၊ သင်းကိုမကြာ အရှင်းလွှင့်အောင်၊ နင်းခွင့်ကို ရှာကြ၊ ဘယ်မှာမရ၊ သမ္ဘာရှိန်ငယ်၊ ထိန်ထိန်ပလို့၊ နန်းမဘုံလယ်၊ ပေါ်ထင် မမှေး၊ ပျော်ရွှင်ရေးကိုလရှင့်–မြင်သေးတယ်။ ။ သုံးဆယ်နှင့်ခြောက်၊ အရွှယ်တော်ရောက်ခါမှ၊ မှောက်လေတဲ့ကံ၊ ဘယ်လို စီမံလေသိ၊ ဘုန်းလျှံ သခင်၊ ရွှေနန်းရှင်လဲ၊ ကိုယ်တွင်ဗျာဓိ၊ ရောဂါတော် ဖိလို့မို့၊ မချိလေရာ၊ သည်အခါမှ၊ ညီညာပေါင်းစု၊ မကောင်းရယ်ပြုလို့၊ အမှုဆင်ကာ၊ ပြည်မင်း ဘက်တွင်၊ ရောရှက်ပါတယ်လို့၊ မညာရက်စက်၊ အကြံငယ်ဆိုး၊ ရန်ငြိုးနှင့် ဖျက်ထာကြောင့်၊ အသက်ကယ်ခန္ဓာ၊ ဘွားတော်ပါကြုံး၊ နှစ်ယောက်လုံး မှာဖြင့် ဆုံးရရှာ။ ။ အမယ်မင်း–ချာချာခွေမူး၊ နန်းကြမ်းပြင်မှာ တင်တင် လူးလို့၊ ရူးရတော့မယ်၊ လှိုက်ခါဖိုဆွေး၊ ရှိုက်ခါ ငိုကြွေးပါတဲ့၊ ကလေးငယ် ကို၊ မွေးမယ်မြင်လှဲ့၊ အမိုက်ကလေးမှာဖြင့်၊ ပိုက်ထွေးသူမဲ့ခဲ့ပေါ့၊ ပြန်ခဲ့ ပါအုံး၊ မယ်ဘုရားရေ၊ နင်တို့လူမျိုး၊ အင်မတန် ဆိုးတယ်လို့၊ အငြိုးနှင့် မုန်းရော့လား၊ မုန်းဆိုလဲ မုန်းထိုက်ပါရဲ့ မယ်ဘုရား ရဲ့၊ တရားမှ ရှိကြတာ မဟုတ်ဘဲကလား။ ယုတ်လဲယုတ်မာ၊ မဟုတ်တာကို၊ လုပ်ခါကြံရက်၊ ဉာဏ်ဆိုးတွေ ဖက်တာက၊ အသက်တောင် ဆုံးပါပေါ့ကလား၊ မုန်းဘို့ စရာ၊ မုန်းထိုက်ပါလို့၊ မုန်းရှာသော်လဲ၊ သည်တကောင်ကိုဖြင့် မယ်ဘုရား ရေ၊ ကြဉ်ရှောင်လို့ လွှဲခဲ့ပ၊ အသဲနာဘွယ်၊ အို တဆွေလုံးကိုဖြင့်–မုန်းသင့် တယ်။ ။ ဩော် ... မယ်မယ်နှင့်သာ၊ ဘယ်မကွာဘဲ၊ ရတနာဆန်းထွေ၊ နန်းရဝေတွင်၊ သွန်းရွှေရုံခ၊ စံပယ်တော်မူကြတုံးက၊ ဘဝတွင်နော်၊ ဘုံ လောက်များ ပျော်တယ်လို့၊ မယ်တော်ပိုက်ပွေ့၊ ရွှေရင်ငွေ့နှင့်၊ ချမ်းမြေ့ သာယာ၊ စံစားခါလာခဲ့၊ ဘယ်ခါမလစ်၊ သွီးကလေး တစ်ယောက်ထဲမို့၊ အားခဲလို့ ချစ်ရှာထင့်၊ အပြစ်ကယ်မဆို၊ နွဲ့ချင်တိုင်းနွဲ့၊ မဲ့ချင်တိုင်း မဲ့ပါလို့၊ ဆူတဲ့အောင် ငိုစေတော့၊ နှုတ်ချိုသာယာ၊ ချော့မြှူကာနှင့်၊ လိုရာကြည့်ရှု မျက်ချိုငယ်သွေး၊ အရေးတော်ပြုခဲ့တယ်၊ ယခုမှာမူ၊ ဘယ်လို ဆူတော့၊ ဘယ်သူကမှ၊ အရေးပြုလို့၊ မရှုကြပြီဘု၊ ယုယသူငယ်၊ သည်ကလေးမှာ

ဖြင့်–ဝေးတော့တယ်။ ။ သွယ်သွယ်ဝဝ၊ ကစားစရာ၊ ထားလိုက်ရာတာက၊ ကြည့်စမ်းပါအုံး၊ များပါလှတယ်၊ သည်ကတော့ ရွှေလင်ပန်း၊ သည်တခန်းက ရွှေအိုးပုတ်၊ ငွေရုပ်ကလေးတွေက အသွယ်သွယ်၊ ဖယ်ခပ်စရာတွေက ကျောက်သံပတ္တမြား၊ ပြော်–ဟိုအခါကတော့၊ ထိုအရာတွေနှင့် ကစားရတာ၊ ပျော်ပါးလို့မဆုံး၊ အခုတော့ ကြည့်စမ်းပါ့လား၊ မယ်တော် ကင်းဝေး၊ သမ္ဘာမေးပြီလို့၊ ဒါကလေးတွေက မုန်းကြရှော့ထင့်၊ နှလုံးမရွှင်၊ သူတို့ကိုမြင်ရဒါ၊ အရင်လိုမဟုတ်၊ ပျော်ဘို့ရာထားပါအုံး၊ စိတ်များတောင် ရှုပ်သေးတယ်၊ သည်အိုးပုတ်က မကြည်လေ၊ သည်ရွှေရုပ်က မရွှင်လန်း၊ သည်လင်ပန်းက မကြည်သာ၊ သည်ရတနာတွေက မနှစ်သက်၊ ကံဆိုးရယ် နှောင်တဲ့၊ တကောင်ကြွက်မို့၊ အဖက်မထင်၊ အရေးတခု၊ အလေးငယ် ပြု၊ မရှုချင်တယ်လို့၊ စိတ်ထင်မှတ်ကာ၊ သူတို့မုန်းလဲ၊ မုန်းရတာပေါ့၊ မုန်းပါပေါ့လေ၊ မြူချိုမရ၊ အပူကို ဆွထာနှင့်၊ တူလှပေ။ ။ အမယ်မင်း ဖြေဆည်မရ၊ နှောင်ခါအရေး၊ မျှော်လို့ငယ်တွေး၊ ဆွေးပါလှပေါ့၊ ညညမှာ ဝယ်၊ ဘယ်သူဝယ် ဖက်ပါလို့ စက်ရမယ်၊ ... ခက်လှတယ် သည်ခလေး မှာဖြင့်၊ သည်အရေး သည်တွက်တာလေ့။ ။ ရွှေနန်းမြင့် ကနက်ဘွေမှာ၊ ကြက်သရေသမ္ဘာပြောင်လို့၊ ဓာတာရောင် ကြည်စဉ်တုံးမှာတော့၊ အုံးအုံးရယ် ညံညံဆူလို့၊ ခြံရံသူချွေရွှေတွေ ပေါတာကြောင့်၊ သဘောတော်တော် ထင်ရာမှုခဲ့တယ်၊ ကြင်နာသူ ခုမှာကင်းပြီမို့၊ အရှင်းရယ် ရွှင်မပျော်ဘု၊ မြတ်မယ်တော် မြန်မြန်ပြေးပါလို့၊ လှိုင်ထိပ်တင် အမိုက်ကလေးကိုလ၊ အမယ်လေး ပိုက်ထွေးတော်မူလှဲ့ပါ။ ။

ဤကဲ့သို့ ပူကာဆွေးကာ၊ လွမ်းတ ငိုကြွေးကာနှင့် ရက်ရေများစွာ ကြာ၍သွားသည်နောက်၊ ပုဂံမင်း၏ နမတော် "စကြာဒေဝီ" ဟု အများ ခေါ်ကြသည့် သီရိပဝရ တိလောကရတနာမင်္ဂလာဒေဝီ အမည်ရှိသော မင်းတုန်းမင်းတရားကြီး၏ မိဖုရားခေါင်ကြီးသည် ထိုအခါက ပင်တိုင်စံ မင်းသမီးကြီး အဖြစ်နှင့် ရှိနေသည်။ ထိုမင်းသမီးကြီးသည် ပညာရှိ သူတော် ကောင်းကြီး တစ်ဦး ဖြစ်သည်အားလျော်စွာ သနားကရုဏာ ရှိတတ်သူ တစ်ပါး ဖြစ်သဖြင့် မယ်တော်ဘက်မှ ဆွေမျိုးညာတိ အားကိုးစရာ မရှိသူ ညီမတော် လှိုင်မင်းသမီးကလေးကို သနားတော်မူလှသဖြင့် ကြည့်ရှုစောင်မ ကာ စိတ်လက် မရွှင် ရွှင်အောင်၊ မပျော် ပျော်အောင် ချော့မော့၍ သိမ်းပိုက် မွေးမြူထားတော်မူလေသည်။

## အခန်း (၂၈)

၁၂၀၈ ခုနှစ်တွင် ကုန်းဘောင်ဘုရင် နတ်ရွာစံတော်မူ၍ သားတော် ပုဂံမင်းသား ထီးနန်းစိုးစံတော်မူသည်။ ၁၂၁၄ ခု၊ နတ်တော်လသို့ ကျရောက်သောအခါ ညီတော် မင်းတုန်းမင်းသား သီရိမဟာသီဟသူရဓမ္မရာဇာနှင့် ညီတော် သီရိသုမဟာဓမ္မရာဇာ နောင်ညီ ၂ ပါးတို့ အပေါ်၌ ပုဂံမင်း၏ အထိန်းတော် မိရွှေ၏ညီမ မဖဲ၏အိမ်တွင် ဓားပြတိုက်ခိုက်သည့် အမှုနှင့် စပ်လျဉ်း၍ မသင့်မလျော် ထင်မြင်သည်ကို ထိုနောင်ညီ ၂ ပါးတို့ သိရှိ၍၊ အသက်အန္တရာယ်ကို စိုးရိမ်တော်မူသည်နှင့် ၁၂၁၄ ခု၊ ပြာသိုလဆန်း ၈ ရက်၊ သောကြာနေ့ ညနေ ၄ ချက်တီးကျော် အချိန်၊ ရွှေမြို့တော် ရှေ့မျက်နှာ မြောက်စွန်း၊ လေးကျွန်းတံခါးက ထွက်သွား၍ စစ်သည်ဗိုလ်ပါ ရုံးစု စည်းကြပ်ပြီးလျှင် အမရပူရ မြို့တော်ကို တိုက်ခိုက်ရာ၊ ၁၂၁၄ ခု၊ တပေါင်းလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့တွင် မင်းတုန်းမင်းသားသည် အလုံးစုံ အောင်မြင်တော်မူ၍ နောင်တော် ပုဂံမင်းတရားက ညီတော် မင်းတုန်းမင်းတရားကို ထီးနန်း လွှဲအပ်တော်မူသောကြောင့် ရတနာသိခ်ိ ကုန်းဘောင်မြို့တွင် ထီးနန်းစံတော်မူသည်။

၁၂၁၄ ခု၊ နှောင်းတန်ခူးလဆန်း ၂ ရက်နေ့တွင် မင်းတုန်းမင်းတရားကြီးက ခေါ်တော်မူ၍ မမြကလေး၏သမီး၊ လှိုင်မြို့စား သီရိသုမြတ်စွာ ရတနာဒေဝီ မင်းသမီးကလေးသည် အစ်မတော်ဘုရား သီရိပဝရ တိလောက ရတနာ မင်္ဂလာဒေဝီ မင်းသမီးကြီး၊ သီရိတိလောကမဟာ ရတနာဒေဝီ မင်းသမီးကြီးများနှင့်အတူ ခေါ်တော်မူရာ ရတနာသိခ်ိ မြို့တော်သို့ ရောက်သဖြင့် နန်းမြို့တော်အတွင်း စံနန်းတော်တောင်၊ တဲတော်များမှာ စံနေတော်မူကြရသည်။

၁၂၁၅ ခုနှစ်အတွင်း ရတနာသိခ်ိမြို့ ရွှေနန်းတော်မြောက် အိမ်ရှေ့

မင်း စံနေရန် ဝင်းအိမ် တိုက်တန်း၊ တင်းကုပ် ဆောက်လုပ်ပြီးပြေ ရှိသည်နှင့် ယင်းသည်နှစ် ဒုတိယဝါဆိုလဆန်း ၆ ရက်နေ့တွင် ရှေးမင်းဓလေ့ကရာဇ်တို့ ညီတော်၊ သားတော်များကို အိမ်ရှေ့နှင်းသည့် စာတမ်း စာရင်းထွက်အတိုင်း ညီတော် ကနောင်မင်းသားကို သီရိပဝရ မဟာသုဓမ္မရာဇာ ဘွဲ့အမည်၊ ဖောင်းဝတ်လုံ စလွယ်၊ မျဉ်း၊ မောက်တို၊ အဆောင်အရွက်၊ ဆင်မြင်း ကျေးကျွန်၊ အသုံးကံကျေးခံ၊ တပယင်းမြို့၊ တောင်တွင်းကြီးမြို့၊ ပဥ္စာလ–ငါးမြို့၊ စလေမြို့များနှင့် အစုအငန်း လှေ၊ ဥယျာဉ်၊ လယ်ယာ၊ အိမ်ရှေ့ဝန် အိမ်ရှေ့အတွင်းဝန်၊ ဝင်းမှူး၊ အနောက်ဝန်၊ စာရေးကြီး၊ နားခံ၊ သံဆင့်သံခံမှ စ၍ အရာရှိ အစုံများကို ပြန်တမ်းနှင့်တကွ ဖတ်ပြမြဲ ဖတ်ပြန်၍၊ ရွှေနန်းတော်အတွင်းက အိမ်ရှေ့မင်း၊ အိမ်ရှေ့မိဖုရားတို့ ထမ်းစင်တော်–ဝေါတော် စီး၍ ထွက်တော်မူပြီးလျှင် အိမ်တော်သိမ်းအခါကို ငံ့လင့်၍ အိမ်တော်သိမ်းရသည်။ အခါတော်အတိုင်း ခမည်းတော်ဘုရား၏ အနောက်နန်းမတော် မိဖုရား မမြကလေးတွင် မြင်သည့် သမီးတော် လှိုင်မြို့စား သီရိသုမြတ်စွာရတနာဒေဝီနှင့် ရေသွန်းလက်ထပ်၍ အိမ်ရှေ့နှင်းအပ်တော်မူသည်။

အဘွား ပြောခဲ့တဲ့ မိဖုရား မမြကလေး၏ သမီး လှိုင်မင်းသမီးကလေးကို မောင်တော် မင်းတုန်းမင်းတရားကြီးနှင့် အစ်မတော် မိဖုရားခေါင်ကြီး ဘုရားတို့က သမီးအသွင် ချစ်ခင်သနားတော်မူလှသည်ဖြစ်၍၊ ညီတော် ကနောင်မင်းသားနှင့် ရေသွန်း လက်ထပ်ပြီးလျှင် အိမ်ရှေ့ နှင်းတော်မူသောကြောင့် လှိုင်မင်းသမီးကလေးသည် အိမ်ရှေ့မိဖုရားကြီး ဖြစ်တော်မူသွားရှော့ မောင်ရေ့။

ထိုမင်းသမီးကလေးလဲ မယ်တော် မိဖုရားကဲ့သို့ တေးကဗျာလင်္ကာ အရေးအသားတွင် ကျော်တစ်လုံး ရသော မိန်းမပညာရှိ ကဝိတစ်ဆူ ဖြစ်တော်မူတယ်။ သူ ရေးသားသော ဘောလယ် တေးထပ် စသည်တို့ကို ယခုခေတ်အခါ မဟာဂီတကျမ်း၊ မဟာကဗျာကျမ်း စသည်များ၌ ရေးသားတင်သွင်းထားရတယ်။ သည့်ပြင်မှလဲ ဝိဇယကာရီ နန်းတွင်းဇာတ်တော်ကြီး၊ ဣန္ဒာဝံသ နန်းတွင်းဇာတ်တော်ကြီးများကိုလဲ ရေးသား စီရင်တော်မူတယ်။ သူတို့ သားအမိ ရေးသားတဲ့ သီချင်းများဟာ အင်မတန် ယဉ်ကျေးလို့ မှတ်သားစရာ ကောင်းလှပါတယ် မောင်ရဲ့။ မမြကလေး၏ ဆွေစဉ်မျိုးဆက်ကိုတော့ အောက်ပါ စာရင်းကိုသာ ကြည့်ရှုပေတော့။ ။

ပြီး၏။

**နောက်ဆက်တွဲ**

## မြမျိုးနွယ် ဝတ္ထုဟု အမည်ရှိသည်အတိုင်း မိဖုရား (မမြကလေး)၏ ဆွေစဉ်မျိုးဆက်ကို ပြသောစာရင်း

### မင်းပျံစျိမှ ဆင်းသက်သောသူများ။
### မင်းပျံစျိ၏ မယားများ

မယား မယ်အိ ၁၊ မယား (အမည်မသိ) ၂၊ မယား မရာ ၃။

၁။ မယား မယ်အိမှ မိဖုရား မမြကလေး တစ်ယောက်တည်း မြင်သည်။ ၎င်းမှ သားအကြီး ၁ ငယ်က လွန်သည်။ သမီး လှိုင်ထိပ်ခေါင်တင်–မဖွားကြီး။ သားယောက်ျား အမြွှာ ငယ်က လွန်သည်။ ပေါင်း ၄ ယောက်။

(က) သမီး လှိုင်ထိပ်ခေါင်တင်သည် ၁၂၃၇ ခုနှစ်တွင် သေသည်။ ၎င်းမင်းသမီးမှ သားတော်အကြီး ထန်းတပင်မြို့စားမင်းသား ၁၊ သားတော် အငယ်–ငယ်ကလွန် ၁၊ ပေါင်း ၂ ယောက်။ သားအကြီး ထန်းတပင်မြို့စားသည် ၁၂၄၀ ပြည့်နှစ်၊ သီပေါမင်းလက်ထက် ထောင်မှာ သေသည်။

၂။ အမည်မသိ မယားတစ်ဦးမှ သမီးမလှေးဖြူ တစ်ယောက်တည်း မြင်သည်။ ၎င်းသည် ရန်ကုန်မင်းကြီး ဦးမှေး၏ ဇနီး ဖြစ်၍ မင်းကြီးကတော် မလှေးဖြူဟု ခေါ်တွင်သည်။ ၎င်း မလှေးဖြူမှ သား ကိုဆိတ်၊ သမီး မခင်လေး၊ မခင်ပု၊ ပေါင်း ၃ ယောက်ကို မြင်သည်။

(က) သား ကိုဆိတ်မှ သမီး မခင်အိုကို မြင်သည်။ ၎င်း မခင်အိုမှ သမီး မဇနှင့် သား (ပဲခူးမြို့ အမိန့်တော်ရရှေ့နေ) မောင်ဘတင်ကို မြင်သည်။ ယခု မဇ တစ်ယောက်သာ ရှိတော့သည်။ ၎င်း မဇသည် ဟင်္သာတမြို့ ဈေးကြီးရပ် ကုန်သည်ကြီး ဦးအလျောင် ဇနီး ဖြစ်သည်။

(ခ) သမီး မခင်ပုမှ သား ဟသာ်ာတမြို့၊ ဥယျာဉ်ကြီးရပ်၊ ဆန်ကုန်သည် မောင်ဘိုးဆိုင်ကို မြင်သည်။

၃။ မရာ ဆိုသာ မယားတစ်ဦးမှ သား ကိုစိုကို မြင်သည်။ ၎င်းကိုစိုကို မင်းကလေး ဟူ၍လည်း ခေါ်သည်။ ၎င်းသည် လူတော်စုကို စားရသည်။

(က) ၎င်း ကိုစို၊ မယား မဖားမှ သမီး မကောင်းခံ ခေါ် (မလုံမကလေး) ကို မြင်သည်။ ၎င်း မလုံမကလေးမှ သမီး (လက်ပံတန်းမြို့ သမာဓိမြို့ဝန်ကတော် မြေပိုင်ရှင်) မစောညို ၁၊ သမီး ကုန်သည် မဖွားအို ၁၊ သမီး (ကြည့်မြင်တိုင် မြို့အုပ်ကတော်) မမယ်ခင် ၁၊ သမီး (ဘိန်းမြို့အုပ်ကတော်) မမကြီး ၁၊ သမီး ကြည့်မြင်တိုင်နေ မမေပု ၁၊ သား (ပဲခူးမြို့ လမ်းအရေးပိုင် ရုံးစာရေး) မောင်ဘလူ ၁၊ ပေါင်း ၆ ယောက် မြင်သည်။

(ခ) ကိုစို–မယားတစ်ဦး အမည်မသိမှ သားဖြစ်သူ ရဟန်းဘွဲ့ ဦးနာဂ၊ လူမည် ကိုဘိုးမင်းကို မြင်သည်။ ၎င်း ကိုဘိုးမင်းသည် ရဟန်းအဖြစ်မှ လူထွက်သောအခါ ဇလွန်မြို့နယ်တွင် စာပေပရိယတ် တတ်မြောက်သည်ကို စွဲ၍ ဆရာ ဦးနာဂဟု အမည် ထင်ရှားလေသည်။

၎င်းဦးနာဂမှ သား မောင်ကြီး ၁၊ သမီး မကြီး ၁၊ ပေါင်း ၂ ယောက် မြင်သည်။

## ဘထွေးတော်မှ ဆင်းသက်သူများ

၄။ မင်းပျံချီ၏ ညီ၊ မိဖုရား၏ ဘထွေးတော် ဦးမှူးမှ သမီး မမင်းသာ ၁၊ သမီး မရေး ၁၊ သမီး မဖူး ၁၊ သား (အမည်မသိ) ၁၊ ပေါင်း ၄ ယောက် မြင်သည်။

(က) သမီး မမင်းသာမှ သမီး မခါဥ တစ်ယောက်ကို မြင်သည်။ ၎င်း မခါဥမှ သား မောင်ကျီးညို ၁၊ မောင်ကျီးဘို ၁၊ သမီး မစိန်းမေ ၁၊ မညီမ်း ၁၊ ပေါင်း ၄ ယောက်ကို မြင်သည်။

(ခ) သမီး ဘုရားငါးဆူ ဒါယိကာမ မရေးမှ သား မောင်ဘိုး ၁၊ သမီး မလုံမကလေး ၁၊ သား မောင်ကံကြီး ၁၊ သမီး မညီမကလေး ၁၊ သမီး အမည်မရှိ ငယ်ကလွန် ၁၊ ပေါင်း ၅ ယောက်ကို မြင်သည်။

(၁) သား မောင်ဘိုးမှ သား မောင်ရွှေချို ၁၊ သမီး မကောက် ၁၊ မရွှေခက် ၁၊ သား မောင်ရွှေထယ် ၁၊ မောင်ရွှေဖောင် ၁၊ ပေါင်း ၅ ယောက် မြင်သည်။ မောင်ရွှေဖောင်သည် ယခု ဟသာ်တမြို့အုပ်၊ အုပ်ပုံကြက်ပြေး တွင် သီတင်းသုံးလျက်နေသော ဘုန်းတော်ကြီး ဦးမုနိန္ဒ ဖြစ်သည်။

(၂) သမီး မလုံမကလေးမှ သား (ဆင်ဖြူကျွန်း ပုံနင်း ဖြစ်ဖူးသူ) မောင်ဘိုးမောင် ၁၊ သမီး မမေ ၁၊ မလေး ၁၊ သား (ပဲခူးမြို့ မြေတိုင်း ကျောင်းဆရာကြီး) မောင်ဘိုးကာ ၁၊ သား ဟသာ်တမြို့ အမိန့်တော်ရ ရှေ့နေ မောင်ပု ၁၊ ပေါင်း ၅ ယောက်ကို မြင်သည်။

(၃) သမီး မညီမကလေးမှ သား မောင်ကြီး ၁၊ သမီး မစိုး ၁၊ မဖွား ၁၊ သား မောင်ဘ ၁၊ သမီး မမိ ၁၊ သား (သီလဝါ ဘီအိုစီစာရေး) မောင်လူကလေး ၁၊ ပေါင်း ၆ ယောက်ကို မြင်သည်။

(ဂ) သမီး မဖူးမှ မစာ ၁၊ သား ကိုလှိုင်း ၁၊ ကိုရွှေထူး ၁၊ ပေါင်း ၃ ယောက်ကို မြင်သည်။

(၁) သမီး မစာသည် ကုန်းဘောင် မင်းတရားကြီး၏ မင်္ဂလာ အိမ်တော်ပါ ကုလားဝန် ကိုရွှေမောင်၏ ဇနီး ဖြစ်၍ ၎င်း မစာကို ကုလားဝန် ကတော်ဟု ခေါ်သည်။

(၂) သား ကိုရွှေထူးမှ သမီး မမွန် ၁၊ မပု ၁၊ သား မောင်မျှား ၁၊ သမီး မရွှေမှဲ့ ၁၊ သား မောင်ကိုလေး ၁၊ ပေါင်း ၅ ယောက် မြင်သည်။

(ဃ) ဘထွေးတော်၏ သားတစ်ဦးမှ သား ကိုသိုင်း ၁၊ ကိုသီး ၁၊ ကိုမောင်ကလေး ၁၊ ပေါင်း ၃ ယောက်ကို မြင်သည်။

(၁) သား ကိုသိုင်းမှ သမီး (ညောင်ရမ်းမိဖုရား) မရွှေပွင့် ၁၊ မစံပယ် ၁၊ သား မောင်မှော် ၁၊ သမီး မပန်း ၁၊ သမီး (အမိန့်တော်ရ ဦးသာဒွန်းဖြူ၏ ဇနီး) မမကွန်း ၁၊ မမကြီး ၁၊ (ပြည်မြို့ဝန်ထောက် ဦး ကျော်ဒွန်း၏ ဇနီး) မမခင် ၁၊ (မြို့အုပ်ကတော်) မမစော ၁၊ ပေါင်း ၈ ယောက်ကို မြင်သည်။ မရွှေပွင့်နှင့် ဦးဘိုးထွေ သင့်မြတ်ရာမှ မြို့အုပ်ကတော် မဖုံးကို မြင်သည်။ မမကွန်းမှ သမီး မမူကို မြင်သည်။ ၎င်း မမူသည် ယခု မော်လမြိုင်မြို့ မင်းကြီးရုံး ဘေလစ်စာရေးကြီး ဦးထွန်းအောင် ဇနီး ဖြစ်သည်။

(၂) သား ကိုသီးမှ သမီး မလေး ၁၊ မမြဥ ၁၊ ပေါင်း ၂ ယောက်ကို မြင်သည်။ မလေး၏ သား ၃ ယောက်သည် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့များတွင် ရုံးစာရေးများ ဖြစ်သည်။ (အမည်ကို မသိ)။ မမြဥမှ သမီး မစောမေ ၁၊ မမြမေ ၁၊ သား မောင်ဘသော် ၁၊ ၎င်းတို့လည်း စစ်ကိုင်းမြို့မှာ ရှိကြသည်။

(၃) သား ကိုမောင်ကလေးမှ သမီး မရွှေမေ ၁၊ သား ကိုပိန် ၁၊ ပေါင်း ၂ ယောက်ကို မြင်သည်။ ကိုပိန်၏ သား မောင်ဘိုးမင်း၊ မောင်ဘေ တို့သည် ယခု ပြည်မြို့မှာ ကုန်သည်ပြုလုပ် ရှိနေကြသည်။

မယ်တော် မယ်အိ ဘက်မှ ဆင်းသက်သော ဆွေမျိုးများကို အများ မသိရသော်လည်း သိတန်သမျှမှာ– မယ်အိ၏ မောင် ရေကင်းတိုက်စား ဦးမြတ်ရေးမှ သား မောင်မောင်မြနှင့် သမီး မခင်ပု ၂ ယောက် မြင်သည်။ မောင်မောင်မြသည် မင်းတုန်းမင်း၏ ညီတော် အိမ်ရှေ့မင်း ရှိစဉ်က ယောက်ဖ တော် ဖြစ်သည်နှင့် ၎င်း အိမ်ရှေ့တော်တွင် ခစား ထမ်းရွက်လျက် နေသည်။ ၁၂၃၇ ခုနှစ်တွင် အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင် နတ်ရွာစံမှ ဟင်္သာတ မြို့သို့ စုန်ဆင်း၍ ဓာတ်ဆရာကြီး ပြုလုပ် အသက်မွေးနေရာ၊ အလွန်ပင် အကုအသ ကောင်းလှ၍ ရောဂါပျောက်ကင်းသူ များသောကြောင့် "ပျောက် ပေ ဆရာကြီး" ဟူသော အမည်ဖြင့် ကျော်စောထင်ရှားသူ ဖြစ်လေသည်။

၎င်းမောင်မောင်မြ ပျောက်ပေ ဆရာကြီးမှ သမီး မကြီး ၁ ယောက် ရှိသည်။ ၎င်း သမီးမှ သား မောင်ဘကြီး၊ မောင်တောက်ထွန်းတို့ကိုသာ သိရလေသည်။ ၎င်းမှ ကျန်ရှိသော သူများကို မသိရလေ။

အထက် စာရင်းပါ ဆွေစဉ်မျိုးဆက်များကား သိသမျှကိုသာ ထည့် သွင်း ရပါသည်။ မသိ၍ ကျန်ကြွင်း ရှိနေပါလျှင် သည်းခံတော်မူကြစေလို ကြောင်း၊ အချို့လည်း အမှားအယွင်းများ ပါရှိပေလိမ့်မည်။ ထိုသို့ မှားယွင်း ပါရှိခဲ့လျှင်လည်း သည်းခံတော်မူစေလိုကြောင်း၊ ၎င်းပြင် မပါ ကြွင်းကျန် သော ဆွေမျိုးများနှင့် အမှားအယွင်းများကို သတင်းပေးပါလျှင် ကျေးဇူး အထူး တင်ပါကြောင်း။ ။

# မြမျိုးနွယ်ဝတ္ထု

## ဇာကြယ်

ကုန်းဘောင်ခေတ်ကို နောက်ခံထား၍ အမျိုးသမီး စာဆိုတော်
အနောက်နန်းမတော် မိဖုရား မမြကလေး အတ္ထုပ္ပတ္တိကို
သမီးတော် လှိုင်ထိပ်ခေါင်တင်၏ ငယ်နုစဉ် ဘဝပုံရိပ်နှင့် အတူ
ဆွေစဉ်မျိုးဆက် နီးစပ်သူ စာရေးဆရာကြီး ဇာကြယ်က
ရသဟန် ဝတ္ထုပုံစံ ရေးဖွဲ့ထားသည့်
ရှားပါး သမိုင်းမှတ်တမ်း။

YP 511
9 781995 005119